# သာသနာပြုအခြေခံ

## ကိုယ်ပိုင်ကျမ်းစာရေး




မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ-အေ)



သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၁

# သာသနာပြုအခြေခံ

## ကိုယ်ကျင့်တရား

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ ဘီ.အေ )

သာသနာ - ၂၅၅၅ ကောဇာ - ၁၃၇၃ ခရစ် - ၂၀၁၁

# ပုံနှိပ်မှတ်တမ်း


ပထမအကြိမ် - ၂၀၁၁-ခုနှစ်

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ

ဦးအောင်သိန်းညွန့် (မှတ်ပုံတင်အမှတ်-၀၃၈၄၅)
ဒုတိယညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

အဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ

"ရွှေပြည့်စုံ" ပုံနှိပ်တိုက်
အမှတ် (၃၄)၊ (၁၅၇) လမ်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

# မာတိကာ

၁။ အမှာစာ

## အခန်း (၁)

၂။ သံဃာရတနာနှင့်ရဟန်း


(က) - သံဃာရတနာဟူသည် ၁
- သံဃာ၏ဂုဏ်ရည် ၄
- သံဃာ့ဂုဏ်တော်ကို အောက်မေ့၍စိတ်ကြည်ပုံ ၉
- သီလရှိသော သံဃာတော်များဖူးမြင်ရခြင်းအကျိုး ၁၀
- သံဃာတော်များကြွလာခြင်းအကျိုး ၁၁
- "သမဏာနဉ္စ ဒဿနံ" သည် မင်္ဂလာဖြစ်ပုံ ၂၃

(ခ) ဘိက္ခု(ရဟန်း)ဟူသည် ၁၂
- ရဟန်းအမျိုးအစားများ ၁၂
- သက်န်းဝတ်ရုံထိုက်သူ ၁၅
- ပေါ့လျော့သောရဟန်း၏အပြစ် ၁၆
- ထပ်၍မြှုပ်တင်သော ရဟန်းဘဝအပြစ် ၁၆
- ရဟန်းစစ်၊ ရဟန်းမှန် ၁၇
- သမဏသုခဟူသည် ၁၇
- အိမ်ကပ်ရဟန်း-လူစော်နံရဟန်း ၁၈
- ရဟန်းအကျိုး ဒါယကာအကျိုး ပြီးစီးပုံသာဓက ၁၉
- ရဟန်းအကျိုး ဒါယကာအကျိုး ကြီးပွားတိုးတက်ရန် ၂၂
- "သမဏာနဉ္စ ဒဿနံ" သည် မင်္ဂလာဖြစ်ပုံ ၂၃

- လှူဒါယကာများ၏ ရဟန်းတို့အပေါ် ပြုကျင့်ရမည့် တာဝန်များ ၂၈
- လှူဖွယ် လှူနည်း အမျိုးမျိုး ၂၉
- ဒါနပြုခြင်းအကြောင်း (၈)မျိုး ၃၂
- ရဟန်းတို့၏ထိတ်လန့်ကြောက်မက်ဖွယ်ရာများ ၃၄

## အခန်း (၂)

## ရဟန်းသံဃာတို့၏အကျင့်သီလများ

(က) - သီလဟူသည် ၃၉
- သီလ၏အနက်အဓိပ္ပါယ် ၃၉
- သီလ၏သဘာဝများ ၃၉
- သီလ၏အကျိုးများ ၄၁
- ရှင်သာရိပုတ္တရာဟောသော သီလ၏အကျိုးဆက်များ ၄၄
- ရဟန်းတို့၏သီလစင်ကြယ်မှု(၄)မျိုး ၄၅
(၁) - ပါတိမောက္ခသံဝရသီလ ၄၅
- မဟာနိဒ္ဒေသလာ အာစရ၏အကျင့်များ ၄၆
- အဋ္ဌကထာလာရဟန်းတို့၏အကျင့်များ ၄၇
- ရဟန်းတို့ကျက်စားသင့်သောနေရာ(ဂေါစရ) ၃-မျိုး ၄၉
- မကျက်စားသင့်သောနေရာများ(အဂေါစရ) ၈-မျိုး ၅၁
(၂) ဣန္ဒြိယသံဝရသီလ ၅၃
- ဣန္ဒြိယသံဝရ၏အင်္ဂါ(၂)ပါး ၅၄
(၃) အာဇီဝပါရိသုဒ္ဓိသီလ ၅၇
- ရှောင်ကြဉ်ရမည့်မိစ္ဆာဇီဝ (၆)မျိုး ၅၇
- အခြားယုတ်မာသော အသက်မွေးမှုများ(ပါပဓမ္မ) ၆၂
(၄) - ပစ္စယသန္နိဿိတသီလ ၆၃
သီလကြီးလေးပါးတို့၏ ပြည့်စုံကြောင်းတရားများ ၆၆
- သုံးဆောင်ခြင်းပရိဘောဂ (၄)မျိုး ၇၂
- သီလရှိသော ပုဂ္ဂိုလ်၏ သုံးဆောင်ခြင်း ၇၃

- သီလညစ်နွမ်းခြင်း (၄)မျိုး ၇၄
- သီလညစ်နွမ်းကြောင်း (၂)မျိုး ၇၄
- သီလဖြူစင်ခြင်း (သီလဝေါဒါန)များ ၇၅
- အင်္ဂခက္ခန္ဓောပမသုတ် ၇၈
- သီလဖြူစင်-စင်ကြယ်ခြင်း (သုဒ္ဓိ) (၄)မျိုး ၈၂
- သီလစင်ကြယ်မှုအကျိုးရှုဖွယ် ၈၃

## အခန်း(၃)

## အေးစေ, မြဲစေ, မေတ္တာဝေ

- စကြဝဠာနိယာမနှင့်မေတ္တာစွမ်းအား ၈၅
- လူသားနှင့်စိတ်ဓာတ် ၉၂
(က) မေတ္တာဟူသည် ၉၇
- မေတ္တာ၏သဘော ၉၇
- ဗုဒ္ဓဟောကြားသော မေတ္တာသဘောတရားများ ၉၉
- မေတ္တာအချစ် (၃)မျိုး ၁၀၆
- မေတ္တာရှိခြင်းအကြောင်း (၆)ပါး ၁၀၈
- မေတ္တာခံယူရမည့်ပုဂ္ဂိုလ် (၅)ဦး ၁၀၉
- မေတ္တာခံယူပုံ ၁၁၁
- မေတ္တာဘာဝနာပွားသင့်ပုံ ၁၁၃
- မေတ္တာစတင်ပွားလိုသူ၏ ပရိကံနှင့်ဆင်ခြင်မှု ၁၁၃
- မေတ္တာမပွားမီပြုကျင့်ရမည့်ဝတ္တရား (၁၅)ပါး ၁၁၄
- မေတ္တာပွားရမည့်အဆင့်ဆင့် ၁၂၈
- မေတ္တာဘာဝနာကို ပျက်စေတတ်သောပုဂ္ဂိုလ် (၆)ပါး ၁၃၀
- အမျက်ဒေါသပယ်ဖျောက်ရန်နည်းများ ၁၃၁
- မေတ္တာလိုတိုင်းရ - ကျွမ်းကျင်သူဖြစ်မှု ၁၄၅
- မေတ္တာကွန့်မြူးစံပယ်ပုဂ္ဂိုလ် ၁၄၆
- မေတ္တာကွဲပြားသောနယ်ပယ်ပြုရမည် ၁၄၇
- မေတ္တာဘာဝနာ၌မှတ်ဖွယ် ၁၄၈

- ပဋိသန္ဓိဒါမင်္ဂလာ မေတ္တာပွားပုံ ၁၄၉
- မြန်မာလို အရပ်(၁၀)မျက်နှာမေတ္တာပို့နည်း ၁၅၂
- မေတ္တာသုတ်လာ မေတ္တာပွားနည်း (၁၁)နည်း ၁၅၃
- မင်းကွန်းတိပိဋကဆရာတော်ကြီး၏
ဒိသာဖရဏ မေတ္တာပို့နည်း ၁၅၄
- မေတ္တာအကျိုး (၁၁)မျိုး ၁၅၆
- အမျှဝေရန် ၁၆၀
(ခ) ခန္တီ၏သဘောသဘာဝ ၁၆၀
- သည်းခံခြင်းဆိုသည်မှာ ၁၆၂
- သည်းခံခြင်း(ခန္တီ)အမျိုးအစားများ ၁၆၃
- သည်းခံခြင်းအလေ့ကိုမည်သို့တည်ဆောက်မည်နည်း ၁၆၄
- ခန္တီမင်္ဂလာ ၁၆၅

## အခန်း(၄)

## (၅) သာသနာပြုပုဂ္ဂိုလ်တို့၏ အောင်မြင်ပွယ်နှင့် အန္တရာယ်ကာကွယ်ဂါထာပရိတ်ပုတီးစိတ်နည်းများ

(က) ဂါထာပရိတ် ပုတီးစိတ်သင့်ပုံ ၁၇၆
(ခ) ဘေးအန္တရာယ်ကင်းရန် ၁၇၇
- ဦးစွာပြုလုပ်ရန်အစီအစဉ်များ ၁၇၈
- အန္တရာယ်ကင်းပရိတ်(ဓာရဏ) ၁၇၉
- နာညတြ ဂါထာ ၁၈၂
- အဠာနမေတံ ဂါထာ ၁၈၃
- နမော တေ ဂါထာ ၁၈၄
- ရတနတ္တယာနုဘာဝ ဂါထာ ၁၈၅
(ဂ) မိမိလုပ်ငန်းအောင်မြင်ရန် ၁၈၅
- ရှင်သီဝလိ ဂါထာ ၁၈၆
- မဟာသရဏဂုံ ဂါထာ ၁၉၀

- အနုတ္တရ ဂါထာ ၁၉၃
- စိန္တာမဏိ ဂါထာ ၁၉၄
(ဃ) သရဏဂုံ-ပဋ္ဌာန်းပုတီးစိပ်မန္တန်ဂါထာ ၁၉၅
- သရဏဂုံ ဂါထာ ၁၉၇
- ရှင်အရဟံ ဂါထာ ၁၉၈
- ပုတီးစိပ်နည်းများ ၁၉၈
- ပုတီးမစိပ်မီကျင့်ဝတ်(၁၁)ပါး ၂၀၀
- ပုတီးစိပ်ကျင့်ဝတ်(၅)ပါး ၂၀၀
- ပုတီးစိပ်ခြင်းအကျိုး ၂၀၁

## အခန်း (၅)

## (၆) ဗုဒ္ဓသာသနာတော်၏တာဝန်ကြီး(၄)ရပ်နှင့် သာသနာပြုတို့၏တာဝန်ကျင့်စဉ်များ

(က) ဗုဒ္ဓသာသနာတော်ကြီး၏ တာဝန်ကြီး(၄)ရပ် ၂၀၄
(ခ) ဓမ္မကထိကနှင့်တာဝန်ကျင့်စဉ်များ ၂၀၉
-တရားဟောနည်း (၆)နည်း ၂၁၁
-ဓမ္မကထိကတို့၏ရည်ရွယ်ချက် ၂၁၃
-တရားဟောရာ၌ ရှောင်ကြဉ်ရမည့်အချက်နှင့်အပြစ်များ ၂၁၄
-ဂီတသံဖြင့် တရားဟောမှု၌ရရှိသောအပြစ်(၅)မျိုး ၂၁၅
-ဓမ္မကထိက(၄)မျိုးနှင့် တရားနာပရိသတ်(၄)မျိုး ၂၁၅
-တရားနာရခြင်းအကျိုး(၅)ပါး ၂၁၆
(ဂ) သာသနာပြု၏ကိုယ်ခံအခြေခံ ကိုယ်ကျင့်တရား ၂၁၆
(သို့မဟုတ်)ခေါင်းဆောင်၏အခြေခံ ကိုယ်ကျင့်တရား
-သာသနာပြုပုဂ္ဂိုလ်၏ဂုဏ်ရည်များ ၂၂၀
-သာသနာပြုပုဂ္ဂိုလ်၌ အခြေခံအတွင်းရန်သူများ ၂၂၁
-ဗုဒ္ဓ၏ကိုယ်ခံကျင့်စဉ်များ ၂၂၄

# အမှာစာ

မြတ်စွာဘုရားရှင်သည် မိမိသဗ္ဗညုတ ဉာဏ်တော်ရ၍ ဘုရားဖြစ်ပြီးသော အခါ ဦးစွာပထမ ပဥ္စဝဂ္ဂီငါးဦးကို သာသနာပြုဆုံးမ၍ မိမိ၏အယူဝါဒ သစ္စာလေးပါးတရားကိုသိစေလျက် တပည့်ရဟန္တာ သံဃာအဖြစ် စတင်ဖြစ်ပေါ်စေခဲ့သည်။ ထို့နောက် ယသသတို့သားနှင့်တကွ အပေါင်းအဖော်များကို အဆုံးအမ ပေး သာသနာပြု၍ မိမိ၏တပည့်သံဃာပရိသတ်ရဟန္တာဖြစ်စေခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် မိမိသိထားသော တရားစစ်၊ တရားမှန်များကို ဝေနေယျများ တရားကိုသိပြီး (ကျွတ်သင့်ကျွတ်ထိုက်သူများ) သိစေ၊ ကျွတ်လွတ်စေ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်စီးပွားချမ်းသာကို မျက်မှောက်ပြုနိုင်စေရေးအတွက် မိမိရထားသော တပည့်ရဟန္တာ(၆၀)ကို -

"ချစ်သားရဟန်းတို့ ဝေနေယျများ၏ စီးပွားအကျိုးငှာ၊ ဝေနေယျများ၏ ချမ်းသာခြင်းအကျိုးငှာ၊ လောကကို အစဉ်စောင့်ရှောက်ခြင်းအကျိုးငှာ ဒေသစာရီ လှည့်လည် ကြကုန်လော့"

"ချစ်သားရဟန်းတို့ အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံသော အနက်အဓိပ္ပါယ်နှင့်ပြည့်စုံသော တရားတော်မြတ်ကို ဟောကြားကြကုန်လော့။

ကိလေသာ မြူနည်းပါးကုန်သော ပါရမီရှိကြသော သတ္တဝါတို့သည် ဤလောက၌ရှိနေကြသည်။ ဘုရားရှင်၏တရားကို မကြားမနာမသိကြရ၍

လောကသံသရာနှစ်ဖြာသော အကျိုးကျေးဇူးတို့မှ ဆုတ်ယုတ်နေကြရပါသည်။ ငါဘုရားရှင်၏ တရားတော်မြတ်ကို သိစွမ်းနားလည်နိုင်၍ မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်သော ပါရမီရှင်အရိယာသူတော်စင်တို့သည် မုချမသွေ အမှန်ပင်ရှိနေပါသေးသည်"

ဟု ဟောကြား လမ်းညွှန်၍ သာသနာပြုစေလွှတ်ခဲ့ပါသည်။

အလားတူ တတိယသံဂါယနာခေတ် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးသည် သီရိဓမ္မာသောကမင်းကြီးနှင့် ညှိနှိုင်း၍ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှင်ရာတွင် တစ်ဌာနသို့ ခေါင်းဆောင် (၂)ပါးကျဖြင့် သာသနာပြု စေလွှတ်ခဲ့ပါသည်။

ထိုအခါက သာသနာပြုကြွကြသော မထေရ်တို့သည် ပိဋကတ်သုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်များဖြစ်ကြ၍ သာသနာပြုပုဂ္ဂိုလ်ရောက်လျှင် နှုတ်ငုံဆောင်ထားကြပြီးသော ပိဋကတ်တော်များပါလာကြပြီး ထိုပိဋကတ်တော်ပါ ဘုရားရှင်၏ အဆုံးအမများကို တိုက်ရိုက်ဟောပြောပို့ချ သွန်သင်ဆုံးမနိုင်ခဲ့ကြသည်။

နောက်ပိုင်းအခါ၌မူကား ပိဋကတ်တော်များကို နှုတ်ငုံမဆောင်နိုင်ကြတော့၍ သာသနာပြုပုဂ္ဂိုလ်များ သွားရောက်ကြသော်လည်း ပိဋကတ်တော်မပါကြ၊ ပိဋကတ်တော်မပါလျှင်လည်း သာသနာရှည်စွာမတည်၊ ကျယ်ပြန့်စွာ သာသနာမပြုနိုင်ပါ။

ထို့ကြောင့် ရှေးအခါက သာသနာပြုဆရာတော်တို့သည် အိန္ဒိယမှနေ၍ သီဟိုဠ်သို့ပိဋကတ်တော်များကို သယ်ဆောင်ခဲ့ကြသည်။ အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်မှတစ်ဆင့် သုဝဏ္ဏဘူမိ(သထုံ)သို့ ပိဋကတ်တော်များသယ်ယူခဲ့သည်။ သထုံမှ ရှင်အရဟံမထေရ်သည် ပုဂံသို့ ပိဋကတ်တော်များကို သယ်ယူ၍ သာသနာပြုခဲ့သည်။ ဟံသာဝတီမှ ဆင်ဖြူရှင်မင်းတရားကြီး ဘုရင့်နောင်သည် ရှမ်းကိုးပြည်ထောင်သို့ ရဟန်းတော်များနှင့်အတူ ပိဋကတ်တော်များကို ဆင်နှင့်တင်၍ နေရာဒေသအသီးသီးသို့ သာသနာပြုခဲ့သည်။

ပိဋကတ်တော်စာပေများ ရောက်ရှိလာခဲ့သဖြင့် ဗုဒ္ဓသာသနာသည် ဤနိုင်ငံတွင် နှစ်ပေါင်း ၂၀၀၀-ကျော်ကာလ ယနေ့အထိ တည်နေပါသည်။ အခြားဘာသာနှင့်လူမျိုးတို့က နိုင်ထက်စီးနင်း အုပ်ချုပ်စိမံ ပြုလုပ်ခဲ့သော်လည်း ပိဋကတ်စာပေရှိနေ၍လည်းကောင်း၊ ပိဋကတ်ကိုထိန်းသိမ်းစောင့်ရှောက်ကြသော သာသနာပြုရဟန်းတော်များ မတိမ်ကော မပပျောက်၍လည်းကောင်း ဗုဒ္ဓသာသနာကို

အသက်ပေးစောင့်ရှောက်ထိန်းသိမ်းခဲ့သဖြင့်လည်းကောင်း ဗုဒ္ဓသာသနာတော်သည် ဤနိုင်ငံတွင် ယနေ့အထိ နေလို လလို ထွန်းကားပြီး ယနေ့ခေတ်သိပ္ပံပညာထွန်းကား၍ ကမ္ဘာ့ရွာဖြစ်လာသောအချိန်ဝယ် သိပ္ပံပညာရှင်များက အကြောင်းကြောင့် အကျိုးဖြစ်ရသော သီဝရီ၊ အနူမြူသီဝရီကို ရှာဖွေတွေ့ရှိလာသောအခါ ဗုဒ္ဓဂေါတမ၏ အဘိဓမ္မာသဘာဝကို အလွန်လေးစားမြတ်နိုးလာကြသလို ဗုဒ္ဓဘာသာတရားများကိုလည်း အထူးစိတ်ဝင်စားခဲ့ကြသည်။

အင်္ဂလိပ်အုပ်စိုးမှုအောက်ဝယ် သီဟိုဠ်မှ အနာဂါရိကဓမ္မပါလ, ဒေဝပရိယင်လိဆိန်ဟန၊ မြန်မာနိုင်ငံမှ လယ်ဘီဆရာတော်ဘုရားကြီး ဦးဆောင်သော နိုင်ငံခြားသာသနာပြုအသင်းက ၁၂၇၅-ခုနှစ်မှစ၍ ဥရောပတစ်ခွင်သို့ သာသနာပြုစတင်ဆောင်ရွက်ခဲ့ရာမှ ဥရောပတွင် ဗုဒ္ဓသာသနာစတင်အခြေကျခဲ့ပြီး ပြည်ပမှဗုဒ္ဓဘာသာကို စိတ်ဝင်စား၊ လိုက်စား၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့ပြီး သာသနာပြုသူများ (ဥပမာ-အရှင်အာနန္ဒမေတ္တေယျ(အင်္ဂလန်) အရှင်ဉာဏတိလောက၊ အရှင်ဉာဏမောဠိ (ဂျာမနီ) အရှင်လောကနာထ (အီတလီ)) လူပုဂ္ဂိုလ်များအနေဖြင့် ဂျော့တန်နား၊ ပညာရှင်မက်မူလာ၊ ဆာအက်ဒွင်အာနိုလ်၊ သောမတ်(စ်) ဝီလျံရိုင်းဒေးဗစ်၊ ဒေါက်တာဒီအာရ်ရှော့စ်(အင်္ဂလန်)၊ ဘာသာရိုပင်နား၊ ဟာမင်အိုဒင်ဘတ်(ချ်)၊ ဒေါက်တာပေါလ်ဒါကေး၊ ဝိုင်းလ်ဟာမ်ဂျီဂျာ၊ ကားလ်ဆိုင်ဒင်စတူကား၊ ဂျော့ဂရင်း၊ မာဏဂီလာဂရင်၊ ဂလတ်ဆင်နတ်၊ ယူဂျင်နယူမင်း(ဂျာမနီ)၊ အလက်ဇန္ဒရားဒေးဗစ်နီးလ်(ပြင်သစ်)၊ အီဗန်ပါပလော့ဗီမီနာသောဗ်၊ ရှိရဗတ်စကီး (ရုရှား) ဟင်နရီစတီအော်လကော၊ ရောဘတ်ဂရင်းဘဂါဆော်လ် (အမေရိကန်) အသီးသီးပေါ်ထွန်းခဲ့ပြီး ဗုဒ္ဓသာသနာကို တဖြည်းဖြည်းပြန့်ပွားအောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ဗုဒ္ဓဘာသာသည် အနော်ရထာမင်းလက်ထက်မှစ၍ မြန်မာပြည်အထက်ပိုင်းဒေသအနှံ့အပြား ဗုဒ္ဓသာသနာပြန့်ပွားအောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း မြန်မာနိုင်ငံ၏နယ်စပ်နှင့်တောင်တန်းဒေသများတွင်မူ ဗုဒ္ဓသာသနာပြန့်ပွားအောင်ဆောင်ရွက်နိုင်မှု၊ ဦးဆောင်လမ်းညွှန်မှု အားနည်းခဲ့ကြသည်။ ရှမ်းပြည်တွင် ဗုဒ္ဓသာသနာပြန့်ပွားခဲ့ရသည်မှာ ဘုရင့်နောင်မင်းတရားကြီး၏ အမြော်အမြင်ကြီးမှုနှင့် ဦးဆောင်မှုကောင်းခဲ့၍ ဗုဒ္ဓသာသနာအခြေတည်၍ ပြန့်ပွားခဲ့ရခြင်း ဖြစ်ပါသည်။ အလောင်းဘုရားလက်ထက်တွင် ဗုဒ္ဓသာသနာကို

ပြည်နယ်၌ ပြန့်ပွားအောင် ကြိုးပမ်းခဲ့သော်လည်း တိုင်းပြည်ထူထောင်ရေးစစ်ပွဲများနှင့်သာရင်ဆိုင်နေရ၍ ဖြစ်ဖြစ်မြောက်မြောက် မဆောင်ရွက်နိုင်ခဲ့ပေ။

ထိုသို့မဆောင်ရွက်နိုင်ခဲ့ကြသဖြင့် ဦးဆောင်ပုဂ္ဂိုလ်များ အမြင်မကျယ်မှုကြောင့် မြန်မာနိုင်ငံ သမ္မတွန်လက်အောက်အရောက်တွင် ဘာသာခြားသာသနာပြုများက ထိုနယ်စပ်နှင့်တောင်တန်းဒေသများသို့ ထိုးဖောက်ဝင်ရောက် သာသနာပြုနိုင်ခဲ့ကြသဖြင့် ဗုဒ္ဓသာသနာ နေလို လလို ထွန်းကားလာခဲ့သည်ဟု ဆိုသောမြန်မာနိုင်ငံဝယ် နယ်စပ်နှင့်တောင်တန်းဒေသရှိ တိုင်းရင်းသားမြန်မာနိုင်ငံသူမြန်မာနိုင်ငံသားတို့သည် စစ်မှန်သော တရားစစ်၊ တရားမှန်ကို နာယူခွင့် သင်ယူခွင့်လက်ခံခွင့် မရကြပဲ ဘဝအတွက် နစ်နာခဲ့ကြသည်။

ထိုသည်ကို ကရုဏာတရားကြီးမားကြသော ပုသိမ် ဦးဝိမလ၊ ဦးဥတ္တမ၊ ပခုက္ကူဆရာတော် ဦးပညာ၊ ဦးသုန္ဒရတို့က မိမိတတ်စွမ်းသရွေ့ ချင်းတောင်တန်းဒေသသို့ ဗုဒ္ဓသာသနာပြန့်ပွားရေးကို အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရလာသောအခါ ပုသိမ်ဦးဝိမလဆရာတော်ဘုရားကြီးက ဆာဦးသွင်တရားသူကြီးဦးသိမ်းမောင်တို့နှင့် ဆွေးနွေးရာမှ တောင်တန်းသာသနာပြုလုပ်ငန်းသည် အခြေချခဲ့ကြသည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ပေါ်ပေါက်လာသောအခါဝယ် တောင်တန်းသာသနာပြုလုပ်ငန်းသည် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့အောက်ဝယ် စနစ်တကျ အင်နှင့်အားနှင့်ဖြစ်လာခဲ့ရပါသည်။

၁၉၆၂-ခု တော်လှန်ရေးအစိုးရနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်ဆိုရှယ်လစ်အစိုးရလက်ထက်ဝယ် တောင်တန်းသာသနာပြုလုပ်ငန်းသည် တန့်ရပ်သွားသကဲ့သို့ ဖြစ်ပါသည်။ သာမန်လုပ်ငန်းလောက်မျှသာ ရှိနေတော့သည်။

၁၉၈၈-ခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရ လက်ထက်ရောက်သောအခါ သာသနာရေးဝန်ကြီးဌာနလက်အောက်တွင် ၁၉၉၁-ခုနှစ်၌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီး ဌာနအသစ်ဖွင့်လှစ်ပေးခဲ့ပြီး ထိုဦးစီးဌာနတွင် ပြည်တွင်းသာသနာပြုဌာနခွဲတစ်ခု ဖွင့်လှစ်ထားပြီး နယ်စပ်တောင်တန်းသာသနာပြုလုပ်ငန်းကို စနစ်တကျ ပြန်လည်ဆောင်ရွက်ခဲ့ပါသည်။ သာသနာပြုပုဂ္ဂိုလ်များကို မွေးထုတ်စေခဲ့ပါသည်။ တစ်ဖက်ကလည်း နိုင်ငံတော်ပရိယတ္တိ

သာသနာ့တက္ကသိုလ်(ရန်ကုန်+မန္တလေး)မှ သာသနတက္ကသိုလ ဓမ္မာစရိယ (B.A Buddhism) သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ (M.A Buddhism) ဘွဲ့ယူကြမည့် ရဟန်းတော်များကို နယ်စပ်နှင့်တောင်တန်းဒေသသို့ (၂)နှစ် သာသနာပြုစေလွှတ်ပြီး ဗုဒ္ဓသာသနာ တိုးတက်စည်ပင်ပြန့်ပွားထွန်းကားလာအောင် နယ်စပ်နှင့်တောင်တန်းဒေသရှိ မြန်မာနိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားများအား ဗုဒ္ဓ၏တရားစစ်၊ တရားမှန်များကို သိရှိနားလည်ကြပြီး ဘဝအဆင့်အတန်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်လာအောင် သာသနာပြု စေလွှတ်ပေးခဲ့ပါသည်။

ပြည်တွင်းသာသနာပြုဌာနခွဲမှ ရွေးချယ်စေလွှတ်သော သာသနာပြုရဟန်းတော်များ သာသနာပြုအတွေ့အကြုံ ဗဟုသုတ အသိဉာဏ် အမြင်ကျယ်ရင့်သန်စေရန် သာသနာပြုလုပ်ငန်းများကို အမြင်ကျယ် စိတ်၏အစွမ်းဖြင့် ပြုလုပ်သာသနာပြုနိုင်ရေးအတွက် တောင်တန်းသာသနာပြု ထေရဝါဒဩဝါဒါစရိယဆရာတော်အဖွဲ့နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့၏တောင်တန်းသာသနာပြုသင်တန်းများကို ရဟန်းပုဂ္ဂိုလ်များကိုရော လူပုဂ္ဂိုလ်များကိုပါ နှစ်စဉ်ပို့ချသင်တန်းပေးလေ့ကျင့်စေခဲ့ပါသည်။

ဤသို့ လေ့ကျင့်သင်တန်းပေးရာတွင် **ကမ္ဘာ့လူသားများ ကိုးကွယ်ရာဘာသာကြီးများ နှိုင်းယှဉ်ချက်၊ သာသနာပြုသော့ချက်၊ သာသနာပြုစည်းရုံးအောင်မြင်နည်း၊ သာသနာပြု အာဇာနည်ပုဂ္ဂိုလ်များ၊ ထေရဝါဒမဟာယာနဗုဒ္ဓဘာသာ ဟူသည် တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများ၊ သထပ၏လုပ်ငန်းစဉ်များ** စသည့်ဘာသာရပ် အစုံပါဝင်သလို သာသနာပြုကြွရောက်ရာတွင် သာသနာပြုပုဂ္ဂိုလ်၏ စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားသည် နံပါတ်တစ် အရေးကြီးသောနေရာမှ ပါဝင်နေ၍ ဆရာတော်ကြီးများက သာသနာပြုကိုယ်ကျင့်တရားဟူသော ဘာသာရပ်ကို ထည့်သွင်းသင်ကြားရန် ဆုံးဖြတ်ချက်ချခဲ့ပြီး သင်တန်း၌သင်ကြားစေခဲ့ပါသည်။

သို့သော် သာသနာပြုသော့ချက် စသည်ကဲ့သို့ သင်ရိုးညွှန်းတမ်း စာအုပ်မရှိသေး၍ ယခင်ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်လက်ထက်က မပြီးပြတ်ခဲ့သေးသော ဤသင်ရိုးညွှန်းတမ်းကို ယခုလက်ရှိ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်မှ ဆက်လက်မေတ္တာရပ်ခံလာသဖြင့် စာရေးသူမှ ဤသာသနာပြုအခြေခံကိုယ်ကျင့်တရားသင်ရိုးညွှန်းတမ်းစာမူကို တောင်တန်းဆရာတော်များ၏ လမ်းညွှန်ဩဝါဒ၊

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ မူဝါဒနှင့်အညီ အတတ်နိုင်ဆုံး ကြိုးစားပြုစု ရေးသားပေးအပ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းသည် လုံးဝဥဿုံပြီးပြည့်စုံသော သင်ရိုးညွှန်းတမ်းဟု မဆိုလို မသတ်မှတ်ပါ။ လိုအပ်သည်များ ထပ်မံဖြည့်စွက်စရာများ ရှိကောင်းရှိပါမည်။ ထိုလိုအပ်သည်များ ထပ်မံ ဖြည့်စွက်စရာများကို ပညာရှင်များမှ ထပ်မံဖြည့်စွက်ပေးကြပါရန်လည်း အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ၊
ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခမေဓတိ။

အာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်နိုင်ခဲ၏၊ ထိုယောကျာ်း အာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသောအမျိုး၌ မဖြစ်ထွန်းနိုင်၊ ပညာရှိယောကျာ်း အာဇာနည်ပေါ်ပေါက်သောအမျိုးသည် ချမ်းသာခြင်းသို့ ရောက်ရ၏။ ဟု ဓမ္မပဒတွင် ဘုရားရှင်ဟောကြား လမ်းညွှန်ထားသည့်အတိုင်း ကိုယ်ကျင့်တရားကောင်းမွန်သော သာသနာပြုအာဇာနည် သူရဲကောင်းများ ပေါ်ထွန်းနိုင်ပါစေသောဝ်. . . .။

မဟာသဒ္ဓမ္မဇောတိကာဓဇ
တက္ကသိုလ်သျှင်သိရိ(ဓမ္မာစရိယ၊ ဘီ-အေ)

# အခန်း (၁)

## သံဃာရတနာနှင့်ရဟန်း

မြတ်စွာဘုရားရှင်၏သာသနာတော်ဝယ် သံဃာနှင့်ရဟန်းသည် ဆက်စပ်နေပါသည်၊ ရဟန်းရှိမှ သံဃာဖြစ်ပေါ်လာမည်။ သံဃာဟူသည် ရတနာသုံးပါးတွင်လည်းကောင်း၊ အနန္တောအနန္တငါးပါးတွင် လည်းကောင်း ပါဝင်နေပါသည်။

### (က) သံဃာရတနာဟူသည်

စိတ်နှလုံးမွေ့လျော် ရွှင်ပျော်နှစ်သက်ခြင်းကို ဖြစ်စေတတ်သော သက်ရှိသက်မဲ့အရာဝတ္ထုဟူသမျှသည် ရတနာမည်၏။

စိတ်ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြား စသောရတနာတို့ကို လောကရှိလူအပေါင်းတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မွေ့လျော် ပျော်ရွှင်စေတတ်သောကြောင့် “လောကီရတနာ”ဟုခေါ်ဆိုရပါသည်။

ရတနာ၏လက္ခဏာသဘောမှာ-

- အလေးအနက်ပြုခံရခြင်း၊

- အဖိုးများစွာထိုက်တန်ခြင်း၊
- အတုမရှိအသာဆုံးဖြစ်ခြင်း၊
- တွေ့ခဲ, ရခဲ, ကြုံခဲခြင်း၊
- ဘုန်းကံရှိသူတို့၏အသုံးအဆောင်(သို့မဟုတ်)ကိုးကွယ်ရာ ဖြစ်ခြင်း၊

ဗုဒ္ဓသာသနာတွင် ရတနာ(၃)ပါးဟူသည်-

၁။ အရဟံ အစ ဘဂဝါ အဆုံးရှိသော ဂုဏ်တော်(၉)ပါးနှင့်ပြည့်စုံပြီး အလုံးစုံကို သဗ္ဗညုတဉာဏ်တော်ဖြင့် သိနိုင်၊ ဟောနိုင်၊ ပြောနိုင်၊ လမ်းညွှန်နိုင်သော ဗုဒ္ဓရတနာ၊

၂။ ထိုဗုဒ္ဓက ဟောကြား လမ်းညွှန် ဟောကြားထားခဲ့သော ဓမ္မက္ခန္ဓာ- ၈၄၀၀၀ ဟူသော တရားရတနာ၊

၃။ သုပ္ပဋိပန္နအစ- အနုတ္တရံ ပုညခေတ္တံ လောကဿ အဆုံးရှိသော ဂုဏ်တော် (၉)ပါးနှင့်ပြည့်စုံသော သံဃရတနာ တို့ဖြစ်သည်။

ဤသုံးပါးတွင် သံဃာရတနာဟူသည် ဗုဒ္ဓ၏ဟောကြားထားသော အဆုံးအမလမ်းစဉ်မှန်တို့ကို ကိုယ်တိုင်လည်း ကျင့်ပြီး၊ ရှေ့ဆောင်လမ်းပြပြုလုပ်ပြီး မိမိတို့၏ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမတို့အားလည်း ထိုတရားမှန် လမ်းစဉ်များကို ဟောကြားပြသလမ်းညွှန်ပြကြသော ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

ထိုသံဃာရတနာဟူသော သံဃာတော်များသည် တစ်မြို့-တစ်ရွာ တစ်နိုင်ငံအတွက်သာမဟုတ်၊ တစ်လောကလုံးအတွက် စံပြ ခေါင်းဆောင်များ ဖြစ်ကြပါသည်။ ထိုသံဃာတော်များ၏ မေတ္တာ ကရုဏာ အာဏာစက်ကျရောက်ရာ ရပ်ရွာနိုင်ငံတိုင်းဝယ် မေတ္တာတရား၊ ကရုဏာတရား၊ ကိုယ်ချင်းစာတရား၊ လိမ္မာရေးခြားရှိခြင်း စသော လောကငြိမ်းချမ်းသာယာရေးအတွက် အစားထိုး မရလောက်အောင် အစွမ်းပေးနိုင်သော ငြိမ်းချမ်းမှု၏ ခေါင်းဆောင်ကြီးများလည်း ဖြစ်ကြပါသည်။

လောကရှိ ရခဲသောလူအဖြစ်ကို ရလာကြသော လူသားတို့အား ပစ္စုပ္ပန်ဘဝ တမလွန်ဘဝကောင်းမွန်သော ချမ်းသာအတိကို ရရှိ ခံစားနိုင်ကြစေရန် လောကုတ္တရာဂုဏ်ကျေးဇူးတို့ကို အဘယ်- လူ နတ် ဗြဟ္မာတို့ကမှ မပေးစွမ်းနိုင်ပါ၊ သံသရာနှင့်ချီ၍ အတုမဲ့ ကောင်းကျိုးချမ်းသာတို့ကို မနှေးလက်တွေ့ပေးနိုင်ကြသူများမှာ- သံဃာတော်များပင်ဖြစ်ကြပါသည်။

သံဃာတော်များ၏ ဂုဏ်ကျေးဇူးကိုသိ၍ ဘုရားရှင်ကိုယ် တော်တိုင်က မိထွေးတော်ဂေါတမိအား-

**သံဃေ ဒိန္နေမဟပ္ဖလံ၊ သံဃေ တွံ ဂေါတမီ ဒေဟိ**

"ဂေါတမီ. . . သင်သည် သံဃာအား ပေးလှူပါသော၊ သံဃာအား ပေးလှူခြင်းသည် ကြီးမြတ်သောအကျိုးကို ရရှိနိုင်၏"

ဟု မိန့်ကြား လမ်းညွှန်ခဲ့ပေသည်။

အလှူခံ တစ်ကိုယ်လေး-ခွေးကအစ လှူကောင်းသည် ဟု ဆိုသော်လည်း အကျိုးကြီးမြတ်မှုသည် အလှူခံပုဂ္ဂိုလ်၏ သီလရှိမှု-မရှိမှု အကျင့်ကောင်းမှုနှင့် မကောင်းမှုအပေါ် အလှူ၏အကျိုးကျေးဇူး ကွာခြားသည်ကို ဗုဒ္ဓက-

- တိရစ္ဆာန်ကိုလှူခြင်းထက် သီလရှိသော ပုထုဇဉ်ကို လှူခြင်းက ပို၍ မြတ်၏၊ အကျိုးကြီး၏၊
- ယင်းထက်သာသနာပစျာန်ရ-ရသေ့တို့အား လှူခြင်းက ပို၍ မြတ်၏၊ အကျိုးကြီး၏၊
- ယင်းထက် သောတာပတ္တိမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍ မြတ်၏၊ အကျိုးကြီး၏၊
- ယင်းထက် သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်၏၊ အကျိုးကြီး၏၊
- ယင်းထက် သကဒါဂါမိမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်၏၊ အကျိုးကြီး၏၊

- ယင်းထက် သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်၏၊ အကျိုးကြီး၏၊
- ယင်းထက် အနာဂါမိမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်၏၊ အကျိုးကြီး၏၊
- ယင်းထက် အနာဂါမိဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်၏၊ အကျိုးကြီး၏၊
- ယင်းထက် အရဟတ္တမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်၏၊ အကျိုးကြီး၏၊
- ယင်းထက် အရဟတ္တဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်၏၊ အကျိုးကြီး၏၊
- ယင်းထက် ပစ္စေကဗုဒ္ဓါအား လှူခြင်းက ပို၍မြတ်၊ အကျိုးကြီး၏၊
- ယင်းထက် ဘုရားရှင်အား လှူခြင်းက ပို၍မြတ်၏၊ အကျိုးကြီး၏၊
- ယင်းထက် ဘုရားအမှူးရှိသော သံဃာတော်များအား လှူခြင်းက ပို၍ မြတ်၏၊ အကျိုးကြီး၏၊

ဟူ၍ ခွဲခြားဟောကြား လမ်းညွှန်ထားခဲ့ပါသည်။

ဘုရား တရား သံဃာဟူသော ရတနာ(၃)ပါးတို့သည် လူ-နတ်-ဗြဟ္မာ သတ္တဝါတို့စိတ်နှလုံးကို နှစ်သက်စေတတ်၊ မြတ်နိုးစေတတ်သောကြောင့် လောကုတ္တရာရတနာဟု ခေါ်ဆိုရပါသည်။

သံဃာရတနာ ဟူသည် ဗုဒ္ဓရတနာပေါ်ထွန်းချိန်၌သာ တွေ့ကြုံရခြင်း ဖူးမြင်ရခြင်းကြောင့် အလွန်တွေ့ကြုံခဲရသော ရတနာဖြစ်ပါသည်။

ထိုသံဃာရတနာကို မရိုမသေ မလေးမစားပြုလုပ်သူများသည် လောက ကြီးမှာ ကြီးပွားမှု၏ အန္တရာယ်ကိုဖြစ်စေ၏။ သံသရာ၌လည်း မကောင်းကျိုးကို ခံစားရပါသည်။ သံဃာရတနာကို ရိုသေလေးမြတ်ဆည်းကပ် ကိုးကွယ်သူများမှာ လောကသံသရာ နှစ်ဖြာသော ချမ်းသာကောင်းကျိုးကို ရရှိနိုင်ပါသည်။

## သံဃာ၏ဂုဏ်ရည်

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ်- ၁၀၃-ခု ဝါဆိုလပြည့်နေ့တွင် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား မဇ္ဈိမပဋိပဒါအလယ်လမ်းစဉ်ခေါ် မဂ္ဂင်ရှစ်ပါး

သစ္စာလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော ဓမ္မစကြာတရားဦးကို ဟောကြားတော်မူရာမှ ပဥ္စဝဂ္ဂီဟူသော သံဃာရတနာ စတင်ပေါ်ပေါက်လာခဲ့ပါသည်။

ထို့နောက် ယသကိုသားနှင့် သူငယ်ချင်း ၅၄-ယောက်တို့ ရှေ့ဆင့်နောက်ဆင့် ရဟန်းဘောင်သို့ဝင်ကြရာ သံဃာ(၆၀)ဖြစ်လာသည်။ ထို့နောက် ဥရုဝေလကဿပ နဒီကဿပ၊ ဂယာကဿပနှင့်တပည့်ရသေ့(၁၀၀၀)တို့ကို ဆက်လက်၍ ချွတ်တော်မူရာ ဘုရားရှင်၏ သာသနာတော်ဝယ် သံဃာရတနာများ တဖြည်းဖြည်းတိုးပွားလာခဲ့ပါသည်။

မြတ်စွာဘုရား၏ သာသနာတော်ဝယ် အိမ်ထောင်သားမွေးအလုပ်ကို စွန့်ခွာ၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် မြတ်သောအကျင့်ကို ကျင့်မှုတွင်

- ပထမအဆင့် ရှင်သာမဏေ
- ဒုတိယအဆင့် ရဟန်းသံဃာ ဟူ၍ နှစ်မျိုး ခွဲခြားထားပါသည်။

မြတ်စွာဘုရားသည် လူ-နတ်-ဗြဟ္မာအပါအဝင် တစ်လောကလုံးအတွက် လေးစားလောက်သော သံဃာ့အဖွဲ့အစည်းကြီးကို စနစ်တကျ ဖွဲ့စည်းထူထောင်ခဲ့ပါသည်။

မြတ်စွာဘုရားသည် သံဃာ့အဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင်ရာ၌ မိမိ၏အဆုံးအမအတိုင်း ရိုသေစွာ လိုက်နာကျင့်သုံးဆောင်တည်သော ပုဂ္ဂိုလ်များကို တပည့်သား(သာဝက) ဟု ခေါ်သည်၊ တပည့်သား ဖြစ်သော သမ္မုတိသံဃာ၊ အရိယာသံဃာအပေါင်းကို သံဃာ(အပေါင်းအသင်း)ဟူ၍ ခေါ်ဆိုပါသည်။

အရိယာပုဂ္ဂိုလ်(၈)ယောက်သည်သာ မုချသံဃာဟု ယူရသည်။ ယင်းကို မြတ်သောပရမတ္ထသံဃာဟူ၍လည်း ခေါ်သည်၊ သာမန်အားဖြင့် ပုထုဇဉ် အရိယာ မခွဲခြားဘဲ အယူသီလတူမျှသော ရဟန်းအပေါင်းကို သမ္မုတိသံဃာ(အမည်ပညတ်အားဖြင့် တူညီသောသံဃာ) ဟု ခေါ်သည်။

အနှစ်လိုလျှင် အခေါက်အပြင်က စ,ရသကဲ့သို့ ပရမတ္ထသံဃာ ဖြစ်ရန်မှာ ပညတ်က စ,ရပါသည်။ သံဃာဟုဆိုလျှင် ပရမတ်သံဃာ၊ သမ္မုတိသံဃာ(၂)မျိုး စလုံး ပါဝင်သည်။

ထိုသံဃာတော်များသည် ပညတ်-ပရမတ်သဘောအားဖြင့် (၂)မျိုး၊ အရေအတွက်အားဖြင့် (၈)ပါးသော သံဃာတော်အားလုံးသည်၊ သံဃာ့ဂုဏ်တော် (၉)ပါးနှင့်အညီ ကျင့်ကြံကြိုးကုတ် ကောင်းစွာအားထုတ်တော်မူကြပါသည်။

(၁) မြတ်စွာဘုရား၏တပည့်သား(သာဝက)သံဃာတော်အပေါင်းသည် ရာဂ, ဒေါသ, မောဟတို့ကင်းကြောင်း သီလ, သမာဓိ, ပညာ အကျင့်ကောင်းများကို ကောင်းစွာ ကျင့်ကြံတော်မူပါ၏။

(၂) ကိုယ်, နှုတ်, စိတ်ဝယ် မဖုံးကွယ်၊ အရှယ်သုံးမျိုး၊ မချိုးမထောင့် ငဲ့ဖြောင့်မှန်စွာ ကျင့်ကြံတော်မူကြပါ၏။

(၃) မိမိ၏အသက်ကို ငဲ့ကွက်မညှာ၊ နိဗ္ဗာန်အကျိုးငှါ ကျင့်ကြံတော်မူပါပေ၏။

(၄) လူတို့ပြုစု ရှိခိုးမှုနှင့် သင့်ပြု လျော်ကန်၊ ထိုက်တန်အောင် ကျင့်တော်မူပါပေ၏။ မဂ်လေးပါး၊ ဖိုလ်လေးပါးအားဖြင့် (၈)ပါးကုန်သော အကြင်ယောကျ်ားမြတ် ခေါ်ဆိုအပ်သော အရိယာပုဂ္ဂိုလ်တို့ပါတည်း။

(၅) ထိုအရိယာ သံဃာတော်(၈)ပါးတို့သည်-

အဝေးမှဆောင်ယူ၍ လှူဒါန်းအပ်သောပစ္စည်းတို့ကို အလှူခံထိုက်ပါပေ၏။

(၆) ဧည့်သည်အတွက် အထူးစီမံထားသောပစ္စည်းတို့ကို အလှူခံ ထိုက်ပါပေ၏။

(၇) ကံ ကံ၏အကျိုးကို ယုံကြည်၍ လှူအပ်သော အလှူကို ခံယူတော်မူထိုက်ပါပေ၏။

(၈) လူနတ်ပြဟ္မာတို့၏ လက်အုပ်ချီခြင်းကို ခံယူတော်မူထိုက်ပါပေ၏။

(၉) လူနတ်ပြဟ္မာသတ္တဝါအပေါင်း၏ အတုမရှိသော ကုသိုလ်မျိုးစေ့ကို ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။

ဤသံဃာ့ဂုဏ်တော်(၉)ပါးတွင် ရှေ့လေးပါးသည် အကြောင်းတရားများဖြစ်ကြ၍ ရဟန်းသံဃာတော်များ၏ တကယ်မှန်ကန်စွာ ကျင့်ကြံရသော အကြောင်းတရားများ ဖြစ်ကြသည်။

ဤသို့ မှန်ကန်စွာကျင့်သောအကြောင်းကြောင့် နောက်အကျိုးငါးပါးသည် မုချဆတ်ဆတ်ရရှိခံစားရပါသည်။ ထိုအကျိုးငါးပါးသည် ကျင့်သောရဟန်းများနှင့် တကွ ထိုရဟန်းတို့အား ပူဇော်လှူဒါန်းကြသော လူ-နတ်-ဗြဟ္မာတို့အားလည်း အထူးကျေးဇူးပြည့်စုံစေပါသည်။

ခုဒ္ဒကနိကာယ်ရတနသုတ်တွင် ဗုဒ္ဓက သံဃာဂုဏ်တော်၏ ဂုဏ်ရည်များကို ဝေသာလီကပ်ဘေးကို ကယ်တင်ရန် စီမံသောအခါ ရှင်အာနန္ဒာမထေရ်ကို အောက်ပါအတိုင်း ဟောပြပေးခဲ့ပါသည်။

၁။ လူပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ရှိသမျှသော ကောင်းမြတ်သော ရတနာတို့တွင် သံဃာရတနာနှင့်တူသော ရတနာကား မရှိနိုင်သည်သာ ဖြစ်သည်။
သံဃာတော်၌ ဤရတနာအဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်ကား ထူးခြားကောင်းမြတ်လှပါသည်။

၂။ ဘုရားအစရှိသော သူတော်ကောင်းတို့ချီးမွမ်းအပ်သော အရိယာပုဂ္ဂိုလ်များက ရှစ်ပါးဖြစ်ရာ အစုံအားဖြင့် လေးစုံဖြစ်သည်။ ဘုရားရှင်၏ တပည့်သာဝကဖြစ်သော ထိုအရိယာ သံဃာတို့ကား အလှူဒါယကာတို့ လှူအပ်သောအလှူကို ခံယူတော်မူထိုက်သောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်၊ ထိုအရိယာသံဃာတို့အား လှူအပ်သော အလှူဟူသမျှသည် အကျိုးကြီးမားလှသည်။
အရိယာသံဃာတော်ရတနာအဖြစ် နှစ်သက်ဖွယ် ဤဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

၃။ မြဲမြံတည်တံ့သော သမာဓိဖြင့် လွန်စွာအားထုတ်ကြကုန်၍ ဂေါတမဘုရား၏သာသနာတော်၌ ကိလေသာအာသဝေါတို့မှ ကင်းလွတ်ကြကုန်သော အရိယာသံဃာတော်အရှင်မြတ်တို့သည် နိဗ္ဗာန်သို့အာရုံသက်ရောက်ယူကြပြီးသော် ပစ္စည်းဥစ္စာအနည်းငယ်မျှ မကုန်ကျဘဲ အလွယ်တကူရရှိ၍ ဖလသမာပတ်အငြိမ်းဓာတ်ကို ခံစားလျက် အရဟတ္တဖိုလ်၌ ဝင်စားနေကြပါသည်။

ရဟန္တာသံဃာ၌ ဤရတနာအဖြစ် နှစ်သက်ဖွယ်ရာ ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

၄။ မြေပြင်၌စိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းများမှ လှုပ်ရှားစေခြင်းငှါ မတတ်နိုင်သကဲ့သို့ မဂ်ဉာဏ်ဖြင့် အရိယာသစ္စာကို သိမြင်သော သောတာပန်ပုဂ္ဂိုလ်မြတ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသောပုဂ္ဂိုလ်ဟူ၍ ငါဘုရားဟောတော်မူသည်။

သောတာပန်သံဃာ၌ ဤရတနာအဖြစ်နှစ်သက်ဖွယ်ရာ ဂုဏ်ရည်များသည် ထူးမြတ်လှပါသည်။

၅။ နက်နဲသော ဉာဏ်တော်ရှင် ဗုဒ္ဓ၏အကောင်းဆုံးဟောကြားတော်မူအပ်သော အရိယာသစ္စာတို့ကို မဂ်ဉာဏ်ရရှိ၍ ထင်ရှားသိရှိတော်မူကြသော သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်တို့သည် စည်းစိမ်ယစ်၍ အလွန်အကဲ မေ့လျော့စေကြကာမူ ရှစ်ကြိမ်မြောက်ဘဝကို ကူးရိုးထုံးစံမရှိတော့ပါ။

သောတာပန်သံဃာ၏ ရတနာဟု သိနိုင်ဖွယ်ရာ ဤဂုဏ်တော်သည်လည်း ထူးမြတ်လှပါသည်။

၆။ သောတာပန်ပုဂ္ဂိုလ်မြတ်သည် သောတာပတ္တိမဂ်ဉာဏ်ပြည့်စုံသည်နှင့် တပြိုင်နက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ တရားသုံးပါးနှင့် အချို့သောကိလေသာများကို ပယ်ရှားအပ်ပြီး ဖြစ်သည်။

၇။ ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည် အပါယ်လေးဘုံမှလွတ်မြောက်ရပြီး ရှုန့်ရင်းသော အကြောင်းစုံ အမှု-အပြစ်တို့ကိုလည်း ပြုခြင်းငှါ မထိုက်တော့ပေ။

သောတာပန်သံဃာ၌ ရတနာအဖြစ် နှစ်သက်ဖွယ်ရာ ဤဂုဏ်ရည်များသည်လည်း ထူးမြတ်လှပါသည်။

၈။ သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ၊ မကောင်းသောပြစ်မှုကို လွန်ကျူးမိစေကာမူ ပြုမိသော ပြစ်မှုတို့ကို

ကာကွယ်ဖုံးကွယ်ဝှက်ထားသူများအဖြစ် မဖြစ်နိုင်ပေ။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပြီး ဖြစ်သော အရိယာသောတာပန်၏ မိမိပြုသောပြစ်မှုတို့ကို မဖုံးကွယ်ထိုက်သူဖြစ်ကြောင်းကို ဘုရားရှင်ဟောကြားတော်မူအပ်ပါသည်။

သောတာပန်သံဃာ၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်ရည်များသည် ထူးမြတ်လှပါသည်။

၉။ ရဟန္တာအရှင်မြတ်တို့အား ရှေးအတိတ်ကံ,ကောင်းများလည်း ကုန်ခဲ့ပါပြီ၊ ကံအသစ်ဖြစ်ပေါ် ရန်လည်း မရှိတော့ပါ၊ နောင်ဖြစ်ရမည့်ဘဝသစ်၌ တွယ်တာသောစိတ်သည်လည်း ကင်းတော်မူကြပါသည်။ ရဟန္တာအရှင်မြတ်တို့အား ပဋိသန္ဓေမျိုးစေ့သည်လည်း ကုန်ပါပြီ၊ ဘဝသစ် ဆက်ဖြစ်စည်းကားရေးဝယ် တွယ်တာသော ဆန္ဒလည်း မရှိကြပါ၊ ထိုရဟန္တာအရှင်မြတ်တို့သည် ဆီမီးငြိမ်းသကဲ့သို့ ဝဋ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြပါသည်။

ရဟန္တာသံဃာတော်၌ ရတနာအဖြစ် နှစ်သက်ဖွယ်ရာ ဤ ဂုဏ်ရည်များသည်လည်း ထူးမြတ်လှပါသည်။

## သံဃာ့ဂုဏ်တော်ကို အောက်မေ့၍ စိတ်ကြည်ပုံ

ဗုဒ္ဓက ဝိသာခါကျောင်းအမကြီးကို သံဃာ့ဂုဏ်တော် အောက်မေ့မှုနှင့် ပတ်သက်၍-

ဝိသာခါ ဤသာသနာတော်၌ အရိယာ၏တပည့်သည် သုပ္ပဋိပန္နစသော ဂုဏ်တော်(၉)ပါးကို အဖန်တလဲလဲ အောက်မေ့၏။ ထိုသူ၏စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်းဖြစ်၏၊ စိတ်၏ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။

ဝိသာခါ ဤအရိယာတပည့်ကို သံဃာ့ဂုဏ်ကို အောက်မေ့ကျင့်သုံးခြင်း (သံဃဥပုသ်ကိုသုံးသူ)၊ သံဃာတော်နှင့်အတူနေသူ၊ သံဃာကိုအာရုံပြု၍ စိတ်

ကြည်လင်သူ၊ ဝမ်းမြောက်ခြင်းဖြစ်သူ၊ စိတ်ညစ်ညူးကြောင်း ကိလေသာပျောက်ကင်းသူ-ဟု ဆိုအပ်၏။

(အင်္ဂုတ္တိုရ်တိကနိပါတ် ဥပေါသထသုတ်)

ထိုသံဃာရတနာကို ဘုရားပွင့်ချိန်၌ ဘုန်းကံကြီးသူတို့သာ ဖူးတွေ့နိုင်သည်၊ ဆည်းကပ်ကိုးကွယ်နိုင်သည်။

## သီလရှိသောသံဃာများ ဖူးမြင်ရခြင်းအကျိုး

ဗုဒ္ဓကသီလရှိသော သံဃာတော်များ ဖူးမြင်ရခြင်း၊ တရားကြားနာရခြင်း ပြုစုလုပ်ကျွေးရခြင်းနှင့်ပတ်သက်၍ အင်္ဂုတ္တရနိကာယ် အနုတ္တရိယသုတ်၌-

သီလ, သမာဓိ, ပညာနှင့်ပြည့်စုံသော သံဃာတော်များကို ဖူးမြင်ရခြင်း၊ ကြားနာရခြင်း ပြုစုလုပ်ကျွေးရခြင်းသည်။ အကောင်းဆုံးသော မြင်ခြင်း, လာဘ်ဝင်ခြင်းပင်ဖြစ်သည် ဟူ၍လည်းကောင်း၊

ရဟန်းသံဃာတော်များကို သတိရရုံမျှဖြင့် အလွန်တရာ ကျေးဇူးကြီးလှကြောင်းကို မဟာဝဂ္ဂ သီလသုတ်၌-

အရိယာသံဃာတော်များအား ဖူးမြင်ရခြင်း၊ အဘယ်အရပ်၌ သီတင်းသုံးလေသတဲ့ ဟု တစ်ဆင့်စကား ကြားရခြင်း၊ သွားရောက်ချဉ်းကပ်ခြင်း၊ ကျန်းမာပါရဲ့လား အရှင်ဘုရား. . . စသည် မေးလျှောက်ဆည်းကပ်ပူဇော်ခြင်း၊ ထိုသံဃာတော်၏ နေ့ညအလျောက် သီတင်းသုံးပြုမူ ဆုံးမ ပုံ-စသည်တို့ကို အမြဲသတိရ၍နေရခြင်း စသည်တို့တွင် တစ်ခုခုကို သတိရရုံမျှပင် အလွန်ကျေးဇူးကြီးမားလှပေ၏။

## သံဃာတော်များ ကြွလာခြင်းအကျိုး

သံဃာတော်များ မိမိအိမ်သို့ ကြွရောက်လာပါလျှင် လာဘ်ကြီးငါးပါးရကြောင်းကို အင်္ဂုတ္တရနိကာယ်-ကုလသုတ်၌-

ရဟန်းတို့. . . သီလရှိသောရဟန်းတို့ ကြွရောက်လာသောအိမ်၌ အိမ်ရှင်ဒါယကာတို့သည် အကြောင်းငါးမျိုးတို့ဖြင့် များစွာသောကောင်းမှုကို တိုးပွားစေကုန်၏။

၁။ သီလရှိသောသံဃာတော် အိမ်သို့ ကြွသည်ရှိသော် လူတို့မြင်၍ စိတ်ကြည်လင်ရုံမျှ ဖြစ်သောအခါ ထိုအိမ်သည် နတ်ပြည်ရောက်စေသောအကျင့်ကို ကျင့်သည်မည်ပါ၏။

၂။ ခရီးဦး ကြိုဆိုကြ၊ ရှိခိုးကြ၊ နေရာထိုင်ခင်းပေးပါက ထိုအိမ်သည် မြင့်မြတ်သော အမျိုး၌ဖြစ်စေသောအကျင့်ကို ကျင့်သည်မည်ပါ၏။

၃။ နေရာထိုင်ခင်းစသည်၌ နှမြောတွန့်တိုမှု၊ စိတ်အညစ်အကြေး ကင်းကွာပါက ထိုအိမ်သည် တန်ခိုးကြီးသောအကျင့်ကို ကျင့်သည် မည်ပါ၏။

၄။ စွမ်းအားရှိသလောက် ခွဲဝေလှူဒါန်းပေးပါက ထိုအိမ်သည် ဉစ္စာပေါများစေသောအကျင့်ကို ကျင့်သည် မည်ပါ၏။

၅။ တရားစကား မေးမြန်းလျှောက်ထား မှတ်သားပြီးနာယူပါက ထိုအိမ်သည် အသိဉာဏ်ပညာ ကြီးပွားသောအကျင့်ကို ကျင့်သည် မည်ပါ၏။

ရဟန်းတို့. . . သီလရှိကုန်သော ရဟန်းသံဃာတို့ ကြွရောက်လာသောအိမ်၌ အိမ်ရှင်တို့သည် ဤအကြောင်းငါးပါးဖြင့် များစွာသော ကောင်းကျိုးတို့ကို တိုးပွားစေကုန်၏ ဟူ၍ဗုဒ္ဓက ဟောကြားထားပါသည်။

## (၁) ဘိက္ခု(ရဟန်း)ဟူသည်

သာသနာတော်ကိုကြည်ညို၍ ရဟန်းပြုသော အမျိုးကောင်းသားကို သံသရာ၌ တွေ့ကြုံရမည့် ကြောက်မက်ဖွယ်ဘေးကို မျှော်ရှုတတ်သောကြောင့်လည်း တန်ဖိုး, အဆင်း, အတွေ့, အားဖြင့် ဖျက်ဆီးပြီးသော အဖိုးတန်သော အဝတ်ကို ဝတ်ဆင်ထားသောကြောင့်လည်း ရဟန်း (ဘိက္ခုမည်၏။)

ရဟန်းအမျိုးအစားများ

(က) ရဟန်းလေးမျိုး

တစ်ချိန်တွင် စုန္ဒခေါ် ရွှေပန်တိမ်သည်သူဌေး၏သားသည် ဘုရားရှင်ထံ ချဉ်းကပ်၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤလောက၌ သာမဏေ (ရဟန်း)ဟူသည် ဘယ်နှစ်မျိုး ရှိပါသနည်း ဟု မေးလျှောက်သည်။

၁။ မဂ္ဂဇိနဘိက္ခု -အကြင်ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသံသယ အမျိုးမျိုး ကျော်လွှား လွန်မြောက်ပြီးဖြစ်၏။ ရာဂ, ဒေါသ, မောဟ ငြောင့်တံသင်းကိုလည်းပယ်နုတ်ပြီး ဖြစ်၏။ လာဘသက္ကာရ ဂုဏ်ပကာသန၊ ဒါယကာ၊ ဒါယိကာမတို့၌ တပ်မက်စွဲလမ်းခြင်းမရှိ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့အပေါင်းကို နိဗ္ဗာန်လမ်းကြောင်းပေါ်တင်ရန် ပို့ဆောင်တတ်၏-ထိုပုဂ္ဂိုလ်သည် မဂ္ဂဇိနရဟန်း မည်၏။

၂။ မဂ္ဂဒေသိဘိက္ခု-အကြင်ပုဂ္ဂိုလ်သည် နိဗ္ဗာန်တရားကို သိမြင်၏၊ နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြား၏၊ ဝိစိကိစ္ဆာသံသယအမျိုးမျိုးကို ဖယ်ရှားပြီးဖြစ်၏၊ ကိလေသာမြူ အညစ်အကြေးကင်း၏၊ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ခရီးညွှန်း မဂ္ဂဒေသိရဟန်းမည်၏။

၃။ မဂ္ဂဇီဝိဘိက္ခု -အကြင်ပုဂ္ဂိုလ်သည် နိဗ္ဗာန်လမ်းကြောင်းတရားကို သိမြင်၏၊ ကိုယ်, နှုတ် နှလုံး စောင့်ထိန်းချုပ်တည်း၏၊ သတိပဋ္ဌာန်တရားနှင့်ပြည့်စုံ၏၊ အပြစ်ကင်းသော အရာဝတ္ထုတို့ကို မှီဝဲကျင့်သုံး၏။ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်တရားနှင့် အသက်မွေးသူ မဂ္ဂဇီဝိရဟန်း မည်၏။

၄။ မဂ္ဂဒူသဘိက္ခု-အကြင်ပုဂ္ဂိုလ်သည် ကိုယ်, နှုတ်, နှလုံး သုံးပါးလုံး ချုပ်တည်း စောင့်ထိန်းသူတို့ကို လွှမ်းမိုး နှိပ်စက်၏။

- ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးပစ်တတ်၏။
- မာန်မာန ကြီးမားစွာ ထောင်လွှား၏။
- အမျိုးမျိုး လှည့်ပတ် လိမ်ညာ မာယာများ၏။
- ကိုယ်, နှုတ်, နှလုံး သုံးပါးလုံး ချုပ်တည်းဆောင်ရွက်ခြင်းမရှိ။
- အကျိုးမရှိ အချည်းနှီးသော အကုသိုလ်စကား ပြောကြား တတ်၏။
- ရေလိုက်ငါးလိုက်-အလိုက်သင့် ကျင့်ကြံ တတ်၏။
- ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်လမ်းခရီးကို ဖျက်ဆီးတတ်သူ မဂ္ဂဒူသ ရဟန်း မည်၏။

## (ခ) ရဟန်း(၄)မျိုး

ဗုဒ္ဓသည် အင်္ဂုတ္တရနိကာယ်၌ ရဟန်းလေးမျိုးရှိကြောင်း ဟောကြား ထားပါသည်-

### ၁။ ယိမ်းယိုင် လှုပ်ရှားမှုမရှိသောရဟန်း

အဘိသိက်သွန်းလောင်းပြီးဖြစ်သော ဘုရင့်သားတော်ကြီးသည် အဘိသိက်မသွန်းရသေးသော်လည်း မင်းလောင်းအဖြစ်မှ ရွေ့လျားခြင်း မရှိ သကဲ့သို့ အကြင်ရဟန်းသည် သေက္ခပုဂ္ဂိုလ်ဖြစ်ရာ-အဓိသီလသိက္ခာ၊ အဓိစိတ္တ သိက္ခာ၊ အဓိပညာသိက္ခာ ဟု ဆိုအပ်သော သိက္ခာသုံးပါးကို ကျင့်ဆဲဖြစ်၏၊ ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ ဟု ဆိုအပ်သော ယောဂ လေးပါးတို့၏ ကုန်ရာ အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်ကိုတောင့်တလျက် နေ၏။ ဤရဟန်းကော်သည် ယိမ်းယိုင်မှုမရှိသော ရဟန်းမည်ပါသည်။

### ၂။ ပုဏ္ဍရိကကြာနှင့်တူသော ရဟန်း

အကြင်ရဟန်းသည် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဟု ဆိုအပ်သော အာသဝေါတရားလေးပါးတို့ ကုန်ဆုံး ချုပ်ငြိမ်း၏။ အာသဝေါကုန်ခြင်း

ကြောင့် စိတ်၏လွတ်မြောက်မှု ပညာ၏လွတ်မြောက်မှု(ဝိမုတ္တိ)ကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၏။ ဝိမောက္ခ(၈)ပါးဟူသော-

(၁) မိမိကိုယ်တွင်းမှ အဇ္ဈတ္တရုပ်တို့ကို ရှုမှတ်မှုရှိသည်ဖြစ်၍ ဗဟိဒ္ဓရုပ်တို့ကို ရှုခြင်း၊

(၂) မိမိကိုယ်တွင်းမှ အဇ္ဈတ္တရုပ်တို့ကို ရှုမှတ်မှုမရှိဘဲ ဗဟိဒ္ဓရုပ်တို့ကိုရှုမှတ်ခြင်း၊

(၃) တင့်တယ်၏-ဟူ၍သာလျှင် နှလုံးသွင်းခြင်း၊

(၄) ရူပသညာပဲ့ကိုလည်း လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ကိုလည်း လုံးဝချုပ်ငြိမ်းပြီး နာနတ္တသညာတို့ကိုလည်း နှလုံးမသွင်းဘဲ အာကာသသည် အဆုံးမရှိဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတနစျာန်ကို ဝင်စား၍ နေခြင်း၊

(၅) အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ ဝိညာဏ်သည် အဆုံးမရှိ-ဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတနစျာန်ကို ဝင်စားနေခြင်း၊

(၆) ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ တစ်စုံတစ်ရာမျှ မရှိ-ဟု နှလုံးသွင်းလျက် အာကိဉ္စညာယတနစျာန်ကို ဝင်စား၍နေခြင်း၊

(၇) အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနစျာန်ကို ဝင်စား၍နေခြင်း၊

(၈) နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်၍ သညာ, ဝေဒနာတို့ ချုပ်ငြိမ်းရာ နိရောဓသမာပတ်ကို ဝင်စား၍နေခြင်း

ဟူသော(၈)ပါးကို နာမကာယဖြင့် တွေ့ထိခြင်းမရှိ၊ ပုဂ္ဂိုလ်ကြာသည့် ပွင့်ချပ်တစ်ရာမပြည့်သကဲ့သို့ ဤရဟန်းသည် စျာန်အဘိဉာဏ်မရသဖြင့် မပြည့်စုံသောဂုဏ်ရှိသောကြောင့် ပုဂ္ဂိုလ်ကြာနှင့်တူသော ရဟန်းမည်၏ ဟု အဋ္ဌကထာ၌ပြဆိုထားပါသည်။

(အင်္ဂုတ္တိုရ်၊ အဋ္ဌကနိပါတ် ဝိမောက္ခသုတ်နှင့်
မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ်)

## ၃။ ပဒုမ္မာကြာနှင့်တူသောရဟန်း

အကြင်ရဟန်းသည် အာသဝေါကင်းရာဖြစ်သော စိတ်၏လွတ်မြောက်မှုကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာနေ၏၊ ဝိမောက္ခ(၈)ပါးကိုလည်း နာမကာယဖြင့် တွေ့ထိ၍နေ၏။

(ပဒုမ္မာကြာသည် ပွင့်ချပ်(၁၀၀) ပြည့်သည်၊ ဤရဟန်းသည် ပဒုမ္မာကြာနှင့်တူသော ရဟန်းမည်၏။

## ၄။ သိမ့်မွေ့နူးညံ့သောရဟန်း

အကြင်ရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍သာလျှင် များစွာသော သင်္ကန်း, ဆွမ်း, ကျောင်း ဆေး ဟူသောပစ္စည်းလေးပါး သုံးဆောင်ရသည်။ မတောင်းပန်ဘဲကား အနည်းငယ်မျှကိုသာ သုံးဆောင်ရ၏၊ အတူနေသီတင်းသုံးဖော်တို့သည် ထိုရဟန်းကို နှစ်လိုသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့်ကား အနည်းငယ်သာပြု မူကြ၊ နှစ်မြို့လိုလားစွာ ပူဇော်ကြသည်။

လေ, သည်းခြေ သလိပ် စသည်ကြောင့်ဖြစ်သော ရောဂါ ဝေဒနာတို့သည် ရဟန်းအား များစွာ မဖြစ်ကုန်၊ ရောဂါဝေဒနာ နည်းပါး၏၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရသော ဈာန်လေးပါးကို အလိုရှိတိုင်းရ၏၊ အာသဝေါကင်းရာဖြစ်သော စိတ်၏လွတ်မြောက်မှု ပညာ၏ လွတ်မြောက်မှုကိုလည်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်၏။ ဤရဟန်းသည် သိမ်မွေ့နူးညံ့သော ရဟန်းမည်၏။ ရဟန်းတို့တွင် သိမ်မွေ့သောရဟန်းမျိုးမည်သည် ငါဘုရား ရည်ညွှန်းသော ရဟန်းမျိုးဖြစ်၏။

(အင်္ဂုတ္တိုရ် စတုက္ကနိပါတ ပုတ္တသုတ်)

## သင်္ကန်းဝတ်ရုံထိုက်သူ

အကြင်သူသည် ကိလေသာဖန်ရည်စွန်း အထင်းအရှားရှိနေပါလျက် ဖန်ရည်ဆိုးသောသင်္ကန်းကို ဝတ်ရုံ၏၊ စက္ခုစသော ဣန္ဒြေတို့ကို ဆုံးမခြင်း၊ အမှန်စကားကို ပြောကြားခြင်းမှလည်းကင်း၏၊ ထိုသူသည် သင်္ကန်းကို မဝတ်ရုံထိုက်ပေ။

အကြင်သူအား ကိလေသာဖန်ရည်ကို ထွေးအန်ပယ်စွန့်ပြီး ဖြစ်၏၊ သီလကို ကောင်းစွာ စောင့်ထိန်းဆောက်တည်၏၊ ဣန္ဒြေတို့ကို ဆုံးမခြင်း၊ အမှန် စကားပြောကြားခြင်းနှင့် ပြည့်စုံ၏။ ထိုသူသည်သာ အမှန်တကယ် သင်္ကန်းကို ဝတ်ရုံထိုက်၏။

(ဓမ္မပဒ- ဒေဝဒတ္တဝတ္ထု)

## ပေါ့လျော့သော ရဟန်းဘဝ၏အပြစ်

ရဟန်းဘဝဟူသည် သိက္ခာဖြည့်ကျင့်မှု၌ ပေါ့ပေါ့လျော့လျော့ စိတ်မထားဘဲ တင်းတင်းမာမာ ထက်ထက်သန်သန် စိတ်ဓာတ်ထားနိုင်သူတို့၏ နေရာ ဘဝဖြစ်ပါသည်။ ထိုသို့စိတ်မထားနိုင်ဘဲ သီလသိက္ခာ ပေါက်ပေါက်ကြားကြားနှင့် စိတ်အားလျော့၍ ပေါ့တော့တော့ဖြစ်နေလျှင် ထိုရဟန်းဘဝသည် မိမိကိုပြန်၍ နှိပ်စက်ကာ အပါယ်ငရဲသို့ ဆွဲချလိမ့်မည်သာ ဖြစ်ပါသည်။

ဥပမာ- အကိုင်မတတ်သူသည်၊ သမန်းမြက်ကိုကိုင်လျှင် ထိုသမန်းမြက်က ကိုင်သောလက်ကို ရှသကဲ့သို့ ဖြစ်လေသည်။

(ဓမ္မပဒ၊ နိရယဝဂ် (၃၁၁)

## ထပ်၍မြူမှုန်တင်သော ရဟန်းဘဝအပြစ်

ရဟန်းဘဝ၌ ပေါ့ပေါ့ဆဆနေထိုင်ကာ သီလသိက္ခာကို ကောင်းစွာ မဖြည့်နိုင်သူ စိတ်ကို ငြိမ်သက်အောင် မထားနိုင်သူများ ပင်ကိုယ်ကရှိနေသော ရာဂ, ဒေါသ, မောဟတွေ မစင်ကြယ်သည့်အပြင် ကာမရာဂ မြူမှုံတွေသည် လူ့ဘဝတုန်းကထက်ပင် ထကြွ၍ စိတ်အစဉ်မှာ ထကြွ ပြင်းထန်တတ်လေသည်။

ဥပမာ- အညစ်အကြေးကို ဆေးရန် ရေကန်သို့ ဆင်းသူသည် ရွံ့ညွန် ရေကိုသာ ဆေးရသဖြင့်သာ၍ ညစ်ပေသကဲ့သို့တည်း။

(ဓမ္မပဒ နိရယဝဂ် ၃၀၃)

## ရဟန်းစစ်-ရဟန်းမှန်

ရဟန်းဟူသည် ပေါ့ပေါ့တန်တန်မနေရ၊ အင်္ဂါ(၃)ပါးနှင့်ပြည့်စုံပါမှ ရဟန်းစစ် ရဟန်းမှန် မှန်းသိရသည်။

၁။ တပေါ = ရဟန်းကျင့်ဝတ်နှင့်ပြည့်စုံနေခြင်း၊

၂။ သုတိ = ကျင့်ရမည့် ရဟန်းဝိနည်းတရားတို့ကို သိကြား နားလည် ရခြင်း၊

၃။ ယောနိ = ရဟန်းခံရာ၌ ကံဆောင်သံဃာတို့သည် ရဟန်းဇာတိ မျိုးဇာတ် စစ်မှန်ရခြင်း၊

## သမဏသုခဟူသည်

ရဟန်းသည် ရဟန်းကျင့်ဝတ်နှင့်အညီ သီလသိက္ခာတို့ကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်လုံခြုံမှုရှိပါက လူသားတို့မရနိုင်သော ချမ်းသာကိုလည်း ရနိုင်ပါသည်။ ထိုတရားများကို သမဏသုခ ဟုခေါ်ဆိုသည်။

ယင်းတို့မှာ-

၁။ ဥစ္စာစပါး ရှာမှီးသိမ်းထားရမှုမရှိ၍ ချမ်းသာခြင်း။

၂။ ကိုယ်တိုင်မချက်ပြုတ်ရဘဲ အပြစ်ကင်းစွာ ဆွမ်းအစာမျိုးကိုသာ ရှာမှီခံယူစားသုံးရ၍ ချမ်းသာခြင်း။

၃။ ဉာဏ်ဖြင့်ဆင်ခြင်လျက် အေးချမ်းသောဆွမ်းကို ဘုဉ်းပေးသုံးဆောင်ရ၍ ချမ်းသာခြင်း။

၄။ မင်းစိုးရာဇာတို့၏ အတင်းအဲကြပ် အခွန်အထုပ်တောင်းခံခြင်း၊ ရွှေ ငွေ စသည့် ပစ္စည်းဘဏ္ဍာတို့ကို သိမ်းယူစရာမရှိ၍ ချမ်းသာခြင်း။

၅။ အဆောက်အဦးအသုံးအဆောင်တို့၌ တပ်မက်ခြင်းကင်း၍ ချမ်းသာခြင်း။

၆။ သူခိုး၊ ဓားပြတို့၏ လုယက်တိုက်ခိုက်မှုတို့၌ ရွှေ ငွေဥစ္စာမရှိ၍ ကြောက်ထိတ်လန့်ရမှုမရှိခြင်း။

၇။ မင်း၊ အမတ်တို့နှင့် ရောယှက်မှုမရှိ၍ ချမ်းသာခြင်း။

၈။ အပိတ်အပင်အတားအဆီးမရှိဘဲ မိမိသွားလိုရာသို့ လွတ်လပ်စွာ သွားနိုင်၍ ချမ်းသာခြင်း။

အိမ်ကပ်ရဟန်း - လူစော်နံရဟန်းမဖြစ်စေရ

သီလရှိသော ရဟန်းတော်များအိမ်သို့ ကြွလာတိုင်း ကုသိုလ် တိုးပွားရသော်လည်း ရဟန်းများသည် လူတို့နှင့် ချမ်းသာမကွဲ၊ ဆင်းရဲအတူ အရောဝင်ခြင်းမျိုးကိုကား ဗုဒ္ဓက မလိုလားပါ။ ထိုရဟန်းကို အိမ်ကပ်ရဟန်း-လူစော်နံရဟန်းဟု ခေါ်လေသည်။

ဗုဒ္ဓက ထိုရဟန်းနှင့်ပတ်သက်၍ အင်္ဂုတ္တရနိကာယ်-ကုလူပကသုတ်၌ ရဟန်းတို့အိမ်သို့ကပ်တတ်သော ရဟန်းငါးမျိုးရှိသည်-

၁။ အိမ်သူ-အိမ်သား ဒါယကာ ဒါယိကာမများနှင့် ချစ်ခင်ရင်နှီးသူ မဟုတ်ပါဘဲလျက် အရောတဝင် ခင်မင်ရင်းနှီးဟန် ဆက်ဆံသော ရဟန်း

၂။ မသက်ဆိုင် မပိုင်စိုးဘဲလျက် ပိုင်စိုးပိုင်နင်း စီမံခန့်ခွဲသောရဟန်း၊

၃။ ကွဲပြားသူတို့ကို စေ့စပ်ရေးလုပ်ရန် သွားသောရဟန်း၊

၄။ အတောင်းအရမ်း ထူသောရဟန်း။

ထိုရဟန်းမျိုးတို့သည် လူဒါယကာတို့ ချစ်ခင်မြတ်နိုးခြင်း၊ လေးစားခြင်း၊ စိတ်နှလုံးကိုပွားစေခြင်းကို မရနိုင်သောကြောင့် ဘုရားရှင်က မကြိုက်ပေ။

လူဒါယကာတို့ကလည်း ရဟန်းသံဃာတော်တို့ထံမှ သီလ, သမာဓိ, ပညာ ကုသိုလ်ဇရေးမှတစ်ပါး အခြားမျှော်လင့်ချက် တစ်စုံတစ်ရာဖြင့် ဆည်းကပ်ရပါ။ လူပေါင်းဖော်ခြင်းမျိုးဖြင့် မပေါင်းဖော်ရပါ၊ သာသနာဖျက်ဆီးရာ ရောက်ပြီး အလျှုခံမီးလောင်ခံရသည်ဖြစ်၍ အလွန်အပြစ်ကြီးသော သံဃဘေဒက-သံဃာကွဲပြားရေးကံကြီးကိုပင် ကျူးလွန်လှူ့ဆော်မှု ဖြစ်တတ်သည်။

ရဟန်းသံဃာတော်များသည် မဂ်ဖိုလ်နိဗ္ဗာန်ရရန်အတွက် ကျင့်ကြံကြသည်ဟု ဆိုသော်လည်း သီလ, သမာဓိ, ပညာ ထူထောင်ကာစ ကာလဝယ်

အနေအထိုင် အပြောအဆို အကျင့်အကြံ မသေမသပ်ရှိခြင်း၊ အားနည်းခြင်းများ ရှိကောင်းရှိမည်၊ ထိုသို့သောပုဂ္ဂိုလ်များကို တွေ့ပါက လူဒါယကာတို့သည် သူအပြစ်နှင့်သူသာရှိစေဟု နှလုံးသွင်းပြီး ကဲ့ရဲ့ပြစ်တင်ခြင်း မပြုလုပ်ကြဘဲ လျစ်လျူရှုကာ နေရသည်။ စိတ်ထားနှလုံးကောင်းဖြင့် မိမိဆောင်ရွက်ရမည့်တာဝန်ကိုသာ ကျေပွန်အောင်ပြုရန် သာသနာပြုကြရပါမည်။ မိမိ၏တာဝန်ကို ကျေပွန်စွာ ပြုလုပ်ပေးခြင်းဖြင့် တစ်ဘက်က ထိုရဟန်းသည် မိမိကိုယ်ကိုမိမိ ပြုပြင်ပြီးသား ဖြစ်သွားတတ်ပါသည်။

## ရဟန်းအကျိုး ဒါယကာအကျိုး ပြီးစီးပုံသာဓက

ရဟန်းတို့ မိမိကိုယ်ကိုပြင်ခြင်းနှင့်ပတ်သက်၍ လူဒါယကာတို့က အရိုအသေပေးခြင်း၊ ခရီးဦး ကြိုဆိုခြင်း၊ လှူဒါန်းပူဇော်ခြင်းနှင့် ထိုက်တန်အောင် ကျင့်ကြံခဲ့သော မဟာမိတ္တမထေရ်၏ နမူနာကို အတုယူသင့်သည်။

သီဟိုဠ်တွင် မဟာမိတ္တအမည်ရှိသောရဟန်းသည် ကဿကလိုဏ်ဂူတွင် သီတင်းသုံးပြီး တရားကျင့်နေသည်၊ ထိုလိုဏ်ဂူတောကျောင်း၏ အနီးတွင်ရှိသော ဆွမ်းခံရွာမှ သူဆင်းရဲမသားအမိသည် မဟာမိတ္တမထေရ်ကို သားအရင်းကဲ့သို့ ကြည်ညိုကြသည်။

တစ်နေ့တွင် မိခင်ကြီးသည် တောသို့သွား၍ အလုပ်, မလုပ်မီ သမီးကို မှာကြားသည်။

သမီးရေ. . . သမီး မောင်ကြီး ဆွမ်းခံကြွလာရင် ဆန်ထမင်းလေးချက်ပြီး နို့ထော်ပတ် တင်လဲပါ လောင်းပါ၊ သမီးလည်းစားပါ။

တရိုတသေ မောင်းထောင်းဖွပ်ထားသော သလေးဆန်ကောင်းနှင့် ထောပတ်တင်လဲထားသောနေရာကို ပြောကြားသည်။

"မေမေကော စားပြီပြီလား"

ဟု သမီးကလှမ်းမေးသည်။

"အေး. . . စားပြီပြီ၊ မေမေက မနေ့ကကျန်တဲ့ ထမင်းကြမ်းခဲကလေးကို ဆန်ပုန်းရည်နဲ့စားလိုက်ပြီသမီး"

"ဒါဖြင့် နေ့လည်စာရော မေမေဘာနှင့်စားမှာပါလဲ ဘာချက်ထားရမလဲ"

"သမီးရယ် ဆန်ကွဲလေးကို ဆန်ပြုတ်ကျိုထားပြီး ဟင်းရွက်ကလေး ခပ်ထည့်လိုက်ပေါ့ တို့သားအမိ ဒါဆို ပြီးရောပေါ့။"

မထေရ်သည် ဆွမ်းခံကြွကာနီး သပိတ်ပြင်ပြီး သက်နှ်းရုံနေစဉ် ထိုသားအမိ ပြောဆိုသောစကားကို အဘိညာဉ်တန်ခိုးဖြင့် ကြားမိသည်။ မထေရ်မြတ်သည် ဆွမ်းခံကြွဆဲ ခြေလှမ်းခရီးကို ရပ်တန့်သွားသည်။ မိမိကိုယ်ကိုမိမိ စဉ်းစားမိသည်။

"မဟာမိတ္တ. . . သင် ကြားရဲ့လား၊ သူခမျာမှာ ထမင်းကြမ်း၊ ထမင်းသိုးနှင့် ဆန်ပုန်းရည်ရောပြီး တစ်နပ်သာစားရတယ်၊ မင်းအတွက် ဆန်ထမင်း နို့ထောပတ် တင်လဲနဲ့ အကောင်းဆုံးလောင်းလှူဖို့ စိတ်ဆန္ဒစောနေရှာတယ်၊ သူမ ဒီလိုလှူတာ မင်းဆီက လယ်ယာ၊ မိုးမြေ၊ ရွှေ ငွေ ဥစ္စာ ဘာတွေကိုမှ မျှော်လင့်ပြီး လှူကြတာ မဟုတ်ဘူး၊ မင်းနဲ့ဆွေမျိုးတော်လို့ လှူကြတာလဲ မဟုတ်ဘူး။ သူတို့အား လူ, နတ်, ချမ်းသာသုံးပါးကိုသာ လို၍ လှူနေကြခြင်းဖြစ်တယ်၊ ကောင်းပြီ၊ သင်ကကော သူတို့လိုလားတဲ့ ချမ်းသာကို ပေးနိုင်ပြီလား။

မဟာမိတ္တ. . . မင်းဟာ ရာဂ, ဒေါသ, မောဟအပြည့်နှင့် ဒီဆွမ်းကို မစားထိုက်တော့ဘူး၊ မင်း စဉ်းစား-စဉ်းစား-စဉ်းစား။

မဟာမိတ္တမထေရ်ကြီးသည် ကြီးစွာ သံဝေဂဝင်ပြီးလျှင် ထိုနေ့အဖို့ ဆွမ်းခံမကြွ၊ ဆွမ်းမစားတော့ဘဲ၊

"ရဟန္တာ မဖြစ်သမျှ ငါမထတော့ပြီ"

ဟု သန္နိဋ္ဌာန်ချလိုက်သည်၊ သပိတ်ကို အိပ်ရာအောက်၌ ထိုးထားလိုက်ပြီး၊ ကိုယ်ရုံဝတ်ကိုလည်း သက်နှ်းတန်းပေါ်၌တင်ထားလိုက်သည်။ ပြီးလျှင် လိုဏ်ဂူအတွင်းဝင်ကာ အပြတ်အသတ် တရားအားထုတ်တော့သည်။

မွန်းမလွဲခင်ပင် ရဟန်းကိစ္စ ပြီးသွားလေသည်။

မဟာမိတ္တရဟန္တာမထေရ်မြတ်သည် ရွှင်လွှင်နုံးကြည်လင်စွာ လိုဏ်ဂူမှ ထွက်တော်မူသည်။

“ အို. . အာဇာနည်ယောကျ်ားမြတ်. . အသင်မယောကျ်ားမြတ်ကို ရှိခိုးပါ၏၊ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူချေပြီး၊ မြတ်သောအလုပ်ကို ခံယူတော်မူထိုက်ပါပြီ၊ အရှင်မြတ်. . . ထိုကဲ့သို့သော အရိယာသူတော်ကောင်းကို လှူဒါန်းပူဇော်ရသူမှာ သံသရာဝဋ်ဆင်းရဲမှ လွတ်ခွင့်ရပါတော့မည်ဘုရား၊ အရှင်မြတ်အား ရှိခိုးကန်တော့ပါ၏။

လိုဏ်ဂူအနီးရှိ သစ်ပင်ရုက္ခစိုးနတ်ကြီးက မဟာမိတ္တမထေရ်ကို အထက်ပါအတိုင်း လျှောက်ထားလိုက်လေသည်။

မဟာမိတ္တမထေရ်သည် ထိုအခါမှ သတိပြုကြည့်လိုက်ရာ ဆွမ်းခံချိန်ရှိနေသေးကြောင်း သိမြင်တော်မူပြီး ဆွမ်းခံကြွတော်မူသည်။

ဆင်းရဲသား သမီးငယ်သည် ခါတိုင်းကဲ့သို့ ဆွမ်းကို မွန်မြတ်စွာ ပြုလုပ်စီရင်ပြီး လောင်းလှူလေသည်။ သမီးငယ်သည် မဟာမိတ္တမထေရ်၏ ထူးခြားငြိမ်သက်သော မျက်နှာတော်နှင့်ကိုယ်အမူအရာတို့ကို ထူးခြားစွာ တွေ့မြင်ရ၍ မထေရ်မြတ်ကို မျက်စိတဆုံး လိုက်ကြည့်ရှုမိလေသည်။

မိခင်ကြီး တောမှပြန်လာ၍ အကျိုးအကြောင်း မေးသောအခါ သမီးငယ်က မထေရ်မြတ်သည် ခါတိုင်းနှင့်မတူ ဣန္ဒြေသိက္ခာ ထူးခြားသော အသွင်အပြင်ရှိနေကြောင်း ပြောပြသည်။

“အင်း. . . ငါ၏သားကြီး ရဟန္တာဖြစ်တော်မူလေမှကိုး”

ဟု မိခင်ကြီးက ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေသည်။

ဤသည်မှာ လူဒါယကာဘက်က မိမိပြုလုပ်ရမည့်တာဝန်ကို ရိုသေစွာ ပြုလုပ်ဆောင်ရွက်ခဲ့သဖြင့် ရဟန်းကလည်း သတိတရားရပြီး ရဟန်းတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သွားသော သာဓကဖြစ်ပါ သည်။

ဗုဒ္ဓသည် ရဟန်းတို့နှင့် ပတ်သက်၍ ဆိုဆုံးမ သွန်သင်ထားသည်မှာ လိုလေသေးမရှိပါ၊ ရဟန်းများသည် ဗုဒ္ဓ၏သာသနာတော်ဝယ် အဆင့်မြင့်ကျင့်ဝတ်များကို အထူးကြိုးစားလိုက်နာပြီး ကျင့်ကြံအားထုတ်ကြရပါမည်။

၂၇၄၃၉

ရဟန်းအကျိုး ဒါယကာအကျိုး ကြီးပွားတိုးတက်ရန်

ဗုဒ္ဓသည် ရဟန်းတို့၏ ပစ္စုပ္ပန်သီလအကျိုး၊ သမာဓိရအောင် သမထ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၏အကျိုး၊ ဝိပဿနာဘာဝနာ၏အကျိုးတို့ကိုလည်းကောင်း ရဟန်းတို့၏ သီလသိက္ခာနှင့်ပတ်သက်၍ ပစ္စုပ္ပန် အကျိုးတို့ကို မူလပဏ္ဏာသ အာကင်္ခေယျသုတ်၌-

-ရဟန်းတို့မိမိကိုယ်ကို သီတင်းသုံးဖော်ရဟန်းအချင်းချင်းက ကြည်ညို ခြင်း၊ လေးစားခြင်းကို ခံယူလိုလျှင် မိမိ၏သီလသိက္ခာကို စင်ကြယ် အောင်ဖြည့်ကျင့်ရပါမည်။

-ရဟန်းတို့ ဆွမ်းသင်္ကန်းစသော ပစ္စည်းလေးပါးကို တရားသဖြင့် ရရှိလို ပါလျှင် မိမိ၏သီလသိက္ခာကို စင်ကြယ်အောင် ဖြည့်ကျင့်ရပါမည်။

-ရဟန်းတို့ မိမိအားပစ္စည်းလေးပါး ထောက်ပံ့သူတို့၏ ကောင်းမှုတို့ကို အကျိုးများများပေးဝေလိုလျှင် မိမိ၏သီလသိက္ခာကို စင်ကြယ်အောင် ဖြည့်ကျင့်ရမည်။

-ရဟန်းတို့ ကွယ်လွန်ပြီးသော ဆွေမျိုးဉာတိတို့က ရောက်ရာဘဝမှာ မိမိကိုကြည်ညိုသောစိတ်ဖြင့် သတိရသောအခါ ထိုကြည်ညိုမှု၏အကျိုး ကို များစွာရလိုလျှင် မိမိ၏သီလသိက္ခာကို စင်ကြယ်အောင် ဖြည့်ကျင့်ရ ပါမည်၊

ဟု ဟောကြားခဲ့ပါသည်။

-ဗုဒ္ဓ၏ ထိုတရားတော်အရ ရဟန်းသံဃာတော်များသည် မိမိအကျိုး လည်းပြီးမြောက်၊ လှူဒါန်းသူပစ္စည်းလေးပါး ဒါယကာတို့၏ အကျိုးပြီး မြောက်အောင် သီလ၊ အကျင့်၊ သိက္ခာစင်ကြယ်အောင် ထိန်းသိမ်းရန် မည်မျှလိုအပ်သည်ကို အထူးသတိရှိကြဖို့လိုပါသည်။

## ရဟန်းတော်များကို ဖူးမြင်ရခြင်းအကျိုး

### "သမဏာနဥ္စဒဿနံ"

"ရဟန်းတို့ကိုဖူးမြင်ရခြင်းသည် မင်္ဂလာမည်၏"

မြတ်စွာဘုရားသာသနာတော်၌ ရဟန်း, ရဟန်းမ, သာမဏေ သာမဏေမ သိက္ခမာန်ဟူ၍ သာသနာ၀န်ထမ်း(၅)မျိုးရှိပါသည်။ ယင်းတို့ကို သီတင်းသုံးဖော် (၅)ဦး ဟူ၍လည်း ခေါ်ဆိုပါသည်။

ဤ၌ သာမဏဟူသော ပါဠိကို ရဟန်း ပဥ္စင်းဟူ၍ မြန်မာဘာသာပြန်ဆိုပါသည်။ ဤ၌ရဟန်း(သမဏ)ဟူသည် ကိလေသာဟူသမျှ ငြိမ်းအေးပြီးသူ, ကိလေသာငြိမ်းအေးစေရန် ကြိုးစားအားထုတ်နေသူများကို ဆိုလိုပါသည်။ ထိုပုဂ္ဂိုလ်များကို ဆည်းကပ်ခြင်း၊ ပြုစုလုပ်ကျွေးခြင်း၊ သတိရခြင်း၊ တရားနာခြင်း ဖူးမြင်ခြင်းသည် သမဏာနဥ္စဒဿနမင်္ဂလာမည်ပါသည်။

- ရဟန်းဟူသည် အရဟန္တဟူသော ပါဠိမှ ဆင်းသက်လာသော အမည် ဖြစ်ပါသည်။
- ပဥ္စင်းဟူသည် ပဥ္စင်္ဂဟူသော ပါဠိမှဆင်းသက်လာသော အမည် ဖြစ်ပါသည်။ ရဟန်းပြုသူသည် ပဥ္စင်္ဂ (ပဉ္စ+အင်္ဂ=အင်္ဂါ ငါးပါးနှင့် ပြည့်စုံပါသည်)။

အင်္ဂါငါးပါးမှာ-

၁။ ရဟန်းလောင်း၏ အရည်အသွေးနှင့်ပြည့်စုံခြင်း၊

၂။ သိမ်၏ပြည့်စုံခြင်း၊

၃။ ပရိသတ်၏ပြည့်စုံခြင်း၊

၄။ ဉတ်၏ပြည့်စုံခြင်း၊

၅။ ကမ္မဝါစာ၏ပြည့်စုံခြင်း တို့ဖြစ်ပါသည်။

ဒုလ္လဘ(ရခဲသော) တရားငါးပါးတို့တွင် ရဟန်းအဖြစ် ရခဲသည်ဟု ဟောထားပါသည်။ ရခဲသော အရာဝတ္ထုကို သတ်မှတ်ရာ၌-

- အချိန်ကာလကြာမြင့်မှ ဖြစ်ပေါ်လာခြင်း၊

- ဖြစ်ပေါ်လာသော်လည်း အရေအတွက်နည်းခြင်း၊

စသော အကြောင်းများကိုအခြေခံ၍ တွက်ချက်၍ ရဟန်းအဖြစ် ရခဲသည်ဟု ဆိုရပါ၏။

ရဟန်းပဥ္စင်းဘဝသည် ဘုရားရှင်တို့ပွင့်တော်မူသောအခါ (ဝါ) ဗုဒ္ဓသာသနာတော်ပေါ်ထွန်းသောအခါမှသာ ရနိုင်ပါသည်။ ထို့ကြောင့် အချိန်ကာလကြာမြင့်မှ ဖြစ်ပေါ်လာသည်ဟု ဆိုရပါသည်။ ဖြစ်ပေါ်လာသောအခါ၌လည်း အနည်းငယ်မျှသော ပုဂ္ဂိုလ်တို့သာ ရဟန်းဘဝကိုရရှိကြပါသည်။ ဂေါတမဘုရား ဗျာဒိတ်ခံရာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းဝယ် သာသနာတော်သည် (၂၄)ကြိမ်သာ ပေါ်ထွန်းခဲ့ရသည်။ ထိုကာလအတွင်း၌ ဘုရားလောင်းသည် ရဟန်းဘဝကို (၉)ကြိမ်သာရရှိခဲ့ရသည်။ ဗျာဒိတ်ခံပြီးသော ဘုရားလောင်းတို့ပင် ဤမျှခဲယဉ်းနေပါက သာမန်ပုဂ္ဂိုလ်များအတွက် ရဟန်းဘဝရဖို့ မည်မျှ ခက်ခဲကြောင်းသိရှိနိုင်ပါသည်။

လောက၌ ဘာသာရေးဖြစ်စေ၊ နိုင်ငံရေးဖြစ်စေ၊ ဝါဒတစ်ခု သို့မဟုတ် လမ်းစဉ်တစ်ခု တစ်နေ့ထူထောင်မည်ဆိုက အခြေခံအားဖြင့် အောက်ပါအင်္ဂါရပ်များ ပြည့်စုံရန်လိုအပ်ပါသည်-

- ဝါဒ (သို့မဟုတ်) လမ်းစဉ်ခိုင်မာစွာရှိခြင်း၊

- အသင်းဝင်အဖွဲ့အစည်းရှိခြင်း၊

- စည်းကမ်းဥပဒေ ခိုင်မြဲစွာရှိခြင်း တို့ဖြစ်သည်။

ယင်း(၃)မျိုးတွင် တစ်မျိုးမျိုးအားနည်း ချွတ်ယွင်းခဲ့သော် ထိုဝါဒသည် ရှင်သန်ကြီးပွားမှုမရှိဘဲ ပျက်စီးပျောက်ကွယ်သွားမည် ဖြစ်ပါသည်။

ဘုရားရှင်၏လမ်းစဉ်မှာ ဝိမုတ္တိသုခ (ကိလေသာမှလွတ်မြောက်၍ ချမ်းသာရေး)ပင် ဖြစ်ပါသည်။ ဘုရားရှင်သည် ထိုလမ်းစဉ်ကို ကြံစည်စိတ်ကူးချက်ဖြင့် တည်ထောင်သည်မဟုတ်ချေ။ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့သိရှိပြီးမှ ချမှတ်တည်ထောင်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဘုရားရှင်၏လမ်းစဉ်နှင့်ရည်ရွယ်ချက်သည် ခိုင်မြဲပါသည်။ ဝိမုတ္တိသုခလမ်းစဉ် ပြန့်ပွားရေးအတွက် အသင်းဝင်ပုဂ္ဂိုလ်များ လိုအပ်လာပါသည်။

ဗုဒ္ဓကရဟန်းတော်များ မွေးထုတ်ခြင်းသည် ထိုလိုအပ်ချက်ကို ဖြည့်စွက်လိုက်ခြင်းပင် ဖြစ်ပါသည်။

တစ်ဖန်အသင်းဝင်ပုဂ္ဂိုလ်များကို ကြတ်မတ်ရန် ဝိနည်းဥပဒေကို ပညတ်ပါသည်။ တရားတော်ကို ဟောကြားပေးပါသည်။

ဤအင်္ဂါသုံးချက်နှင့်ညီညွတ်စွာ တည်ဆောက်ခဲ့သဖြင့် ဘုရားရှင်၏ သာသနာတော်သည် ယနေ့အထိ စည်ပင်ပြန့်ပွားလျက်ပင် ရှိနေပါသေးသည်။

အကယ်၍ ရဟန်းတော်များ မွေးထုတ်ခြင်းမပြုပါက ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် မကြမီသာသနာကွယ်ပျောက်သွားနိုင်ပါသည်။သာသနာဝန်ထမ်းရဟန်းများတို့၏ ကျေးဇူးကြောင့် သာသနာတော်တည်ရှိနေခြင်း ဖြစ်ပါသည်။

ရဟန်းတော်များသည် သာသနာတော်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ပရိယတ်(သင်ယူခြင်း)၊ ပဋိပတ်(ကျင့်ကြံအားထုတ်ခြင်း) လုပ်ငန်းများကို ထမ်းဆောင်ရပါသည်။ ဝိနည်းဥပဒေကိုလည်း လိုက်နာရပါသည်။

ထိုဘောင်အတွင်းမှနေ၍ မိမိတို့အား ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးစသော ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကြသော လူသားတို့ အတွက် ရဟန်းဆိုတာ ကျင့်ဝတ် (၆)ရပ်ကို ကျင့်ရန် လမ်းညွှန်ထားပါသည်။

၁။ မကောင်းမှုမှ တားမြစ်ပေးခြင်း၊

၂။ ကောင်းမှုပြုလုပ်၍ ညွှန်ပြခြင်း၊

၃။ မေတ္တာပွားများခြင်း၊

၄။ မကြားဖူးသေးသော တရားကိုဟောကြားခြင်း၊

၅။ ကြားဖူးပြီးသော တရားကို ထပ်မံဟောခြင်း၊

၆။ နတ်ပြည်ရောက်ကြောင်း အကျင့်ကိုဟောကြားခြင်း။

ဤသို့သာသနာ့ဝန်ထမ်းရဟန်းကျင့်ဝတ် ကျေပွန် ဝိနည်းကို အလွန် လေးစားသောရဟန်းသည် တစ်လောကလုံး၏ ကောင်းမှုမျိုးစေ့ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပေသည်။

ဤကဲ့သို့ ရဟန်းတော်များကို ဆည်းကပ်ကိုးကွယ်ခြင်း၊ ပြုစုလုပ်ကျွေး ခြင်း၊ ဖူးမြင်ခြင်းသည် ရေတွက်မရသောကောင်းမှုများကို ဖြစ်ပွားသဖြင့် အလွန်ပင် မင်္ဂလာအစစ်ဖြစ်ပါသည်။

ရဟန်းတော်များ၏ ကျေးဇူးကား ကြီးမားလှ၏။ ပိဋကတ်တော်လာ အကြောင်းအရာများကိုထားဘိဦး မျက်မှောက်ခေတ်၌ ဆောင်ရွက်နေပုံကို လေ့လာလျှင် သိသာနိုင်ပါသည်။ ရဟန်းများသည် နိုင်ငံနှင့်လူမျိုးကြီးပွား တိုးတက်ရေးအတွက် တရားဒေသနာဟောကြားကြ၏။ စာပေရေးသားပြုစုကြ၏။ အမျိုးဘာသာ သာသနာသင်တန်းများ ပို့ချကြသည်။

ရဟန်းတို့၏ကျေးဇူးကြောင့် -

- လူတော်လူကောင်းများ ပေါ်ထွန်းလာခဲ့၏။
- ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်တတ်၏။
- အများအကျိုးကိုသည်ပိုးဆောင်ရွက်သည့်စိတ်ဓာတ်များ ထွန်းကား လာ၏။
- စာရိတ္တမြင့်မား၍ လိမ္မာရေးခြားရှိလာ၏။
- အမျိုးဘာသာ သာသနာ၏တာဝန်ကိုထမ်းဆောင်လာကြ၏။
- လူမှုရေးဖောက်ပြန်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အကြမ်းဖက်ခြင်း စသော ဒုစရိုက်များ လျော့နည်းကင်းစင်ကြကြ၏။

အကန့်အသတ်မရှိသော လွတ်လပ်ခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ် နေခြင်း ဖြစ်သည်။ အရေးကြီးသောကိစ္စမှန်သမျှ၌ အကန့်အသတ် အထိန်း အကွပ်ရှိစမြဲ ဖြစ်သည်ဟု ဆင်ခြင်တုံတရားများသိရှိ နားလည်လာကြသည်။

မြို့ကြီးပြကြီးများ၌ ရဟန်းတို့၏ကျေးဇူးသည် မထင်ရှားလှသော်လည်း ကျေးလက်တောရွာများ၌ကား ရဟန်းတို့၏အခန်းကဏ္ဍသည် ကျယ်ပြန့်လှ၏။

လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသော ကိစ္စများ၌ မိဘသဖွယ် ကူညီစောင့်ရှောက်လျက် အမြဲမပြတ် ညွှန်ကြားဆုံးမနေတတ်ကြ၏။

ပုဂံခေတ်မှစ၍ ယနေ့တိုင်အောင် ရဟန်းတော်များ၏ကျေးဇူးကြောင့် ပြည်သူအများ စာပေတတ်မြောက်ကြ၏။ လောကဝတ်၊ ဓမ္မဝတ်များကို သိရှိနားလည်ကြသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ရဟန်းတော်များနှင့်ပတ်သက်၍-

ကျွန်ုပ်တို့၏တိုင်းပြည်တွင် သံဃာတော်အရှင်မြတ်များသည် ရာဇဝင်တစ်လျှောက်လုံး ကျွန်ုပ်တို့၏လူမျိုးရှေ့က မားမားမတ်မတ်ရပ်လျက် မြင့်မြတ်သောအမှုမျိုးကိုသာ ပြုခဲ့ကြပေသည်။ ရှေးခေတ်များ၌ သံဃာတော်အရှင်မြတ်များသည် ကျွန်ုပ်တို့တစ်မျိုးသားလုံးကို ပညာသင်ကြားပေးရန် တာဝန်ထမ်းဆောင်ခဲ့ကြပေသည်။ ယခုခေတ်၌ တောရွာများတွင် သံဃာတော်အရှင်မြတ်များက ပညာသင်ကြားပေးလျက်ရှိသောကြောင့် မြောက်မြားစွာသော အမျိုးသားတို့သည် စာပေတတ်မြောက်ကြ၏။

အချုပ်မှာ သံဃာတော် အရှင်မြတ်များ၏ စေတနာလုံ့လကြောင့် ကျွန်ုပ်တို့၏စိတ်ဓာတ်မြင့်မြတ်မှု၊ အသွင်အပြင်ယဉ်ကျေးမှုတို့သည် အထူးသဖြင့် တိုးတက်ခဲ့လေသည်။ ထိုအကြောင်းများကြောင့် ကျွန်ုပ်တို့၏ သံဃာတော်အရှင်မြတ်များသည် ကျွန်ုပ်တို့၏ထူးကဲသော ကျေးဇူးဥပကာရများကို ခံယူတော်မူထိုက်ပါပေ၏၊

ဟူ၍ရေးသားခဲ့ပါသည်။

အထက်ပါအကြောင်းအရာများသည် ရဟန်းတော်များ၏ ဂုဏ်ကျေးဇူးတစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။

အချုပ်အားဖြင့် ရဟန်းဟူသည်-

- သတ္တလောက၏အကျိုးစီးပွားကို ဆောင်ရွက်နေသူဖြစ်ပါသည်၊
- အကျင့်သီလ၏စင်ကြယ်မြင့်မြတ်ကြ၏၊

- အကျင့်မှန်ကို ဖော်ညွှန်းပြသပေးသူဖြစ်၏၊
- ရဟန်းကောင်းများကို ဖူးမြင်ခြင်း၊ ဆည်းကပ်ခြင်း၊ ပြုစုလုပ်ကျွေးခြင်းဖြင့် မကောင်းမှုမှ ရှောင်ကြဉ်နိုင်၏။
- သံသရာတစ်လျှောက်လုံး ချမ်းသာစေနိုင်သော ကုသိုလ်ကို ရနိုင်၏။

ဤသို့ဖြင့် သမဏာနဥ္စဒဿနံ မင်္ဂလာကို ကျင့်သုံးမှုသည် ပစ္စုပ္ပန် တမလွန် ဘဝတို့၌ အဆင့်ဆင့်ကြီးပွားချမ်းသာခြင်းကို ရရှိနိုင်ပါသည်။

## လှူဒါယကာများ၏ ရဟန်းတို့အပေါ်၌ ပြုကျင့်ရမည့်တာဝန်များ

ရဟန်းတို့အား လှူဒါယကာ ဒါယိကာမတို့က ပစ္စည်းလေးပါးတို့ကို ပေးလှူရန် ဘုရားရှင်က ရဟန်းသံဃာတော်များသည် ပုညက္ခေ တ္တံ အနုတ္တရံ • လယ်ယာမြေကောင်းသဖွယ် ဖြစ်ရမည် ဟု ဟောကြားလမ်းညွှန်ထားပါသည်။

ဒါယကာ ဒါယိကာမတို့၏ တာဝန်(၅)ရပ်ကို ဗုဒ္ဓက ဟောကြားထားပါ သည်-

၁။ ချစ်ကြည်မြတ်နိုးသော မေတ္တာစိတ်ကို အမြဲထားရမည်။

၂။ ဆောင်ရွက်ပြုလုပ်ရမည့် ဝတ်ကြီးဝတ်ငယ်တို့ကို အစဉ်မပြတ် ပြုလုပ်ပေး ရမည်။

၃။ ရဟန်းတို့နှင့်တွေ့သောအခါ ခင်မင်ချိုသာစွာ ကျန်းမာချမ်းသာ စသော သာရဏီယကထာ စကားတို့ကို ပြောကြားနှုတ်ဆက်ရခြင်း။

၄။ ပစ္စည်းလေးပါးဖြင့် ရဟန်းတို့လိုသမျှတောင်းယူနိုင်အောင် ဝိနည်း ကံအားလျော်စွာ ဖိတ်ကြား၍ ထားရခြင်း။

၅။ ထိုသို့ပစ္စည်းလေးပါး ဒါယကာဖြစ်သည်နှင့်အညီ မိမိတတ်အားသမျှကို ပေးလှူပူဇော်ခြင်း။

ထိုသို့ပစ္စည်းလေးပါး ဒါယကာတို့လှူရာ၌ စရိယပိဋကတ၌ လှူဖွယ်ဝတ္ထု (၆)မျိုး သုတ်ပါဠိတော်၌ လှူဖွယ်ဝတ္ထု(၁၀)မျိုးကို ဟောကြားထားသည်ကို တွေ့ရပါ သည်။

## လှူဖွယ်လှူနည်းအမျိုး

### လှူဖွယ်ဝတ္ထု (၆)ပါး (စရိယပိဋက)

၁။ ရူပဒါန = အဆင်းအလှူ
(ဘုရားကျောင်းကန်ဇရပ်၌အလှ တန်ဆာဆင်ခြင်း)

၂။ သဒ္ဒဒါန = အသံအလှူ
(ပရိတ်, မန္တာန် ဓမ္မစကြာဖြင့် ပူဇော်ခြင်း)

၃။ ဂန္ဓဒါန = အနံ့အလှူ
(အမွှေးတိုင် ပန်းနံ့သာတို့ဖြင့် လှူခြင်း)

၄။ ရသဒါန = အရသာအလှူ
(အရသာရှိသော အစာအာဟာရကို ပေးလှူခြင်း)

၅။ ဖောဋ္ဌဗ္ဗဒါန = အတွေ့အထိအလှူ
(အတွေ့အထိသက်သာစေသော ဆိုဖာအခင်း အေးသောအခါ ပူစေတတ်သော အဝတ်၊ ပူသောအခါ အေးသောအဝတ်၊ အရိပ်အာဝါသ စသော အလှူ)

၆။ ဓမ္မဒါန = တရားအလှူ
(ပိဋကတ်စာအုပ်များလှူခြင်း၊ စာပေပို့ချပေးခြင်း တရားဟော ပြောပြခြင်း စသော အလှူ)

### ဒါနဝတ္ထု (၁၀)ပါး (သုတ်ပါထေယျ)

၁။ အန္န = ဆွမ်းထမင်းအလှူ

၂။ ပါန = ဖျော်ရည်အလှူ

၃။ ယာရ = ကျောင်းဇရပ်အလှူ

၄။ ဝတ္ထ = အဝတ်သင်္ကန်းအလှူ

၅။ ယာန = လှေ, ကား, လှည်းစသောအလှူ

၆။ မာလ • ပန်းအလှူ

၇။ ဝိလေပန• နံ့သာအလှူ

၈။ သေယျ • အိပ်ရာခင်းအလှူ

၉။ ဂန္ဓ • နံ့သာမှုန့် ရေမွှေးအလှူ

၁၀။ ပဒီပ • ဆီမီးအလှူ

ဤအလှူမျိုးတို့ကို ပစ္စည်းလေးပါး ဒါယကာတို့က ရဟန်းတို့အား လှူရပါမည်။

## လှူနည်းပရိယာယ် နည်းအသွယ်သွယ်

အလှူဒါနပြုလုပ်ကြရာတွင် ဒါနဝတ္ထုများကို ဗုဒ္ဓကဟောကြား လမ်းညွှန်ထားသလို လှူပုံ လှူနည်း နည်းပရိယာယ်တို့ကိုလည်းဟောထားရာ အလှူခံပုဂ္ဂိုလ် ရဟန်းနှင့် အလှူရှင် ဒါယကာ ဒါယိကာမတို့သည် သိအပ်လှပါသည်။

ဒါနဥပါယ် (၅)မျိုး (အဓမ္မကောသင်္ဂဟ)

၁။ ဒဗ္ဗဒါန -သူယူသုံးဆောင်သည်ကို ပြန်မတောင်းတော့ဘဲ အပြီးပိုင်ပေးခြင်း၊

၂။ အနုမောဒနဒါန -မိမိအားပန်ကြား မပန်ကြားဘဲ ယူငင်သုံးဆောင်သည်ကို ဝမ်းမြောက်ခြင်း၊

၃။ အပုဗ္ဗဒါန -ရှေးကမရစဖူး ထူးမြတ်သောဥစ္စာ ရတနာတို့ကို ပေးကမ်းခြင်း၊

၄။ သယံဂါဟပဝတ္တဒါန -မိမိ၌အခန့်မသင့်မိ သူတစ်ပါးဥစ္စာကို ချေးငှားယူသုံးစေလျက် နောင်အခါ ငါပေးမည်ဟု တာဝန်ဂတိထားပေးခြင်း၊

၅။ ဣဏာပဗ္ဗမောစနဒါန -ကြွေးမြီးနှိပ်စက်ခံနေရသူကို စိုက်ဆပ်ပေးကာ သူကြွေးမှလွတ်စေခြင်း။

## မပေးလှူအပ်သော ဒါနမျိုး(၅)မျိုး

ဗုဒ္ဓက ပရိဝါပါဠိတော်၌ မပေးလှူအပ်သော အကုသိုလ်ဖြစ်စေသော အလှူ(၅)မျိုးကို ဟောကြားလမ်းညွှန်ထားခဲ့ပါသည်။ ယင်းအလှူ (၅)မျိုးသည် အပါယ်သို့လားစေတတ်သောကြောင့် အပါယဂမနိယဒါန ဟူ၍လည်း ခေါ်ပါသည်-

၁။ မဇ္ဇဒါန = သေရည် ဘိန်း စသောယစ်မျိုးအလှူ

၂။ သမဇ္ဇဒါန = ဇာတ် ရုပ်ရှင် အငြိမ့် အဆိုအတီး သဘင်အလှူ

၃။ ဣတ္ထိဒါန = ကာမအလိုဖြည့်ရန် မိန်းမအလှူ

၄။ ဥသဘဒါန = နွားမတို့အလယ်၌ နွားလား နွားသိုးကို ပေးလှူသောအလှူ

၅။ စိတ္တကမ္မ = ကြည့်လိုက်လျှင် ကာမဂုဏ်စိတ်များ တဖွားဖွားဖြစ်လာနိုင်အောင် ဆန်းကြယ်စွာ ပြုမည် ရေးသားထားသော ပန်းချီကားချပ်များ အလှူတို့ဖြစ်ပါသည်။

## အပါယ်လားကြောင်းအလှူ(၁၀)မျိုး (မိလိန္ဒပဉှာ)

ဒါနဝတ္ထုခေါ် မပေးလှူကောင်းသောအလှူ(၁၀)မျိုးကို ပေးလှူပါက သေသော် အပါယ်သို့လားရောက်နိုင်သည်ဟု ဆိုပါသည်။

ယင်း(၁၀)မျိုးမှာ-

၁။ သမဇ္ဇဒါန = ကချေသည်အလှူ

၂။ မဇ္ဇဒါန = သေရည်အလှူ

၃။ ဣတ္ထိဒါန = မိန်းမအလှူ

၄။ ဥသဘဒါန = နွားလား နွားသိုးအလှူ

၅။ စိတ္တကမ္မဒါန = ကာမဂုဏ်ဆွပေးသောပန်းချီအလှူ

၆။ သတ္ထဒါန = လက်နက်အလှူ

၇။ ဝိသဒါန - အဆိပ်ရည်အလှူ၊

၈။ သခ်ဳလိကဒါန - သံခြေကျင်း နှောင်ကြိုးအလှူ၊

၉။ ကုက္ကုရသူကရ - ကြက်, ဝက်အလှူ၊

၁၀။ တုလာကူဋ-မာနကူဋ- ချိန်စဉ်းလဲ၊ တင်းစဉ်းလဲအလှူ၊

ဒါနပြုခြင်းအကြောင်း(၈)မျိုး

ဒါနပြုကြရာဝယ် အကြောင်းများရှိကြပါသည်။ ယင်းကို အင်္ဂုတ္တိုရ်နှင့် သင်္ဂီတိသုတ်တော်၌ အကြောင်း(၈)ပါးကို ဟောကြားထားပါသည်-

၁။ ရောက်လာ၍လှူ - မိမိနေရာသို့ရောက်လာ၍ လှူခြင်း၊

၂။ ကြောက်၍လှူ - ကြောက်သောကြောင့်လှူခြင်း၊

၃။ ပေးလှူ၍လှူ - သူကပေးလှူ၍ ကိုယ်ကပြန်လှူခြင်း၊

၄။ ပေးလိမ့်လှူ - လာဘ်ကို မျှော်ကိုး၍လှူ၊

၅။ ရှေးသူတို့မှီငြမ်းလှူ - မိရိုးဖလာအလှူ၊

၆။ မချက်ဆွမ်းလှူ - ရဟန်းတော်များ ချက်မစားကောင်း၍လှူ၊

၇။ ချီးမွမ်းရလို့လှူ - ချီးမွမ်းခံယူလို၍လှူ၊

၈။ မဂ်ဖိုလ်ကိုလှူ - မဂ်ဖိုလ်ရလို၍လှူ။

တစ်နည်းလှူနည်းအသွယ်သွယ်

ပေးလှူပုံ ပေးလှူနည်း အကောင်းအဆိုးအရ နည်းပရိယာယ် (၅)မျိုး ရှိပါသည်-

(က) ၁။ ဝဋ္ဋနိဿိတဒါန - လူ့ နတ်, စည်းစိမ်ချမ်းသာကို တောင့်တ၍လှူ၊

၂။ ဝိဝဋ္ဋနိဿိတဒါန - ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ မဂ်ဖိုလ် နိဗ္ဗာန်ကိုရည်မှန်း၍လှူ၊

(ခ) ၁။ အာမိသဒါန = ဝတ္ထုပစ္စည်းမျိုးစုံအလှူ
၂။ ဓမ္မဒါန = စာပေပို့ချသင်ယူစာအုပ်လှူ တရားဟော၊ တရားနာ တရားအားထုတ်မှု အလှူ
(ဂ) ၁။ သံဃိဒါန = အများဆိုင်၊ အများပိုင်အလှူ
၂။ ပုဂ္ဂလိကဒါန = တစ်ဦးတည်းပိုင် ပုဂ္ဂိုလ်ကိုလှူ
(ဃ) ၁။ အဂ္ဂဒါန = စားဦးစားဖျား အထွဋ်အမြတ်အသစ်ကိုလှူ
၂။ ဥစ္ဆိဋ္ဌဒါန = စားကြွင်းစားကျန်သုံးပြီးကိုလှူ
(င) ၁။ သက္ကစ္စဒါန = ရိုသေလေးမြတ်စွာပေးလှူ
၂။ အသက္ကစ္စဒါန= မရိုမသေပေးလှူ

## ဒါန(၃)မျိုး

ပေးလှူမှုတွင် အယုတ်, အလတ်, အမြတ်အားဖြင့် (၃)မျိုး ခွဲခြားမှု ရှိပါသေးသည်။

၁။ ဟီနဒါန = ပကာသနမှု့ကို လိုလားပြီး ဆန္ဒ, စိတ္တ ဝီရိယ၊ ဝီမံသ-တို့ ညံ့ညံ့ဖြင့် ပြုသောအလှူ

၂။ မဇ္ဈိမဒါန= ဆန္ဒ စိတ္တ ဝီရိယ ဝီမံသ အလတ်စားဖြင့် လောကီစည်းစိမ် ချမ်းသာလောက်သာ အာရုံပြုသော အလှူ

၃။ ပဏီတဒါန= ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ထက်မြက်စွာဖြင့် သံသရာမှ လွတ်မြောက်ရေး နိဗ္ဗာန်ကိုမြော်တွေး၍ ပေးလှူ

## တစ်ဖန်ဒါန (၃) မျိုး

၁။ ဒါနဒါသ = ကျွန်ကိုပေးလှူသလို ယုတ်ညံ့စွာ ပေးလှူခြင်း၊

၂။ ဒါနသဟာယ = မိတ်ဆွေကိုပေးကျွေးသလို ကိုယ်စားသုံးသည့် အတိုင်း ပေးလှူခြင်းမျိုး၊

၃။ ဒါနသာမိ = အရှင်သခင်ကိုပေးကျွေးသလို အထွဋ်အမြတ်ထား၍ ပေးလှူခြင်း၊

ဒါနပြုရာ အကျိုးကြီးစေသောအင်္ဂါ(၃)ပါး

ဒါနပြုရာတွင်အင်္ဂါ (၃)ပါးနှင့်ပြည့်စုံပါမှ အလှူ၏အကျိုးသည် ကြီးမား သည်ဟု ဟောကြားထားပါသည်။

၁။ အလှူပေးသူသည် ဖြူစင်သောသီလဖြင့် လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲ လှူဒါန်းနိုင်ခြင်း၊

၂။ အလှူခံပုဂ္ဂိုလ်၏ ကိုယ်ကျင့်သီလစင်ကြယ်ခြင်း၊

၃။ လှူဖွယ်ဝတ္ထု၏ ဓမ္မိယလဒ္ဓခေါ် တရားသဖြင့် ရရှိထားသော စင်ကြယ် သောပစ္စည်းဖြစ်ခြင်း၊

ဤသုံးနည်းဖြင့်လှူက ကြီးစွာသောအကျိုးကို ရရှိခံစားရသည်ဟုဆိုပါသည်။

ရဟန်းတို့၏ထိတ်လန့်ကြောက်မက်ဖွယ်ရာများ

ရဟန်းတို့၏ကျင့်ဝတ်သိက္ခာနှင့်ပတ်သက်၍ ရဟန်းများ၏ ဘဝနှင့် အကျင့်သည် မည်မျှလေးနက်စွာ ခံယူကျင့်သည်ကို ဘုရားရှင်က ရဟန်းများကို အာဒိတ္တပရိယာယသုတ်ဖြင့် ဟောကြားထားသည်မှာ-

၁။ ရဟန်းတို့ . . . ရဲရဲညီးသော ပြောင်ပြောင်တောက်သောအလျှံနှင့်တကွ ခြစ်ခြစ်တောက်ပူလောင်သော သံချောင်းဖြင့် မျက်စိကိုထိုးဖောက်ခြင်းက မြတ်သေး၏၊ စက္ခုဝိညာဏ်ဖြင့် သိရကုန်သောအဆင်းတို့၌ လက်ခြေစသော ကိုယ် အင်္ဂါအစိတ်အပိုင်းအားဖြင့် ယောကျာ်းပဲ၊ မိန်းမပဲ စသော အာရုံကိုယူခြင်းသည် မမြတ်သည်သာလျှင်တည်း။

ရဟန်းတို့ . . . တည်ဆဲကမ္မဝိညာဉ်သည် ယောကျာ်းပဲ၊ မိန်းမပဲ စသော အာရုံကို သာယာသောအားဖြင့် ဖွဲ့ယှက်သည် ဖြစ်၍သော်လည်းကောင်း၊ လက်ခြေ စသော အင်္ဂါအစိတ်အပိုင်းကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော် လည်းကောင်း တည်ရာ၏။

ထိုအခါဝယ် အကယ်၍ သေခဲ့မူ-ငရဲသို့ဖြစ်စေ၊ တိရစ္ဆာန်မျိုးသို့ ဖြစ်စေ လားရာဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာဂတိသို့ ရောက်ရသော အကြောင်းရှိ၏။

ရဟန်းတို့. . . ဤအဖြစ်ကိုမြင်၍ ဤသို့ငါဘုရားဟော၏။

၂။ ရဟန်းတို့. . . ရဲရဲညီးသော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွသော ချွန်ထက်သောသံချွန်ဖြင့် နားကိုထိုးဖေါက်ခံရခြင်းက မြတ်သေး၏၊ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော အသံတို့၏ရယ်သံ၊ ငိုသံ စသောအသံအစိတ်အပိုင်းအားဖြင့် ယောက်ျားသံ၊ မိန်းမသံစသော အာရုံကိုယူခြင်းသည် မမြတ်သည်သာလျှင်တည်း။

ရဟန်းတို့. . . တည်ဆဲကမ္မဝိညာဉ်သည် ယောက်ျားသံ၊ မိန်းမသံစသော အာရုံကိုသာယာသောအားဖြင့် ဖွဲ့ယှက်သည် ဖြစ်၍သော်လည်းကောင်း၊ ရယ်သံ၊ ငိုသံစသော အသံအစိတ်အပိုင်းကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်းကောင်း တည်ရာ၏။

ထိုအခါ အကယ်၍သေခဲ့မူ ငရဲသို့ဖြစ်စေ၊ တိရစ္ဆာန်မျိုးသို့ ဖြစ်စေ လားရာဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာဂတိသို့ ရောက်ရသော အကြောင်းသည်ရှိ၏။

၃။ ရဟန်းတို့. . . ရဲရဲညီးသော ပြောင်ပြောင်တောက်သောအလျှံနှင့်တကွသောထက်လှစွာသော လက်သည်းလှီးဓားဖြင့် နှာခေါင်းကို ထိုးဖေါက်လှီးချခြင်းက မြတ်သေး၏၊ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သောအနံ့တို့၌ မွှေးသောအနံ့-နံ့သောအနံ့အစရှိသော အနံ့အစိတ်အပိုင်းအားဖြင့် ယောက်ျား-မိန်းမစသော အာရုံကိုယူခြင်းသည် မမြတ်သည်သာလျှင်တည်း။

ရဟန်းတို့. . . တည်ဆဲကမ္မဝိညာဉ်သည် ယောက်ျားနံ့ မိန်းမနံ့ စသော အာရုံကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်းကောင်း၊ မွှေးသောအနံ့၊ နံ့သောအနံ့ စသော အနံ့အစိတ်အပိုင်းကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်းကောင်း တည်ရာ၏။

ထိုအခါဝယ် အကယ်၍ သေခဲ့မူ ငရဲသို့ဖြစ်စေ၊ တိရစ္ဆာန်မျိုးသို့ဖြစ်စေ၊ လားရာဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာဂတိသို့ ရောက်ရသော အကြောင်းရှိ၏။

၄။ ရဟန်းတို့. . . ရဲရဲညီးသော ပြောင်ပြောင်တောက်သော၊ အလျှံနှင့်တကွသော ထက်လှစွာသော သင်စုန်းမားဖြင့် လျှာကို အရင်းကလှီးဖြတ်ခြင်းက မြတ်သေး၏။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော အရသာတို့၌ ချို, ချဉ်စသော အရသာအစိတ်အပိုင်းအားဖြင့် ယောက်ျားအရသာ၊ မိန်းမအရသာ စသော အာရုံကိုယူခြင်းသည် မမြတ်သည်လျှင်တည်း။

ရဟန်းတို့. . . တည်ဆဲကမ္မဝိညာဏ်သည် ယောက်ျားအရသာ၊ မိန်းမအရသာ စသောအာရုံကိုသာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်းကောင်း၊ ချိုချဉ်အရသာစသော အစိတ်အပိုင်းကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်းကောင်း တည်ရာ၏။

ထိုအခါဝယ် အကယ်၍သေခဲ့မူ ငရဲသို့ဖြစ်စေ၊ တိရစ္ဆာန်မျိုးသို့ဖြစ်စေ၊ လားရာဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာဂတိသို့ ရောက်ရာသော အကြောင်းသည်ရှိ၏။

၅။ ရဟန်းတို့. . . ရဲရဲညီးသော ပြောင်ပြောင်တောက်သောအလျှံနှင့်တကွသော ထက်လှစွာသော လှံဖြင့်ကိုယ်ကို ထိုးဆွခြင်းက မြတ်သေး၏။ ကာယဝိညာဏ်ဖြင့်သိအပ်ကုန်သော အတွေ့အထိတို့၌ နူးညံ့သောအတွေ့အထိ ကြမ်းတမ်းသော အတွေ့အထိ အစိတ်အပိုင်းအားဖြင့် ယောက်ျားအတွေ့အထိ မိန်းမအတွေ့အထိ စသော အာရုံယူခြင်းသည် မမြတ်သည်သာလျှင်တည်း။

ရဟန်းတို့. . . တည်ဆဲကမ္မဝိညာဏ်သည်၊ ယောက်ျားအတွေ့အထိ မိန်းမအတွေ့အထိ စသောအာရုံကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်းကောင်း၊ နူးညံ့သောအတွေ့အထိ ကြမ်းတမ်းသောအတွေ့အထိ အာရုံကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်းကောင်း တည်ရာ၏။

ထိုအခါ အကယ်၍ သေခဲ့မူ ငရဲသို့ဖြစ်စေ၊ တိရစ္ဆာန်မျိုးသို့ဖြစ်စေ လားရာဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာဂတိသို့ရောက်ရသော အကြောင်းသည်ရှိ၏။

၆။ ရဟန်းတို့. . . အိပ်ပျော်နေခြင်းကား မြတ်သေး၏။ အမှန်အားဖြင့်ဆိုသော်ကား အိပ်ပျော်နေခြင်းကို -

- အသက်ရှင်နေသူတို့အတွက်ပြုခြင်းဟူ၍ ငါဘုရားဟော၏၊
- အသက်ရှင်နေသူတို့အတွက် အကျိုးမရှိဟူ၍ ငါဘုရားဟော၏၊

- အသက်ရှင်နေသူတို့အတွက် တွေဝေခြင်းဟူ၍ ငါဘုရားဟော၏၊

- အကြင်သို့သဘောရှိသော အကြံအစည်တို့၏ အလိုသို့လိုက်ပါ လျက် သံယာကို သင်းခွဲရာ၏၊ ထိုသို့သဘောရှိသောအကြံအစည် သည် မသင့်တော်ရာ၊

ရဟန်းတို့. . . ငါဘုရားသည် အသက်ရှင် နေသူတို့အတွက် ပြုခြင်းကို လည်းကောင်း၊ အပြစ်ကိုလည်းကောင်း မြင်၍ ဤသို့ဟောပါ၏။

၇။ ရဟန်းတို့. . . ထိုတရားတို့၌ အကြားအမြင်ရှိသော အရိယာတပည့် သည် ဤသို့ဆင်ခြင်ပါ၏။ လောလောပူသော၊ ရဲရဲညီသော ပြောင်ပြောင်တောက် သောအလျှံနှင့်တကွသော ထက်လှစွာသော သံချောင်းဖြင့် မျက်စိကို ထိုးဖောက် ခြင်းကို ထားဘိဦး-မျက်စိသည်မမြဲ။ အဆင်းတို့သည် မမြဲ၊ စက္ခုဝိညာဏ်သည် မမြဲ၊ စက္ခုသံမ္ဖဿသည် မမြဲ၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာ သော ခံစားမှု သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသည်လည်း မမြဲဟု ဤအကြောင်း ကိုသာ ယခုငါနှလုံးသွင်းနေတော့အံ့။

၈။ ရဲရဲညီးသော ပြောင်ပြောင်တောက်သောအလျှံနှင့်တကွသော ထက်လှ စွာသောသံချွန်ဖြင့် နားကို ထိုးဖောက်ခြင်းကို ထားဘိဦး နားသည် မမြဲ၊ အသံ တို့သည် မမြဲကုန်သောတဝိညာဏ်သည် မမြဲ၊ သောတသမ္ဖဿသည် မမြဲ၊ သောတသမ္ဖဿဟူသော အကြောင်း ကြောင့်ဖြစ်ပေါ်လာသည့် ခံစားမှု သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသည်လည်း မမြဲဟု-ဤအကြောင်းကိုသာ ယခုခါ ငါနှလုံး သွင်းနေတော့အံ့။

၉။ ရဲရဲညီးသော ပြောင်ပြောင်တောက်သောအလျှံနှင့်တကွသော ထက်လှစွာ သော လက်သည်းလှီးဓားဖြင့် နှာခေါင်းကို ထိုးဖောက်လှီးချခြင်းကို ထားဘိ ဦး. . . နှာခေါင်းသည် မမြဲ၊ အနံ့တို့သည် မမြဲကုန်၊ ဃာနဝိညာဏ်သည် မမြဲ၊ ဃာနသမ္ဖဿသည် မမြဲ၊ ဃာနသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာ သော ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်လည်းမမြဲ ဟု ဤအကြောင်းကိုသာ ယခုခါ ငါနှလုံးသွင်းနေတော့အံ့။

၁၀။ ရဲရဲညီသော ပြောင်ပြောင်တောက်သောအလျှံနှင့်တကွသော ထက်လှစွာ သော သင်ဓုန်းဓားဖြင့် လျှာအရင်းကိုလှီးဖြတ်ခြင်း ကို ထားဘိဦး. . . လျှာသည် မမြဲ၊ အရသာတို့သည် မမြဲကုန်၊ ဇိဝှါဝိညာဏ်သည် မမြဲ၊ ဇိဝှါသမ္ဖဿသည် မမြဲ၊

ဇိဝှါသမ္ဖဿ ဟူသောအကြောင်းကြောင့်ဖြစ်ပေါ်လာသော ခံစားမှုသုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသည်လည်းမမြဲ ဟု ဤအကြောင်းကိုသာ ယခုခါ ငါနှလုံးသွင်းနေတော့အံ့။

၁၁။ ရဲရဲညီးသော ပြောင်ပြောင်တောက်သောအလျှံနှင့်တကွသော ထက်လှစွာသောလှံဖြင့် ကိုယ်ကိုထိုးဆွခြင်းကို ထားဘိဦး. . . ကိုယ်သည်မမြဲကုန်၊ အတွေ့အထိတို့သည်မမြဲ၊ ကာယဝိညာဏ်သည် မမြဲ၊ ကာယသမ္ဖဿသည် မမြဲ၊ ကာယသမ္ဖဿ ဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာသော သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာသည်လည်း မမြဲ ဟု ဤအကြောင်းကိုသာ ယခုခါ ငါနှလုံးသွင်းနေတော့အံ့။

၁၂။ အိပ်ပျော်ခြင်းကို ထားဘိဦး. . . စိတ်သည် မမြဲ၊ သဘောတရားတို့သည် မမြဲကုန်၊ မနောဝိညာဏ်သည် မမြဲ၊ မနောသမ္ဖဿသည် မမြဲ၊ မနောသမ္ဖဿ ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသော သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသည်လည်း မမြဲ-ဟု ဤအကြောင်းကိုသာ ယခုခါ ငါနှလုံးသွင်းနေတော့အံ့-ဟုဆင်ခြင်၏။

ရဟန်းတို့. . . ဤသို့ရှုသောအကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိလည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ သိမှုဟူသောအကြောင်းကြောင့်ဖြစ်ပေါ်လာသော ခံစားမှု သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။

ကိလေသာမှလွတ်မြောက်သော် ကိလေသာမှလွတ်မြောက်ပြီးဟု အသိဉာဏ်ဖြစ်၏။ ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကိုသုံးပြီးကျင့် ပြုဖွယ်ကိစ္စကိုပြုပြီးပြီ။ မဂ်ကိစ္စအလို့ငှါ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီ ဟုသိ၏။

ထို့ကြောင့် ဤအပြစ်တို့ကို ဆင်ခြင်၍ သံဝေဂစိတ်ဖြင့် သီလလုံခြုံအောင် စောင့်ထိန်းခြင်းဖြင့် သီလစင်ကြယ်နိုင်ပါသည်။ သီလဖြူစင်မှု ပြည့်စုံနိုင်ပါသည်။

# အခန်း (၂)

## ရဟန်းသံဃာတို့၏အကျင့်သီလများ

### (က) သီလဟူသည်

**သီလ၏အနက်အဓိပ္ပါယ်**

-ကာယကံ, ဝစီကံတို့ကို ကောင်းစွာစောင့်စည်းခြင်း၏ အစွမ်းဖြင့် ဖရိုဖရဲ ပရမ်းပတာမဖြစ်အောင် ကောင်းစွာထားခြင်း သဘောသည် သီလ

-သမာဓိပညာကုသိုလ်တရားတို့၌ အရင်ခံတည်၍ ကမ္မဝါစာဖြင့် ရဟန်းဖြစ်ပြီးနောက် ထက်ဓန်းကျင် လွန်စွာဆောင်ရာ သည်-သီလ

-ဦးခေါင်းနှင့်တူသောကြောင့်-သီလ

-ကိလေသာအပူငြိမ်း၍ အေးမြခြင်းသဘောရှိ၍-သီလ

**သီလ၏သဘာဝများ**

သတ္တဝါတို့ကို သတ်ခြင်းအစရှိသည့် ကာယကံဒုစရိုက်သုံးပါး၊ ဝစီကံဒုစရိုက်လေးပါး၊ မနောကံဒုစရိုက်သုံးပါး ဟူသော ဒုစရိုက်(၁၀)ပါးတို့ကို ရှောင်ကြဉ်

သော ပုဂ္ဂိုလ်၏သန္တာန်၊ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သောသူ၏သန္တာန်၌ဖြစ်သော ကုသိုလ်စေတနာသည် သီလ မည်ပါသည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌-

စေတနာသည် သီလမည်၏၊ စေတသိက်သည် သီလမည်၏၊ စောင့်စည်းခြင်း (သံဝရ)သည် သီလမည်၏၊ မလွန်ကျူးခြင်း (အဝိတိက္ကမ)သည် သီလမည်၏။

၁။ စေတနာသီလ -သတ္တဝါတို့ကို သတ်ခြင်းစသည်မှ ရှောင်ကြဉ်သော ပယ်စွန့်သောသူ၏(၇)ပါးသော ကုသိုလ်ကမ္မပထ စေတနာသည် စေတနာ သီလ၊

၂။ စေတသိကသီလ -သတ္တဝါတို့၏သတ်ခြင်းစသည်မှ ရှောင်ကြဉ်မှု ဝိရတိ စေတသိက်(၃)ပါးတစ်နည်း-အနဘိဇ္ဈာ(အလောဘ)၊ အဗျာပါဒ(အဒေါသ)၊ သမ္မာဒိဋ္ဌိ(အမောဟ) တရားတို့ သည် စေတသိကသီလ၊

၃။ သံဝရသီလ

(က) ပါတိမောက္ခသံဝရသီလ

-ပညတ်အပ်သောသိက္ခာပုဒ်များကို လုံခြုံအောင်စောင့်စည်းမှု

(ခ) သတိသံဝရသီလ

-စက္ခုန္ဒြေစသည်တို့ကို ပိတ်ဆို့ စောင့်စည်းမှု၊

(ဂ) ဉာဏသံဝရသီလ

-ဖြစ်ပေါ်လာသောကိလေသာတို့ကို ပစ္စည်းလေးပါးသုံးဆောင်မှုဝဲရာ၌ ဆင်ခြင်မှုဉာဏ်၊

(ဃ) ခန္တိသံဝရသီလ

-အအေးအပူဖြစ်ပေါ်လာမှုကို သီးခံမှု

(င) ဝီရိယသံဝရသီလ

-ဖြစ်ပေါ်လာသော ကာမအကြံအစည်ကို လက်မခံမှု အသက်မွေးမှု စင်ကြယ်မှု (အာဇီဝပါရိသုဒ္ဓိသီလ)

၄။ အဝိတိက္ကမသီလ -သီလဆောက်တည်သောပုဂ္ဂိုလ်၏ ကိုယ်, နှုတ် မလွန်ကျူးမှု

## သီလ၏အကျိုးများ

ဗုဒ္ဓက-

"ချစ်သားရဟန်းတို့. . . သီတင်းသုံးဖော်တို့၏ ချစ်ခင်ကြည်ညိုခံရသူ၊ အမြတ်နိုးခံရသူ၊ အလေးအမြတ်ပြုထားခံရသူ၊ အချီးမွမ်းခံရသူ ဖြစ်ရပါစေ ဟု လိုလားတောင့်တာငြားအံ့၊ သီလကိုသာလျှင် အပြည့်အစုံ ဖြည့်ကျင့်ရာ၏။

ချစ်သားအာနန္ဒာ. . . အပြစ်မရှိကောင်းသော သီလအကျင့်တို့သည် စိတ်နှလုံးကြည်သာ ရွှင်လန်းခြင်းအကျိုး၊ စိတ်နှလုံးသာယာ ချမ်းမြေ့ခြင်းအကျိုး ရှိကုန်၏"

ဟု ဟောတော်မူ၏။

ရဟန်းတို့. . . သီလနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့သည်-

၁။ မမေ့မလျော့ခြင်းဟူသော အကြောင်းကြောင့်ကြီးစွာသော စည်းစိမ်ဥစ္စာ အစုကို ရနိုင်၏။

၂။ ကောင်းသောဂုဏ်သတင်း ပျံ့နှံ့ကျော်စော၏။

၃။ မင်း, ပုဏ္ဏား, ရဟန်း, သူကြွယ် ဟူသော ပရိယတ်လေးပါးသို့ ချဉ်းကပ်ရသည်ရှိသော် မကြောက်မရွံ့ ရဲရင့်ရွှင်လန်းသောမျက်နှာဖြင့် ချဉ်းကပ်ဝင်ရောက်ရ၏။

၄။ မိမိပြုခဲ့ဖူးသောကောင်းမှုတို့ကိုသာထင်မြင်လျက် မတွေမဝေဘဲ သေရ၏။

၅။ သေပြီးနောက် ကောင်းမှုရှိသူတို့ လားရာဖြစ်သော သုဂတိဘဝသို့သာ လားရောက်ရ၏။

မြတ်စွာဘုရားသာသနာတော်၌ အမျိုးကောင်းသားသမီးတို့၏ ဆောက်တည်ရာ မှီခိုရာအစစ်သည် သီလသာဖြစ်သည်။ ယင်းသီလတို့၏ အနှစ်ကျိုး အာနိသင်အပိုင်းအခြားကို မပြောပြနိုင်သည်သာဖြစ်၏။

## သီလ၏အငြိမ်းဓာတ်

ဤလောက၌သတ္တဝါတို့၏ရာဂအပူ စသည်ကို မိုး, လေ, စန္ဒကူး၊ ရွှေ ငွေ၊ ပုလဲသွယ်၊ မြကျောက်၊ လရောင်ညွန့်တို့ဖြင့် မငြိမ်းအေးစေနိုင်ကုန်၊ ကောင်းစွာစောင့်ထိန်းအပ်သော ဖြူစင်သော သီလ အငြိမ်းဓာတ်ဖြင့်သာ ငြိမ်းစေနိုင်၏။

သီလမွှေးရနံ့

သီလဟူသော မွှေးရနံ့သည် လေအောက်, လေညာ အညီအမျှ မွှေးပျံ့သင်းကြိုင်စေ၏၊ သီလ၏မွှေးရနံ့နှင့်တူသော အနံ့သည် အဘယ်မှာ ရှိပါတော့အံ့နည်း။

နတ်ပြည်စောင်းတန်း

နတ်ပြည်၊ နတ်နန်းသို့တက်ရန် သီလနှင့်တူသော အခြားစောင်းတန်းလှေကား မည်သည်မရှိပေ။

နိဗ္ဗာန်ဝင်တံခါးပေါက်

နိဗ္ဗာန်ရွှေပြည်ကြီးသို့ ဝင်ရောက်ရန် သီလနှင့်တူသော အခြားသောတံခါးပေါက်မည်သည်လည်း မရှိပါပေ။

သီလတန်ဆာ

ပုလဲ, ပတ္တမြားတို့ဖြင့် တန်ဆာဆင်ထားသော ပြည့်ရှင်မင်းတို့သည် သီလတန်ဆာဆင်ထားသော ရဟန်းတော်တို့ကဲ့သို့ တင့်တယ်လှပခြင်း မရှိပေ၊ သီလတန်ဆာဆင်မြန်းထားသူတို့သည်သာ တင့်တယ်လှပကြကုန်၏။

ဘေးအပေါင်းမှလွတ်ကင်း

သီလသည်သီလနှင့်ပြည့်စုံသော သူတို့အား မိမိကိုယ်ကိုစွပ်စွဲခြင်း အတ္တနုဝါဒဘေး အစရှိသော ဘေးအပေါင်းကို အကြွင်းမဲ့ဖျက်ဆီးလွတ်ကင်းစေ၏။

ဂုဏ်သတင်းကျော်စောထင်ရှားခြင်း

သီလရှိသူသည် ဂုဏ်သတင်းကျော်စော ထင်ရှားခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းကိုလည်း ဖြစ်ပေါ်စေတတ်ကုန်၏။

ဂုဏ်အရင်းအမြစ်

သီလသည် လောကီ လောကုတ္တရာ ဂုဏ်ကျေးဇူးမှန်သမျှတို့၏ အရင်းအမြစ်ဖြစ်၏။

**ကိလေသာခွန်အားကိုဖျက်ဆီး**

ကိလေသာအပြစ်ဒေါသတို့၏ လွန်ကျူးခြင်းခွန်းအားကိုလည်း ဖျက်ဆီးတတ်ပေ၏။

**အကြားအမြင်နည်း-အကျင့်နည်းသူ**

ကြားနာအပ်သောတရား၊ အကြားအမြင်နည်းသူ၊ သီလမရှိသူ ဖြစ်အံ့၊ ထိုသူကို ပညာရှိတို့က- သုတ၊ သီလနှစ်ပါးစုံဖြင့် ကဲ့ရဲ့ကြကုန်၏။

**အကြားအမြင်နည်းသီလရှိသူ**

ကြားနာအပ်သောအကြားအမြင်နည်းသော်လည်း အကျင့်(သီလ) ရှိသူဖြစ်ပါမူ ထိုသူကို ပညာရှိတို့သည် အကျင့်သီလဖြင့်ချီးမွမ်းကြ၏။ အကြားအမြင်ကား ပြည့်စုံသလောက် ပြည့်စုံသော်လည်း အကြားအမြင်အားဖြင့် မချီးမွမ်းပေ။

**အကြားအမြင်များ-အကျင့်မရှိသူ**

အကြားအမြင်ဗဟုသုတရှိသော်လည်း အကျင့်(သီလ)မရှိသူဖြစ်ပါမူ ထိုသူကို ပညာရှိတို့က အကျင့်သီလဖြင့် ကဲ့ရဲ့ရှုတ်ချလေ့ရှိ၏။ သီလမရှိပါက ထိုသူ၏အကြားအမြင်သည် မိမိ၏အကျိုး၊ သူတစ်ပါး၏အကျိုးကို မဆောင်နိုင်၍ ပြည့်စုံသည် မမည်။

**အကြားအမြင်များ သီလရှိသူ**

အကြားအမြင်လည်းများ သီလအကျင့်လည်း ရှိသူဖြစ်ပါမူ ထိုသူကို ပညာရှိတို့က သီလ၊ သုတနှစ်ပါးဖြင့် ချီးမွမ်းကြကုန်၏။

**အကျင့်အကြားအမြင်ရှိသူ ဇမ္ဗူရာဇ်ရွှေနှင့်တူ**

ရွှေချိန်တစ်နိက္ခရှိသော ဇမ္ဗူရာဇ်ရွှေစင်ကို မည်သူတစ်ဦးတစ်ယောက်မျှ ကဲ့ရဲ့ခြင်းငှာ မထိုက်သကဲ့သို့ အလားတူ သီလ သုတများ၍ ကျင့်ဝတ်တရားဥ ဆောင်တတ်သော လောကီ-လောကုတ္တရာ (၂)ဖြာပြည့်စုံသော ဗုဒ္ဓ၏သာဝကကို မည်သူတစ်ဦးတစ်ယောက်မျှကဲ့ရဲ့ခြင်းငှာ မထိုက်ပေ၊ ထိုသို့သော ပုဂ္ဂိုလ်မျိုးကို လူတို့သာမက နတ်ပြဟ္မာတို့သည်လည်း ချီးမွမ်းကြပါပေ၏။

ရှင်သာရိပုတ္တရာဟောသော သီလ၏အကျိုးဆက်များ

၁။ အဝိပ္ပဋိသာရ • စိတ်သာယာရွှင်လန်းခြင်းအကျိုးငှာ
၂။ ပါမောဇ္ဇ • ဝမ်းမြောက်ခြင်းအကျိုးငှာ
၃။ ပီတိ • နှစ်သက်ခြင်းအကျိုးငှာ
၄။ ပဿဒ္ဓိ • ငြိမ်းအေးခြင်းအကျိုးငှာ
၅။ သောမနဿ • ဝမ်းမြောက်ခြင်းအကျိုးငှာ
၆။ အာသေဝန • သမာဓိကိုအဖန်တလဲလဲ မှီဝဲထုံစေခြင်း အကျိုးငှာ
၇။ ဘာဝနာ • သမာဓိကိုပွားများခြင်းအကျိုးငှာ
၈။ ဗဟုလီကမ္မ • ကြိမ်ဖန်များစွာ လေ့လာခြင်းအကျိုးငှာ
၉။ အလင်္ကာရ • သမာဓိကိုတန်ဆာဆင်ခြင်းအကျိုးငှာ
၁၀။ ပရိက္ခာရ • သမာဓိ၏အထောက်အပံ့အကျိုးငှာ
၁၁။ ပရိဝါရ • သမာဓိ၏အခြံအရံအကျိုးငှာ
၁၂။ ပါရိပူရိ • သမာဓိ၏ထက်ဝန်းကျင်ပြည့်စုံခြင်း အကျိုးငှာ
၁၃။ ဧကန္တနိဗ္ဗိဒါ • ဝဋ်ဆင်းရဲကိုတပ်မက်ခြင်း ကင်းခြင်းအကျိုးငှာ
၁၄။ ဝိရာဂ • ဝဋ်ဆင်းရဲမှ ချုပ်ခြင်းအကျိုးငှာ
၁၅။ ဝူပသမ • ဝဋ်ဆင်းရဲမှ ငြိမ်းအေးခြင်းအကျိုးငှာ
၁၆။ အဘိညာယ • ထူးသောဉာဏ်ဖြင့်သိခြင်းအကျိုးငှာ
၁၇။ အရိယသစ္စဒဿန • သစ္စာလေးပါးအမှန်တရားကို ကိုယ်တိုင် ထိုးထွင်း၍ သိခြင်းအကျိုးငှာ
၁၈။ သစ္ဆိကရဏ • အသခ်တဓာတ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အကျိုးငှာ

(ပဋိသမ္ဘိဒါမဂ္ဂ)

## ရဟန်းတို့၏ သီလစင်ကြယ်မှု(၄)မျိုး

( သီလဝိသုဒ္ဓိ )

ရဟန်းတို့သည် ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းဖြစ်ပြီးနောက် ထက်ဝန်းကျင် စင်ကြယ်သောသီလ(၄)ပါး (စတုပါရိသုဒ္ဓိ)ကို လုံခြုံအောင်စောင့်ထိန်းကြရသည်။

စတုပါရိသုဒ္ဓိသီလ(၄)ပါးမှာ-

**၁။ ပါတိမောက္ခသံဝရသီလ**

ဤသာသနာတော်၌ရဟန်းသည် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသည် ဖြစ်၍နေ၏။

(က) အာစရ-ဂေါစရ = အကျင့်, ကျက်စားရာတို့နှင့်ပြည့်စုံ၏၊

(ခ) အနုမတ္တေသု ဝဇ္ဇေသုဘယ ဒဿာဝီ=အနုမြူမျှသေးငယ်လှသော အပြစ်တို့၌ ကြောက်ဖွယ်သော ဘေးကြီး ဟု ရှုမြင်လေ့ရှိ၏။

(ဂ) သမာဒါယ သိက္ခတိသိက္ခာပဒေသု=စောင့်ထိန်းကျင့်ဖွယ်မှန်သမျှသော သိက္ခာပုဒ်တို့၌ အကုန်ဆောက်တည်ကျင့်၏။

-စာရိတ္တ, ဝါရိတ္တအားဖြင့် (၂)မျိုး(၂)စားသော သိက္ခာပုဒ်၏အစွမ်းဖြင့် ပညတ်ထားသောသိက္ခာပုဒ်များကို စောင့်ရှောက်ထိန်းသိမ်းသူ ကိုအပါယ်စသော ဆင်းရဲတို့မှလွတ်မြောက်စေတတ်သောကြောင့် ပါတိမောက္ခ

၁။ စာရိတ္တသီလ =ဤကျင့်ဝတ်ကို ပြုကျင့်အပ်၏ ဟု ပညတ်ထားသောသိက္ခာပုဒ် (ကျင့်ဝတ်)ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလ
(ဤသီလကို သဒ္ဓါသီလတရားနှင့်ဝီရိယရှိပါမှ ပြည့်စုံနိုင်သည်)

၂။ ဝါရိတ္တသီလ =ဤအမှုကိုမပြုကျင့်အပ်-ဟု တားမြစ်ထားသောအမှုကို မပြုကျင့်ခြင်းသည် ဝါရိတ္တသီလ
(ဤသီလကို သဒ္ဓါတရားရှိမှ ပြီးပြည့်စုံနိုင်၏)

၃။ အာစရ = သင့်လျော်သောအကျင့်၊ ကိုယ်, နှုတ်, ကိုယ်, နှုတ်နှစ်ပါး၌ မလွန်ကျူးခြင်း
(သီလစောင့်စည်းမှုမှန်သမျှ သင့်လျော်သောအကျင့်ဖြစ်၏)

(က) ရဟန်းများနှင့်သင့်လျော်လျောက်ပတ်သောအကျင့်များ

၁။ နဝဋ္ဋုဒါန • ဝါးမပေးခြင်း

၂။ နပတ္တဒါန • သစ်ရွက်မပေးခြင်း

၃။ နပုပ္ဖဒါန • ပန်းမပေးခြင်း

၄။ နဖလဒါန • သစ်သီးမပေးခြင်း

၅။ နစုဏ္ဏဒါန • ရေချိုးကသယ်မှုန့်မပေးခြင်း

၆။ နဒန္တကဋ္ဌဒါန • ဒန်ပူမပေးခြင်း

၇။ နစာဋုကမျတာ• မိမိကိုယ်ကိုနှိမ့်ချလျက်-ကျွန်တော် ဖျာ-စသည်ဖြစ်ဒါယကာတို့အား ပျှပျှငြင်ငြ မဆက်ဆံခြင်း

၈။ နမုဂ္ဂသူပျတာ• ပဲနောက်ဟင်းအလား အမှန်နည်းပါး အမှားများသောစကားမျိုးမပြောခြင်း

၉။ နပါရိဗဋျတာ• ကလေးဖော်များကို မချီပိုး မထိန်းကျောင်းပေးခြင်း

၁၀။ နဇင်္ဃပေသနိက • ခြေသလုံး အစေအပါးမခံခြင်း

၁၁။ နဗုဒ္ဓပဋိကုဋ္ဌမိစ္ဆာအာဇီဝ • ဗုဒ္ဓတားမြစ်ထားသော ဆေးကုခြင်းစသောမှားယွင်းသော လုပ်ငန်းတစ်မျိုးမျိုး မပြုလုပ်မဆောင်ရွက်ခြင်း

၁။ မဟာနိဒ္ဒေသလာ-အာစာရ(အကျင့်များ)

ကိုယ်၌ဖြစ်သော သင့်လျော်သောအကျင့်များ (ကာယိကအာစာရ)

၁။ သံဃာအစည်းအဝေး၌ အရိုအသေပြု၍ ထေရ်ကြီးများကို တိုးဝှေ့၍မရပ်မထိုင်ခြင်း၊

၂။ ထေရ်ကြီးများရှေ့၌ မရပ်-မထိုင်ခြင်း၊

၃။ ထေရ်ကြီးများထက် မြင့်မြတ်သောနေရာ၌မထိုင်ခြင်း၊

၄ ထေရ်ကြီးများရှေ့၌ ဦးခေါင်းခြုံ၍ မနေခြင်း၊

၅။ ထေရ်ကြီးများကို မတ်တတ်ရပ်လျက် စကားမပြောမဆိုခြင်း၊
၆။ စကားပြောရာ၌လည်း လက်ဟန်၊ ခြေဟန်ဖြင့် မပြောဆိုခြင်း၊
၇။ ထေရ်ကြီးက ဘိနပ်မစီးဘဲ စင်္ကြန်လျှောက်စဉ် မိမိကလည်း ဖိနပ်မစီးဘဲ စင်္ကြန်လျှောက်ခြင်း၊
၈။ ထေရ်ကြီးက မြေပြင်၌စင်္ကြန်လျှောက်စဉ် မိမိက စင်္ကြန်အထက်၌ စင်္ကြန် မလျှောက်ခြင်း၊
၉။ ထေရ်ကြီးအနီး၌ ကပ်၍မရပ်-မထိုင်ခြင်း၊
၁၀။ မိမိအောက်ဝါငယ် ရဟန်းငယ်များ၏နေရာကို မတားမြစ်ခြင်း၊
၁၁။ မီးဖိုအိမ်၌ ထေရ်ကြီး၊ ဝါကြီးမပန်ကြားဘဲ ထင်မီး မတည်ခြင်း
၁၂။ မီးဖိုအိမ်တံခါးကို မပန်ကြားဘဲ မပိတ်ခြင်း၊
၁၃။ ရေချိုးဆိပ်သို့ဆင်းရာ၌ ထေရ်ကြီးကို တိုးဝှေ့၍ မဆင်းခြင်း၊ ရှေ့မှနေ၍ မဆင်းခြင်း၊
၁၄။ ရေချိုးရာ၌ ထေရ်ကြီးကိုတိုးဝှေ့၍ ရေမချိုးခြင်း ရှေ့၌ရေမချိုးခြင်း၊
၁၅။ ရေချိုးပြီးတက်ရာ၌ ထေရ်ကြီးကို တိုးဝှေ့၍မတက်ခြင်း၊ ရှေ့မှမတက်ခြင်း၊
၁၆။ မြို့ရွာအတွင်းသို့သွားသောအခါ ထေရ်ကြီးကို တိုးဝှေ့၍ မသွားခြင်း၊
၁၇။ လူတို့၏ လျှို့ဝှက်ခန်း အိမ်ထောင်ရှင်တို့၏အိပ်ခန်း၊ အမျိုးသမီးအိမ်၏ အိပ်ခန်းအတွင်းသို့ အဆောတလျင်မဝင်ခြင်း၊
၁၈။ ကလေးသူငယ်တို့၏ဦးခေါင်းကို ကိုင်တွယ်မပွတ်သပ်ခြင်း၊

## နှုတ်ဖြင့်သင့်လျော်သောအကျင့်များ (ဝါစာသိကအာစရ)

၁။ သံဃာအစည်းအဝေးအရပ်၌ အရိုအသေမပေးဘဲ ထေရ်ကြီးများကို ကြိုတင်မပန်ကြားဘဲ တရားမဟောခြင်း ပြဿနာကို မဖြေကြားခြင်း၊ ပါတိမောက် မပြခြင်း၊
၂။ ထေရ်ကြီးများကို မတ်တတ်ရပ်လျက် စကားမပြောမဆိုခြင်း လက်ဟန်

ခြေဟန်ဖြင့် မပြောဆိုခြင်း၊

၃။ ရပ်ရွာအတွင်းသို့သွား၍ အိမ်ထောင်သည်အမျိုးသမီး သမီးပျို စသည်တို့အား ဟဲ့ အဘယ်အမည်ရှိသူ ဒကာမ၊ အဘယ် အနွယ်ရှိသူဒကာမ သင့်မှာ ဘာရှိသလဲ၊ ယာဂုရှိသလား၊ ထမင်းရှိသလား၊ ခဲဘွယ်ရှိသလား၊ ဘာကိုသောက်ရမှာတုံး ဘာများ စားရမှာတုံး- ငါ့ကို ဘာလှူမှာလဲ စသည်ဖြင့် ထွေထွေထူထူ မပြောဆိုခြင်း၊

## အင်္ဂါကထာလာ ရဟန်းတို့၏အကျင့်များ

၁။ ထေရ်ကြီးများကို ရိုသေလေးစားမှုရှိခြင်း၊

၂။ တုပ်ဝပ်နှိမ့်ချမှုရှိခြင်း၊

၃။ အရှက်အကြောက်နှင့်ပြည့်စုံခြင်း၊

၄။ သေခိယနှင့်အညီ သင်္ကန်းကို ကောင်းစွာဝတ်ရုံခြင်း၊

၅။ ရှေ့သို့တက်ခြင်း၊ နောက်သို့တက်ခြင်း၊ တည့်တည့်ကြည့်ခြင်း၊ စောင်းငဲ့ကြည့်ခြင်း၊ လက်ခြေတို့ကိုကွေးခြင်း၊ ဆန့်ခြင်းတို့၌ ကြည်ညိုဖွယ်ကို ဆောင်ခြင်း၊

၆။ မျက်လွှာချ၍ ကြည်ညိုဖွယ်ကောင်းသော ဣရိယာပုတ်နှင့် ပြည့်စုံခြင်း၊

၇။ စက္ခုစသော ဣန္ဒြေတို့ကို လုံခြုံအောင်စောင့်စည်းခြင်း၊

၈။ ဘောဇဉ်၌အတိုင်းအရှည်ကိုသိခြင်း၊

၉။ နိုးကြားမှု၌အမြဲမပြတ်ယှဉ်ခြင်း၊

၁၀။ သတိသမ္ပဇဉ်နှင့်ပြည့်စုံခြင်း၊

၁၁။ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ လုံ့လရှိခြင်း၊

၁၂။ သေးငယ်သောသိက္ခာပုဒ်တို့ကို အလေးအမြတ်ပြု၍ ရိုသေစောင့်ထိန်းခြင်း၊

## ၂။ ဂေါစရ ဆွမ်းခံသွားခြင်းစသည့်အလို့ငှာ ချဉ်းကပ်၍ သင့်သော အရပ်ဒေသ၊ ပုဂ္ဂိုလ်၊

၁။ ကံ-ကံ၏အကျိုးကိုယုံကြည်သောသဒ္ဓါတရားပေါများသောပုဂ္ဂိုလ်

၂။ ရတနာသုံးပါးကို ကြည်ညိုသောပုဂ္ဂိုလ်၊

၃။ စတုဒိသာရေတွင်း-ရေကန်သဖွယ် ဖြစ်သောပုဂ္ဂိုလ်၊

၄။ ရဟန်းတို့၏ သင်္ကန်းရောင် တပြောင်ပြောင်တောက်ပသောပုဂ္ဂိုလ်တို့၏ အိမ်၊

၅။ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ ဥပါသိကာမတို့ကို မဆဲရေးသော ပုဂ္ဂိုလ်တို့ကို ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံခြင်း၊ ယင်းပုဂ္ဂိုလ်တို့၏ နေထိုင်ရာ အရပ်ဒေသသို့ချဉ်းကပ်သွားလာခြင်း၊

## ရဟန်းတို့ကျက်စားသင့်သော နေရာ(ဂေါစရ-၃)မျိုး

### ၁။ ဥပနိဿယဂေါစရ

သီလစသောဂုဏ်တို့၏ အားကြီး သောမှီရာအကြောင်းဖြစ်သော ကျက်စားရာ၊

ကထာဝတ္ထု(၁၀)ပါးနှင့်ပြည့်စုံသော ကလျာဏမိတ္တပုဂ္ဂိုလ်ကို မှီခဲ ဆည်းကပ်ရမည်။

၁။ အပ္ပိစ္ဆကထာ = အလိုနည်းခြင်းနှင့်စပ်သောစကား

၂။ သန္တောသကထာ = ရောင့်ရဲလွယ်ခြင်းနှင့်စပ်သောစကား

၃။ ပဝိဝေကကထာ = ဆိတ်ငြိမ်ခြင်းနှင့်စပ်သောစကား

၄။ အသံသဂ္ဂကထာ = မငြိတွယ်ခြင်းနှင့်စပ်သောစကား

၅။ ဝိရိယာရမ္ဘကထာ = ပြင်းစွာအားထုတ်ခြင်းနှင့်စပ်သော စကား

၆။ သီလကထာ = သီလနှင့်စပ်သောစကား

၇။ သမာဓိကထာ = သမာဓိနှင့်စပ်သောစကား

၈။ ပညာကထာ = ပညာနှင့်စပ်သောစကား

၉။ ဝိမုတ္တိကထာ = အရိယာဖိုလ်နှင့်စပ်သောစကား

၁၀။ ဝိမုတ္တိဉာဏဒဿနကထာ = ပစ္စဝေက္ခဏာဉာဏ်နှင့်စပ်သော စကား

ဤ(၁၀)ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းနှင့်ပြည့်စုံလျှင်

(က) မကြားဖူးသေးသော တရားစကားကိုနားကြားရခြင်း၊

(ခ) ကြားနာဖူးပြီးသော တရားစကားဖြစ်ပါက ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်ခြင်း၊

(ဂ) ယုံမှားသံသယကို လွှန်မြောက်နိုင်ခြင်း၊

(ဃ) မှန်ကန်သော ဉာဏ်အမြင်ကို ဖြောင့်မတ်စေနိုင်ခြင်း၊

(င) စိတ်ကို ကြည်လင်ရွှင်လန်းစေခြင်း၊

ဟူသောအကျိုးများကိုရရှိနိုင်ပါသည်။

ထို့ပြင်ကလျာဏမိတ္တ၏ကျင့်ပုံကို အတုလိုက်၍ကျင့်သဖြင့် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတရားတို့ဖြင့် တိုးတက်ကြီးပွားခြင်းဟူသော အကျိုးများကိုလည်း ရရှိနိုင်ပါသည်။

## ၂။ အာရက္ခဂေါစရ

စိတ်၏အစောင့်အရှောက်ဖြစ်သော ကျက်စားရာ ဆွမ်းခံသွားခြင်းစသည့် အလို့ငှါ မြို့ရွာအတွင်းသို့ ဝင်လာသော မြို့ရွာအတွင်း၌ (၄)တောင်ခန့်မှ မျက်လွှာချ၍လျှသွားခြင်း (ဆင်၊ မြင်း၊ ရထား၊ စစ်သည်၊ မိန်းမ ယောကျ်ား စသည်တို့ကို မကြည့်မူ၍ သွားခြင်း)

- အထက်အရပ်သို့ တမော့မော့ကြည့်လျက် မသွားခြင်း၊
- အောက်အရပ်သို့ တငို့ငို့ကြည့်လျက်မသွားခြင်း၊
- ထိုထိုဤဤကြည့်လျက်မသွားခြင်း၊

ဟူသောစကျွန်ခြွေစသည်တို့ကို သတိဖြင့် စောင့်စည်းခြင်းဖြစ်ပါသည်။

## ၃။ ဥပနိဗန္ဓဂေါစရ

စိတ်ကိုဖွဲ့ချည်ရာ ကမ္မဋ္ဌာန်းအာရုံဟူသော ကျက်စားရာ သတိပဋ္ဌာန် လေးပါးတို့၌ ဘာဝနာစိတ်ဖြင့် အမြဲမပြတ်ပွားများ အားထုတ်ခြင်း

ဗုဒ္ဓက . . "ရဟန်းတို့ ခမည်းတော်ဗုဒ္ဓ၏အမွေဥစ္စာဖြစ်သော ရဟန်း၏ ကိုယ်ပိုင်နယ်ပယ်ကျက်စားရာ ဟူသော ဤလေးပါးသော သတိပဋ္ဌာန်တရား ကိုယ်ဟူ၍ မိန့်ကြားထားပါသည်။

### (က) မကျက်စားသင့်သော နေရာများ(အဂေါစရ)(၈)မျိုး

၁။ ပြည့်တန်ဆာမအိမ်လျှင် ရင်းနှီးစွာချဉ်းကပ်ဆက်ဆံမှု

၂။ မုဆိုးမအိမ်လျှင် ရင်းနှီးစွာချဉ်းကပ်ဆက်ဆံမှု

၃။ အပျိုကြီးအိမ်လျှင် ရင်းနှီးစွာချဉ်းကပ်ဆက်ဆံမှု

၄။ ပဏ္ဍုတ်အိမ်လျှင် ရင်းနှီးစွာချဉ်းကပ်ဆက်ဆံမှု

၅။ ဘိက္ခုနီမ ကျောင်းလျှင် ရင်းနှီးစွာချဉ်းကပ်ဆက်ဆံမှု

၆။ သေရည်ဆိုင်လျှင် ရင်းနှီးစွာချဉ်းကပ်ဆက်ဆံမှု

၇။ မင်း, အမတ်အိမ်လျှင် ရင်းနှီးစွာချဉ်းကပ်ဆက်ဆံမှု

၈။ တိတ္ထိ၊ တိတ္ထိတို့၏ တပည့်တို့နှင့်ရင်းနှီးစွာ ချဉ်းကပ်ဆက်ဆံမှု

ဤနေရာများသည် ရဟန်းတော်များ မကျက်စားသင့်သောနေရာများ ဖြစ်ပါသည်။

### (ခ) အနုမြူမျှသေးငယ်လှသောအပြစ်တို့၌ ကြောက်မက်ဖွယ်ဘေးကြီး

လွန်ကျူးလိုသောစေတနာမရှိသော်လည်း အမှုမဲ့ အမှတ်မဲ့နေသဖြင့် သက်ရောက်နိုင်သော သေခိယဝတ်နှင့်အကုသိုလ်စိတ်ဖြစ်ခြင်း စသော အပြစ်ငယ် တို့ကိုသော်မှ ကြောက်စရာဘေးကြီးပါတကား ဟု ရှုမြင်လေ့ရှိသောရဟန်းကို အပြစ်ရှိရှုမြင်လေ့ရှိသောရဟန်းဟု ခေါ်ပါသည်။

ဥပမာ- အနုမြူမျှသေးငယ်လှသော အရာဝတ္ထုကိုယ် အလွန်ကြီး ကျယ် သော မြင့်မိုရ်တောင်အနေဖြင့် ရှုမြင်ခြင်းမျိုးဖြစ်သည်။

## (ဂ) စောင့်ထိန်းကျင့်ဖွယ်မှန်သမျှသော သိက္ခာပုဒ်တို့၌ အကုန်ဆောက်တည်၏

သိက္ခာပုဒ်တို့၌ ကျင့်ထိုက်သမျှသော မူလပညတ် အနုပညတ် စသည်တို့ကို အလုံးစုံကုန်စင်အောင် ကျင့်သုံးဆောက်တည်ခြင်းဖြစ်၏။

ရဟန်းတော်များသည် ဝိနည်းဟူသော ပါရာဇိက(၄)ပါးနှင့်တကွသော (၂၂၇)သွယ်သော ဝိနည်းပညတ်ချက် အာပါတ်(၇)ပုံ ဟူသော-

၁။ ပါရာဇိကအာပါတ်(၄)ပါး

၂။ သံဃာဒိသိသ်အာပါတ်(၁၃)ပါး

၃။ ပါဠိဒေသနီအာပါတ်(၂)ပါး

၄။ နိဿဂ္ဂိယပါစိတ်အာပါတ်(၃၀)
ပါစိတ္တိယအာပါတ်(၉၂)

၅။ သေခိယစသောအာပါတ်(၇၅) (ဒုက္ကဋ်အာပါတ်)

၆။ ထုလ္လစဥ်းအာပါတ်

၇။ ဒုဗ္ဘာသီအာပါတ်

ဟူသော အာပါတ်(၇)ပုံတို့ကို မကျိုးမပေါက်ကြားအောင် သဒ္ဓါတရားအပြည့်ဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်ကြရသည်။

ရဟန်းတို့၏(၂၂၇)သွယ်သောသိက္ခာပုဒ်တွင်-

ပါရာဇိက(၄)ပါးနှင့်သံဃာဒိသိသ်(၁၃)ပါး- အာပါတ်အားဖြင့် (၂)ပုံ သိက္ခာပုဒ်အားဖြင့် (၁၇)ချက် ဝိနည်းပညတ်ချက်များသည် ကြီးလေးသောအာပါတ် (ဂရုကအာပါတ်)ဟု ခေါ်သည်။

အကြင်ရဟန်းသည် ပါရာဇိကလေးပါးတွင် တစ်ပါးပါးကို ကျူးလွန်မိက ဒေသနာကံတို့ဖြင့် ကုစား၍မရပေ- စင်ကြယ်လိုက လူသာမဏေပြုလုပ်နေကြရသည်။

သံဃာဒိသိသ်အာပတ်သင့်လျှင် သီလပျက်သည်။ သီလစင်ကြယ်လို၍ ပြန်တည်လိုသော်- ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းအရ-

(က) ပရိဝါသ်ဆောက်တည်ခြင်း

(ခ ) မာရ်နတ်ခြောက်ညဥ့်ကျင့်ခြင်း

(ဂ ) အဗ္ဘာန္ကကံဆောက်တည်ခြင်း

စသည်တို့ကို သံဃာပရိသတ်နှင့်ပြုလုပ်မှ သီလစင်ကြယ်သည်၊ ယင်းသံဃာဒိသိသ်အာပါတ်သည် သံဃာနှင့်ဆက်စပ်ပြုလုပ်မှသာ ပြီးစီးနိုင်သောကြောင့် အလွန်ဝန်လေးသည်၊သို့အတွက်လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

နိဿဂ္ဂိယပါစိတ်အာပတ်များမှု ဝိနည်းဓမ္မကံအရ ပစ္စည်းစွန့်ပြီး ဒေသနာကြားလျှင် သီလစင်ကြယ်သည်။

ကြွင်းကျန်သော အာပါတ်များသည် တရားအားမထုတ်မီတွင် အိမ်လုံးတောင်းလုံးလောက်ပင် သင့်ထားပါသော်လည်း တရားအားမထုတ်မီ ရှေ့အဖို့၌ သံဃာနှစ်ပါးဒေသနာကြားက သီလစင်ကြယ်၍ နိဗ္ဗာန်ရောက်နိုင်ပါသည်။

## ၂။ ဣန္ဒြိယသံဝရသီလ

စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေခြောက်ပါးတို့ကို လုံခြုံအောင် ထိန်းသိမ်းခြင်းဖြစ်သည်။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသော ထိုရဟန်းသည် -

- မျက်စိဖြင့်အဆင်းကိုမြင်သော်
- နားဖြင့်အသံကိုကြားသည်ရှိသော်
- နှာခေါင်းဖြင့်အနံ့ကိုရသည်ရှိသော်
- လျှာဖြင့်အရသာကို လျက်သည်ရှိသော်
- ကိုယ်ဖြင့်အတွေ့အထိကို တွေ့ထိသော်

မိန်းမ ယောကျ်ားစသော ပုံသဏ္ဍာန်နိမိတ်ကို မှတ်ယူလေ့မရှိ လက်ခြေ ပြုံးရယ်ခြင်းစသော အသေးစိတ်အမူအရာကလေးများကို မှတ်ယူလေ့မရှိပေ။

စက္ခုန္ဒြေစသည်ကိုမစောင့်ရှောက်နိုင်ဘဲ နေသည်ရှိသော် ထိုသို့နေသော ရဟန်းကို စက္ခုန္ဒြေကို မစောင့်စည်းခြင်း ဟူသောအကြောင်းကြောင့် အဘိဇ္ဈာ-ဒေါမနဿဖြစ်ကုန်သော အကုသိုလ်တရားတို့သည် အစဉ်တစိုက်လိုက်ကုန်၏။

ထိုတရားဆိုးများမလိုက်စေရန် ထိုစက္ခုန္ဒြေစသော ဣန္ဒြေတို့ကို စောင့်စည်းခြင်းအကျိုးငှာ ကျင့်၏၊ စောင့်ရှောက်၏၊ ထိုစက္ခုန္ဒြေ စသည်တို့ကို ပိတ်ဆို့စောင့်ဆည်းခြင်းသို့ ရောက်၏။

## ဣန္ဒြိယသံဝရ၏အင်္ဂါ(၂)ပါး

၁။ နနိမိတ္တဂ္ဂါဟီ =မိန်းမ, ယောက်ျား ပုံသဏ္ဌာန်, တင့်တယ်ဟန်နိမိတ် စသည်တို့ကို လည်းကောင်း ကိလေသာမဖြစ်ကြောင်းအာရုံ၊ နိမိတ်တို့ကို လည်းကောင်း မမှတ်ယူရ။

၂။ နနုဗျဉ္ဇနဂ္ဂါဟီ =ကိလေသာတို့ကို အဖန်ဖန်အထပ်ထပ် ထင်ရှားပေါ်လွင် အောင် ပြုတတ်သောလက်ဟန်၊ ခြေဟန်၊ ပြုံးရယ်ခြင်း၊ တည့်တည့်ကြည့်ခြင်း၊ စောင်းငဲ့ကြည့်ရှုခြင်း စသော အသေး စိတ်အမူအရာတို့ကို မမှတ်ရပေ (နနုဗျဉ္ဇနဂ္ဂါဟီ)

-မြင်ရသောထိုရုပ်ကိုယ်၌ ထင်ရှားပေါ်လွင်နေသော ဆံပင်, မွေးညင်း စသောရွံရှာဖွယ်အဖိုအစုကိုသာ နှလုံးသွင်းယူရပါမည်။

-မျက်စိ(စက္ခု)ဟုခေါ်သော မျက်စိအကြည်ရုပ်(စက္ခုပသာဒ) ဟူသော အကြောင်းသည် မျက်စိအသိစိတ် (စက္ခုဝိညာဏ်စိတ်) တစ်မျိုးတည်းနှင့်သာ ဆက်ဆံပါသည်၊ အခြားနားအသိစိတ်များနှင့် မဆက်ဆံပါ။

မျက်စိအကြည်ရုပ်သည် မိမိကိုမှီသောစိတ်မရှိလျှင် အဆင်း(ရုပ်စုံ)ကို မမြင်နိုင်ပါပေ။ ဤမျက်စိအသိစိတ်သည် မျက်စိ အကြည်ရုပ်မရှိပါက အဆင်း (ရူပါရုံ)ကို မမြင်နိုင်ပါ၊ မျက်စိအကြည်ရုပ် (စက္ခုပသာဒရုပ်) ဟူသောအပေါက် (ဒွါရ)နှင့်အဆင်း(ရူပါရုံ)ဟူသော အာရုံတို့ကို အချင်းချင်းပေါင်းစုံထိခိုက်မှသာ စက္ခုပသာဒရုပ်ကို အမှီရသော မျက်စိအသိစိတ် (စက္ခုဝိညာဏ်စိတ်)သည် အဆင်း ကို မြင်တွေ့နိုင်ပါသည်။

ဥပမာ - လေးသက်သက်ဖြင့်လည်း ပစ်မှတ်ကိုထိမှန်အောင် မပစ်ခတ်နိုင် မြှားသက်သက်ဖြင့်လည်း ပစ်မှတ်ကို ထိမှန်အောင် မပစ်နိုင်၊ အမှတ်စင်စစ် လေးနှင့်မြှားကိုပေါင်းစပ်၍ လေးညို့ကို ဆွဲကိုင်ပစ်မှသာ လိုရာပစ်မှတ်ကို ထိမှန်သကဲ့သို့ ဖြစ်ပါသည်။

ဤဥပမာ၌ - လေးသည်မှီရာ စက္ခုပသာဒရုပ်နှင့်တူ၏၊
- မြှားသည်မှီတတ်သော စက္ခုဝိညာဏ်နှင့်တူ၏၊
- မြှား၏ပစ်မှတ်ကို ထိမှန်ခြင်းသည် စက္ခုဝိညာဏ်ဖြင့် ရူပါရုံကိုမြင်ခြင်းနှင့်တူ၏၊

စက္ခုပသာဒကိုမှီ၍ အမှတ်ရမှုသတိသည်လည်းကောင်း၊ အမှတ်မရမှု သတိလွတ်ခြင်း၊ မေ့လျော့ခြင်းသည်လည်းကောင်း မဖြစ်နိုင်သောကြောင့် စက္ခုပသာဒခေါ် စက္ခုန္ဒြေ၌စောင့်စည်းမှု၊ မစောင့်စည်းမှုတို့၌ မရှိပါ။

အဆင်းနှင့်မျက်စိအကြည်ရုပ်တို့ (ရူပါရုံနှင့်စက္ခုပသာဒ)တို့ ပေါင်းဆုံထိခိုက်၍ ဖြစ်ပေါ်လာသော မျက်စိအပေါက်စိတ်ဖြစ်စဉ် (စက္ခုဒွါရိကဝီထိ) ဖြစ်စဉ်၌-

| | | | |
|---|---|---|---|
| ၁။ | အတီတဘဝင် | = | လွန်သောဘဝင် |
| ၂။ | ဘဝင်္ဂစလန | = | လှုပ်ရှားသောဘဝင် |
| ၃။ | ဘဝင်္ဂုပစ္ဆေဒ | = | ပြတ်သောဘဝင် |
| ၄။ | ပဉ္စဒွါရာဝဇ္ဇန်း | = | ငါးဒွါရ၌ဆင်ခြင်မှု |
| ၅။ | စက္ခုဝိညာဏ် | = | မြင်ခြင်းကိစ္စ |
| ၆။ | သမ္ပဋိစ္ဆိုင်း | = | လက်ခံသောစိတ် |
| ၇။ | သန္တီရဏ | = | စုံစမ်းသောစိတ် |
| ၈။ | ဝုဋ္ဌော | = | ဆုံးဖြတ်သောစိတ် |
| ၉-၁၅။ | ဇော(၇)ကြိမ် | = | ခံစားသောစိတ် |
| ၁၆-၁၇။ | တဒါရုံ(၂)ကြိမ် | = | စိတ်အစဉ်လိုက်မှု |
| | ဘဝင် | = | ငြိမ်သက်သောစိတ် |

ထိုစိတ်စဉ်(၁၇)ချက်တွင် စိတ်တစ်ခု၌ ဥပါဒ်-ဌီ-ဘင် (ဖြစ်-တည်း -ပျက်) စိတ္တက္ခဏာတစ်ချက်စီဖြစ်လေသည်။

စိတ်အစဉ်(ဝီထိ)ဖြစ်ပုံမှာ

| | | | | | | | |
|---|---|---|---|---|---|---|---|
| တီ | န | ဒ | ပ | စ | သံ | ဏ | ဝု |
| ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |
| ooo | ooo | ooo | ooo | ooo | ooo | | ooo |

(ကြိယာ-အဗျာကတ)

| | | | | | | |
|---|---|---|---|---|---|---|
| ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ |
| ooo | ooo | ooo | ooo | ooo | ooo | ooo |

ကုသိုလ်-အကုသိုလ်

| | | |
|---|---|---|
| ရုံ | ရုံ | ဘွင် |
| ooo | ooo | ooo |

(အဗျာကတ)

ဤစိတ်အစဉ်တွင် ပထမဦးစွာ လှုပ်သောဘဝင်၊ ပြတ်သောဘဝင် (၂)ကြိမ်ဖြစ်၍ ဖြစ်-တည်-ပျက်ဖြင့် ချုပ်ပျောက်၏။

ထို့နောက် ပဉ္စဒွါရာဝဇ္ဇန်း စိတ်ခေါ်ကြိယာမနောဓာတ်သည် ဆင်ခြင်သောကိစ္စကို ဆောင်ရွက်ပြီးလျှင် ဖြစ်-တည်-ပျက် ဖြင့် ချုပ်ပျောက်သွား၏။

ထို့နောက် စက္ခုဝိညာဏ်(မျက်စိအသိစိတ်)သည် မြင်ခြင်းကိစ္စကို ဆောင်ရွက်လျက်ဖြစ်ပေါ်လာပြီးလျှင် ဖြစ်-တည်-ပျက် ဖြင့် ချုပ်ပျောက်သွား၏။

ထို့နောက် သမ္ပဋိစ္ဆိုင်းစိတ်ခေါ် ဝိပါက်မနောဓာတ်သည် လက်ခံခြင်းကိစ္စကိုဆောင်ရွက်လျက် ဖြစ်ပေါ်လာပြီးလျှင် ဖြစ်-တည်-ပျက်ဖြင့် ချုပ်ပျောက်သွား၏။

ထို့နောက် သန္တိရဏစိတ်ခေါ် ဝိပါက်မနောဓာတ်သည် စုံစမ်းခြင်းကိစ္စကို ဆောင်ရွက်လျက် ဖြစ်ပေါ်လာပြီးလျှင် ဖြစ်-တည်-ပျက်ဖြင့် ချုပ်ပျောက်သွား၏။

ထို့နောက် ဝုဋ္ဌောစိတ်ခေါ် ကြိယာအဟိတ်မနောဝိညာဏဓာတ်ပါက်သည် ဆုံးဖြတ်လက်ခံခြင်း ကိစ္စကိုဆောင်ရွက်လျက် ဖြစ်ပေါ်လာပြီးလျှင် ဖြစ်-တည်-ပျက်ဖြင့် ချုပ်ပျောက်သွား၏။

ထို ဝုဋ္ဌောစိတ်၏အခြားမဲ့၌ ခံစားမှု(ဇော)စိတ်များ (၇)ကြိမ်ဖြစ်ပေါ်ပြီး ဖြစ်-တည်-ပျက်ဖြင့် ပျောက်သွား၏။

ထိုဝီထိစိတ်ဖြစ်စဉ်၌ ဘဝင်စိတ်ဖြစ်ရာအခါမှစ၍ ဝုဋ္ဌောစိတ်ဖြစ်ရာ အခါတို့၌ စောင့်စည်းခြင်း၊ မစောင့်စည်းခြင်း မည်သည်မဖြစ်သေးပါ။

ဇောစိတ်ဖြစ်ရာအခါ၌ အကယ်၍ သီလမရှိသူအဖြစ် (ဒုဿီ သီလ)၊ သတိလွတ်ကင်းသူအဖြစ် (မုဋ္ဌသစ္စာ)၊ အသိဉာဏ်ကင်းမဲ့သူ အဖြစ်(အညာဏ)၊ သည်းမခံနိုင်သူအဖြစ်(အက္ခန္တိ)၊ ပျင်းရိသူအဖြစ် (ကောသဇ္ဇ) ဟူသော တရားများ ဖြစ်ပေါ်လာပါက ထိုဇောခဏသို့ ရောက်သောအခါမှသာ စောင့်စည်းမှု၊ မစောင့် စည်းမှုတို့သည် ဖြစ်ပေါ်လာရပါသည်။

ထိုဇောခဏ၌ မစောင့်စည်းခြင်းဖြစ်ပေါ်လာလျှင် ဒွါရသည်လည်းကောင်း ဘဝင်သည်လည်းကောင်း၊ အာဝဇ္ဇာန်အစရှိသော ဝီထိစိတ်တို့သည်လည်းကောင်း၊ မလုံခြုံနိုင်တော့ပါ။

ထို့ကြောင့် ဇောခဏ၌ဖြစ်ပေါ်လာသော မစောင့်စည်းမှုကို စက္ခုဒြေ မစောင့်စည်းခြင်း ဟုဆိုပါသည်။

ဥပမာ-မြို့တစ်ခါးလေးပေါက်၌ လုံခြုံအောင်မပိတ်ဆို့လျှင် မြို့တွင်ရှိသော ဘဏ္ဍာတိုက်တာ၊ အိမ်ခြံတို့ မည်မျှပိတ်ဆို့ထားစေကာမူ မလုံခြုံသကဲ့သို့ ခိုးသူတို့ မြို့တံခါးပေါက်တို့မှဝင်ရောက်၍ အလိုရှိတိုင်းပြုလုပ်နိုင်ပါသည်။

(အဇ္ဈတ္တ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ် ဟူသောအပေါက်နှင့် အသံ, အနံ့, အရသာ အတွေ့အထိသဘာဝဖြစ် လူတို့ကို ထိန်းသိမ်းစောင့်ရှောက်မှု သည်လည်း ဤစက္ခုသဘောအတိုင်းသိပါလေ)

## ၃။ အာဇီဝပါရိသုဒ္ဓိသီလ

အသက်ရှင်ခြင်း၏ မှီခိုရာအကြောင်းဖြစ်သော ပစ္စည်းရှာမှီးကြောင်း လုံ့လ၏(ဝါ) အသက်မွေးမှု၏ ထက်ဝန်းကျင် သန့်ရှင်း စင်ကြယ်ခြင်း။

အသက်မွေးမှုကို အကြောင်းပြု၍ ပညတ်တော်မူထားသော သိက္ခာပုဒ် (၆)ပါးတို့ကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ ကုဟန၊ လပန၊ နေမိတ္တိကတာ၊ နိပ္ပေသိကတာ၊ လာဘေနာ လာဘ နိဇိဂိသနတာ-စသော ယုတ်မာသောတရား၏အစွမ်းဖြင့် ဖြစ်သော မှားယွင်းသော အသက်မွေးမှုမှ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း-အာဇီဝပါရိ သုဒ္ဓိသီလမည်၏။

### ရှောင်ကြဉ်ရမည့် မိစ္ဆာဇီဝ(၆)မျိုး

### (က) ဗုဒ္ဓသည် ပညတ်ထားသော သိက္ခာပုဒ်(၆)ပါးတို့ကို လွန်ကျူး၍ အသက်မွေးခြင်းများ

၁။ အသက်မွေးမှု ချောင်ချိအောင် ယုတ်မာသောအကုသိုလ်ဖြင့် မိမိ၌ ထင်ရှားမရှိသော လူတို့၏ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား(ဥတ္တရိ မနုဿဓမ္မ)ကို ဝါကြွား၊ ပြောဆိုခြင်း၊ (ထိုသို့ဝါကြွားပြောဆိုပါက ပါရာဇိကအာပတ်သင့်၏)

၂။ အသက်မွေးမှုဟူသော အကြောင်းကြောင့် တမန်ပြုလုပ်ပေးခြင်း (ထိုသို့ပြုလုပ်ပေးက သံဃာဒိသိသ်အာပါတ်သင့်၏)

၃။ အသက်မွေးမှုဟူသောအကြောင်းကြောင့် သင်၏ကျောင်း၌နေသော ရဟန်းသည် ရဟန္တာဖြစ်၏-ဟု မိမိကိုယ်ကိုရည်ညွှန်း၍ ပြောဆိုခြင်း (ထိုသို့ပြောဆို၍ အပြောခံရသူ ဒါယကာနားလည်က၊ ထုလ္လစ္စဉ်း အာပါတ်သင့်၏)

၄။ အသက်မွေးမှုဟူသောအကြောင်းကြောင့် ဂိလာနမဟုတ်ဘဲ မွန်မြတ်သောဘောဇဉ်ကို မိမိအတွက်တောင်းယူ၍စားသုံးခြင်း (ထိုသို့တောင်းယူစားပါက ပါစိတ်အာပါတ်သင့်၏)

၅။ အသက်မွေးမှုဟူသောအကြောင်းကြောင့် ဘိက္ခုနီမသည် မွန်မြတ်သော ဘောဇဉ်ကို မိမိအတွက်တောင်းယူ၍စားသုံးခြင်း
(ထိုသို့ တောင်းယူစားသုံးလျှင် ပါဋိဒေသနိယ အာပါတ်သင့်၏)

၆။ အသက်မွေးမှုဟူသောအကြောင်းကြောင့် ဂိလာနမဟုတ်ဘဲ ဆွမ်း-ဆွမ်းဟင်းကို မိမိအတွက်တောင်းယူ၍စားသုံးခြင်း
(ထိုသို့ တောင်းယူစားသုံးလျှင် ဒုက္ကဋ်အာပါတ်သင့်၏)

## (ခ) ကုဟန(၃)ပါးတွင် တစ်ပါးပါးဖြင့် သူတစ်ပါးအထင်ကြီးအောင် အံ့ဩဖွယ်ဟန်ဆောင်၍ အသက်မွေးခြင်း

လာဘ = သက်နိုးစသော သာမန်ပစ္စည်းများ၊

သက္ကာရ= အရိုအသေပြု၍ လှူအပ်သော ထူးခြားသောပစ္စည်းများ

သိလောက = ကျော်စောထင်ရှားခြင်း. . . တို့ကို ရလို၍

၁။ ပစ္စယပဋိသေဝနကုဟန = မိမိ၌မရှိသော သဒ္ဓါ, သီလ စသော ဂုဏ်တို့ကို ရှိဟန်ဆောင်၍ အံ့ဩဖွယ်ကိုပြခြင်း၊

၂။ သာမန္တဇပ္ပနကုဟန = ဈာန်မဂ်ဖိုလ်နှင့်စပ်၍ မိမိကို သူတစ်ပါးကဲ့သို့ပြု၍ အနီး၌ ပြောဆိုခြင်း၊ အံ့ဩဖွယ်ဖြစ်အောင် ဟန်ဆောင်ခြင်း၊

၃။ ဣရိယာပထကုဟန = မိမိကို သူတစ်ပါးက အရိယာဟု ထင်မှတ်စေရန် ဣရိယာပုတ်ကို စတင်ထားခြင်း၊ အမူအရာကို သေချာစွာထားခြင်း၊ ဟန်ဆောင်၍ အံ့ဩဖွယ်ကို ပြုခြင်း၊

## (ဂ) လပန-စသည်(၁၃)ပါးတို့တွင် တစ်ပါးပါးဖြင့် ပစ္စည်းလှူရေး လမ်းကြောင်းပေး၍ ပြောဆိုကာအသက်မွေးခြင်း

၁။ လပန = မေး၍ပြန်ကြားပြောဆိုခြင်း၊

၂။ အာလပန = လှူရေးနှင့်စပ်သော စကားကိုရှေးဦးစွာ ကြိုတင်၍ ပြောဆိုခြင်း၊

၃။ သလ္လပန = လွန်စွာအဖန်ဖန်အထပ်ထပ်ပြောဆိုခြင်း၊

၄။ ဥလ္လပန = မြှောက်ပင့်၍ ပြောဆိုခြင်း၊

၅။ သမုလ္လပနာ = လွန်လွန်ကဲကဲမြှောက်ပင့်၍ ပြောဆိုခြင်း၊

၆။ ဥန္နဟနာ = မလျှော့ဘဲမနေနိုင်အောင် အဆင့်ဆင့်ချည်တုပ်၍ ပြောဆိုခြင်း၊

၇။ သမုန္နဟနာ = လွန်ကဲစွာချည်တုပ်၍ ပြောဆိုခြင်း၊

၈။ ဥက္ကာဝနာ = မြှောက်ပင့်ချီးကျူး၍ပြောဆိုခြင်း၊

၉။ သမုက္ကာစနာ = လွန်စွာမြှောက်ပင့် ချီးကျူး၍ပြောဆိုခြင်း၊

၁၀။ အနုပ္ပိယဘာယဏိတာ = အမှန်တရားကိုမငဲ့ကွက်ဘဲ ချစ်ဖွယ် သောစကားကို အဖန်ဖန် အထပ်ထပ် ပြောဆိုခြင်း၊

၁၁။ စာဋုကမျတာ = လူတို့ကြည်ညိုမြတ်နိုးစေရန် ဟုတ်ကဲ့ဗျာ စသည်ဖြင့် နှိမ့်နှိမ့်ချချပြောဆိုခြင်း၊

၁၂။ မုဂ္ဂသုပျတာ = ပဲနောက်ဟင်းအလာအမှန်နည်း၍ အမှားများစွာ ပြောဆိုခြင်း၊

၁၃။ ပါရိဘဋျတာ = ကလေးထိန်းကဲ့သို့ ကလေးတို့ကို ချီးပိုးထိန်းကျောင်းကာ ယုယုယယချော့မော့ပြောဆိုခြင်း၊

## (ဃ) နေမိတ္တိကတာ (၆)ပါးတို့တွင် တစ်ပါးပါးဖြင့် လှူဒါန်းစိတ်ပေါ်အောင် အရိတ်နိမိတ်ပြ၍ အသက်မွေးခြင်း

၁။ နိမိတ္တ = လူတို့အားပစ္စည်းလှူရေးအတွက် အမှတ်ရစေကာ နိမိတ်ပြစကားကို ပြောဆိုခြင်း၊

၂။ နိမိတ္တကမ္မ = စားသောက်ဖွယ် ယူဆောင်သွားသည်များကို မြင်၍ စားစရာရခဲ့သလား စသည်ဖြင့် အမှတ်နိမိတ်ပြ၍ ပြောဆိုခြင်း၊

၃။ ဩဘာသကမ္မ = မိမိကိုချစ်သည်ကို အမူအရာဖြင့် အရိပ်အကဲပြခြင်း၊

၄။ သာမန္တဇပ္ပန = လိုချင်သောပစ္စည်းသို့ရောက်အောင် တဖြေးဖြေး စည်းရုံးသိမ်းသွင်း၍ နီးကပ်အောင် ပြောဆိုခြင်း၊

၅။ ပရိကထာ = လိုချင်သောပစ္စည်းကိုရရှိအောင် သိုင်းဝိုင်း လည်ပတ်၍ ထပ်တလဲလဲ ပြောဆိုခြင်း၊

## (င) နိပ္ပေသိကထာ (၁၁)ပါးတို့တွင် တစ်ပါးပါးဖြင့်မလျှာဘဲ မနေသာအောင် ဖိနှိပ်ကြိတ်ချေပြောဆို၍ အသက်မွေးခြင်း

၁။ အက္ကောသနာ = လူတို့ကြောက်လန့်ပြီး လှူအောင်ဆဲရေးခြင်း (၁၀)မျိုးဖြင့် ဆဲဆိုခြင်း၊

၂။ ဝမ္ဘနာ = လူတို့ကြောက်လန့်ပြီး လှူအောင်ရှုတ်ချ ပြောဆိုခြင်း၊

၃။ ဂရဟနာ = လူတို့အား ကြောင်းလန့်စေပြီး လှူအောင် ကဲ့ရဲ့ ပြစ်တင် ပြောဆိုခြင်း၊

၄။ ဥက္ခေပနာ = မလှူဘဲနေသည်ကိုမြင်၍ အော် အလှူရှင်ပါတကား ဟု ငေါ်တော့တော့ စကားမျိုး ပြောဆို၍ လူ-ဒါယကာစသည်အဖြစ်မှ ထုတ်ပယ်ခြင်း၊

၅။ သမုက္ခေပနာ = အော်- အလှူရှင်ပါတကားဟု အလွန်အမင်း ငေါ်တော့တော့ စကားမျိုး ပြောဆိုခြင်း၊

၆။ ခိပနာ = စောင်းချိတ်ပြောဆိုခြင်း၊ ပြက်ရယ်ပြု၍ ပြောဆိုခြင်း၊

၇။ သံခိပနာ = မရှိဆိုအရမ်းလှူတဲ့သူ စသည်ဖြင့် မလှူသူ၏အဖြစ်သို့ရောက်အောင် ပြက်ရယ်ပြု၍ ပြော ဆိုခြင်း၊

၈။ ပါပနာ = ကပ်စေးနဲ့ လူဖြစ်ကျိုးမနပ်သူ စသည်ဖြင့် မလှူသူ၏ အဖြစ်သို့ရောက်အောင် ပြောဆိုခြင်း၊

၉။ သမ္ပာပနာ = လှူသူ၏ အဖြစ်သို့မရောက်ရောက်အောင် အမျိုးမျိုး ပြောဆိုခြင်း၊

၁၀။ အဝဏ္ဏဟာရိတာ = အရှက်ရ၍ လျှုလိမ့်မည်ဟူသော အလိုဆိုးဖြင့် ကျေးဇူးမဲ့အထွေထွေကို ရှာရှာဖွေဖွေ ပြောဆို၍ မကောင်းသတင်းလွှင့်ခြင်း၊

၁၁။ ပရမိဋ္ဌိမံသိကထာ = မျက်မှောက်ချိုသာပြီး မျက်ကွယ်အပြစ်ပြောဆိုခြင်း၊

## (ခ) လာဘေနလာဘာနိဇိဂိသနတာ လာဘ်တစ်ပါးဖြင့်များ၍ အခြားလာဘ်ကိုရအောင်ရှာမှီးလျက် အသက်မွေးခြင်းများ

လာဘ, သက္ကာရ, သိလောကတို့ကို များစွာရလို၍ အိမ်တစ်အိမ်မှရသော ဆွမ်းစသော အနည်းငယ်ကို အခြားအိမ်တစ်အိမ်သို့ပေး၏။ ထိုအခြားအိမ်က ရသော ဆွမ်းစသော အာမိသအနည်းငယ်ကို အခြားအိမ်တစ်အိမ်သို့ပေးပြန်၏။

ဤနည်းဖြင့်ရပြီးသော အာမိသဖြင့်မရသေးသော အာမိသကိုအလိုရှိခြင်း ရှာမှီးခြင်း၊ အဖန်ဖန်ရှာမှီးခြင်းတို့ ဖြစ်ပါသည်။

(ဤသည်တို့မှာ ခုဒ္ဒကဝိဘင်းပါဠိတော်၌လာသော ကုဟန စသည်တို့ ဖြစ်ပါသည်၊ မဟာနိဒ္ဒေသ၌လာသော ကုဟနစသည်တို့သည်လည်း ရှိပါသည်)

## အခြားယုတ်မာသော အသက်မွေးမှုများ(ပါပဓမ္မ)

သီလက္ခန္ဓဝဂ်ပြဟ္မဇာလသုတ်တော်၌ ဗုဒ္ဓဟောကြားထားသော- အင်္ဂကျမ်းအတတ်၊ နိမိတ်အတတ်၊ ဥပ္ပါတကျမ်းအတတ်၊ အိပ်မက်ကျမ်းအတတ်၊ လက္ခဏာကျမ်းအတတ်၊ ကြွက်ကိုက်ကျမ်းအတတ်၊ မီးပူဇော်ခြင်းအတတ် စသော အတတ်ပညာများသည် ယုတ်မာသော အကျင့်မှားယွင်းသောအကျင့် အသက်မွေးမှု(မိစ္ဆာဇီဝ)များဖြစ်ကြပါသည်။

အချို့သော ရဟန်းတို့သည် ဤအတတ်ပညာတို့ကို အသုံးချ၍ အများ ပြည်သူတို့ သဒ္ဓါ၍လှူဒါန်းအပ်သော သုံးဆောင်ဖွယ်ပစ္စည်းများမှန်သမျှကို ရအောင်ပြုလုပ်တတ်ကြလေ့ရှိကြပါသည်။

ဤသို့ပြုလုပ်ခြင်းသည် ရဟန်းတော်များအတွက် မအပ်စပ်သော နည်းလမ်းများဖြင့် ရှာဖွေရာရောက်သဖြင့် ယင်းတို့ကို မှားယွင်းသော အသက်မွေးမှု ဟု ဆိုရပါသည်။

(အကျယ်ကို သီလက္ခန္ဓ စူဠသီလ မဟာသီလ၌ကြည့်ပါ)

## ၄။ ပစ္စယသန္နိဿိတသီလ

သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ဟူသောပစ္စည်းလေးပါးကို ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်း၊

### (က) သင်္ကန်း၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံ(၄)မျိုး

၁။ အအေးကိုပယ်ဖျောက်ခြင်း အကျိုးငှာ
(ကိုယ်တွင်းသန္တန်ဓာတ် ချောက်ခြား+ပြင်ပဥတု)

၂။ အပူကိုပယ်ဖျောက်ခြင်း အကျိုးငှာ
(ကိုယ်တွင်းသန္တန်ဓာတ် ချောက်ခြား+ပြင်ပဥတု)

၃။ မှက်, ခြင် မြူမပါသောလေ၊ မြူပါသောလေ၊ နေပူ၊ မြွေ အစ ရှိသော တွားသွားသတ္တဝါတို့၏ ကိုက်ခြင်းအတွေ့၊ ထိခြင်း အတွေ့တို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာ

၄။ အရှက်ဂုဏ်ကို ပျက်စေတတ်သော ကိုယ်အင်္ဂါကြီးငယ်ကို လုံခြုံအောင် ဖုံးလွှမ်းခြင်းအကျိုးငှာ. . . သင်္ကန်းကို ဝတ်ရုံ သုံးဆောင်မှီဝဲပါ၏။

### (ခ) ဆွမ်းကို ပစ္စဝေက္ခဏာဆင်ခြင်ပုံ(၁၃)ပါး

၁။ **နေဝဒဝါယ**

-ရွာသူသားငယ်တို့ကဲ့သို့ မြူးတူးပျော်ပါးကစားခြင်း အကျိုးငှာ ဆွမ်းစသော အာဟာရကိုမမှီဝဲမသုံးဆောင်ပါ၊ (မောဟ၏ ဥပနိဿယ အကြောင်းဖြစ်သော ပျော်မြူးခြင်း၊ ထိုပျော်မြူးခြင်းကို ပယ်ဖျောက်ခြင်း အကျိုးငှါ)

-မောဟ၏ဥပနိဿယအကြောင်း ဖြစ်သော မှီဝဲသုံးဆောင်၊ စားသောက်ခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှာ ဟုဆိုလိုပါသည်။

၂။ **နမဒါယ**

-လက်ဝှေ့သမား၊ လက်ပန်းသမား စသည်တို့ကဲ့သို့ ခွန်အား မာန်ယောက်ျားမာန်တို့ဖြင့် မာန်ယစ်ခြင်း အကျိုးငှာ ဆွမ်းစသောအာဟာရကို မမှီဝဲမသုံးဆောင်ပါ။

-(ဒေါသ၏အကြောင်းဖြစ်သော မာန်ယစ်ခြင်းကို ပယ်ဖျောက်ခြင်း အကျိုးငှာ (ဝါ)ဒေါသ၏ဥပနိဿယအကြောင်းဖြစ်သော မှီဝဲသုံးဆောင်ခြင်းကို ပယ်ပျောက်ခြင်းအကျိုးငှာ ဟု ဆိုလိုသည်။

၃။ **နမဏ္ဍနာယ**

-နန်းတွင်းသူ ပြည်တန်ဆာမအစ ရှိသည်တို့ကဲ့သို့ အင်္ဂါကြီးငယ် ဖွံ့ဖြိုး တင့်တယ်လှပစေခြင်း အကျိုးငှာ ဆွမ်းအာဟာရကို မမှီဝဲမသုံးဆောင်ပါ၊

-(ရာဂ၏ဥပနိဿယ အကြောင်းဖြစ်သော အသွေးအသားတိုးပွားခြင်း၊ အရေးအဆင်း ကြည်လင်တောက်ပခြင်းတို့ကိုပယ်ဖျောက်ခြင်းအကျိုးငှာ (ဝါ)ရာဂ၏ဥပနိဿယအကြောင်းဖြစ်သော မှီဝဲသုံးဆောင်ခြင်းကို ပယ်ဖျောက်ခြင်း အကျိုးငှာ -ဟုဆိုလိုသည်။ တစ်နည်း - တစ်ပါးသော ပုဂ္ဂိုလ်မှာ သံယောဇဉ်ဖြစ်ခြင်းကို တားမြစ်ခြင်း အကျိုးငှာ ဟုဆိုလိုပါသည်။

၄။ **နဝိဘူသနာယ**

-ကချေသည် ဂွမ်းသမားစသည်တို့ကဲ့သို့ပင် ကြည်လင်တောက်ပစေခြင်း အကျိုးငှာ ဆွမ်းအာဟာရကို မမှီဝဲမသုံးဆောင်ပါ။

-(ဤသည်မှာ နမဏ္ဍနာယအတိုင်းအတွက် ဆိုလိုပါသည်)၊

၅။ **ဃာဝဒေဝ ကာယဿ ဌိတိယာ**

-မဟာဘုတ်လေးပါးကိုမှီသော ရုပ်အပေါင်းတို့ ကိုယ်၏ အဆက်ဆက် ဖြစ်သော ရုပ်အစဉ်တည်တံ့စေခြင်းအကျိုးငှာ ပယ်ဖျောက်ခြင်းအကျိုးငှာ- ဟု ဆိုလိုပါသည်။

၆။ **ဃာမဿကာယဿယာပနာယ**

-အသက်ခေါ် ဇီဝိတိန္ဒြေ၏ မပြတ်စဲခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရ ကို မှီဝဲသုံးဆောင်ပါ၏၊

-ရုပ်ကိုယ်၏အသက်ဓာတ်ရှိနေသမျှကာလပတ်လုံး တည့်တံ့ခြင်းအကျိုး ငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ပါ၏။

၇။ **ဝိဟိံသူပရတိယာ**

-ဆာလောင်ခြင်းဟူသော နှိပ်စက်ညှဉ်းဆဲတတ်သော အနာ၏ကင်းငြိမ်း ခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ပါ၏၊

၈။ ပြဟ္မစရိယာနုဂ္ဂဟာယ

-သာသနပြဟ္မစရိယ၊ မဂ္ဂပြဟ္မစရိယ ဟူသော အကျင့်မြတ်နှစ်ပါးကို ချီးမြှင့်နိုင်ခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲ သုံးဆောင်ပါ၏။

၉။ ဣတိပုရာဏဉ္စဝေဒနံပဋိဟင်္ခါမိ

-ဆာလောင်မှုဝေဒနာ အဟောင်းကိုပယ်ဖျောက်ခြင်းအကျိုးငှာ အာဟာရကို မှီဝဲသုံးဆောင်ရပါ၏။

၁၀။ နဝဉ္စဝေဒနံနဉပ္ပါဒေဿာမိ

-ဝေဒနာသစ်ကို မဖြစ်စေခြင်း အကျိုးငှာ ဆွမ်းစသော အာဟာရကို မှီဝဲသုံးဆောင်ပါ၏။

၁၁။ ယတြာစမေဘဝိဿတိ

-ငါအားမျှတခြင်းသည် ဖြစ်လတ္တံ့ ဟု နှလုံးသွင်းဆင်ခြင်ရမည်။

၁၂။ အနဝဇ္ဇတာစ

-ငါအားအပြစ်မရှိခြင်းသည် ဖြစ်လတ္တံ့ ဟူ၍ နှလုံးသွင်းဆင်ခြင်ရမည်။

၁၃။ ဖာသုဝိဟာရောစ

-ချမ်းသာစွာနေခြင်းသည် ဖြစ်လတ္တံ့ ဟု နှလုံးသွင်းဆင်ခြင်ရမည်၊ ဆွမ်းစသောအာဟာရကို အတိုင်းအတာဖြင့် မျှတစွာသုံးစွဲဆောင် မှီဝဲသဖြင့် ချမ်းသာစွာတရားအားထုတ်နိုင်ခြင်း ချမ်းသာစွာနေရခြင်း အကျိုးရှိသည်။

## ၃။ ကျောင်းကိုပစ္စဝေက္ခဏာဆင်ခြင်ပုံ(၃)ပါး

၁။ အအေးကို ပယ်ဖျောက်ခြင်း အကျိုးငှာ

၂။ အပူကိုပယ်ဖျောက်ခြင်း အကျိုးငှာ

၃။ မှက်, ခြင်, မြူမပါသောလေ၊ မြူပါသောလေ နေပူမြွေ အစရှိသော တွားသွားသတ္တဝါတို့၏ ကိုက်ခဲခြင်းအတွေ့၊ ထိတွေ့ခြင်းအာ့တွေ့တို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာ - အိပ်ရာနေရာကျောင်းကို မှီဝဲသုံးဆောင်ပါ၏။

## ၄။ ဆေးပစ္စည်းတို့ကို ပစ္စဝေက္ခဏာဆင်ခြင်ပုံ(၂)ပါး

၁။ ခန္ဓာကိုယ်၌ ဓာတ်ချောက်ချားခြင်းကြောင့်ဖြစ်ပြီး ဖြစ်ဆဲဖြစ်ကုန်သော နူနာ, အိုင်နာ၊ အဖုအလုံနာ အစရှိသော အနာရောဂါ တို့သည်လည်းကောင်း အမျိုးမျိုးသော အခြင်းအရာအားဖြင့် နှိပ်စက်ညှင်းဆဲတတ်ကုန်သော အနာတို့ ကြောင့်ဖြစ်သော အကုသိုလ်အကျိုးပေးဆင်းရဲခံစားမှုတို့ကိုလည်းကောင်း၊

၂။ အနာရောဂါကြောင့်ဖြစ်သော ဆင်းရဲမှုန်သမျှ ပျောက်ကင်းချိန် ရောက်သည့်တိုင်အောင် ဆေးပစ္စည်းတို့ကို မှီဝဲသုံးဆောင်ပါ၏။

(ဆီ, ပျားရည်, တင်လဲ စသောဆေးများကို ဆေးဆရာသမားတော် ဖြစ်သော ဗုဒ္ဓကခွင့်ပြုအပ်သော ဆေးပစ္စည်းများဖြစ်၍ ပစ္စယ၊ ဘေသဇ္ဇ ဟုပါဠိဘာသာဖြင့် ခေါ်ပါသည်။)

## သီလကြီး(၄)ပါးတို့၏ ပြည့်စုံကြောင်းတရားများ

### (၁) သဒ္ဓါတရားသည် ပါတိမောက္ခသံဝရ သီလပြည့်စုံကြောင်းဖြစ်ပုံ

ဗုဒ္ဓဂေါတမပညတ်ထားအပ်သော ပါတိမောက္ခသိက္ခာပုဒ်(၂၂၇)သွယ်သောသိက္ခာပုဒ်မှန်သမျှကို အကြွင်းမဲ့ယုံကြည်သော သဒ္ဓါတရားရှိမှသာ ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ ကောင်းစွာ စောင့်ထိန်းနိုင်သောကြောင့် သဒ္ဓါတရားသည် ပါတိမောက္ခသံဝရသီလကို ပြီးပြည့်စုံစေပါသည်။

ဝိနည်းသိက္ခာပုဒ်ပညတ်ခြင်းသည် သာဝကတို့၏ ဉာဏ်မှီသောအရာ မဟုတ်၊ ဗုဒ္ဓသည် အရှင်သာရိပုတ္တရာက သိက္ခာပုဒ်ပညတ်ရန် တောင်းပန်တိုက်တွန်းချက်ကိုပင် သာဝကအရာ မဟုတ်၍ ဆိုင်းငံ့ထား ခဲ့သည်။

"ဗုဒ္ဓသည် ပညတ်သင့်သည်ကို သိတော်မူ၍ ပညတ်တော်မူခဲ့၏၊ ယင်းပညတ်ချက်တို့ကိုလွန်ကျူးလျှင် အကုသိုလ်ဖြစ်၍ အပါယ်ငရဲသို့ရောက်စေတတ်၏။ မလွန်ကျူးဘဲ ရိုသေစွာကျင့်သုံးလျှင် ကုသိုလ်ဖြစ်၍ သုဂတိနိဗ္ဗာန်သို့ ရောက်စေတတ်၏၊ သမာဓိ-ပညာတို့၏ အခြေခံအကြောင်းရင်းဖြစ်၏"

ဟုယုံကြည်သော သဒ္ဓါတရားရှိမှသာလျှင် ပါတိမောက္ခသံဝရသီလ ပြီးပြည့်စုံနိုင်ပါသည်။

ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် အကြွင်းမဲ့သိမ်းယူ၍ အသက်ကိုမငဲ့ကွက်ဘဲ ဆောက်တည်သင့်ပုံကို ဗုဒ္ဓက-

- တီးတီးတူဌက်သည် အသက်ကိုမငဲ့ဘဲ မိမိ၏ဥကိုစောင့်ရှောက်သကဲ့သို့
- ဇာမရီဌက်မည်သော သားကောင်သည် မိမိ၏အမြီးဆံကို စောင့်ရှောက်သကဲ့သို့

-မိခင်သည်တစ်ဦးတည်းသော ချစ်လှစွာသော သားငယ်ကို စောင့်ရှောက်သကဲ့သို့

-မျက်လုံးတစ်ဘက်ရှိသောသူသည် ထိုတစ်လုံးသောမျက်လုံးကို စောင့်ရှောက်သကဲ့သို့

ထို့အတူ သူတော်ကောင်းသည် သီလကို ကောင်းစွာချစ်ခင်ကြကုန်သည် ဖြစ်၍ အခါခပ်သိမ်းရိုသေတတ်ခြင်းရှိကုန်သည် ဖြစ်ကြကုန်လော့" ဟူ၍ ရဟန်းတို့အား တိုက်တွန်းထားသည်။

သမုဒ္ဒရာသည် ကမ်းကိုမလွန်သကဲ့သို့ ဤအတူပင် ငါဘုရား ပညတ်တော်မူထားသော သိက္ခာပုဒ်ကို ငါဘုရားတပည့်သားဖြစ်သော အရိယာသာဝကတို့သည် အသက်ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးကြပေ" ဟူ၍ မဟာရာဒအသူရိန်အား ဟောကြားခဲ့ပါသည်။

## သတိတရားသည် ဣန္ဒြိယသံဝရသီလပြည့်စုံကြောင်းဖြစ်ပုံ

သတိတရားဖြင့် စောင့်ရှောက်ထားသော စက္ခုန္ဒြေစသည်တို့ကို အဘိဇ္ဈာအစရှိကုန်သော အကုသိုလ်တရားဆိုးတို့ အစဉ်မလိုက်နိုင်သောကြောင့် ဣန္ဒြိယသံဝရသီလကို သတိတရားဖြင့် ပြီးပြည့်စုံစေအပ်၏။

"ရဟန်းတို့. . . ရဲရဲပြောင်ပြောင်တောက်လောင်နေသော ထက်ဝန်းကျင်တောက်ပသော တခဲနက်မီးလျှံသဖွယ်ဖြစ်သော လောလောပူသော သံချောင်းဖြင့် မျက်စိကိုထက်ဝန်းကျင်မှ ထိုးဖောက်ခြင်းသည် ကောင်းမြတ်ပေ၏။ မျက်စိဖြင့် သိအပ်သောအဆင်းတို့၌ အသေးစိတ်အင်္ဂါအားဖြင့်မိန်းမ, ယောကျ်ား တင့်တယ်ဟန် အစရှိသော ပုံသဏ္ဌာန်နိမိတ်ကိုယူခြင်းသည် မသင့်-မမြတ်သည်သာလျှင်တည်း" ဟု ဗုဒ္ဓကရဟန်းတို့အား အာဒိတ္တသုတ္တန်၌ ဟောထားခဲ့ပါသည်။

ကောင်းစွာစီရင်ပြုလုပ်ထားသော ဆူးခက်, အရံအတား, ခြံစည်းရိုးမရှိသော ကောက်ပင်စပါးသည် ကြာရှည်စွာမရပ်တည်နိုင်သကဲ့သို့ ဣန္ဒြိယသံဝရသီလနှင့်မပြည့်စုံလျှင် ပါတိမောက္ခသံဝရသီလသည် ကြာရှည်မတည်တံ့နိုင်ပေ။

သူ့ဥစ္စာကို လုယက်ခိုးယူသော သူခိုးတို့သည် တံခါးဟင်းလင်းပွင့်လျက်ရှိသော ရွာအတွင်းသို့ဝင်ရောက်၍ နှိပ်စက်ဖျက်ဆီးသကဲ့သို့ ဣန္ဒြိယသံဝရသီလနှင့်မပြည့်စုံလျှင် (၀ါ)စက္ခုန္ဒြေ စသော ဣန္ဒြိယတံခါးကိုလုံခြုံအောင် မပိတ်ဘဲ ဟင်းလင်းပွင့်ထားလျှင် ထိုပုဂ္ဂိုလ်ကို ကိလေသာတို့သည် ဝင်ရောက်နှိပ်စက်နိုင်ပါသည်။

မကောင်းသဖြင့် မိုးထားသောအိမ်ကို မိုးရေမိုးပေါက်သည် ထက်ဝန်းကျင်မှ ထိုးဖေါက်ဝင်ရောက်သကဲ့သို့ ဣန္ဒြိယသံဝရနှင့်မပြည့်စုံလျှင် (၀ါ) စက္ခုန္ဒြေစသည်တို့ကို မစောင့်စည်းလျှင် ထိုပုဂ္ဂိုလ်၏စိတ်ကိုရာဂသည် ထက်ဝန်းကျင်မှ ထိုးဖောက်ဝင်ရောက်လျက် နှိပ်စက်တတ်ပါသည်။

## ၃။ ဝီရိယသည် အာဇီဝပါရိသုဒ္ဓိသီလနှင့်ပြည့်စုံကြောင်းဖြစ်ပုံ

ကောင်းစွာအားထုတ်အပ်သော ဝိရိယရှိသော ရဟန်းအားသာလျှင် မှားယွင်းသော အသက်မွေးမှု(မိစ္ဆာဇီဝ) ပယ်နိုင်သောကြောင့် အာဇီဝပါရိသုဒ္ဓိသီလကို ဝိရိယဖြင့် ပြီးပြည့်စုံစေအပ်၏။

ထို့ကြောင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် အနေသန ခေါ် သာသနာနှင့်မသင့်လျော်သော ပစ္စည်းရှာမှီးခြင်းကိုပယ်၍ မိမိ၏လုံ့လဖြင့်သာ ဆွမ်းခံခြင်းအကြားအမြင် ဗဟုသုတများအား စာပေပရိယတ် သင်ယူခြင်း၊ ဝတ်ကြီးဝတ်ငယ်တို့ကို ဖြည့်ကျင့်ခြင်း၊ ကြည်ညိုဖွယ်(ဣရိယာပုထ်)နှင့်ပြည့်စုံခြင်း ဟူသော သင့်လျော်သော ရှာမှီး ခြင်းဖြင့်ရရှိသော စင်ကြယ်သော ပစ္စည်းကိုသာ သုံးဆောင်မှီဝဲရပါသည်။

မစင်ကြယ်သဖြင့် ရအပ်သောပစ္စည်းတို့ကိုမူ အဆိပ်ဖြစ်သောမြွေဆိုးကို ရှောင်ကြဉ်သကဲ့သို့ ရှောင်ကြဉ်ရပေမည်။ သို့မှသာ အာဇီဝပါရိသုဒ္ဓိသီလသည် ပြီးပြည့်စုံနိုင်ပါမည်။

## စင်ကြယ်သောပစ္စည်း မစင်ကြယ်သောပစ္စည်း

### ဓုတင်မဆောင်သောရဟန်းအတွက်

- သံဃာမှရသောပစ္စည်း ဂိုဏ်းမှရသောပစ္စည်း
- စင်ကြယ်သောစိတ်ထားဖြင့် တရားဟောခြင်းစသည်တို့ကြောင့် ကြည်ညိုသူဒါယကာ ဒါယိကာမတို့က လှူဒါန်းသောပစ္စည်းတို့သည် စင်ကြယ်သောပစ္စည်းများဖြစ်ကြသည်။
- ဆွမ်းခံခြင်းစသည်မှရရှိသောပစ္စည်းသည် အလွန်စင်ကြယ်သည် ဖြစ်၏။

### ဓုတင်ဆောင်ရဟန်းအတွက်

ဓုတင်ဆောင်ရဟန်းအား ဆွမ်းခံခြင်းစသည်တို့မှရသောပစ္စည်း၊ ဓုတင်ဂုဏ်ကျေးဇူးတို့ကို ကြည်ညို၍ ဒါယကာ ဒါယိကာမတို့ကလှူဒါန်းသော ဓုတင်အကျင့်အားလျော်စွာ ရသောပစ္စည်းတို့သည် စင်ကြယ်သော ပစ္စည်းများ ဖြစ်ကြပါသည်။

ဓုတင်ရဟန်းအား အနာရောဂါတစ်မျိုးမျိုးကို ပျောက်ကင်းစေသော စတုမဓုဆေးနှင့် နွားကျင်ငယ်ရေဖြင့် စိမ်ထားသော ဖန်ခါးသီးဆေးကို တပြိုင်နက် ထဲရရှိသော် စတုမဓု နွားကျင်ငယ်ရေစိမ်ထားသော ဖန်ခါးသီးဆေးကို မှီဝဲသုံးဆောင်ပါက ထိုဆေးသည် အလွန်စင်ကြယ်ပါသည်။

ထိုဓုတင်ဆောင်ရဟန်းကိုလည်း အလိုနည်းသောဂုဏ်နှင့်ပြည့်စုံသောကြောင့် အရိယာအနွယ်ဝင်ပုဂ္ဂိုလ်ဖြစ်၏ဟု ချီးမွမ်းထိုက်၏။

### မစင်ကြယ်-မအပ်သောပစ္စည်း

ဓုတင်ဆောင်သည်ဖြစ်စေ၊ မဆောင်းသည်ဖြစ်စေ မည်သည့်ရဟန်းမဆို သက်န်း၊ ဆွမ်းရလိုမှုအတွက်

**နိမိတ္တ** - မိမိအလိုကိုသိအောင် နိမိတ်ပြခြင်း၊

**ဩဘာသ** - မိမိအလိုကို ထင်ရှားပေါ်လွင်အောင် အရိပ်အယောင်ပြလျက် ပြောဆိုခြင်း၊

ပရိကထာ - ပရိယာယ်ဖြင့် ပြောဆိုခြင်း၊

ဝိညာတ - ကိုယ်နှုတ်ဖြင့်သိအောင် ပြုလုပ်ပြောဆိုခြင်း၊ တစ်ခုခုဖြင့် ပြုလုပ်ရလာသော ပစ္စည်းသည် မအပ်တော့ပါ။

- ဓုတင်မဆောင်သောရဟန်းအား ကျောင်းကိုရလို၍ နိမိတ်, ဩဘာသ, ပရိကထာ ပြုခြင်းကြောင့် ရရှိလာပါက ယင်းကျောင်းသည်အပ်စပ်ပါသည်။

- ဆေးပစ္စည်း၌မူ နိမိတ်ပြုခြင်း စသည်အလုံးစုံကြောင့် ရရှိပါကအပ်စပ်ပါသည်။

## ရောဂါပျောက်၍ ဆေးပစ္စည်း သိမ်းဆီးသင့်-မသင့်

ဗုဒ္ဓသည်ပစ္စည်းလေးပါးသုံးဆောင်ခြင်းကို ခွင့်ပြုတော်မူပြီးဖြစ်၍ ရောဂါ ပျောက်ကင်းသော်လည်း ဤဆေးပစ္စည်းကို ဆက်လက်သိမ်းဆည်းသုံးဆောင်သင့် သည်-ဟု ဝိနည်းဆောင်မထေရ်တို့က ဆုံးဖြတ်သည်။

အာပတ်မသင့်သော်လည်း ကိလေသာကို ခေါင်ပါးစေသော အာဇီဝ သီလကို ပျက်စေတတ်သောကြောင့် သလ္လေခပဋိပတ်၌ တည်လိုသောရဟန်းအား မအပ်စပ် -ဟုပြောဆိုကာ ရောဂါပျောက်ကင်းသော်လည်း ဆေးပစ္စည်းကိုမသုံး ဆောင်သင့်-ဟုသုတ္တန်မထေရ်တို့က ဆုံးဖြတ်သည်။

ဗုဒ္ဓကမည်သို့ပင် ခွင့်ပြုထားစေကာမူ ရဟန်းဟူသည်အလိုနည်းခြင်း ဂုဏ်စသည်ကိုသာမှီ၍ သေလောက်သောအနာရောဂါစွဲကပ်နေသည့်တိုင်အောင် နိမိတ်, ဩဘာသ, ပရိကထာ, ဝိညာတ တို့ကို မပြုဘဲ ယင်းတို့ကြောင့်ရရှိသော ပစ္စည်းကိုသာ သုံးဆောင်မှီဝဲရမည်၊ ဤသို့ သုံးဆောင်သောရဟန်းကို အလွန် ခေါင်းပါးသော အကျင့်ရှိသောရဟန်း(ပရမသလ္လေခဝုတ္တိ) ဟုခေါ်ပါသည်။

## ၄။ ပညာသည် ပစ္စယသန္နိဿိတသီလပြည့်စုံကြောင်းဖြစ်ပုံ

ပညာရှိသောရဟန်းသည် ပစ္စည်းလေးပါးတို့၌ ဣဏပရိဘောဂနှင့် အာပါတ် ဟူသောအပြစ်၊ ဣဏပရိဘောဂနှင့်အာပါတ်မှလွတ်ခြင်း ဟူသောအကျိုးတို့ကို သိမြင်နိုင်သောကြောင့် ပစ္စယသန္နိဿိတသီလကိုပညာဖြင့် ပြီးပြည့်စုံစေနိုင် ပါသည်။

ဤပညာဖြင့် ဆင်ခြင်မှသာလျှင် ပစ္စည်းတို့၌မက်သော တဏှာကို ပယ်သတ်နိုင်ပါသည်၊ ထို့ပြင် တရားနှင့်ညီညွတ်သော ကိုယ်, နှုတ်, အကျင့်ဖြင့် (ဝါ)တရားသဖြင့်ရသော ပစ္စည်းတို့ကို-

အအေးကိုပယ်ဖျောက်ခြင်းအကျိုးငှာ သင်္ကန်းကိုမှီဝဲသုံးဆောင်ပါ၏၊ စသည်ဖြင့် ပညာဖြင့် ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်မှီဝဲမှသာလျှင် ပစ္စယသန္နိဿိတသီလ ပြီးပြည့်စုံနိုင်ပါသည်။

## ဆင်ခြင်သုံးဆောင်ပုံ(၂)နည်း

ပစ္စည်းလေးပါးကိုဆင်ခြင်သုံးဆောင်ရာ၌-

၁။ **ပဋိလာဘကာလ** = ရသောကာလ၌ဆင်ခြင်ခြင်း

ယင်းဆင်ခြင်မှု၌-

### (က) ဓာတ်အစွမ်းဖြင့် ဆင်ခြင်ခြင်း

သင်္ကန်းစသည်တို့ကို ရလာသောအခါ၌ သင်္ကန်းစသည်တို့သည် လည်းကောင်း၊ သုံးဆောင်သောငါသည်လည်းကောင်း၊ အကြောင်းအားလျော်စွာ မပြတ်ဖြစ်သော ဓာတ်သဘောမျှသာ ဖြစ်ချေ၏ ဟု ဆင်ခြင်ရသည်။

### (ခ) ပဋိကူလအစွမ်းဖြင့်ဆင်ခြင်ခြင်း

သင်္ကန်းစသောအလုံးစုံသော ဤပစ္စည်းတို့သည်ပင်ကိုယ်သဘောအားဖြင့် စက်ဆုပ်ဖွယ်မဟုတ်သော်လည်း ဤရုပ်ဤခန္ဓာကိုယ် ဟူသည်အကောင်ပုပ်နှင့် ဆက်စပ်မိပါလျှင် အလွန်စက်ဆုပ်ရွံရှာဖွယ်သာ ဖြစ်ချေ၏- ဟု ဆင်ခြင်ရသည်။

ဤသို့ဖြင့် ပစ္စည်းလေးပါးကို ရရှိသောအခါ၌ ဓာတ်၏အစွမ်းဖြင့် ဖြစ်စေ၊ ပဋိကူလ၏အစွမ်းဖြင့်ဖြစ်စေ ဆင်ခြင်ထားလျှင်နောက် သုံးဆောင်သောအခါ၌ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်မိသည့်တိုင် အပြစ်မရှိပေ။

၂။ **ပရိဘောဂကာလ** = သုံးဆောင်သောကာလ၌ဆင်ခြင်ခြင်း

- သုံးဆောင်သောကာလ၌ဆင်ခြင်သုံးဆောင်လျှင် အပြစ်မရှိပါ၊

သုံးဆောင်ခြင်း(ပရိဘောဂ)- ၄-မျိုး

၁။ ထေယျပရိဘောဂ

-သီလမရှိသောရဟန်းသည် သံဃာအလယ်၌နေလျက်ပစ္စည်းလေးပါးကို မိမိနှင့်မထိုက်ဘဲ သုံးဆောင်ခြင်းမည်၏။

-ဗုဒ္ဓသည် မိမိ၏သာသနာ၌ သီလရှိသောပုဂ္ဂိုလ်တို့အားသာ ပစ္စည်းလေးပါးကိုအလှူခံ၍ သုံးခွင့်ပြုထားပါသည်၊ သီလမရှိသူအား ခွင့်မပြုပါ။

-လှူသောဒါယကာ-ဒါယိကာမတို့ကလည်း ကုသိုလ်၏အကျိုး ကြီးမားသည်အဖြစ်ကို ရည်မှန်း၍သီလရှိသောပုဂ္ဂိုလ်တို့အားသာလျှင် လှူခြင်းဖြစ်သည်။ သီလမရှိသောပုဂ္ဂိုလ်တို့အား မပေးလှူပါ။

-ဤသို့လျှင် ဗုဒ္ဓကလည်း ခွင့်မပြု၊ အလှူရှင်တို့ကလည်း မပေးလှူလိုဘဲ ရရှိလာသော ပစ္စည်းကို သုံးဆောင်သောသီလမရှိသော ပုဂ္ဂိုလ်၏ သုံးဆောင်ခြင်းကို ခိုးယူ၍သုံးဆောင်ရာဖြစ်သဖြင့်-ထေယျပရိဘောဂ မည်ပါ၏။

၂။ ဣဏပရိဘောဂ

-သီလရှိသောရဟန်း၏ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် ကြွေးမြီးချေးယူရာ သုံးဆောင်ခြင်းနှင့်တူ၍ ဣဏပရိဘောဂမည်၏။

-ဣဏပရိဘောဂမဖြစ်စေရန် ပစ္စည်း(၄)ပါးကို ပစ္စဝေက္ခဏာဆင်ခြင်ရာ အခါကာလနှင့်ပတ်သက်၍-

-သင်္ကန်းကိုခန္ဓာကိုယ်နှင့်ကင်းကွာပြီးနောက်ထပ်တဖန်ပြန် ဝတ်ရုံတိုင်း ဝတ်ရုံတိုင်း ပစ္စဝေက္ခဏာဆင်ခြင်ရမည်။

-ဆွမ်းကိုဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်း ပစ္စဝေက္ခဏာဆင်ခြင်ရမည်။

-ကျောင်းအတွင်းဝင်တိုင်း ပစ္စဝေက္ခဏာဆင်ခြင်ရမည်၊

-ဤ(၃)မျိုးကို ဆင်ခြင်နိုင်ရန်မစွမ်းနိုင်ပါက မွန်းမတည့်မီ နံနက်ပိုင်းအချိန် (ဆွမ်းမစားမီအချိန်) မွန်းလွဲပိုင်းအချိန်(ဆွမ်းစားပြီးချိန်) ညဦးယံအချိန်၊ သန်းကောင်ယံအချိန် ၊မိုးသောက်ယံအချိန်တို့၌ တစ်နေ့လျှင် (၄)ကြိမ်ဖြစ်စေ၊ (၃)ကြိမ်ဖြစ်စေ၊ (၂)ကြိမ်ဖြစ်စေ၊ (၁)ကြိမ်ဖြစ်စေ- ပစ္စဝေက္ခဏာဆင်ခြင်ရမည်၊

-ဆေးပစ္စည်းကိုမူ ခံယူသောအချိန်၌ဖြစ်စေ၊ သုံးဆောင်သော အချိန်၌ ဖြစ်စေ၊ သတိဖြင့်ခံယူသုံးဆောင်ခြင်းသည်သာ အသင့်လျော်ဆုံးဖြစ်၏၊

ဤသို့လျှင်သုံးဆောင်ရာ၌ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ အရဏ်တက်လတ်သော် ထိုသီလရှိသောရဟန်း၏သုံးဆောင်ခြင်းသည် ကြွေးမြီးယူသောသူနှင့်တူသောသုံးဆောင်ခြင်းမျိုးဖြစ်သဖြင့် ဣဏပရိဘောဂဖြစ်ပါသည်။

## ၃။ ဒါယဇ္ဇပရိဘောဂ

ကျင့်ဆဲ(သေက္ခ)ပုဂ္ဂိုလ်(၇)ယောက်တို့သည် ဗုဒ္ဓ၏သားတော်များ ဖြစ်သည်။ သားသမီးဟူသည် မိဘ၏အမွေကိုခံယူလိုပြီဖြစ်သည်နှင့်အညီ အဖဗုဒ္ဓ၏ ဉစ္စာဖြစ်သော ပစ္စည်းလေးပါးတည်းဟူသော အမွေတို့ကို အမွေခံ(ဒါယာဒ)အနေဖြင့် သုံးဆောင်ခြင်းငှာထိုက်၍ သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့၏ သုံးဆောင်ခြင်းသည် ဒါယဇ္ဇပရိဘောဂ မည်၏။

သေက္ခပုဂ္ဂိုလ် (၇)ယောက်မှာ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ် သကဒါဂါမိမဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ် အနာဂါမိမဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ် (၇)ယေက်တို့ဖြစ်ပါသည်။

သေက္ခပုဂ္ဂိုလ်တို့သည် ဒါယကာတို့လှူသောပစ္စည်းကို သုံးဆောင်ရာ၌ ထိုပစ္စည်းလေးပါးသည် ဗုဒ္ဓကခွင့်ပြုထားသဖြင့် ဗုဒ္ဓ၏ပစ္စည်းသာဖြစ်၍ ဗုဒ္ဓ၏ သားတော်ဖြစ်သော ရဟန်းတော်များသုံးဆောင်ခြင်းမည်ပါသည်။

## ၄။ သာမိပရိဘောဂ

ရဟန္တာတို့သည် တဏှာ၏ကျွန်အဖြစ်ကို ကျော်လွန်ပြီးဖြစ်၍ ပိုင်ရှင်အဖြစ်သုံးဆောင် ရာရောက်၍ ရဟန္တာတို့၏ သုံးဆောင်ခြင်းသည် သာမိပရိဘောဂ မည်ပါသည်။

# သီလရှိသောပုဂ္ဂိုလ်၏သုံးဆောင်ခြင်း

## ၁။ အာဏဏျပရိဘောဂ

ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ဣဏပရိဘောဂ၏ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ကြွေးမြီးကင်းသော သုံးဆောင်ခြင်း အာဏဏျပရိဘောဂ မည်၏။

၂။ ဒါယဇ္ဇပရိဘောဂ

သီလရှိသောပုဂ္ဂိုလ်သည် အဓိသီလဟူသော သိက္ခာနှင့်ပြည့်စုံသော ကြောင့် ကျင့်ဆဲပုဂ္ဂိုလ်ဟု ဆိုနိုင်သဖြင့် သေက္ခပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းမျိုး၌ တည်နိုင်သည်၊ ထို့ကြောင့် သီလရှိသောပုဂ္ဂိုလ်၏ ပစ္စည်းကိုသုံးဆောင်ခြင်းသည်၊ အမွေခံအဖြစ် သုံးဆောင်ခြင်း၊ ဒါယဇ္ဇပရိဘောဂမည်၏။

## ညစ်နွမ်းခြင်း (၄) မျိုး

၁။ **ခဏ္ဍသီလ(ကျိုးသီလ)** - အနားစွန်းပြတ်သောအဝတ်ကဲ့သို့ အစ သိက္ခာပုဒ်ဖြစ်စေ၊ အဆုံးသိက္ခာ ပုဒ်ကိုဖြစ်စေ-ပျက်သောသီလ။

၂။ **ဆိဒ္ဒသီလ(ပေါက်သီလ)**- အလယ်မှပေါက်သော အဝတ်ကဲ့သို့ အလယ်သိက္ခာပုဒ် တစ်ပုဒ်ပုဒ်၌ ပျက်သောသီလ။

၃။ **သဗလသီလ(ကျားသီလ)** - ကျောကုန်း, ဝမ်းဗိုက် စသည်တို့၌ အမည်း, အနီ စသောမျိုးကွဲအဆင့်များဖြင့် ကြောင်ကျားသော နွားမကဲ့သို့ နှစ်ပါးသုံးပါးသော သိက္ခာပုဒ်များ အစဉ်အတိုင်းပျက်သော သီလ။

၄။ **ကမ္မာသသီလ(ပြောက်သီလ)** - အစက်, အပြောက်မျိုးကွဲရှိသော နွားမကဲ့သို့ အကြားအကြား တစ်ခုစီကျော်၍ သိက္ခာပုဒ်များပျက်သော သီလ။

## သီလညစ်နွမ်းကြောင်း(၂)ပါး

အောက်ပါ(၂)ချက်ကြောင့် သီလသည်၊ ကျိုး, ပေါက်, ကျား, ပြောက်, အားဖြင့် ညစ်နွမ်းနိုင်ပါသည်-

၁။ လာဘ်, အခြံအရံ စသည်တို့ကြောင့်လည်းကောင်း၊

၂။ မေထုန်ငယ်(၇)ပါးဟူသော-

၁။ မိန်းမ၏နံ့သာစသည်ဖြင့်လိမ်းကျံပွတ်သပ်ပေးခြင်း၊ နှိပ်နယ် ပေးခြင်း၊ ရေချိုးပေးခြင်း၊ ဆုပ်နယ်ပေးခြင်းကိုသာယာခြင်း၊

၂။ မိန်းမနှင့်အတူတကွ ပြင်းစွာရယ်ခြင်း၊ ကိုယ်လက်ထိပါးကစားခြင်း၊ ယုယုယယပြောဆိုခြင်းကိုသာယာခြင်း၊

၃။ မိန်းမနှင့်မျက်စိချင်းဆုံ၍ကြည့်ခြင်း၊ စူးစိုက်ကြည့်ခြင်း၊ စောင်းငဲ့ကြည့်ခြင်းတို့ကိုသာယာခြင်း၊

၄။ မိန်းမရယ်သံ၊ စကားပြောသံ၊ သီချင်းဆိုသံ၊ ငိုသံကို နားထောင်၍သာယာခြင်း၊

၅။ ရှေးအခါက မိန်းမနှင့်အတူတကွ ရယ်ရွှင်ပြောဆို၍ ကိုယ်လက်ထိပါးကစားခဲ့သည်တို့ကို ပြန်အောက်မေ့၍ သာယာခြင်း၊

၆။ ကာမဂုဏ်ငါးပါးနှင့်ပြည့်စုံသော ဇနီးမောင်နှံကိုကြည့်၍သာယာခြင်း၊

၇။ ဤသီလ, ဤကျင့်ဝတ်, ဤခြိုးခြံသောအကျင့်, ဤမြတ်သောအကျင့်တို့ဖြင့် နတ်မင်းဖြစ်စေ၊ နတ်တစ်မျိုးဖြစ်စေ၊ ဖြစ်ရပါမူကောင်းလေစွဟု ကြံစည်လျက်နတ်ပြည်၌ ဖြစ်ရန် လိုလားတောင့်တခြင်း၊ နတ်ဘဝလိုလားခြင်းတို့ ဖြစ်ပါသည်။

## သီလဖြူစင်ခြင်း(သီလဝေါဒါန)များ

သီလဖြူစင်ခြင်းအကြောင်း(၅)ပါးမှာ-

၁။ အခါခပ်သိမ်းသိက္ခာပုဒ်တို့မပျက်စီးခြင်း

၂။ သိက္ခာပုဒ်ပျက်စီးလျှင် ကုစား၍ရသောသိက္ခာပုဒ်ဖြစ်ကပြန်၍ ကုစားခြင်း၊

၃။ မေထုန်ငယ်(၇)ပါးဖြင့် မအပ်စပ်ခြင်း၊

၄။ ယုတ်မာသောတရား(ပါပဓမ္မ)ဆိုးတို့ဟူသော-

(၁) ကောဓ = အမျက်ထွက်ခြင်း၊

(၂) ဥပနာဟ = ရန်ငြိုးဖွဲ့ခြင်း၊

(၃) မက္ခ = သူ့ကျေးဇူးကိုချေဖျက်ခြင်း၊

(၄) ပဠာသ = ဂုဏ်မြင့်သူနှင့်တန်တူပြု၍ ဘက်ပြိုင်ခြင်း၊

(၅) ဣဿ = မနာလိုခြင်း၊

(၆) မစ္ဆရိယ = ဝန်တိုခြင်း၊
(၇) မာယာ = ကိုယ်အပြစ်ကိုဖုံးကွယ်လှည့်ပတ်ခြင်း၊
(၈) သာဌေယျ = ဂုဏ်ရှိဟန်ဆောင်ခြင်း၊
(၉) ထမ္ဘ = အရိုအသေမပြုနိုင်အောင်ခက်ထန်ခြင်း၊
(၁၀) သာရမ္ဘ = သူတစ်ပါးတို့ကို ဖိနှိပ်ချုပ်ချယ်ခြင်း၊
(၁၁) မာန = မိမိကိုယ်ကိုအထင်ကြီးခြင်း၊
(၁၂) အတိမာန = အလွန်မာန်ထောင်လွှားခြင်း၊
(၁၃) မဒ = မာန်ယစ်ခြင်း၊
(၁၄) ပမာဒ = မေ့လျော့ခြင်း . . . . . တို့မဖြစ်ခြင်း၊

၅။ အလိုနည်းခြင်း(အပိစ္ဆတာ)၊
ရောင့်ရဲလွယ်ခြင်း(သန္တုဋ္ဌိတာ)၊
ကိလေသာကိုခေါင်းပါးစေခြင်း(သလ္လေခတော အစရှိသော ဂုဏ်ကျေးဇူးများဖြစ်ပေါ်ခြင်း. . . တို့ဖြစ်သည်။

**တစ်နည်း-သီလဖြူစင်ခြင်းအကြောင်း(၂)မျိုး**

၁။ သီလပျက်ခြင်း၏အပြစ်တို့ကို ရှုမှတ်ဆင်ခြင်ခြင်း၊
၂။ သီလနှင့်ပြည့်စုံခြင်း၏အကျိုးတို့ကို ရှုမှတ်ဆင်ခြင်ခြင်း၊

**၁။ သီလပျက်ခြင်း၏အပြစ်တို့ကို ဆင်ခြင်ပုံ**

(က) ၁။ ။ သီလပျက်သူသည်မေ့လျော့ခြင်းကြောင့်စည်းစိမ်ဖျက်၏၊
၂။ မကောင်းသတင်းထွက်၏၊
၃။ ချဉ်းကပ်ရာပရိသတ်၌ မျက်နှာငယ်ရ၏၊
၄။ သေသောအခါတွေဝေစွာသေရ၏၊
၅။ သေပြီးနောက် ဒုဂ္ဂတိဘုံသို့ရောက်ရ၏။

ဤအပြစ်တို့ကိုဆင်ခြင်၍ သီလကိုလုံခြုံစွာထိန်းရမည်။

(ခ) တစ်နည်း-သီလပျက်စီးခြင်းကြောင့်

၁။ နတ်လူတို့မနှစ်သက်ခြင်း၊

၂။ သီတင်းသုံးဖေါ်တို့မဆက်ဆံလိုခြင်း၊

၃။ ကဲ့ရဲ့ခံရခြင်း၊

၄။ သီလရှိသူကို ချီးမွမ်းသည်ကိုကြားရလျှင် နှလုံးမသာယာဖြစ်ခြင်း၊

၅။ သီလမရှိ၍ ပိုက်ဆံလျှော်တွေ-ပုဆိုးကဲ့သို့ဂုဏ်သတင်း ကိုယ်အဆင်းကင်းမဲ့၍ အဆင်းမလှဖြစ်ရခြင်း၊

၆။ အတုလိုက်၍ချဉ်းကပ်သူတို့ကို အပါယ်ဆင်းရဲကြာရှည်စွာ ခံစားရခြင်း ဟူသောအဒ္ဒတွေးဆိုးရှိခြင်း၊

၇။ ပစ္စည်းလှူသူတို့အား အဖိုးနည်းနည်းကိုသာ ရရှိစေနိုင်သောကြောင့် အဖိုးမတန်ခြင်း၊

၈။ နှစ်ပေါင်းများစွာဝေးနေသော မစင်တွင်းကဲ့သို့ သုတ်သင်ရှင်းလင်းရန်ခက်ခဲခြင်း၊

၉။ လူမသုံးသော-မသာထင်းတုံးကဲ့သို့ လူစည်းစိမ်၊ ရဟန်းစည်းစိမ်များ ဆုံးရှုံးလက်လွှတ်ခြင်း၊

၁၀။ နွားအုပ်နောက်လိုက်သောမြည်းသည် နွားမဟုတ်သကဲ့သို့ ရဟန်း ဟုဝန်ခံပါသော်လည်း ရဟန်းမဟုတ်နိုင်တော့ခြင်း၊

၁၁။ လူတိုင်း၏ရန်သူသည် လူမြင်တိုင်းထိတ်လန့်နေရသကဲ့သို့၊ အမြဲမပြတ်ထိတ်လန့်ခြင်း၊

၁၂။ လူသေကောင်ကဲ့သို့ အဖေါ်သဟဲဇပြုထိုက်ခြင်း၊

၁၃။ သုသာန်မီးကို-မီးမပူဇော်သကဲ့သို့ သုတစသောဂုဏ်ရှိပါသော်လည်း ပူဇော်ခြင်း၌ မထိုက်တန်ခြင်း၊

၁၄။ ဈာန်မဂ်ဖိုလ်တရားများမရနိုင်တော့ခြင်း၊

၁၅။ ဒွန်းစဏ္ဍားသားသည် မင်းအဖြစ်ကို မျှော်လင့်တောင့်တမှုကင်းသကဲ့သို့ သီလပျက်သူသည် ပဋိပတ္တိမေ့၊ ပဋိဝေဓမေ့ကို မျှော်လင့် တောင့်တမှုကင်း၏၊

(ဂ) ချမ်းသာဟုထင်နေသော်လည်း အဂ္ဂိခန္ဓောပမာသုတ်၊ အာဒိတ္တ ပရိယာယ သုတ်တို့၌ဟောကြားချက်အရ အမြဲတမ်းဆင်းရဲခြင်း ဟူသော အပြစ်ကိုမူ သီလပျက်သူများခံရပေမည်။

## အဂ္ဂိခန္ဓောပမသုတ်

ဗုဒ္ဓသည်ရဟန်းတို့၏-ကာမဂုဏ်အာရုံငါးပါးကိုခံစားခြင်းကြောင့် ဖြစ်သောချမ်းသာသူတစ်ပါးတို့ ရှိခိုးပူဇော်မြတ်နိုးမှုကြောင့်ဖြစ်သော ချမ်းသာစသော ချမ်းသာတို့၌သာယာတပ်မက်သောစိတ်ရှိကုန်သော သီလမရှိကုန်သောပုဂ္ဂိုလ်တို့အား ဆင်ခြင်ကြည့်ကာမျှဖြင့် စိတ်နှလုံးပူပန်လျက်သွေးအန်ခြင်းကို ဖြစ်စေနိုင်သော ဆိုးဝါးသောဆင်းရဲကို ထင်စွာပြလို၍-

အခါတစ်ပါး၌ရဟန်းငါးရာနှင့်ဒေသစာရီလှည့်လည်စဉ် သစ်ပင်ကြီးကို လောင်နေသောမီးပုံကိုတွေ့မြင်၍ ရဟန်းတို့ကို

"ချစ်သားတို့. . . သင်တို့သည်မီးတောက်ပြင်းထန် မီးလျှံထိန်ညီးစွဲလောင်နေသော ဤမီးပုံကြီးကိုမြင်ကြ၏လော" ဟုမေးသည်။

ရဟန်းတို့ကမြင်ကြောင်းလျှောက်ထားကြသည်။

"ချစ်သားတို့. . . ငါဆိုလတ္တံ့သောစကားကို အဘယ်သို့မှတ်ထင်သနည်း၊ ဤမီးပုံကြီးကိုပွေ့ဖက်၍ထိုင်ခြင်း၊ အိပ်ခြင်းကိုလည်းကောင်း နူးညံ့ပျော့ပျောင်းလက်ဖယောင်းနှစ်သက်ရှုဖွယ်မညီး-မင်းသမီး၊ ပုဏ္ဏားသမီး၊ သူကြွယ်သမီးကညာကို ပွေ့ဖက်ခြင်း၊ ထိုင်ခြင်းကိုလည်းကောင်း ဤနှစ်ခုတို့တွင် အဘယ်ကိုတောင့်တအပ်ပါသနည်း"

"မြတ်စွာဘုရား. . . ကညာပျိုကိုပွေ့ဖက်ခြင်းကိုသာ တောင့်တအပ်ပါ၏၊ မီးပုံကြီးပွေ့ဖက်ခြင်းကား ဆင်းရဲကြောင်းသာဖြစ်ပါသည်ဘုရား"

"ချစ်သားတို့. . . ထင်ရှားစွာသိစေဦးအံ့. . . ဒုဿီလပုဂ္ဂိုလ်သည် ယုတ်သောသဘောရှိ၏၊ မစင်ကြယ်သူဖြစ်၍ တွေးတောစရာ အကျင့်ရှိ၏၊ (ဝါ) မသင့်လျော်သောတစ်စုံတစ်ခုကို မြင့်လျှင် ဒုဿီလဟုတွေးထင်မှု ဖြစ်၏၊ လူစုလူဝေးတွေ့လျှင် ငါ့အကြောင်းကိုတိုင်ပင်ကြသလောဟု တွေးပူစရာအကျင့်

ရှိ၏၊ ဖုံးလွှမ်းသောရှက်ဖွယ်ပြစ်မှုရှိ၏၊ ရဟန်းမဟုတ်ဘဲ ရဟန်းဟုဝန်ခံ၏၊ မြတ်သောအကျင့် မရှိဘဲရှိ၏ဟု ဝန်ခံ၏၊ အတွင်းပုပ်၏၊ ကိလေသာမပြတ်ယိုစီး၏၊ ယောက်သွားပုပ်နှင့်တူ၏(ဝါ) သာသနာ၌ အမှိုက်ဖြစ်၏။

ထို့ကြောင့် ဒုသီလအား မီးပုံကြီးပွေ့ဖက်၍နေရခြင်းကို မြတ်သည်ဟု တောင့်တအပ်၏၊ မီးပုံကြီးပွေ့ဖက်ရခြင်းကြောင့် သေခြင်းသော်လည်းကောင်း၊ သေလုနီးပါး ဆင်းရဲသော်လည်းကောင်း ဖြစ်ရာ၏၊ သေသည်၏အခြားမဲ့၌ အပါယ်ငရဲ၌မဖြစ်၊ ဒုသီလဖြစ်ကြောင်း ပျိုကညာကိုပွေ့ဖက်ရခြင်းကြောင့်ကား သေသည်၏ အခြားမဲ့၌ အပါယ်ငရဲ၌စင်စစ်ဖြစ်ရ၏။

ရဟန်းတို့အားကောင်းသော ယောကျ်ားတစ်ယောက်သည် ဒုသီလ ရဟန်းကို ခိုင်ကြမ်းသောသားမြီးကြိုးဖြင့်ခြေသလုံး မြင်းခေါင်းနှစ်ဖက်ကိုရစ်ပတ်၍ ပွတ်တိုက်ဆွဲအပ်သည်ရှိသော်၊ ထိုသားမြီးကြိုးသည် အရေပါး-အရေထူ အသား ကြော၊ အရိုးတို့ကိုတစ်ခုပြီးတစ်ခုဖြတ်လျက် ရိုးတွင်ချဉ်ဆီကိုထိခိုက်ရာ၏။

ထိုသို့ပွတ်တိုက်ခံရခြင်းထက် ဒုသီလရဟန်း၏ မင်းပုဏ္ဏား၊ သူကြွယ်စသော လူဝတ်ကြောင်တို့၏ရှိခိုးဝတ်ချမှုကို သာယာခြင်းကသာ၍ ကြောက်ဖွယ် ကောင်းလေသည်။

အကြောင်းမှာ ထိုသို့ပွတ်တိုက်မှုကြောင့် သေရုံသာ(သို့မဟုတ်) သေ မလောက်ဆင်းရဲရောက်ရုံသာရှိ၏၊ အပါယ်ငရဲသို့မကျရောက်နိုင်ပါ၊ မင်းစသော လူဝတ်ကြောင်တို့၏ ရှိခိုးဝပ်ချမှုကိုသာယာခြင်းကြောင့်ကား အပါယ်ငရဲသို့ ရောက်နိုင်လေသည်။

ရဟန်းတို့အားကောင်းသောယောကျ်ားသည် ဒုသီလရဟန်းကို ဆီခြင့် သွေးအပ်သည်ဖြစ်၍ လွန်စွာထက်သောလှံဖြင့်ရင်ဘတ်ကို တည့်တည့်ထိုးခံရခြင်း ထက် ဒုသီလဖြစ်လျက် မင်းပုဏ္ဏားစသော လူကြီးလူကောင်းတို့၏ လက်အုပ် ချီမှုကို သာယာခြင်းသည်ကားသာ၍ ကြောက်ဖွယ်ကောင်းလေသည်။

အကြောင်းမှာ-ရင်ဘတ်ကိုလှံထိုးခံခြင်းကြောင့်သေရုံသာ (သို့မဟုတ်) သေမလောက်ဆင်းရဲရောက်ရုံသာရှိ၏၊ အပါယ်ငရဲသို့ မကျရောက်နိုင်ပါ၊ မင်းစသောလူဝတ်ကြောင်တို့၏ ရှိခိုးဝပ်ချမှုကို သာယာခြင်းကြောင့်ကား အပါယ် ငရဲသို့ရောက်နိုင်လေသည်။

ရဟန်းတို့ အားကောင်းသောယောကျ်ားတစ်ယောက်က ဒုသီလ ကိုယ်ခန္ဓာကို မီးလျှံတောက်နေသောသံပြားဖြင့် ရစ်ပတ်ထားခြင်းထက် ဒုသီလဖြစ်လျက် မင်းပုဏ္ဏားစသောလူကြီးလူကောင်းတို့၏-သဒ္ဓါတရားဖြင့် လှူအပ်သောသင်္ကန်းကို ခန္ဓာကိုယ်မှာဝတ်ရုံ၍ ရစ်ပတ်ခြင်းသည် သာ၍ ကြောက်ဖွယ်ကောင်းလေသည်။

အကြောင်းမှာ-ထိုမီးလျှံတောက်ပြောင်သော သံပြားဖြင့်ရစ်ပတ်ခံရခြင်းကြောင့် သေရုံသာ(သို့မဟုတ်) သေမလောက်ဆင်းရဲရောက်ရုံသာရှိ၏၊ အပါယ်ငရဲသို့မကျရောက်နိုင်ပါ။ မင်းစသောလူဝတ်ကြောင်တို့၏ ရှိခိုးဝပ်ချမှုကိုသာယာခြင်းကြောင့်ကား အပါယ်ငရဲသို့ရောက်နိုင်လေသည်။

ရဟန်းတို့အားကောင်းသောယောကျ်ားတစ်ယောက်သည် ဒုသီလကို အလွန်ပူသောသံချိတ်ဖြင့် ပါးစပ်ကိုဆွဲဖွင့်၍ မီးအလျှံတောက်နေသောသံလုံးကိုထည့်သွင်းလိုက်သည်ရှိသော် ထိုသံလုံးသည် ဒုသီလ၏နှုတ်ခမ်းကိုလည်းကောင်း၊ ခံတွင်းကိုလည်းကောင်း၊ လည်ချောင်းကိုလည်းကောင်း၊ ရင်ကိုလည်းကောင်း အဆက်ဆက်လောင်းပြီးလျှင် အူသေးအူမတို့ကို ယူဆောင်လျက် အောက်သို့ ထွက်လာ၏။

ထိုမျှလောက်ဆင်းရဲသေးသောသံတုံးကို မျိုချခြင်းထက်-လူကြီး လူကောင်းတို့၏ သဒ္ဓါတရားနှင့်လှူအပ်သောဆွမ်းကို ဒုသီလအဖြစ်ဖြင့်စားခြင်းသည်သာ၍ ကြောက်ဖွယ်ကောင်းလှ၏။

အကြောင်းမှာ ထိုသံတုံးကိုမျိုချရခြင်းကြောင့် သေရုံသာ (သို့မဟုတ်) သေမလောက်ဆင်းရဲရောက်ရုံသာရှိ၏၊ အပါယ်ငရဲသို့ မရောက်နိုင်ပါ။ လူကြီးလူကောင်းတို့က သဒ္ဓါတရားဖြင့်လှူအပ်သောဆွမ်းကို ဒုသီလအဖြစ်ဖြင့် စားသောက်မှီဝဲခြင်းက အပါယ်ငရဲသို့ရောက်နိုင်လေသည်။

ရဟန်းတို့ အားကောင်းသောယောကျ်ားတစ်ယောက်က ဒုသီလကို ပုခုံးဦးခေါင်းကိုနှိပ်၍ဖြစ်စေ၊ လည်ဂုပ်ကိုကိုင်၍ဖြစ်စေ၊ အလွန်ပူလောင်သောသံညောင်စောင်း သံအင်ပျဉ်၌ထိုင်၍ အိပ်ရန်စေခိုင်းခံရခြင်းထက် မင်းစသောလူကြီးလူကောင်းတို့က သဒ္ဓါတရားဖြင့် လှူအပ်သောညောင်စောင်း အင်ပျဉ် (ကုတင်၊ ထိုင်ခုံ)တို့ကို ဒုသီလအဖြစ်ဖြင့် သုံးစွဲခြင်းသည်သာ၍ ကြောက်စရာကောင်းပါ၏။

အကြောင်းမှာ ထိုအလွန်ပူသောညောင်းစောင်း အင်ပျဉ်၌ ထိုင်ရခြင်းကြောင့် သေရုံသာ(သို့မဟုတ်)သေမလောက်ဆင်းရဲရောက်ရုံသာ ရှိ၏၊ အပါယ်ငရဲသို့မကျရောက်နိုင်ပါ၊ မင်းစသောလူကြီးလူကောင်းတို့က သဒ္ဓါတရားဖြင့် လှူအပ်သော ညောင်းစောင်းအင်ပျဉ်၌ ဒုဿီလအဖြစ်ဖြင့် သုံးစွဲခြင်းကား အပါယ်ငရဲသို့ရောက်စေလေသည်။

ရဟန်းတို့ အားကောင်းသောယောကျ်ားတစ်ယောက်သည် ဒုဿီလကို ဦးခေါင်းဇောက်ထိုးထား၍ ခြေနှစ်ချောင်းကိုင်လျက် အလျှံတောက်နေသော သံရည်အိုးထဲသို့ပစ်ချရာ၏၊ ထိုသို့ပစ်ချခံရ၍ အမြှုပ်ကလေးတွေဖြစ်စေလျက် ပွက်ပွက်ဆူပြီးလျှင် အထက်သို့ပေါ်လာလိုက်၊ အောက်သို့မြုပ်သွားလိုက် ဘေးသို့ ရောက်သွားလိုက်အားဖြင့် ကျက်နေရခြင်းထက် မင်းစသော လူကြီး လူကောင်းတို့က သဒ္ဓါတရားဖြင့် လှူအပ်သောကျောင်း၌ ဒုဿီလအဖြစ်ဖြင့် နေထိုင်ခြင်းသည်သာ၍ ကြောက်မက်ဖွယ်စရာကောင်းလှသည်။

အကြောင်းမှာ ထိုကဲ့သို့ကျက်၍နေရခြင်းကြောင့် သေရုံသာ(သို့မဟုတ်) သေမလောက်ဆင်းရဲရောက်ရုံသာရှိ၏၊ အပါယ်ငရဲသို့ မကျရောက်နိုင်ပါ၊ မင်းစသော လူကြီးလူကောင်းတို့က သဒ္ဓါတရားဖြင့် လှူအပ်သောကျောင်း၌ ဒုဿီလအဖြစ်ဖြင့် သုံးစွဲခြင်းကား အပါယ်ငရဲသို့ကျစရာ ရှိလေသည်။

ထို့ကြောင့် ဤတရားကိုနာကြားရသော ဒုဿီလရဟန်းတို့သည် စိတ်နှလုံးပူလောင်လျက်ပါးစပ်မှ သွေးများအန်ထွက်လေသည်။ နဂိုက မစင်ကြယ်သောသီလဖြင့် အာပါတ်အထွေထွေသင့်နေသော (၆၀)မျှသော ရဟန်းတို့သည် သာသနာဝန်ကို ဆက်လက်ဆောင်ရွက်ရန် ခဲယဉ်းကြ၍ လူထွက်ကြသည်။ မူလကစင်ကြယ်သောသီလဖြင့် နေခဲ့ကြသော ရဟန်း(၆၀)တို့က ရဟန္တာအဖြစ်သို့ ရောက်ကြလေသည်။

ဘုရားရှင်က ဤရဟန်း(၃)မျိုး(၃)စားကိုမြင်၍ ဤအဂ္ဂိခန္ဓောပမသုတ္တန်ကိုဟောတော်မူပါသည်။

(သုတ္တက အင်္ဂုတ္တိုရ်မဟာဝဂ္ဂ)

သီလဖြူစင်-စင်ကြယ်ခြင်း(သုဒ္ဓိ)(၄)မျိုး

၁။ ဒေသနာသုဒ္ဓိ -ပါတိမောက္ခသံဝရသီလကို ဒေသနာကြားခြင်းဖြင့် ဖြူစင်-စင်ကြယ်နိုင်သည်။

၂။ သံဝရသုဒ္ဓိ - ဣန္ဒြိယသံဝရသီလကို နောက်ထပ်တစ်ဖန် ဤသို့ မပြုတော့ပြီး ဟု စိတ်ကိုဆောက်တည်ခြင်း၊ ပိတ်ဆို့ ဆောက်တည်ခြင်းဖြင့် ဖြူစင်-စင်ကြယ်နိုင်ပါသည်။

၃။ ပရိယေဋ္ဌိသုဒ္ဓိ -အာဇီဝပါရိသုဒ္ဓိကို မသင့်သောရှာမှီးခြင်းကို ပယ်၍ တရားနှင့်မညီညွတ်သော ကိုယ်, နှုတ်, အကျင့်ဖြင့် ရှာမှီး၍ ဖြူစင်-စင်ကြယ်နိုင်ပါသည်။

၄။ ပစ္စဝေက္ခဏာသုဒ္ဓိ-အအေးအပူကိုပယ်ဖျောက်ခြင်းအကျိုး၌ သက်နီးကို ဝတ်ရုံသုံးဆောင်၏ ဟု ပစ္စဝေက္ခဏာ ဆင်ခြင်၍ ဖြူစင်-စင်ကြယ် နိုင်ပါသည်။

ဗုဒ္ဓသည်သီလမရှိသောပုဂ္ဂိုလ်ကို-

| | | |
|---|---|---|
| သင်္ကသရသမာစာရပုဂ္ဂလ | = | ရွံ့စရာကောင်းသောအကျင့်ရှိသူ |
| ကသမ္ဗုဇာတပုဂ္ဂလ | = | အမှိုက်သဖွယ်ဖြစ်သူ |
| အဝဿုတပုဂ္ဂလ | = | ကိလေသာမိုးရည်ဖြင့်စွတ်စိုသူ |
| ပါပပုဂ္ဂလ | = | ယုတ်မာသောသူ |
| အန္တောပူတိပုဂ္ဂလ | = | ကိုယ်တွင်းအပုပ်ရှိသူ |

ဟူ၍ကဲ့ရဲ့တော်မူသည်။

-ကိုယ်, နှုတ်, နှလုံးကိုစောင့်စည်းခြင်းမရှိသော ရဟန်းစစ်-ရဟန်းမှန် မဟုတ်ပါဘဲလျက် ရဟန်းယောင်ဆောင်သောသီလကို ဖျက်ဆီးခြင်းဖြင့် မိမိကိုယ်ကိုတူးဖြိုးပြီးသော သတ်ပြီးသောခန္ဓာအတ္တဘောကို ထမ်းရွက် နေသောသီလမရှိသော ပုဂ္ဂိုလ်၏အသက်ရှင်ခြင်းကား အလွန် စက်ဆုပ် ဖွယ်ရာဖြစ်ချေ၏။

-ဤလူ့ပြည်လောက၊ လူ့ဌာနဌတန်ဆာဆင်လိုသော လူငယ်-လူရွယ်တို့သည် မစင်ကိုရှောင်ကြဉ်သည်ပမာ၊ အပုပ်ကောင်ကိုဖွဲခွာသည်ပမာ သီလမရှိသော ပုဂ္ဂိုလ်ကိုသူတော်ကောင်းတို့သည် ဝေးစွာ ရှောင်ကြဉ်ဖွဲ့ခွာကြကုန်၏။

-ဒုဿီလပုဂ္ဂိုလ်သည်ကား ကရုဏာတရားလွန်စွာပြည့်ဝသော ပုဂ္ဂိုလ်မြတ်တို့၏ ကရုဏာသက်ရာ အာရုံသာဖြစ်ချေ၏၊ ဒုဿီလပုဂ္ဂိုလ်လောက်သနားစရာကောင်းသော သတ္တဝါမည်သည်မရှိတော့ချေ။

ဤသို့လျှင် ဒုဿီလပုဂ္ဂိုလ်တို့၏အပြစ်ကား အလွန်များပြားလှပါသည်။

## သီလစင်ကြယ်မှုအကျိုးရှုဖွယ်

၁။ သီလစင်ကြယ်သောရဟန်း၏ သင်္ကန်းဆောင်ခြင်း၊ သပိတ်ဆောင်ခြင်းသည်ပင် ကြည်ညိုဖွယ်ရှိ၍ ရဟန်းဖြစ်ကျိုး အတုခိုးဖွယ်များလေစွ၊

၂။ အမိုက်မှောင်သည် နေရောင်အတွင်းသို့မဝင်နိုင်သကဲ့သို့ စွပ်စွဲခြင်းစသောဘေးသည်သီလဝန္တပုဂ္ဂိုလ်၏စိတ်အတွင်းသို့မဝင်နိုင်။

၃။ လမင်းသည် အရောင်ပြည့်မှ ကောင်းကင်၌တင့်တယ်သကဲ့သို့ ရဟန်းသည်သီလပြည့်စုံမှ ခြိုးခြံစွာကျင့်ရာ သာသနာတောအုပ်၌ တင့်တယ်သည်။

၄။ သီလရှိသောရဟန်း၏ ကိုယ်ရုံ၊ ညစ်ကြေး နံ့သည်ပင် နတ်ပြဟ္မာ တို့ကို ဝမ်းမြောက်စွာ မွေးကြိုင်စေသည်၊ သီလရနံ့ကား အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း၊

၅။ သီလအနံ့သည် နံ့သာအားလုံးတို့ကို လွှမ်းမိုး၏၊ ပိတ်ပင်တားဆီးရာမရ၊ အရပ်(၁၀)မျက်နှာလုံးအညီအမျှ လှိုင်၏။

၆။ သီလရှိသူအားလှူသောပစ္စည်းသည် နည်းသော်လည်း - ကြီးကျယ်သောအကျိုးရှိ၏။ ထို့ကြောင့်သီလရှိသောသူသည် ပူဇော်ခြင်း၏တည်ရာ၊ အရိုအသေပြုခြင်း၏တည်ရာဖြစ်၏။

၇။ သီလရှိသူကို မျက်မှောက်ဘဝဘေးရန်မနှိပ်စက်၊ သီလရှိသူသည် နောက်ဘဝဆင်းရဲ၏ အဖြစ်ကို ဒုသီလသဘောကို တူးဖြိုပစ်တတ်၏။

၈။ သီလရှိသူအား အလိုရှိလျှင် လူစည်းစိမ်၊ နတ်စည်းစိမ်ကဲ့သို့ သီလရှိသူ၏ စိတ်သည် အေးချမ်းသောနိဗ္ဗာန်သို့ပြောင်းနေ၏။

ဤသို့စသည်ဖြင့် စည်းစိမ်အားလုံးတို့၏ အကြောင်းရင်းဖြစ်သော သီလ၌ အကြောင်းတရားများစွာပြွမ်းသော အကျိုးတို့ကို ထင်မြင်အောင် ရှုမှတ်ရပါမည်။ သီလပြည့်စုံခြင်း၌အကျိုးများစွာရှုလျက် ဖြူစင်ကြောင်း ပြည့်စုံပေ၏။

ဤသို့သီလအကျိုးထင်မြင်အောင် ပြနိုင်၊ ရှုနိုင်သောရဟန်းသည်-

- သီလပျက်အံ့သည်မှ ထိတ်လန့်၏၊
- ကြောက်မှုယှဉ်သော ဉာဏ်သံဝေဂရ၏၊
- သီလပြည့်စုံခြင်းသို့ညွတ်ကိုင်းရှိုင်းကာ သက်ဝင်လာ၏၊

ထို့ကြောင့် . . . ရဟန်းသည်သီလပျက်ခြင်း၏အပြစ်ကိုလည်းကောင်း၊ သီလ၏ပြည့်စုံခြင်းအကျိုးကိုလည်းကောင်း၊ ထေရ. နဝ. မဇ္ဈိမဟူသောအခါ သုံးပါး၌ ရှိသေစွာအဖန်ဖန်ရှုလျက် သီလလေးဆူကို အရေးယူကာ မွေးမြူစေရာပါ၏။

# အခန်း (၃)

## အေးစေ, မြစေ, မေတ္တာဝေ

သာသနာပြုရဟန်းတော်ဟူသမျှတို့သည် ရဟန်းပီသ အကျင့်သီလနှင့် ပြည့်စုံရန်လိုအပ်သလို မေတ္တာဘာဝနာပွားမှုသည်လည်း ဒုတိယအဆင့်အလွန် လိုအပ်သောကျင့်စဉ်တစ်ရပ်ဖြစ်ပါသည်။ မေတ္တာဘာဝနာပွားနိုင်သော် ခန္တီ- သည်းခံခြင်းတရားသည် အလိုလိုပြီးပြည့်စုံပြီး ဖြစ်နေပါတော့သည်။

### (က) စကြဝဠာနိယာမနှင့်မေတ္တာစွမ်းအား

အနန္တစကြဝဠာရှိ နေ-လ-နက္ခတ်တာရာတို့သည် သူ့အုပ်စုနှင့်သူ အချင်း ချင်းအားပြိုင်နေသော သဘောရှိသည်-ဟု သိပ္ပံပညာရှင်တို့ ကဆိုပါသည်။

ဤစကြဝဠာတွင် ဂြိုလ်ကြီး(၉)လုံးတို့သည် အချင်းချင်းအားပြိုင်ကြပြီး လျှင် လည်ပတ်နေပါသည်။ ဤဂြိုလ်ကြီး(၉)လုံးတွင် နေမင်းသည် အချင်းမိုင် အားဖြင့် (၈၅၄၃၉၃)ရှိပြီး အင်အားအကြီးမားဆုံး ဆွဲငင်အားအကောင်းဆုံးဟု

ဆိုပါသည်။ လ, ကားမိုင် ၂၀၀၀ရှိပြီး ကမ္ဘာ မြေ-ဟုဆိုအပ်သော ဤကမ္ဘာမြေကြီး ကား မိုင်(၇၉၁၀၀)ရှိသည်ဟု ဆိုကြပါသည်။

အပြောကျယ်သော လတာပြင်၌ ဆွဲငင်ကြီးရာအလိုက်၊ အင်အားကြီးသူ အနိုင်ရစမြဲသဘာဝအရ အခြားဂြိုလ်များက နေမင်းဂြိုလ်ကို ဗဟိုပြု၍ ဦးတိုက်၍ လှည့်ပတ်သွားနေရသည်။

ကမ္ဘာမြေကြီးသည် တစ်နေ့တစ်ညလျှင် တစ်ပတ်ပြည့်အောင် နေကိုဦး တိုက်နေရသလို လ, ကားကမ္ဘာမြေထက် အင်အားနည်းသူဖြစ်၍ ကမ္ဘာမြေကို တစ်လလျှင်တစ်ပါတ်ကျ ဦးခိုက်လှည့်နေရသည်။

အခြားဂြိုလ်များကလည်း သူ့နှုန်းနှင့်သူ၊ နေကိုဦးခိုက်ကာ လှည့်ပတ်သွား နေရသည်၊ ရပ်နားနေရသည်ဟူ၍မရှိချေ။ နေစကြဝဠာအုပ်စုတွင် ပါဝင်နေ ကြသော သက်ရှိသက်မဲ့အရာဝတ္ထုများအားလုံးသည် အင်အားအကြီးမားဆုံး ဖြစ်သောနေ၏ဩဇာကို နာခံနေကြရသည်။ ညဥ့်အခါကောင်းကင်သို့ မော်ကြည့် ၍မြင်ရသော ကြယ်တာ ရာဟုခေါ်သောအရာများကား စကြဝဠာအနန္တများပင် ဖြစ်ပါသည်။

ရူပဗေဒသိပ္ပံပညာရှင်တို့က စကြဝဠာအနန္တရှိ မြင်မြင်သမျှတို့သည် မည်သည့်အစိုင်အခဲအရာဝတ္ထုမျှမရှိ၊ လှိုင်းများရောင်ခြည်များ၏ အဖွဲ့အစည်း သာဖြစ်သည် ဟု ဆိုပါသည်။

သိပ္ပံပညာရှင်တို့တွေ့ရှိသော ရောင်ခြည်တို့သည် တစ်ခုနှင့်တစ်ခု စွမ်းအား သတ္တိချင်း ခြားနားသည်ဟု ဆိုဖါသည်။

၁။ ကတ်သုတ်ရောင်ခြည် =လျှပ်စစ်သံလိုက်ကွင်းများကို မထိုးဖေါက်နိုင်၊ ပြေး သောအခါ မျဉ်းဖြောင့်အတိုင်းပြေးသည်၊

၂။ အာလဖာရောင်ခြည် = ရေဒီယမ်မှရသည် ဓာတ်ပုံဖလင်ကော်ပြားကို ဖျက်ဆီး နိုင်သည်၊ ပါးလွှာသောသတ္တုပြားနှင့် နှစ်လက္မခန့်ထူ သော လေထုကို မဖေါက်ထွက်နိုင်ပါ၊ တစ်စက္ကန့်လျှင် မိုင်တစ်သောင်းအမြန်နှုန်း ရှိသည်။

၃။ သီတာရောင်ခြည် =ရေဒီယမ်မှရရှိသည့် တစ်လက်မ၏ခြောက်ပိုင်းတစ်ပိုင်း မိုင်ခန့်ထူသော ဒန်နှင့်တစ်မီလီတာရှိသော ခဲပြားကို ဖေါက်ထွင်းနိုင်သည်၊ တစ်စက္ကန့်လျှင် (၁၈၆၃၀၀)နှုန်း ဖြစ်သည်။

၄။ ဂါမာရောင်ခြည် =ရေဒီယမ်မှရသည်၊ အလွန်ပြင်းထန်သောရောင်ခြည် ဖြစ်၍ တစ်ပေအထိအထူကို သင် ဖောက်နိုင်သည်၊ လျှပ်စစ်သံ လိုက်ဓာတ်ကြွသော ရောင်ခြည်ဖြစ်၍ X-ray ခေါ် ဓာတ်မှန် ရိုက်သောရောင်ခြည်၊ ခရမ်း ရောင်ခြည်တို့နှင့်ဆက်စပ်လျက်ရှိသည်။

၅။ လေဆာရောင်ခြည် =အပူရှိန်အားကြီးသည်၊ စိန်ကိုပင်ဖြတ်နိုင်သည်၊ ယနေ့ စက်မှု လက်မှုနှင့်အဖျက်လက်နက်များတွင် အသုံးပြု နေသော အထက်မြက်ဆုံးရောင်ခြည်ဖြစ်သည်။

အခြားရောင်ခြည်များသည် အရောင်အမျိုးမျိုး၊ လှိုင်းအမျိုးမျိုးရှိနေ၍ လိုရာသို့မလွှတ်နိုင်ပါ၊ အဖက်ဖက်သို့ ယိုင်ပြန့်နေပါသည်။ လေဆာကား တစ်ရောင်တည်း၊ လှိုင်းကတစ်သမတ်တည်းရှိ၍ လှံကဲ့သို့ လိုရာနေရာ တစ်နေရာတည်းသို့ ဖြောင့်တန်းစွာ စူးဝင်ထိုးဖေါက်နိုင်စွမ်းရှိပါသည်။

ထိုသိပ္ပံဆရာတို့က ထိုအရာများကို လူသားတို့အကျိုးပြုမှုထက် လူသတ်လက်နက် သူ့ထက်ငါသာအောင် စူးစမ်းရှာဖွေမှုများကသာ များနေပါသည်။

သိပ္ပံဆရာတို့က လှိုင်းအဖြစ်ရောင်ခြည်အဖြစ် ပြောဆိုနေကြသော အရာဝတ္ထုများကို လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၃)ကျော်က ဗုဒ္ဓဂေါတမက တေဇောဓာတ်၊ ဝါယောဓာတ်အဖြစ်လည်းကောင်း၊ အနုမြူ ပရမာအနုမြူအဖြစ် လည်းကောင်း ဖေါ်ထုတ်ဟောပြထားခဲ့ပြီး ဖြစ်ပါသည်။

ထိုသိပ္ပံပညာရှင်တို့ပြောပြသော ဓာတ်လှိုင်ရောင်ခြည်တို့ထက် စွမ်းအား ထက်သောလူသားတို့အား အကျိုးပြုရာ၌ အတုမရှိသောဓာတ် လှိုင်ရောင်ခြည် တစ်မျိုးမှာ- ဗုဒ္ဓဂေါတမဟောကြားခဲ့သော အဒေါသစိတ်ခေါ် မေတ္တာရောင်ခြည် ပင် ဖြစ်ပါသည်။

ယှယနေ့ခေတ်တွင် လကမ္ဘာဂြိုလ်အသီးသီးသို့သွားနိုင်ရန် သိပ္ပံပညာရှင်တို့က အစွမ်းထက်သောစက်ကိရိယာများကို ဖန်တီးပြုလုပ်နေကြပါသည်။ ထိုအရာများကို ကမ္ဘနိယာမအရဖြစ်လာသော လူသားတို့ကပင် ဖန်တီးထုတ်လုပ်ခြင်းဖြစ်နေပါသည်။

ထိုစက်ကိရိယာများသည် လူသားတို့၏ခန္ဓာကိုယ်မှ ထုတ်လွှင့်လိုက်သော မေတ္တာဓာတ်လောက် နူးညံ့သိမ့်မွေ့ခြင်းမရှိသလို ထက်မြက်မှု စွမ်းအားလည်း အလွန်နည်းပါးသည်။

စကြဝဠာအနန္တရှိ ရုပ်လောကကြီးတစ်ခုလုံးကို စိတ္တေန နိယတေ လောကော-ဟူသောဗုဒ္ဓ၏တရားတော်အရ စိတ်ကသာဦးဆောင်နေသည်ကို ယနေ့သိပ္ပံပညာရှင်တို့က လက်ခံထားပြီးကြပြီး ဖြစ်ပါသည်။

စကြဝဠာအစနှင့်တကွ ပုပုရွရွမြင်နေသမျှတို့၏ ဖန်တီးဖြစ်ပေါ်လာမှုတို့တွင် စိတ်ကသာလျှင် ပဓာနဖြစ်ပြီး အရာရာတွင်စိတ်ကသာလျှင် စိုးမိုးအုပ်ချုပ်အစိုးရမှုရှိနေပါသည်။

ကမ္ဘာ့တွေးခေါ်ပညာရှင်များဖြစ်ကြသော ခေါ်မပညာရှင် ဒီမိုကရိတပ်၊ ပိုက်သဂိုရပ်တို့ကလည်း-

စကြဝဠာတစ်ခုလုံး၏အခြေခံမူလသည်၊ အနုမြူအစုအဝေးမျှသာဖြစ်သည်။ ထိုအနုမြူတွင်လည်း အနူးညံ့ဆုံးအသိမ့်မွေ့ဆုံးအနုမြူမှာ စိတ်သာလျှင်ဖြစ်သည်၊ စိတ်ဆန္ဒသည်ကား တစ်လောကလုံးတွင် အရာရာကိုစိုးမိုးသည်။ ဤလောကကြီးအတွင်းရှိ သက်ရှိသက်မဲ့အရာအားလုံးမှာ စိတ်ဆန္ဒကြောင့်သာ မြွစ်ပေါ်နေရသည်၊ မည်သည့်ဘုရားရှင် အနန္တဝိညာဉ်ဖန်ဆင်းရှင်တို့ကြောင့်မျှ ဖြစ်ပေါ်လာရသည် မဟုတ်ဟု ဆိုထားခဲ့သည်။

ရောင်ခြည်ဘဲဆိုဆို၊ အနုမြူဘဲဆိုဆို စကြဝဠာများသည် တစ်ခုနှင့်တစ်ခုဝေးကွာသည်၊ ဆက်စပ်မှုမရှိဟုထင်နေရသော်လည်း စင်စစ်မှာမူ တစ်ခုတည်းသာဖြစ်ပါသည်။

ဗုဒ္ဓကမူ အဘိဓမ္မာ၌ တော, တောင်, ရေမြေသမုဒ္ဒရာနှင့်သက်ရှိ သက်မဲ့ အရာဝတ္ထုအားလုံးသည် အခြေခံအားဖြင့် အဋ္ဌကလာပ်ရုပ် ဟု ဆိုအပ်သော

(ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ-ရသ၊ ဩဇာ) များသာဖြစ်၍ ကလာပ်မှုံ၊ ကလပ်မွှားမွှား၊ ရုပ်မှုံ့တို့ဖြင့် ဖွဲ့စည်း ထားခြင်းသာဖြစ်သည် ဟု ဖွင့်ဆိုဟောကြားထားပါသည်။

သိပ္ပံပညာ၌ အနုမြူကိုတိကျစွာသိမြင်လာသော အချိန်မှစ၍ စကြဝဠာ အတွင်းရှိ အရာဝတ္ထုအားလုံးသည် တစ်ခုနှင့်တစ်ခုကင်းကွာ၍ မရပ်တည်နိုင် ကြောင်း တွေ့မြင်လာပါသည်။

လူနှင့်စကြဝဠာအနန္တသည် အသံလှိုင်းအားဖြင့်လည်းကောင်း၊ ကိုယ်မှ ဖြာထွက်နေသော ကိုယ်ရောင်အားဖြင့်လည်းကောင်း၊ တုန်ခါနေသောအားဖြင့် လည်းကောင်း၊ အခြားသံလိုက်ဓာတ်၊ လျှပ်စစ်ဓာတ်အားဖြင့်လည်းကောင်း၊ အချင်းချင်းဆက်သွယ်ထိတွေ့နေကြောင်းကို ယနေ့ရုပ်မြင်သံကြားစက်များ၊ ဂြိုလ်တုစလောင်းဆက်သွယ်ရေးစကများကို ကြည့်သောအားဖြင့် သိသာနိုင် ပါသည်။

ထို့ကြောင့် အဒေါသစိတ်ခေါ် မေတ္တာဓာတ်လှိုင်းများသည် စကြဝဠာ အနန္တနှင့်ဗိုးယိုပေါက်ဖြတ်သန်းလွှမ်းမိုးကာ အလွယ်တကူပင် အရှိန်အဝါသက် ရောက်နိုင်ကြောင်း သိသာနိုင်ပါသည်။

အနီးအဝေးဟူသောသဘောသည် သိပ္ပံ၌မရှိသလို စိတ်လုပ်ငန်း၌လည်း မရှိနိုင်ပါ၊ နိုင်ငံခြားသို့သွားလိုစိတ်နှင့် နတ်ပြည်၊ ဗြဟ္မာပြည်သို့ သွားလိုသော စိတ်သည် အတူတူပင် ဖြစ်ပါသည်။ ယှဉ်စိတ်နှင့်သွား ယှဉ်ရောက်ပါသည်။

စကြဝဠာအတွင်း၌ မည်သည့်ဒြပ်ဝတ္ထုမဆို အချင်းချင်းဆွဲငင်လျက်ရှိ သည်။ လောက၌ဒြပ်ဝတ္ထုနှစ်ခုရှိလျှင် လျှပ်စစ်ဓာတ်သံလိုက် ဓာတ်စသော အကြောင်း(၆)မျိုးကြောင့် အင်အားသစ်တစ်ရပ်ဖြစ်ပေါ်လာရသည် ဟု ဆိုပါသည်။

ရူပဗေဒ၌ အိုက်စက်နယူတန်၏ ရွေ့လျားမှုနိယာမ(၃)မျိုးတွင်-

၁။ အမှတ်(၁)နိယာမ =လက်ရှိရပ်တည်နေသော အခြေအနေကိုပြောင်းလဲ လိုလျှင် ပြင်ပမှအင်အားတစ်ခုဖြင့် ပြုလုပ်ပေးရမည်။

၂။ အမှတ်(၂)နိယာမ =အရှိန်အဟုန်ပြောင်းလဲပေးသောနှုန်းသည် သက်ရောက်သောအားနှင့် တိုက်ရိုက်အချိုးကျပြီး အား၏လားရာဘက်အတိုင်း လားရောက်မည်။

၃။ အမှတ်(၃)နိယာမ =သက်ရောက်မှုတိုင်းတွင် ယင်းနှင့်ညီမျှသော တန်ပြန်သက်ရောက်မှု ရှိသည်၊ မှန်ကြည့်လျှင်တန်ပြန်အရိပ်ပေါ်သကဲ့သို့ပင် ဖြစ်သည်။

ဤနိယာမသဘောများအရ စိတ်ပိုင်းဆိုင်ရာအင်အားကို သိမြင်ထားသူများသည် မေတ္တာစိတ်ဓာတ်စွမ်းအားဖြင့် လောကငြိမ်းချမ်းမှုကို တည်ဆောက်နိုင်ကြောင်း သိပါမည်။

အမှတ်(၂)(၃)နိယာမအရ မေတ္တာထံပို့လွှတ်သူထံသို့ ရောက်-မရောက်နှင့် အပို့ခံရသူ၏ မေတ္တာတုံ့ပြန်မှုကိုလည်း ပို့သူထံသက်ရောက်မှုရှိ-မရှိပြဿနာသည် ရှင်းနေပါသည်။

အသေဟုဆိုအပ်သော ရုပ်ဝတ္ထုတို့၌ပင် အချင်းချင်းမှီတွယ်မှု၊ သက်ရောက်မှုရှိနေလျှင် မေတ္တာစသောနာမ်သတ္တိများအဖို့မှာမူ အထူးပြောစရာ မလိုတော့ပါ။

မေတ္တာဓာတ်လှိုင်းဖို့လွှတ်သူများသည် သမာဓိအင်အားကောင်းလာသောအခါ မေတ္တာခံယူသူများထံမှလည်း မည်သို့သောတုံ့ပြန်မှု ပြန်ကြားချက်များ ရသည်ကို အလိုလိုသိမြင်လာပါသည်။

ဥပမာ- အိပ်မက်မက်ခြင်း၊ အသံကြားခြင်း၊ ပုံသဏ္ဍာန်ထင်ခြင်း၊ သတင်းစကားပြောကြားခြင်း၊ စသော တုံ့ပြန်မှုများပြန်လာသည်ကို တွေ့ရတတ်ပါသည်။

နံရံကိုဘောလုံးနှင့်ပစ်ပေါက်လိုက်ပါက ဘောလုံး၏တုံ့ပြန်မှု၊ ရေကန်ထဲသို့ ခဲတစ်လုံးပစ်ချလိုက်က ခဲအင်အားအလိုက်ရေဂယက်လှိုင်းများ ဖြစ်ပေါ်လာမှုကို ကြည့်က တုံ့ပြန်မှုများကိုသာ သိသာနိုင်ပါသည်။

ဟဒယဝတ္ထုမနောအကြည်မှ ထုတ်လွှတ်လိုက်သော မေတ္တာဓာတ်လှိုင်းသည် အစိုင်အခဲမရှိ၊ အနုမြူရောင်ခြည်အဖွဲ့အစည်းများဖြင့်သာ ဖြစ်သော အဋ္ဌကလာပ်ရုပ်အဖွဲ့အစည်းများဖြစ်သော အနန္တစကြဝဠာအတွင်းရှိ ရုပ်ကလာပ်

(မော်လိကျူ)အဆက်ဆက်လက်ဆင့်ကမ်းကာ အဆုံးအပိုင်းအခြားမထင်အောင် တုန်ခါရိုက်ခတ်သွားခြင်းသာ ဖြစ်ပါသည်။

လူတို့၏ကိုယ်မှာ ဖြာထွက်သောစိတ်အား၊ ဇောအား သိပ္ပံအလိုအရ လျှပ်စစ်တုန်ခါမှုတစ်မျိုးအားသည် ယုံကြည်မှုကြောင့် ဖြစ်ပေါ်လာရသော စွမ်းအားဖြစ်ပါသည်။

ထိုယုံကြည်မှုသည်မမြင်ရသောစွမ်းအားများကို ထကြွသွားစေပြီးလျှင် ကိုယ်တိုင်ဖြစ်လိမ့်မည် ဟု မထင်သောကိစ္စကြီးများကို ကိုယ်နှင့်ဆိုင်သောလောက အတွင်းသို့ သယ်ဆောင်ပေးလာတတ်ပါသည်။

သိပ္ပံဝတ္ထုသည်အပြင်ဝတ္ထုကိုသာကြည့်သည်၊ အတွင်းပိုင်းကိုမကြည့်လိုပါ၊ အဝေးကိုသာကြည့်သည်၊ အနီးကိုမကြည့်ပါ၊ သို့အတွက် စိတ်လောကနှင့်ရုပ် လောကတွင် ရုပ်လောကသာအဓိကဟူ၍ မြင်နေတတ်ပါသည်။

စိတ်၏တွေးတောမှုနှင့်စိတ်၏တုန်ခါမှုများကို စဉ်းစားလိုက်ပါက လူစိတ်မှ ဖြစ်ပေါ်လာသောတန်ခိုးသည် မည်ကဲ့သို့သောတန်ခိုးဖြစ်သည်ကိုသာမန်ဉာဏ်ဖြင့် စဉ်းစား၍မရနိုင်ပါ။

မူလဘူတဓာတ်ကြီးလေးပါးကို ဆွဲငင်ပေါင်းစည်းပေးသောအရာမှာ- မေတ္တာဓာတ်ဖြစ်၍ ကွဲပြားအောင်လုပ်သောအရာမှာ မုန်းတီးမှု (ဒေါသ) ဖြစ်ပါ သည်။ မေတ္တာတရားနှင့်မုန်းတီးမှုကသာ ဓာတ်ကြီးလေးပါးကို ချုပ်ကိုင်ထားသည်ကို အဘိဓမ္မာသဘောအရသိရပါမည်။

စိတ်ဓာတ်လှိုင်းစေလွှတ်ခြင်းဆိုသည်မှာ ရုပ်ဝေးနေပုဂ္ဂိုလ်တစ်ဦးထံ တစ်စုံတစ်ရာပြောကြားသိစေလိုသည်-ဟုဆိုလျှင် ထိုသူကို စိတ်ထဲမြင်အောင် ခြေဆုံးခေါင်းဆုံးပီပီပြင်ပြင် ထင်မြင်လာအောင် စိတ်ညွှတ်ထားပြီးနောက် မိမိ ပြောလိုသောအကြောင်းအရာကို တိုတိုတုတ်တုတ် ရေးသားထားပြီး နေ့စဉ် ရက်ဆက်အတွင်း စိတ်ထဲစွဲနေအောင် ကြိမ်ဖန်များစွာ ရွတ်ဖတ်၍စိတ်ကို စေလွှတ်ခြင်းပင်ဖြစ်ပါသည်။

ယခုခါ တယ်လီပသီခေါ်စိတ်ချင်းစကားပြောနည်းကို ကမ္ဘာတစ်ဝှမ်း တက်တက်ကြွကြွလေ့လာနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

## လူသားနှင့်စိတ်ဓာတ်

လူသည်စကြဝဠာအတွင်း-ရုပ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာ အင်အားများ ပါရှိသော ကမ္ဘာလေးတစ်ခုဖြစ်ပါသည်။

ထိုလူသားထံမှအမြဲတစေ တုန်ခါထုတ်လွှင့်နေသော ရောင်ခြည်လှိုင်းတို့သည် အနုမြူအဖွဲ့အစည်းမျှသာဖြစ်သော အနန္တစကြဝဠာ၌ နေရာမလပ်ထိုတွေ့ပေါင်းဆုံကာ ရုပ်သက်သက်ချည်းသာဖြစ်သော ရောင်ခြည်လှိုင်းအင်အားများ အပေါ် လွှမ်းမိုးချုပ်ကိုင်နေပါသည်။

ဤသိပ္ပံအမြင်များသည် ဗုဒ္ဓ၏အဘိဓမ္မာအမြင်၌ ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် ဖော်ထုတ်ဟောထားပြီး ဖြစ်ပါသည်။

ဓာတုသံယုတ်၌ - တစ်လောကလုံးဓာတ်သဘောဖြင့်သာ ဆက်နွယ်နေသည်။

စိတ္တဝဂ်၌ - လောကတစ်ခုလုံးစိတ်ကသာ ဦးဆောင်နေသည်။

ဓမ္မပဒ၌ - နာမ်တရားတို့ကို စိတ်ကသာ ဦးဆောင်နေသည်။

ခန္ဓသံယုတ်၌ -သတ္တဝါတို့၏အမွေအတောင်, အရောင် အဆင်းစသည်တို့သည် ဖြစ်ချင်စိတ်ကြောင့်ပင် ဖြစ်နေကြရ၏။

မူလပဏ္ဏာသ-ပါသရာသိသုတ်၌ -ဘုရားရှင်၏ရောင်ခြည်တော်တို့သည် သာသနာကျယ်သည့်အထိ စကြဝဠာ တစ်ခွင်၌ ပျံ့နှံ့၍တည်နေသည်။

မဇ္ဈိမပဏ္ဏာသ ဥပါလိသုတ်၌ -သမာဓိရှိသောစိတ်သည် နာဠန္ဒမြို့ကြီး တစ်မြို့လုံးကိုပင် ချက်ချင်း ပြာအတိကျစေနိုင်သည်၊

ဟူ၍ဗုဒ္ဓဟောကြားထားခဲ့ပါသည်။

ကံကြောင့်ဖြစ်သော ကမ္မနိယာမကို ခြွင်းချက်ထား၍ အဘိညာဉ် တန်ခိုးဟူသော စိတ်သည် လောကကြီးတစ်ခုလုံးကို မှောက်လိုမှောက် လှန်လိုလှန်-ဟု စိတ်အကြံအစည်အတိုင်း ဖြစ်စွမ်းစေနိုင်သည်ဟု အဘိညာဉ်တန်ခိုး၌ ဖွင့်ဆိုပြထားပါသည်။

သမာဓိရှိသော(ဝါ)တန်ခိုးရှိသောပုဂ္ဂိုလ်များသာလျှင် ဤလောကကြီးကို လိုသလိုပြုလုပ်နိုင်စွမ်းရှိသည်မဟုတ်ပါ။ အသက်ရှိသော စိတ်ရှိသော သတ္တဝါတိုင်းပင် မိမိတို့၏စွမ်းအားအလိုက် လောကကြီးကို ကောင်းစေ-ဆိုးစေနိုင်ပါသည်။

လူသား၌ရှိသော အင်အားများစွာတို့တွင် စိတ်ဓာတ်အင်အားသည် အကြီးမားဆုံးဖြစ်ပါသည်။ လူသားတစ်ဦး၏စိတ်ကူးတစ်ချက်သည် အနုမြူဗုံးများစွာ ပေါက်ကွဲသည်ထက် ပြင်းထန်ပါသည်။ အနုမြူဗုံးဒဏ်မှာ တစ်ဘဝသာခံရပါမည်။ အကုသိုလ်မကောင်းမှုစိတ်တစ်လုံးကား ပေါက်ကွဲခံစားရပါမည်။

ဗုဒ္ဓက ကာယကံ၊ ဝစီကံ၊ မနောကံတွင် မနောကံသည် အပြစ်အကြီးဆုံး အင်အားအကြီးဆုံးဖြစ်ကြောင်း ဥပါလိအား ဟောကြားခဲ့ပါသည်။

မနောကံအကုသိုလ်များမှာ-

၁။ အဘိဇ္ဈာ - သူတစ်ပါးပိုင်ပစ္စည်းများကို မတရားယူရန် ကြံစည်ခြင်း၊

၂။ ဗျာပါဒ - သူတစ်ပါးအား ပျက်စီးစေလိုခြင်း၊

၃။ မိစ္ဆာဒိဋ္ဌိ - အယူအတွေးအခေါ်မှားခြင်း၊

၄။ ဣဿာ - သူတစ်ပါးကောင်းစားတာကို မနာလိုခြင်း၊

၅။ မစ္ဆေရ - သူတစ်ပါးကိုပေးရမည်၊ ဆက်ဆံရမည်ကို ဝန်တိုခြင်း၊

ဤအကုသိုလ်များက သတ်, ဖြတ်, ခိုးဆိုးတိုက်ခိုက်ခြင်း စသည်ကဲ့သို့ စားရသောက်ရပြီးမှခံရသောအကုသိုလ်များမဟုတ်ပါ၊ စိတ်ထဲဖြစ်ကာမျှဖြင့် အလွန်အပြစ်ကြီးလေးသော အကုသိုလ်အပူလှိုင်းများ ဖြစ်ကြပါသည်။

လူသားတို့စိတ်ဓာတ်သည် သက်ရှိသတ္တဝါအချင်းချင်းတို့၌သာ ဓာတ်ရိုက်ကူးစက်သည်မဟုတ်၊ သက်မဲ့ဖြစ်သော တောတောင်သစ်ပင် ရေမြေစသည်တို့၌လည်း ဓာတ်ရိုက်ကူးစက်လာပါသည်။

အနုမြူဗုံးချ၍ အဆိပ်ဖြစ်သွားသော နေရာ၌မည်သည်သစ်ပင်မှ မပေါက်နိုင်ခြင်းသည် အလွန်ဆုံးအနှစ်(၂၀)လောက်မျှလောက်သာ ဖြစ်မည်၊ မကောင်းမှုလှိုင်းထိခိုက်ခံရသော ဒေသကားနှစ်ပေါင်းထောင်သောင်းချီ၍ ပျက်စီးသွားနိုင်ပါသည်။ ရှေးကဒဏ္ဍကီစသောမြို့ကြီးမှာ ရသေ့တို့၏စိတ်ဓာတ်ကျိန်စာကြောင့်

ပြာပူမိုးရွာစေကာ ပျက်စီးပြီး တောအတိဖြစ်သွားကြရသည်မှာ ရသေ့တို့၏ စိတ်ဓာတ် အပူလှိုင်းကြောင့် ဖြစ်ပါသည်။

နောက်ဆုံးကမ္ဘာကြီး-မီး, ရေ, လေကြောင့် ပျက်စီးပျောက်ကွယ်သွားရ သည်မှာလည်း လူသားတို့၏ လောဘ, ဒေါသ, အပူလှိုင်းများ ကြောင့် ဖြစ်ပါသည်။ ကမ္ဘာလောကတစ်ဝှမ်း၌ ငတ်မွတ်သောဘေး စစ်လက်နက်ဘေး၊ အနာရောဂါ ဘေးဟူသော ကပ်ကြီး(၃)ပါး ဆိုက်ရောက်ရသည်မှာလည်း ထိုလောဘ, ဒေါသ စသော အပူလှိုင်းများကြောင့် ဖြစ်ပါသည်။

ခိုးမှု၊ သတ်မှု၊ လိမ်လည်မှု၊ လူကြီးမိဘအရိုအသေတန်မှု စသော စိတ်ယုတ်-စိတ်ရိုင်းအပူလှိုင်းများကြောင့် သက်တမ်းတိုရခြင်း၊ အဆင်းမလှခြင်း စသည်များဖြစ်ရကြောင်းကို စက္ကဝတ္တိသုတ်၌ ဟောကြားထားပါသည်။

သက်မဲ့ဖြစ်သော မြေ, ရေ, လေ, မီး -ဟူသော မိုးလေဝသတို့ကပင် စိတ်ပုတ်-စိတ်ရိုင်းများကို လက်မခံကြ၊ တုံ့ပြန်တော်လှန်မှုရှိသည် ဟု ဇာတက တော်များ၌ ဗုဒ္ဓကဟောကြားထားသည်ကို တွေ့ရပါမည်။

တောထဲ၌နေသောရသေ့များ အကျင့်သီလရှိ-မရှိ၊ ထိုရသေ့နေသော သင်ခန်းကျောင်းဘေးရှိ သစ်ပင်များကို ကြည့်ရုံမျှပင် သိနိုင်ပါသည်။

လူသားတို့၏အကျင့်ကောင်းလျှင် မြေဆီလွှာများ၊ မြေသြဇာများ ကောင်းပြီး မိုးလေဝသ ရာသီဥတုမှန်ကန်ပြီး သစ်ပင်သစ်သီးတို့သည် မြေဆီ သြဇာအဆီအနှစ်ပြည့်စုံသည်။ လူသားတို့အကျင့်မကောင်းက သြဇာညံ့ပြီး အဆီအနှစ်ညံ့သွားပါသည်။

လူတို့၏ဒုစရိုက်အပူများကြောင့် မြေသြဇာသီးနှံများ ပျက်ပြားပုံကအစ ကပ်ဆိုက်ရောက်ပုံအကြောင်းများကို ဗုဒ္ဓက တိကနိပါတ်ဂါမဏိဇာတ်၊ စတ္တာလိသ နိပါတ်တေသကုလဇာတ်၊ စတုက္ကနိပါတ်၊ ရာဇောဝါဒသုတ်တို့၌ ဟောကြား ထားသည်ကို လေ့လာကြည့်က သိနိုင်ပါသည်။

ဝေဿန္တရာမင်းကြီး၏ မေတ္တာစွမ်းအား၊ သုဝဏ္ဏသာမတို့၏ မေတ္တာ စွမ်းအား၊ ယနေ့ခေတ် ဆရာတော်ဦးသီလ၏မေတ္တာစွမ်းအား၊ တောင်တန်း ဆရာတော်ဦးဥတ္တမသာရ၏ မေတ္တာစွမ်းအား၊ သာမညဆရာတော်၏

မေတ္တာစွမ်းအား၊ မိုးညှင်းဆရာတော်ကြီး၏ မေတ္တာစွမ်းအား၊ မြိုင်ကြီးငူဆရာတော်၏မေတ္တာစွမ်းအား စသောပုဂ္ဂိုလ်၏ မေတ္တာစွမ်းအားများကြောင့် (၃)ယူဇနာအတွင်းရှိ (တစ်ယူဇနာ ၁၂မိုင်= ၁၂×၃=၃၆မိုင်) အတွင်းရှိ သတ္တဝါများအားလုံး အချင်းချင်း မေတ္တာသက်ဝင်ယဉ်ပါးကြသည်ကို တွေ့မြင်ကြရပါသည်။

စိတ်ပိုင်းဆိုင်ရာအပိုင်းကို အကြမ်းအားဖြင့် ခွဲခြား၍-

၁။ အကုသိုလ်(ဒုစရိုက်) = အပူလှိုင်း၊

၂။ ကုသိုလ်(သုစရိုက်) = အအေးလှိုင်း

ဟူ၍ (၂)မျိုးရှိသည်ကို တွေ့ရပါမည်။

အကုသိုလ်အပူလှိုင်းသည် ကမ္ဘာကြီးကို ပျက်စီးစေပြီး ကုသိုလ် အအေးလှိုင်း ကမ္ဘာကြီးကို ငြိမ်းအေးစေပါသည်။

ဗုဒ္ဓအဘိဓမ္မာသဘောအရ အကုသိုလ်သည် အပယ်ခံတရား၊ ကုသိုလ်သည် ပယ်တတ်သော လွှမ်းမိုးသတ်ဖြတ်နိုင်သောတရားများ ဖြစ်သည်။

ကုသိုလ်သည် -

ကာမဝစရကုသိုလ် =လူ, နတ်ပြည်ခြောက်ထပ်ရောက်စေ ဖြစ်စေသော ကုသိုလ်၊

မဟဂ္ဂုတ်ကုသိုလ် =ရူပဗြဟ္မာ(၁၆)ဘုံ၊ အရူပဗြဟ္မာ ၄-ဘုံသို့ ရောက်စေ ဖြစ်စေသောကုသိုလ်၊

လောကုတ္တရာကုသိုလ် =မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်သို့ ရောက်စေ ဖြစ်စေသော ကုသိုလ်၊

ထိုသုံးမျိုးသည် ကုသိုလ်တစ်မျိုးထက် ကုသိုလ်တစ်မျိုးကသာလွန်၍ အင်အားကြီးမားသည်ကို တွေ့ရပါမည်။ ကုသိုလ်တစ်စုံတစ်ခု ပြုလုပ်သူသည် မိမိကုသိုလ်ကို ဆီမီးတစ်တိုင်မှတစ်တိုင် အဆင့်ဆင့်ကူးပေး၍ မကုန်နိုင်သကဲ့သို့ အခြားသူများအား ဝေငှ၍မကုန်နိုင် လောက်အောင် အင်အားရှိသည်။

မိလိန္ဒပဥှာ၌ရှင်နာဂသိန်က အကုသိုလ်ကအင်အားနည်းပြီး ကုသိုလ်က အင်အားကြီးပြီး အကုသိုလ်ကို လွှမ်းမိုးနိုင်ပုံ၊ အကုသိုလ်သည် ကောင်းကင်က ကျသော ရေပေါက်သည် ကျသောသဲသောင်၌ ကွယ်ပျောက်သွားနိုင်သည်၊

ကုသိုလ်ကားသည်းထန်စွာရွာသွန်းသော မိုးကြီးပမာ မရပ်တည်ဘဲ ချောင်း, မြောင်း, အင်းအိုင်အထိ စီးဝင်နိုင်၊ တည်တံ့နိုင်သော အင်အားရှိပုံ၊ ကုသိုလ်ပြုသူသည် မိမိသာမက ပတ်ဝန်းကျင်(၃၁)ဘုံ၌ ရွှင်မြကြည်နူးဝမ်းသာသွားစေနိုင်ပုံ၊ စမ်းရေတွင်းသည် ထွက်ပေါက်ရှိစေကာမူ ကုန်ခမ်းသည်မရှိ တစိမ့်စိမ့် တသွင်သွင် အလျင်မပြတ်သကဲ့သို့ရှိပုံတို့ကို ဟောပြခဲ့ပါသည်။

ဤကုသိုလ်(၃)မျိုးတို့တွင် မေတ္တာကုသိုလ်သည်ကား သမာဓိအားကောင်းလာလျှင် မြတ်သောကုသိုလ်(မဟဂ္ဂုတ်ကုသိုလ်)ဖြစ်သည်၊ လောကီနယ်ပယ်၌ လောကကြီးကို ညီညွတ်အောင် စိုပြေချမ်းမြေ့အောင် ငြိမ်းချမ်းအောင် ပြုလုပ်ပေးနိုင်သည်မှာ ဤမေတ္တာကုသိုလ်ကြီး ဖြစ်ပါသည်။ ဤမေတ္တာလောက် အင်အားကြီးမားသော အရာသည်မရှိပါ။

လောကုတ္တရာကုသိုလ်ကား တစ်သံသရာလုံးကပါလာသော စိတ်ညစ်စိတ်ဆိုးများကို အမြစ်ပါမကျန် နှုတ်ပယ်နိုင်သော ကုသိုလ်ဖြစ်၍ အင်အားအကြီးမားဆုံးကုသိုလ်ထူးဖြစ်ပါသည်။

လောကုတ္တရာအင်အားရှိသော သူတော်ကောင်းကြီးများ၏ မေတ္တာကုသိုလ်ကြီးသည်ကား အထူးဆိုဖွယ်ရာမရှိပါ၊ ပကတိစိတ်ဓာတ် အင်အားကြီးပင်လျှင် အလျင်မြန်ဆုံးအင်အား အကြီးမားဆုံးအင်အား ဖြစ်နေလေရာ၊ မေတ္တာစိတ်ဓာတ်လှိုင်းကြီး၏အင်အားသည် အနှစ်ရာထောင်သိန်းသန်းမျှ မြင့်လည်း အရှိန်အင်အားလျော့မသွားပါ။

ရင်ချိုင့်အလယ်တွင် လက်သီးဆုပ်ခန့် နှလုံးဗူးအိမ်အတွင်း၌ နှလုံးသွေးများသည် စမ်းရေအသွင်တစ်ကိုယ်လုံးသို့ ထုတ်လွှတ်ပေးနေသည်။ ထိုနှလုံးအိမ်၏ တုန်ခါမှုသည် တစ်မိနစ်လျှင် အကြိမ်(၇၀) ခန့်လှုပ်ရှားနေလေသည်။

ဟဒယဝတ္ထုရုပ်သည် ထိုနှလုံးအိမ်၌တည်ရှိကာ အင်အားကြီးမားလှသော မနောဝိညာဏ်ခေါ် ဘဝင်စိတ်သည်လည်း ပြိုးပြိုးပြက်ပြက် တလက်လက် တဝင်းဝင်းထင်လင်းလာအောင် တောက်ပလှုပ်ရှားနေပါသည်။

ထိုနှလုံးအိမ်မှ အဆက်မပြတ်ထုတ်လွှတ်နေသော မေတ္တာဓာတ်လှိုင်းကြီးကား အတိုင်းမသိသော စကြဝဠာတစ်ခွင်လုံးသို့ လွှမ်းမိုး အေးငြိမ်းစေပါတော့သည်။

## မေတ္တာဟူသည်

မဇ္ဇတီတိမေတ္တာ = အကြင်တရားသဘောသည် ချစ်ခင် တတ်သောကြောင့် မေတ္တာ၊

မိတ္တေဘဝါ = အဆွေခင်ပွန်း ဖြစ်တတ်သောကြောင့် မေတ္တာ၊

ဝါမိတ္တဿဧသောတိဝါမေတ္တာ = အဆွေခင်ပွန်း၏ဥစ္စာဖြစ်သောကြောင့် မေတ္တာ၊

သုခသဥ္ဍိတာမေတ္တာ = ချမ်းသာမှုကို ဖြစ်စေခံစားစေသောကြောင့် မေတ္တာ၊

လောကဿမာတုသမ္ဘတာ = ကမ္ဘာလောကကြီးတစ်ခုလုံး၏ မိခင်ကြီးသဖွယ်ဖြစ်၍ မေတ္တာ၊

## မေတ္တာ၏သဘော

မေတ္တာဟူသောစကားသည် ပါဠိစကားဖြစ်သည်၊ မြန်မာအဓိပ္ပါယ်ပြန်သော် ချစ်ခြင်း-ဟူ၍ပြန်ဆိုကြသည်။ ထိုမေတ္တာသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောသဘောတရားဖြစ်သည်၊ မေတ္တာကို တရားကိုယ်အရကောက်ပါက ပရမတ္ထတရားလေးပါးတွင် ပါဝင်သော အဒေါသ(ကြမ်းတမ်းခက်ထန်ခြင်းမရှိ) စေတသိက်ပင်ဖြစ်ပါသည်။

ယင်းအဒေါသစေတသိက်ကိုပင် မေတ္တာဗြဟ္မဝိဟာရ (မေတ္တာ ဗြဟ္မစိုရ်) ဟူ၍ ခေါ်ပါသည်။

ယင်းအဒေါသဟူသောမေတ္တာသည် ပွားစီးစေသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏၊

- အပွားအစီးကိုဖြစ်အောင်ဆောင်ရွက်ခြင်းကိစ္စရှိ၏၊
- ရန်ငြိုးဖွဲ့ခြင်းကို ကင်းပျောက်စေခြင်းအခြင်းအရာရှိ၏၊
- သတ္တဝါတို့၏နှစ်သက်ဖွယ်သောအဖြစ်လျှင် နီးစွာသောအကြောင်း ရှိ၏၊
- သူတစ်ပါးတို့အား မနှိပ်စက်၊ မညှင်းဆဲလိုသောအဖြစ်ရှိခြင်း၊ ဒေါသကင်းခြင်းသည် ထိုမေတ္တာ၏ပြည့်စုံခြင်းမည်၏၊
- တဏှာ ရာဂအားဖြင့် ချစ်ခင်ခြင်းသည် ထိုမေတ္တာ၏ပျက်စီးခြင်းမည်၏၊

လောကဥပမာအားဖြင့် မေတ္တာသည်-

-ဝါးဖေါင်၊ သစ်ဖေါင်အဖြစ်ရောက်အောင် ကောင်းစွာဖွဲ့ချည်သော ကြိုးကြိမ်နွယ်နှင့်တူပါသည်။

-အဆောက်အဦးကြီးအဖြစ်သို့ရောက်အောင် ဖွဲ့စပ်ကြောင်းဖြစ်သော သံနှင့်တူပါသည်၊

-နှစ်ထပ်၊ သုံးထပ်၊ ဆယ်ထပ်စသော တိုက်ကြီးများ၊ ခံတပ်ကြီးများ၊ စေတီကြီးများအဖြစ်သို့ရောက်အောင် ဆောင်ရွက်တတ်သော အာပေါဓာတ်နှင့်လည်း တူပါသည်။

ထိုထိုသံစိမ်းများကို မိမိထံမှောက်သို့ရောက်အောင် ကပ်ရောက် ငြိတွယ်စေတတ်သော သံလိုက်ဓာတ်နှင့်တူပါသည်။

ထိုမေတ္တာဓာတ်သည် ရုပ်ဓာတ်၊ နာမ်စေတ်(၂)ပါးတွင် နာမ်ဓာတ်သာဖြစ်ပြီး ယင်းကိုအကောင်အထည်အားဖြင့် တွေ့မြင်ရသည်၊ တွေ့ထိရသည်မဟုတ်ပါ၊

သို့သော်ကမ္မနိယာမ၊ စိတ္တဝဋ္ဋာနိယာမ သဘာဝဓမ္မအားဖြင့် ထင်ရှားရှိနေသော ဓမ္မသဘာဝတရားတစ်ခုဖြစ်ပါသည်။

ဥပမာအားဖြင့်ကြည့်သော်- ရေသေ, ရေထရှိသောအရပ်၌ ရေထ, သောအခါ ကုန်ပေါ်ကငါးပိအိုးများ၌ ရေတိုးသည်၊ ရေသေသောအခါ ငါးပိအိုးများ၌ ရေခန်းခြောက်သည်၊ သမုဒ္ဒရာရေနှင့်မည်သို့မျှဆက်စပ်ခြင်းမရှိသော ငါးပိအိုး၌ ရေတိုးခြင်း၊ ရေခန်းခြောက်ခြင်း၊ အခြေသို့ ရောက်အောင် ထိခိုက်မှုသည် မမြင်အပ်သောသဘာဝနိယာမစွမ်းအားကြောင့်ပင် ဖြစ်ပါသည်။

အလားတူပင် အပင်ထက်မှကြွေကျသော ဥသျှစ်သီးကိုမီးဖုတ်လိုက်ပါက အပင်ပေါ်ရှိ ကျန်သောဥသျှစ်သီးများ မည်သို့မျှ ဆက်စပ်ခြင်းမရှိဘဲ ကွဲအက်ခြင်းသို့ ရောက်ကုန်သည်မှာလည်း သဘာဝနိယာမအစွမ်းကြောင့်ဖြစ်ပါသည်။

တမာ, မဲဇလီပင်မှအရွက်, အဖူးတို့ကို လူတို့မပြုတ်စားသောက်ကြကုန်သည်ရှိသော် ထိုတမာ, မဲဇလီပင်တို့၏ အရွက်, အဖူးအပွင့်တို့သည် ခါးသက်သက်အရသာနည်းပါးလာ၍ စားသုံးကောင်းသောအရာသို့ရောက်ကုန်သည်၊ ဤသည်မှာလည်း မမြင်အပ်သောသဘာဝနိယာမတရားကြောင့်ပင် ဖြစ်ပါသည်။

မေတ္တာပို့ခြင်းကို ပြုသောသူနှင့်ပို့သောမေတ္တာခံယူသောသူတို့မှာ မည်သို့မျှစပ်ယှက်ကခြင်းမရှိငြားသော်လည်း မေတ္တာပို့သခံရသောသူတို့မှာ မေတ္တာဓာတ်အားကြီးလျှင် အားကြီးသည့်အလျှောက် ချမ်းသာသုခကို ရရှိခံစားကြရပါသည်။,

ဥပမာ-လိပ်သတ္တဝါ၊ ဥဒေါင်းသတ္တဝါတို့သည် မိမိတို့၏ဥများကို သင်တော်သောအရပ်၌ဥ, ထားပြီးလျှင် အဝေးကပင်အာရုံယူပြီး မေတ္တာပို့ပေးနေကြပါသည်။

ထိုလိပ်မ၊ ဥဒေါင်းမ မိခင်တို့မှာ တစ်စုံတစ်ရာ ဘေးအန္တရာယ်ကင်း၍ သေပျောက်ခြင်းမရှိပါက ထိုလိပ်ဥ, ဥဒေါင်းဥတို့သည် ပုပ်သိုးပျက်စီးခြင်းသို့ မရောက်ဘဲ အချိန်စေ့သောအခါ လိပ်ကလေး၊ ဥဒေါင်းကလေးများ ပေါက်ဖွားလာကြပါသည်၊ လိပ်မ, ဥဒေါင်းမသေပါက ထိုဥတို့သည်ပုပ်သွားကုန်သည်၊

ဤသည်မှာ မမြင်အပ်သောမေတ္တာ၏စွမ်းအားပင်ဖြစ်ပါသည်။

## ဗုဒ္ဓဟောကြားသောမေတ္တာသဘောတရားများ

ဗုဒ္ဓသည်မေတ္တာနှင့်ပတ်သက်၍ အခါခွင့်သင့်လျှင် သင့်သလို ဟောပြထားသည်ကို ပိဋကတ်တော်လာ ပါဠိတော်များ၌ များစွာ တွေ့ရပါသည်။

ဣတိဝုတ်ပါဠိတော်၌-

ဗြဟ္မာကြီးမည်သည်မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရတရားလေးပါးနှင့်ပြည့်စုံသကဲ့သို့ မိဘတို့သည် သားသမီးများအပေါ်၌ ဗြဟ္မဝိဟာရတရားလေးပါးနှင့်ပြည့်စုံစွာနေတတ်သောကြောင့် မိဘတို့ကို ဗြဟ္မာ-ဟူ၍ခေါ်ပါသည်။

နိဒါနသံယုတ်သတ္တိသုတ်၌-

အသွားထက်သောလှံသွားကို လက်ဝါးလက်သီးဆုပ်ဖြင့်ခေါက်ခြင်း လိပ်ခြင်းပြုလုပ်ပါက ထိုသူသည်သာ ကိုယ်ပင်ပန်းစိတ်ပင်ပန်းခြင်း ဖြစ်မည်၊ လှံသွားကိုခေါက်၍ လိပ်၍ရမည်မဟုတ်။

အလားတူ စင်ကြယ်သော မေတ္တာစိတ်ကိုကြိမ်ဖန်များစွာ ပွားများ နေအပ်၏၊ အဆင့်သင့်စီးနိုင်သော ယာဉ်ကဲ့သို့ပြုအပ်၏၊ ကြိမ်ဖန်များစွာလေ့ကျင့်အပ်၏၊ မှီရာတည်ရာကဲ့သို့ ပြုအပ်၏၊ မြဲမြံစွာ တည်စေအပ်၏၊ ပြည့်စုံစွာ လေ့ကျင့်ဆည်းပူးအပ်၏၊ ကောင်းစွာအပြီးတိုင် အားထုတ်အပ်၏။

ထိုပုဂ္ဂိုလ်၏စိတ်ကို ပျံ့လွင့်စေအံ့-ဟု တစ်စုံတစ်ယောက်သော ဘီလူးသည် ထင်မှတ်လေရာ၏၊ ထိုထင်မှတ်သောဘီလူးသာလျှင် ကိုယ်ပင်ပန်းစိတ်ပင်ပန်းခံစားရသည်။

နိဒါနသံယုတ်ဩပမ္မဝဂ်-ကုလသုတ်၌-

မိန်းမသားနည်း၍ ယောကျ်ားသားများသောအိမ်ကို ခိုးသားတို့ ခိုးယူဖျက်ဆီးရန် ခက်ခဲသလို မေတ္တာပွားများနေသောသူကို ရန်သူတို့ဖျက်ဆီးရန် မလွယ်ကူ။

သဂါထာဝဂ်သံယုတ်မဃဝိဘင်္ဂသုတ်၌-

အကြင်ပုဂ္ဂိုလ်အား အလုံးစုံသောနေ့ညဥ့်ပတ်လုံး မညှင်းဆဲခြင်း၊ မွေ့လျော်သောစိတ်ရှိ၍ အလုံးစုံသောသတ္တဝါတို့၌ မေတ္တာစိတ်အစုအပုံတို့သည် ဖြစ်နေ၏၊ ထိုပုဂ္ဂိုလ်အား တစ်ဦးတစ်ယောက်ကြောင့် မျှဘေးရန်မရှိနိုင်ပါ။

နိဒါနသံယုတ်ဩက္ခာသုတ်၌-

အကြင်သူသည် နံနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညနေ တစ်ကြိမ်၊ မွန်မြတ်သော ဘောဇဉ်တို့ဖြင့် ပြည့်သောဆွမ်းပွဲကြီးကို တစ်ရာကျ အလှူဒါနကို ပြုရာ၏။

အကြင်သူအား နံနက်ခင်းဖြစ်စေ၊ နေ့လည်ဖြစ်စေ၊ ညနေ၌ ဖြစ်စေ၊ ဟုတ်စွအဆုံး နွားနို့တစ်ညစ်စာမျှပွားအပ်သောမေတ္တာသည် ထိုတစ်နေ့သုံးကြိမ်လှူသော ဆွမ်းအိုးတစ်ရာထက်မြတ်သော အကျိုးရှိ၏။

နိဝရဏပဗ္ဗဟာနဝဂ်၊ သတ္တမသုတ်၌-

မေတ္တာစိတ်ကို စေလွှတ်သောစိတ်ကိုသင့်လျော်သော အကြောင်းဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဗျာပါဒသည် မဖြစ်ပေါ်၊ ဖြစ်ပေါ်ပြီးသော ဗျာပါဒသည်လည်း ကင်းပျောက်၏။

ဧကင်္ဂုတ္တရ- အစ္ဆရာသင်္ဃာတဝဂ် ဒုတိယ၊ တတိယ၊ စတုတ္ထသုံးသုတ်၌-

လက်ဖျစ်တစ်တွက်ခန့်မျှလည်း မေတ္တာနှင့်ယှဥ်သော စိတ်ကို အကယ်၍ မှီဝဲအံ့၊ ပွားများအံ့၊ နှလုံးသွင်းအံ့၊ ဤပုဂ္ဂိုလ်သည် ဈာန်မှဆိတ်သုဥ်းကင်းကွာမှု မရှိမူ၍နေသူ၊ ဘုရားရှင်သွန်သင်မှုကို လိုက်နာနေသူ၊ ဘုရားရှင်၏အဆုံးအမကို နာယူ၍နေသူ၊ ပြည်သူ့ဆွမ်းကို အချည်းနှီးမဖြစ်ရလေအောင် သုံးဆောင်နေသူ- ဟုဆိုထိုက်၏။

စူဠအစ္ဆရာသင်္ဃာတသုတ်၌-

မေတ္တာပွားများခြင်းသည် အမှုကိစ္စအားလုံးတို့၏ ရှေးဦးပြုဖွယ် ဖြစ်သည်။ ရှေးဦးပြုဖွယ်ဖြစ်သည်ဆိုသည်မှာ အပ္ပနာသို့ရောက်မှ ဥပစာရသို့ရောက်မှသာ မဟုတ်ချေ၊ သတ္တဝါအားလုံးသို့ အကျိုးစီးပွားချမ်းသာစေလိုသောစိတ်ပြန့်ပွားရုံမျှ သည်လည်း ရှေးဦးပြုဖွယ်ဖြစ်တော့သည်၊ မေတ္တာပွားသည် မည်တော့၏။

စတုတ္ထ ပဌမမေတ္တာသုတ်၌-

ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့် အရပ်မျက်နှာတစ်ခုကို ဖြန့်၍လွှမ်း၍နေ၏၊ နှစ်ခု၊ သုံးခု၊ လေးခုမြောက် သောအရပ်မျက်နှာကို ဖြန့်လွှမ်း၍နေ၏၊ ဤနည်းအားဖြင့် အရပ်(၁၀)မျက်နှာရှိ အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်ထပ်တူ ညီမျှပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ကျယ်ပြန့်သော ကြီးမြတ်သော ပိုင်းခြားကန့်သတ်မရှိ၊ များပြား သော ဘေးရန်မရှိသော စိတ်၏ဆင်းရဲခြင်းမရှိသော မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့် ဖြန့်လွှမ်းနေ၏။

ထိုပုဂ္ဂိုလ်သည် ထိုမေတ္တာဈာန်ကိုသာယာ၏၊ ကြိုက်နှစ်သက်၏၊ ထို မေတ္တာဈာန်ဖြင့်သာလျှင် အားရကျေနပ်ခြင်းသို့ရောက်၏၊ ထိုမေတ္တာဈာန်၌ တည်၍ နှလုံးသွင်းစွဲလမ်း၍ မေတ္တာဈာန်ဖြင့် ကြိမ်ဖန်များစွာ ဝင်စားနေလေ့ ရှိသည်ဖြစ်ရာ ထိုဈာန်မှ မလျှော့ကျဘဲ သေလွန်သော် ပဌမဈာန်ဘုံ ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။

ဒုတိယမေတ္တာသုတ်၌-

မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ဖြန့်လွှမ်း၍နေ၏၊ ထိုပုဂ္ဂိုလ်သည် ထိုဘုံ၌ ချာန်စိတ်နှင့်တကွဖြစ်သောရုပ်၊ ဝေဒနာသညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို အနိစ္စဒုက္ခ, အနတ္တ စသည်ဖြင့် ရှု၍သေသည်မှနောက် သုဒ္ဓါဝါသဘုံ၌ ရောက်ရကြောင်း၊ သုဒ္ဓါဝါသဘုံ၌ ဖြစ်ခြင်းသည် ပုထုဇဉ်တို့နှင့် မဆက်ဆံတော့ကြောင်း။

အင်္ဂုတ္တိုရ်-ကရဇကာယသုတ်၌-

ဤသို့ပွားများအပ်သော မေတ္တာဟူသောစိတ်၏ လွတ်မြောက်မှုသည် ဤသာသနာတော်၌ ပညာရှိသောရဟန်းအား ထို့ထက်အလွန် အရဟတ္တဖိုလ် ဟူသော လွတ်မြောက်မှုကို ထိုးထွင်းသိမြင်၍မရသေးပါမူ ဈာနလာဘီအနာဂါမ် ဖြစ်ရန် အလို့ငှာ ဖြစ်ပေ၏။

အင်္ဂုတ္တိုရ်ဝေလာမသုတ်၌-

အကြင်သူသည် ယုတ်စွအဆုံးနို့သာတစ်ရှုတစ်ရှိုက်ခန့်အချိန်မျှလောက် မေတ္တာစိတ်ကို ပွားများရာတွင် ထိုမေတ္တာပွားများခြင်းသည် သရဏဂုံငါးပါး သီလဆောက်တည်ရခြင်းထက်သာ၍ အကျိုးကြီးမြတ်သည်။

ယတ္တဂ္ဂိုတ္တရမေတ္တာသုတ်၌-

ငါသည်ခုနှစ်နှစ်ထို့ပတ်လုံးမေတ္တာစိတ် (မေတ္တာဈာန်သမာဓိ)ကို ပွားများခဲ့ဖူးပြီး ခုနှစ်ထိုကာလပတ်လုံး မေတ္တာစိတ်ကိုပွားများခဲ့၍ ခုနှစ်နှစ်ကုန်သော သံဝဋ္ဋကပ် ဝိဝဋ္ဋကပ်(မဟာကပ်)တို့ပတ်လုံး ဤလူပြည်သို့မလာရပြီး၊ ငါသည် မီးဖျက်၍ကမ္ဘာပျက်လတ်သော် ပဋိသန္ဓေအားဖြင့်အာဘဿရာပြဟ္မာဘုံသို့ ကပ်ရောက်ရ၏၊ ကမ္ဘာတည်ပြန်သော် သတ္တဝါဆိတ်သုဉ်းသော (ပထမဈာန်) ပြဟ္မာဗိမာန်၌ ဖြစ်ရ၏။

ထိုပြဟ္မာဘုံ၌ ပြဟ္မာဖြစ်၏၊ မဟာပြဟ္မာဖြစ်၏၊ လွှမ်းမိုးနှိပ်စက်နိုင်မှု ဖြစ်၏။ မည်သူကမျှ မလွှမ်းမိုးနိုင်၊ စင်စစ်အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် အမြင်သစ်သူဖြစ်၏၊ အခြားသူတို့ကို မိမိ၏အလိုသို့ လိုက်ပါစေနိုင်၏၊ စိတ်အလိုအတိုင်း ဖြစ်စေနိုင်၏။

မေတ္တာ(၇)နှစ် ပွားမှုကြောင့် ပြဟ္မာပြည်မှယုတ်သော် နတ်တို့ကို အစိုးရသော သိကြားမင်း(၃၆)ကြိမ်ဖြစ်ဖူး၏။ တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်းအခြားမရှိသော လေးကျွန်းလုံးကိုအစိုးရသော ရန်အပေါင်းကိုအောင်မြင်နိုင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသဖြင့် မင်းစည်းစိမ်ခိုင်မြဲသော ရတနာနှစ်ပါးနှင့်ပြည့်စုံသော စကြဝတေးမင်းအကြိမ်တစ်ရာမကဖြစ်ခဲ့ဘူးပြီ။

ငါ့အားအရာတစ်ထောင်မကသော ရဲရင့်သောသူရဲကောင်းအင်္ဂါ ရုပ်ရှိသော သူတစ်ပါးစစ်ရန်ကိုတွန်းလှန်နိုင်ကုန်သော သားတော်တို့သည် ရှိကုန်၏။ ငါသည် သမုဒ္ဒရာအဆုံးအပိုင်းအခြားရှိသော ဤမြေပြင်ကို တုတ်မဆောင်၊ လက်နက်မဆောင်၍ တရားသဖြင့် အောင်မြင်စွာအုပ်စိုးခဲ့ပြီ။

ဇမ္ဗူဒိပ်ပြင်ကို အစိုးရသော စကြဝတေးမင်းအပြင် ဦးထိပ်၌ အဘိသိတ်သွန်းအပ်သောမြေကို အစိုးရသော လူတို့၏အကြီးအမှူး ဖြစ်သော မင်းဖြစ်ခဲ့ဖူးရပြီ၊ တုတ်၊ လက်နက်မဆောင်ဘဲ ဤမြေပြင်ကို အောင်နိုင်၏၊ တရားနှင့်အညီ မင်းပြုနိုင်၍ နိုင်ထက်ကလူမပြုဘဲ တရားသဖြင့် ဆုံးမအုပ်ချုပ်ခဲ့ပြီ။

ကာမဂုဏ်အလုံးစုံနှင့်လည်းကောင်း၊ ရတနာခုနှစ်ပါးနှင့်လည်းကောင်း ပြည့်စုံသောဥစ္စာများသော အသုံးအဆောင်ရှိသော ကြွယ်ဝသောအမျိုး၌ ဖြစ်ထွန်းလှပြီး၊ ဤကြီးမားမြင့်မြတ်ခြင်းအကြောင်းရင်းကား မေတ္တာစသောကောင်းမှုပင်တည်း။

ဋီကာ၌-

မေတ္တာပွားမှုကြောင့် ပြဟ္မာဘုံသို့ရောက်ရခြင်းကို မဟဂ္ဂုတ်မေတ္တာကံ၏ အကျိုးဖြစ်သည်၊ သိကြားမင်း၊ စကြဝတေးမင်းစသည်ဖြစ်ခြင်းကား ကာမာဝစရကုသိုလ်ကံ အကျိုးဖြစ်သည်။

အင်္ဂုတ္တိုရ်သုနေတ္တသုတ်၊ ဓမ္မိကသုတ်တို့၌-

သုနေတ္တဆရာကြီးသည် တပည့်ပေါင်းများစွာတို့အား မေတ္တာဝါဒကို ဟောပြရာ အပြည့်အစုံနားလည်ကျင့်ပွားနိုင်သူများ ပြဟ္မာပြည်သို့ ရောက်ကြည်

သည်၊ အပြည့်အစုံနားမလည်၍ မကျင့်ပွားနိုင်သူတို့ကား နတ်ပြည်ခြောက်ထပ် ရောက်ကြ၏၊ အောက်ထပ်ဘုံ လူ့ပြည်၌ မင်း၊ သူဌေး၊ သူကြွယ်ဖြစ်နေသည်။

သတ္တသူရိယသုတ်နှင့်ဝိသုဒ္ဓိမဂ်တို့၌-

ကမ္ဘာပျက်ခါနီးအနှစ်တစ်သိန်းအလွန်၌ ကမ္ဘာပျက်မည်ကို သိကြသော လောကဗျူဟာမည်သော ကာမာဝစရနတ်တို့သည် ဆံပင်ဖားလျားချ၍ ဖရိုဖရဲ ဆံပင်ဖြင့် ငိုကြွေးကြကုန်လျက် အဝတ်နီကိုဝတ်ဆင်၍ လူတိုင်းသွားလာရာ ခရီးလမ်းမ၌-

အို-အချင်းတို့. . . နောက်နှစ်ပေါင်းတစ်သိန်းလွန်သောအခါ ကမ္ဘာပျက် ပြီး မိုးရွာသွန်းလတ့်၊ ကမ္ဘာကြီးပျက်လတ့်၊ မဟာသမုဒ္ဒရာ ကြီးရေခန်းခြောက်လတ့်၊ ဤကမ္ဘာမြေကြီးနှင့်တကွ မြင့်မိုရ်တောင်သည်လည်း ပျက်စီးလတ့်၊ ဗြဟ္မာပြည်တိုင် အောင် ဤကမ္ဘာကြီး ပျက်စီးလတ့်။

အချင်းတို့. . . မေတ္တာတရားကိုပွားများကုန်လော၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတို့ကို ပွားများကြကုန်လော့- မိမိ၏အမျိုးအကြီးအကဲတို့ကို ရိုသေ ကြကုန်လော့ ဟု ကြွေးကြော်နှိုးဆော်ကြသည်။

ထိုကြွေးကြော်သံကို ကြားရသောကမ္ဘာသူ ကမ္ဘာသားတို့သည် လည်းကောင်း၊ ဘုမ္မစိုးရုက္ခစိုးတို့သည်လည်းကောင်း သံဝေဂတရား ဖြစ်ကြကုန်၏၊ အချင်းချင်းနူးညံ့သောစိတ်ရှိကြကုန်လျက် မေတ္တာစသော ကာမာဝစရကုသိုလ် ကောင်းမှုကိုပြု၍ နတ်ပြည့်သို့ဖြစ်ကြရကုန်၏၊ နတ်ပြည်၌ နတ်သုဒ္ဓါကိုစားသုံးရ၍ သိမ့်မွေ့သော ဝါယောကသိုဏ်း၌ ပရိကံပြု၍ ဈာန်ကိုရကုန်၏။

ထိုမှတစ်ပါးသောအပါယ်လေးဘုံသားတို့သည် ဘဝအဆက်ဆက်က ဆည်းပူးခဲ့ကြသော ကံ၏အစွမ်းဖြင့် နတ်ပြည်၌ဖြစ်ကြရကုန်၏၊ အပရာပရိယကံနှင့် ကင်း၍ သံသရာ၌ ကျင်လည်နေရသော သတ္တဝါမည်သည်မရှိချေ။ ထိုအပါယ်ဘုံ သားတို့သည်လည်း နတ်ပြည်၌ ရှေးနည်းတူ ဈာန်ကိုရကြကုန်၏၊ ကမ္ဘာပျက်သော နေ့ကား ငရဲထောင်ဖွင့်သောနေ့တည်း။ ဤသို့လျှင် နတ်ပြည်၌ ဈာန်ရသည်ဖြစ်၍ သတ္တဝါအားလုံးတို့သည် ဗြဟ္မာပြည်၌ ဖြစ်ကြရကုန်ပြီ။ (မိစ္ဆာဒိဋ္ဌိအယူခိုင်မြဲသူတို့

ကား ငရဲမှမလွတ်ကြကုန်၊ စကြဝဠာကြောဘက်တစ်နေရာ၌ငရဲကို ဆက်လက်ခံကြရ၏၊

မူလပဏ္ဏာသ စူဠအဿပူရသုတ်၌-

အပြစ်ကင်းစင် ရှင်လန်းဝမ်းသာသမာဓိရသောပုဂ္ဂိုလ်သည် မေတ္တာ ကရုဏာ၊ ဥပေက္ခာနှင့်ယှဉ်သောစိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ အရပ်မျက်နှာရှိအလုံးစုံသော သတ္တဝါများအပေါ်၌ သိမ်းကျုံးလျက်မြင့်မြတ်သော ပိုင်းခြားကန့်သတ်ချက် မတင်တွင်း-ပြင် ဘေးရန်လည်းမလွတ်၊ မေတ္တာစိတ် သက်သက်ဖြင့် ပျံ့နှံ့စေ၍နေ၏၊

ဥပမာသော်ကား ကြည်လင်ချိုအေးသော ရေကောင်းရေသန့် ရေကန်သည်ရှိရာ၏၊ ထိုရေကန်သို့ နွေ- နေပူတို့ဖြင့် နှိပ်စက်ခံရ၍ အစာရေဆာဆာ လောင်မွတ်သိပ်သဖြင့် ပင်ပန်းနွမ်းနွယ်နေသော ယောကျ်ားသည်လားငြားအံ့၊ ထိုရေကန်ကိုမြင်သဖြင့် နွေ-နေပူ ပူလောင်ခြင်း၊ ရေငတ်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ၏။

ထို့အတူ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုး မည်သည့်အမျိုးမဆို ရဟန်းပြုခဲ့သော ပုဂ္ဂိုလ်သည် ဤဗြဟ္မဝိဟာရတရား လေးပါးကို ပွားများလတ်သော် မိမိကိုယ်နှင့်ငြိမ်းချမ်းခြင်းကိုရ၏။

မူလပဏ္ဏာသကကာကစူပမသုတ်၌-

တစ်ပါးသောသူသည် မေတ္တာစိတ်ထား၍ဖြစ်စေ၊ ဒေါသစိတ်ထား၍ဖြစ်စေ၊ တစ်စုံတစ်ရာပြောဆိုလာရာ၏၊ ထိုအခါသင်တို့သည် ကိုယ်စိတ်နှင့်ကိုယ့်ကို ဤသို့ နှလုံးသွင်းလေ့ကျင့်ရမည်။

ငါ၏စိတ်သည် ဖေါက်ပြန်ပြောင်းလဲခြင်းမဖြစ်စေရ၊ ကြမ်းကြုတ်ယုတ်မာသောစကားကိုလည်း မထွက်ဆိုမိစေရ၊ ဒေါသမလွှမ်း၊ မေတ္တာလွှမ်းကာ ချမ်းသာကြီးပွားစေလိုသောစိတ်ထား၍သာ ငါနေမည်။

ထိပါးပြောဆိုသောသူကိုလည်း မေတ္တာစိတ်ဖြင့်လွှမ်းမိုးလွှတ်၍သာနေမည်၊ သတ္တလောကတစ်ခုလုံးကိုလည်း ကျယ်ပြန့်မြင့်မြတ်စွာ ကန့်သတ်ချက်မထင်

တွင်း-ပြင် ဘေးရန်လည်းမစွက်၊ မေတ္တာစိတ် သက်သက်ဖြင့် ပြန့်ပို့လွှတ်၍သာ ငါနေမည်၊ နှလုံးသွင်းလေ့ကျင့်ကြကုန်လော့။

မေတ္တာစိတ်ထားရှိသူကို မည်သည့်အရာကမျှ မဖျက်ဆီးနိုင်သော မဟာပထဝီမြေကြီးနှင့်ကောင်းကင်စသော ဥပမာဖြင့်နှိုင်းယှဉ်၍ မေတ္တာအင်အားကြီးမားပုံကို ဟောကြားခဲ့ပါသည်။

ဒုကနိပါတ်အရကဇာတ်၌-

အရကရသေ့သည် မိမိ၏တပည့်များကို ဆုံးမရာ၌ တပည့်တို့ မင်းစသည်ကိုဖြစ်စေ၊ ရဟန်းပုဏ္ဏားကိုဖြစ်စေ၊ မည်သူမဆိုမြေပြင်မှ အထက်ဘဝဂ်-အောက်အဝီစိတိုင်အောင် လူတို့နေသော စကြဝဠာ ဖီလာကန့်လန့်(အလျားအနံ) အရပ်မျက်နှာတို့၌နေကြကုန်သော သတ္တဝါအပေါင်းတို့သည် ဘေးရန်ခပ်သိမ်းကင်းကြပါစေ၊ စိုးရိမ်ကြောင့်ကြကင်းကြပါစေ၊ ဆင်းရဲကင်းကြပါစေ၊ ကျန်းမာချမ်းသာကြပါစေ၊ ကိုယ့်ကို စောင့်ရှောက်နိုင်ကြပါစေ ဟု အခါခပ်သိမ်းတိုင်းတာ၍ မရသော မေတ္တာစိတ်ဖြင့် သတ္တဝါအားလုံးကို သနားကြင်နာစွာ စောင့်ရှောက်ပါ။

အတိုင်းအရှည်မသိသော သတ္တဝါသာလျှင် အာရုံရှိသော ပြည့်ပြည့်စုံစုံကောင်း၍ပွားများအပ်သော သတ္တဝါအားလုံးတို့၏အကျိုးစီးပွား လိုလားသောရူပါဝစရဓာတ်၌ယှဉ်သော ကံမျိုးရှိပေ၏။ ထိုရူပါဝစရကံ၌ အတိုင်းအရှည်အားဖြင့်ပြုအပ်သော ကာမာဝစရကံသည် ရူပါဝစရကံကို မလွှမ်းမိုးနိုင်ချေ၊ ရူပါဝစရကံကသာ ကာမာဝစရကံကို လွှမ်းမိုးကျော်လွှားနိုင်သည်။

ဤသို့လျှင် မေတ္တာစိတ်ထားကို နှလုံးသား၌စွဲမြဲစွာထားပြီး ပွားများကြရန် ဗုဒ္ဓကသုတ်တော်အသီးသီး၌ အခွင့်သင့်သလိုဟောကြား လမ်းညွှန်ထားခဲ့ပါသည်။

## မေတ္တာ(အချစ်) ၃-မျိုး

မေတ္တာကိုချစ်ခြင်းဟု ဘာသာပြန်ဆိုရာ၌ မိဘနှင့်သားသမီးအချစ်၊ ဆရာနှင့်တပည့်အချစ်၊ ညီအစ်ကိုမောင်နှမအချစ်၊ မိတ်ဆွေသူငယ်ချင်းအချစ်၊ လင်နှင့်မယားအချစ်၊ သမီးရည်းစားအချစ် -ဟူ၍ မြန်မာဝေါဟာရ၌ သံယောဇဉ်မကင်းသောအချစ်များစွာ ရောထွေးလျက် ရှိနေပါသည်။

ထိုအချစ်များစွာတို့တွင်-

-မိဘနှင့်သားသမီးအချစ်သည်ပကတိဖြူစင်သန့်ရှင်းသည်၊ ကြင်နာမှု အပြည့်အဝရှိသည်။

-ဆရာနှင့်သားသမီးအချစ်သည် စေတနာ၊ အကြင်နာ၊ အနစ်နာ၊ ဝါသနာတို့ဖြင့် အတတ်ပညာကို ကူညီဖြည့်ဆည်းပေးသည်။

-ညီအကိုမောင်နှမအချစ်သည် ရိုးသားသည်၊ ရိုသေလေးစားမှု၊ ချစ်ခင်မှု စည်းလုံးညီညွတ်မှုကို ပေးစွမ်းသည်။

-မိတ်ဆွေသူငယ်ချင်းအချစ်သည် ကူညီမှု၊ ရိုင်းပင်းမှု၊ ထောက်ပံ့မှု၊ စောင့်ရှောက်မှုတို့ကို အထောက်အကူပြုသည်။

-လင်မယားအချစ်သည် တုံ့ပြန်မှုကိုပေးသည်၊ သံယောဇဉ်နှောင်ဖွဲ့သည်၊ တိုးပွားသည်၊ မျိုးဆက်သစ်ကိုတိုးပွားစေသည်၊ အားသစ်များကို လောင်းပေးနိုင်သည်။

-သမီးရည်းစားအချစ်သည် သာယာမှု၊ ယုယမှု၊ တွယ်တာမှု၊ ကြည်နူးမှု၊ ပျော်ရွှင်ချမ်းမြေ့မှုတို့ကို ရစေသည်။ တစ်ဘက်မှလည်း အကြောင်း အမျိုးမျိုးတို့ကြောင့် နာကြည်းမှု၊ ကြေကွဲမှု၊ မုန်းတီးမှု၊ စိတ်ဆင်းရဲမှု များကို ဖြစ်စေနိုင်သည်။

တစ်ဖန် ယင်းချစ်ခြင်းကို-

၁။ တဏှာပေမအချစ် = လင်မယားအချစ်၊ ရည်းစားအချစ်။

၂။ ဂေဟဿိတပေမအချစ် = မိဘညီအစ်ကိုမောင်နှမအချစ်။

၃။ မေတ္တာအချစ် = သူတစ်ပါးကြီးပွားချမ်းသာစေလိုမှုအချစ်။

တဏှာပေမ၊ ဂေဟဿိတပေမအချစ်သည် လောဘတဏှာ သဘော ပါ၍ မေတ္တာစစ်ဟူ၍ မဆိုရပါ။ သူတစ်ပါးကြီးပွားချမ်းသာမှုကို လိုသောမေတ္တာသာ မေတ္တာအစစ်ဖြစ်သည်။

တဏှာရာဂဖြင့် ချစ်ခြင်းသည်ကား မေတ္တာစစ်မဟုတ်၊ တဏှာရာဂသည် ကိလေသာဖြစ်၍ အကုသိုလ်အရင်း၌ ပါဝင်သည်၊ ညစ်နွမ်းသော သဘော၊ ပူပန်စေသောသဘောရှိသည်။

ဖြူစင်သောမေတ္တာကား ကုသိုလ်ဖြစ်သည်၊ သတ္တဝါတို့အား ချမ်းသာစေလိုခြင်းသည် မေတ္တာ၏အတိုင်းအတာဖြစ်သည်၊ ဤအတိုင်းအတာအထိ မေတ္တာကို ကုသိုလ်ဟု ခေါ်နိုင်သည်၊ ရှိရမည့်အတိုင်းအတာကို လွန်၍ချစ်ခြင်းသည်ကား အကုသိုလ်စာရင်းဝင် တဏှာရာဂ သံယောဇဉ်ဖြစ်သည်။ တဏှာရာဂသည် မိတ်ဆွေဟန်ဆောင်သော ရန်သူဖြစ်သည်။

## မေတ္တာရှိခြင်းအကြောင်းခြောက်ပါး

မေတ္တာရှိခြင်းအကြောင်းခြောက်ပါးရှိပါသည်-

၁။ သူတစ်ပါးတို့၏အပေါ်၌ ကိုယ်နှင့်စပ်သောမေတ္တာမျက်မှောက် မျက်ကွယ် ရှေ့ရှုတည်ခြင်း၊

၂။ နှုတ်နှင့်စပ်သောမေတ္တာ၊ မျက်မှောက်မျက်ကွယ်ရှေ့ရှုတည်ခြင်း၊

၃။ စိတ်နှင့်စပ်သောမေတ္တာ၊ မျက်မှောက်မျက်ကွယ်ရှေ့ရှုတည်ခြင်း၊

၄။ တရားသဖြင့်ရအပ်သောပစ္စည်းတို့ကို မိမိတစ်ဦးတည်း မသုံးဆောင်မူ၍ သူတော်သူမြတ်များနှင့်မျှတ၍သုံးဆောင်ခြင်း၊

၅။ အကျင့်သီလတို့သည် အကျိုးမပေါက်မကျားကုန်၍ ပညာရှိတို့ ချီးမွမ်းအပ်သော တဏှာဒိဋ္ဌိတို့မကပ်ကုန်သော သမာဓိကိုဖြစ်စေတတ်ကုန်၏။ ထိုသို့သဘောရှိသော သီလအားဖြင့်တူမျှခြင်း၊

၆။ အကြင်အယူသည် ဖြူစင်၏၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်၏၊ ထိုအယူအားဖြင့်လည်း တူမျှခြင်း၊

ဤ(၆)ပါးသောတရားနှင့်ပြည့်စုံရာ၌လည်း မေတ္တာသည် ပဓာန ဖြစ်၍ မေတ္တာပြဟ္မဝိဟာရတရားကို ပွားများသူအား ဤတရား(၆)ပါးတို့သည် အလိုအလျောက် ပြည့်စုံပါသည်။

ထို့ကြောင့်မေတ္တာတရားကိုပွားများသောပုဂ္ဂိုလ်ကို တွေ့မြင်တိုင်းသာ သူတို့က မိမိရင်၌ဖြစ်သော သားကဲ့သို့ချစ်ခင်ကြပါသည်။

## မေတ္တာခံယူရမည့် ပုဂ္ဂိုလ်(၅)ဦး

ကြီးပွားချမ်းသာမှုကို အလိုရှိသောသူသည် (၅)ယောက်သောသူတို့ထံမှ မေတ္တာကိုခံယူရသည်ဟူ၍ ဘုရားရှင်က ပဥ္စအင်္ဂုတ္တရပါဠိတော်၌ မဟာနာမ်ကို ဟောကြားခဲ့ပါသည်။

(၅)မျိုးဟူသည်-

၁။ မိဘ

၂။ သားမယား၊ ကျွန်၊ အမှုလုပ်

၃။ အလုပ်နီးချင်း၊ အိမ်နီးချင်း၊ မိတ်ဆွေ (သိဒ္ဓိရှင်ဣဒ္ဓိရှင်များအပါအဝင်)

၄။ သမ္မာဒေဝနတ်ကောင်းနတ်မြတ် (ဗြဟ္မာများအပါအဝင်)

၅။ ရသေ့ရဟန်းသူတော်မြတ် (ရတနာသုံးပါးအပါအဝင်)

ဤ(၅)ဦးထံမှ မေတ္တာခံယူ၍ ထို(၅)ဦးသောသူတို့က မေတ္တာပို့သမှုသာ ကြာရှည်လေးမြင့်စွာအသက်ရှည်၍ ကြီးပွားချမ်းသာခြင်းသို့ ရောက်ပါမည်။

အကယ်၍ ထို(၅)ဦးထံမှ မေတ္တာပို့ခြင်းကို မခံယူရလျှင် ဘုန်းကံကြီးသော်လည်း အသက်မရှည်တတ်ပါ၊ အသက်ရှည်သော်လည်း ဘုန်းကံမကြီးတတ်ပါ။

"မဟာနာမ်-အကြင်ပြည်ရှင်မင်း၊ အကြင်အိမ်ရှေ့မင်း၊ အကြင်စစ်သူကြီး၊ အကြင်ရွာသူကြီး၊ အကြင်အဖွဲ့လူကြီး၊ အကြင်အိမ်ရှင်၊ အမှတ်မထင်အကြင်တစ်စုံ တစ်ယောက်သော အကြီးအမှူးဖြစ်သော သူတို့အားအကြင်ကြီးပွားခြင်းကို အလိုရှိ၏၊ ဆုတ်ယုတ်ခြင်းကိုအလိုမရှိသော် အကြင်ငါးပါးသော သူတို့ထံမှ မေတ္တာကိုခံယူအပ်၏။

အဘယ်ငါးပါးတို့နည်းဟူမူ-

မဟာနာမ်. . . အမျိုးသားတစ်ဦးသည် လုံ့လဝီရိယကြောင့် ရအပ်သော လက်ရုံးအားဖြင့် ဆည်းပူးအပ်သောချွေး၊ ဒီးဒီးယိုစီးမှ ရအပ်သော တရားနှင့်ယှဉ်

ကုန်သောတရားသဖြင့် ရအပ်သောပစ္စည်းဥစ္စာတို့ဖြင့် မိဘတို့အား အရိုအသေ မပြု၏၊ အလေးအမြတ်ပြု၏။

အလေးမြတ်ပြုခံရသော မိဘတို့ကကြာမြင့်စွာ အသက်ရှည်ပါစေဟု ကောင်းသောစိတ်ဖြင့် မေတ္တာပို့သကြကုန်၏။

မဟာနာမ် . . . မိဘတို့၏ချစ်ခြင်းမေတ္တာကိုခံယူရသောသူအား မကြီးပွား အံ့ဟု မဆိုသင့်-မဆိုအပ်၊ ကြီးပွားအံ့သောသူ ဟူ၍ ဆိုရပါသည်။

အလားတူသားမယား၊ ကျွန်အမှုလုပ်လည်းကောင်း အိမ်နီးချင်း၊ အလုပ်ရှိ နီးချင်း၊ မိတ်ဆွေများ၊ သမ္မာဒေဝနတ်မြတ်နတ်ကောင်းများ၊ ရဟန်းသူတော်မြတ် များတို့ကို ကောင်းစွာပြုစု၏၊ မြတ်နိုးပူဇော်၏။

ထိုအခါ ထိုသူများကငါတို့၏အရှင်သည် ကြာမြင့်စွာ အသက်ရှည်ပါစေ၊ စောင့်ရှောက်နိုင်ပါစေဟု ကောင်းသောစိတ်ရှည်မေတ္တာပို့ခံရ၏။

အလားတူအိမ်နီးချင်းမိတ်ဆွေချင်းတို့ကို ကောင်းစွာပြုစု၏၊ အလေးပြု၏။

ထိုတရားတော်အရ တိုင်းပြည်ကိုအုပ်ချုပ်နေသော မင်းကြီး၊ အမတ် ဝန်ကြီး၊ အစိုးရအရာရှိတို့သည် တိုင်းသူပြည်သားတို့၏မေတ္တာကိုခံယူရသည်။ မြို့ရွာအကြီးအကဲသည် မြို့ရွာသူ-ရွာသားများ၏မေတ္တာကိုခံယူရမည်။ အသင်း လူကြီး၊ အဖွဲ့လူကြီးသည် အသင်းသူ-အသင်း သားအဖွဲ့ဝင်များ၏ မေတ္တာခံယူ ရမည်။

ထိုသို့နေရာအလိုက် မေတ္တာခံယူကြလျှင် ထိုအကြီးအကဲပုဂ္ဂိုလ်များသည် ကြီးပွားချမ်းသာခြင်းသို့ ရောက်ရာ၏၊ ဆုတ်ယုတ်စရာအကြောင်းမရှိချေ။

ထိုသို့သောသူများ၏မေတ္တာကိုမခံယူကြသည်ရှိသော် မကြာခင် ပျက်စီး ခြင်းသို့ရောက်ကြရသည်။

မြန်မာရာဇဝင်တွင် တိုင်းသူပြည်သားတို့ကို မတရားနှိပ်စက်ပြီး ပြည်သူ ပြည်သား၏မေတ္တာကိုမခံယူသော စလေငခွေး၊ သိုဟန်ဘွား၊ နရသူစသော မင်းတို့သည် ပြည်သူပြည်သားတို့၏ မေတ္တာကင်းကွာမှုကြောင့် မကြာစောလျှင် ပျက်စီးကြရသည်။

အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ ကျစွာ၊ ဘုရင့်နောင် စသောမင်းတို့သည် ပြည်သူတို့၏မေတ္တာကိုခံယူကြရသဖြင့် တာရှည်စွာအမျိုး ဘာသာ သာသနာအကျိုးကိုသည်ပိုးလုပ်ဆောင်နိုင်ကြသည်။

ထို့ကြောင့်အကြီးအကဲလုပ်သူများသည် ပိုမို၍မေတ္တာတရားကို လက်ကိုင် ထားရပါမည်။

## မေတ္တာခံယူပုံ

၁။ ဗုဒ္ဓဿ သီတလံ မေတ္တံအဟံဂဏှာမိ

-ဗုဒ္ဓဿမြတ်စွာဘုရား၏ သီတလံ-သန့်ရှင်းဖြူစင်ကြည်လင်အေးမြ သော၊ မေတ္တံ-မေတ္တာတေဇော်၊ တန်ခိုးအာနုဘော်ကို၊ အဟံ-ကျွန်ုပ် သည် ဂဏှာမိ-ရောဂါပျောက်အေး၊ ဘေးရန်ကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ ခံယူပါ၏။

၂။ ဓမ္မဿ သီတလံ မေတ္တံအဟံဂဏှာမိ

-ဓမ္မဿ-ချမ်းသာစီးပွားပေးနိုင်ငြားသည်၊ တရားတော်မြတ်၊ ဓမ္မဝတ်၏။

၃။ သံဃဿ သီတလံ မေတ္တံအဟံဂဏှာမိ

-သံဃဿ သမ္မုတိပရမတ်၊ နှစ်ရပ်သောသံဃာတော်မြတ်၏။

၄။ မာတာပိတုနံသီတလံ မေတ္တံအဟံဂဏှာမိ

-မာတာပိတုနံ-ကျေးဇူးကြီးမားမိဘများ၏။

၅။ အာစရိယနံသီတလံ မေတ္တံအဟံဂဏှာမိ

- အာစရိယာနံ-ဆရာသခင်ကျေးဇူးရှင်တို့၏။

၆။ သန္တာနံသပ္ပုရိသာနံ သီတလံမေတ္တံအဟံဂဏှာမိ

-သန္တာနံ သပ္ပုရိသာနံ သူတော်ကောင်းသူတော်မြတ်အပေါင်းတို့၏။

၇။ သိဒ္ဓိ မန္တာနံ၊ ဣဒ္ဓိမန္တာနံ၊ ဝိဇ္ဇာစရာနံသီတာလံမေတ္တံအဟံဂဏှာမိ

-သိဒ္ဓိမန္တာနံ၊ ဣဒ္ဓိမန္တာ ဝိဇ္ဇာစရာနံ သိဒ္ဓိရှင်၊ တန်ခိုးရှင်ပညာရှင်တို့၏။

၈။ ဒေဝတာနံ သီတလံ မေတ္တအပါဂဏှာမိ

-ဒေဝတာနံ နတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့၏။

၉။ ဗြဟ္မာနံသီတလံ မေတ္တံအပါဂဏှာမိ

-ဗြဟ္မာနံ ရူပဗြဟ္မာ အရူပဗြဟ္မာတို့၏။

ဤမေတ္တာခံယူမှုနှင့်ပတ်သက်၍ မေတ္တာများ မိမိထံရောက်-မရောက် စူးရှထိရောက်မှုရှိ-မရှိနှင့်ပတ်သက်၍မေးမြန်းဖွယ်သံသယ ဖြစ်ဖွယ်ရှိပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဗြဟ္မဝိဟာရဒီပကကျမ်းပြုဆရာတော်က ဖွင့်ဆိုပြထားပါသည်။

အချို့သောဆရာတို့သည် သူတော်ကောင်းသူတော်မြတ်လောင်းတို့ ပေးဝေပို့သအပ်သော မေတ္တာကို အကျွန်ုပ်ဦးထိပ်ဖြင့်ခံယူပါ၏။ ထိုခံယူအပ်သော မေတ္တာသည် ကျွန်ုပ်၏ကိုယ်လုံးအနှံ့၌ ပျံ့နှံ့တည်ပါစေကုန်တည်းဟု ခံယူကြကုန်၏။ ထိုသို့မခံယူသော်လည်း မေတ္တာကိုပို့သောသူတို့၏ မေတ္တာရှိန်တော်အာနုဘော်ကြောင့် မေတ္တာပို့ခံရသော အလုံးစုံသောသူတို့မှာ ချမ်းသာသုခရကြကုန်သည်သာဟူ၍ မှတ်အပ်၏။

ဟိမဝန္တာတောမိဂသမ္ဗဒါမြစ်နား ကောသခွဲအတွင်း သိကြားမင်းစေခိုင်းသဖြင့် ဝိသကြုံနတ်သား ဖန်ဆင်းစီမံအပ်သော သခ်န်းကျောင်း၌နေသော ဘုရားလောင်းတော် ဒုကူလပါရိကတို့၏ ပေးဝေပို့သအပ်သော၊ မေတ္တာအာနုဘော်ကြောင့် သူတော်ကောင်းတို့ပေးဝေပို့သအပ်သော မေတ္တာကို ဦးထိပ်ခံယူပါ၏ဟု မဆိုတတ်ကုန်သော်လည်း သားငှက်တိရစ္ဆာန်တို့သည် အချင်းချင်းစုံမင်နှစ်သက်မြတ်နိုးကုန်ကုန်သည်ဖြစ်၍ တစ်ကောင်ကိုတစ်ကောင် မနှိပ်စက်အချင်းချင်း မညှင်းပန်းပေဟူ လို့တဲ့။

ထို့ကြောင့်မိမိကမေတ္တာပို့သလို မိမိကလည်း မေတ္တာခံယူရန် လိုအပ်လှပါသည်။

## မေတ္တာဘာဝနာပွားသင့်ပုံ

-အပြစ်ရှိသောဒေါသမှစိတ်ကို ကင်းကွာစေခြင်းအကျိုးငှာ လည်းကောင်း၊

-သိအပ်ပြီးသောအကျိုးအာနိသင်ရှိသော သည်းခံခြင်းနှင့်စိတ်ကို ယှဉ်တွဲစေခြင်းအကျိုးငှာလည်းကောင်း မေတ္တာဘာဝနာကိုပွားများ အားထုတ်သင့်ပါသည်။

## မေတ္တာစတင်ပွားလိုသူ၏ ပရိကံနှင့်ဆင်ခြင်မှု

မေတ္တာကိုစတင်ပွားလိုသောပုဂ္ဂိုလ်သည် ပလိဗောဓများကို ပယ်ဖြတ်ပြီး ဆိတ်ငြိမ်သောအရပ်သို့ ချဉ်းကပ်ကာ ကောင်းစွာခင်းထားအပ်သောနေရာ၌ နေသာသည့်အလျောက် ချမ်းသာစွာနေထိုင်ခြင်းဟူသော ရှေးဦးစွာပြုလုပ်ရမည့်(ပရိကံ)များကို ပြုလုပ်ပြီးလျှင်-

၁။ ဒေါသအာဒီနဝ = ဒေါသ၏အပြစ်နှင့်

၂။ ခန္တီအာနိသံသ = သည်းခံခြင်း၏အကျိုးကျေးဇူးတို့ကို ရှေးဦးစွာ ဆင်ခြင်ရပါမည်။

၁။ အကြောင်းမှာ- မေတ္တာဘာဝနာဖြင့် ဒေါသကိုပယ်အပ်သော်လည်း အပြစ်မမြင်ရသေးသော တစ်စုံတစ်ခုသောတရားကို ပယ်သတ်ရန် မစွမ်းနိုင်သောကြောင့် ဒေါသ၏အပြစ်တို့ကို ဆင်ခြင်ရပါသည်။

ဆင်ခြင်ပုံသာဓက-ငါ့ရှင့်ပရပိုဇ် ဒေါသသည် ဖျက်ဆီးအပ်သော ဒေါသသည်လွှမ်းမိုးနှိပ်စက်လျက် စိတ်အားလုံးကို ဆွဲဆောင်သွားသူသည် သတ္တဝါတို့ကိုလည်းသတ်၏၊ ဤသို့အစရှိသောသုတ်တို့၏ အစွမ်းဖြင့် ဒေါသ၏အပြစ်တို့ကို ရှုဆင်ခြင်ရပါမည်။

၂။ မေတ္တာဘာဝနာဖြင့် သည်းခံခြင်းဂုဏ်ကိုရယူအပ်သော်လည်း အကျိုးကျေးဇူးကိုမသိရသေးသော တစ်စုံတစ်ရာသောတရားကို ရယူခြင်းငှာ မစွမ်းနိုင်သောကြောင့် သည်းခံခြင်း၏အကျိုးအာနိသင်တို့ကို ဆင်ခြင်ရသည်။

ဆင်ခြင်ပုံသာဓက- ခန္တိပရမံတပေါတိတိက္ခာ နိဗ္ဗာနံ ပရမံဝဒန္တိဗုဒ္ဓါ "ချုပ်တည်းခြင်း ဟူသော သည်းခံခြင်း ခန္တိတရားသည် အမြတ်ဆုံးအကျင့်တည်း၊ နိဗ္ဗာန်ကိုအမြတ်ဆုံးဟူ၍ ဘုရားရှင်တို့သည် မိန့်တော်မူကြကုန်၏" ဟူ၍ လည်းကောင်း၊

-ခန္တိဗလံ ဗလာနီကံ၊ တမဟံဗြူမိ ဗြာဟ္မဏံ၊

"သည်းခံခြင်းဟူသော ခွန်အားရှိသော၊ သည်းခံခြင်း ခွန်းအားဟူသော စစ်တပ်ရှိသော ထိုပုဂ္ဂိုလ်ကိုမကောင်းမှုကို အပပြုပြီးသောဗြာဟ္မဏ၊ ပုဂ္ဂိုလ်ဟူ၍ ငါမိန့်ဆို၏" ဟူ၍ လည်းကောင်း၊

-ခန္တျာဘိယျော နဝိဇ္ဇတိ

သည်းခံခြင်းထက် သာလွန်သောအကျိုးစီးပွား မည်သည်မရှိချေ ဟူ၍ လည်းကောင်း၊

ဤသို့အစရှိသော သုတ်တို့၏အစွမ်းဖြင့် သည်းခံခြင်း၏အကျိုး အကြောင်းတို့ကို ရှုမြင်ဆင်ခြင်ရပါမည်။

## မေတ္တာမပွားမီပြုကျင့်ရမည့်ဝတ္တရား(၁၅) (မေတ္တာပုဗ္ဗပဋိဘာဂတရား)

မေတ္တာသုတ်၌-

ကရဏီယ မတ္ထကုသလေန ယန္တ သန္တပဒံအဘိသမေစ္စ၊

မည်သည့်ကိစ္စမဆို ဆောင်ရွက်လိုသောသူသည် အေးဆေးငြိမ်သက် သောသဘော(နိဗ္ဗာန်)ကို ဉာဏ်ဖြင့်သက်ဝင်၍ပြုလုပ်ရမည် ဟု ဟောကြားထား ပါသည်။

တောင်ထိပ်သို့တက်လိုသောသူသည်၊ တောင်တစ်ဝက်တွင် ရပ်မနေ၊ တောင်ထိပ်ရောက်အောင်တက်ရသကဲ့သို့ အမှုကိစ္စပြုလုပ်သူသည် အမှုကိစ္စကို ပြီးစီးအောင်ဆောင်ရွက်ရသည်။

မေတ္တာပို့ပွားများရာတွင် မေတ္တာမပို့မပွားမီ ပြုကျင့်ရမည့်ဝတ္တရားများ ရှိသည်။ ထိုကျင့်ဝတ်များကို ပြည့်စုံစွာကျင့်ရပါမည်။ တစ်ကိုယ်ကောင်းကျင့်ခြင်းစသောအားဖြင့် ပျက်ကွက်ပါက နှုတ်ကားမည်မျှပင် မေတ္တာပို့သပွားများနေသော်လည်း မေတ္တာပို့သပွားများရာ ရောက်မည်မဟုတ်ပါ။

ဤကြိုတင်ကျင့်ရမည့်ဝတ္တရား(၁၅)ပါးအား ပြည့်စုံနေပါက နှုတ်က မေတ္တာမပွားရသော်လည်း အမူအလုပ်က မေတ္တာရှိကြောင်း ပြသနေပြီဖြစ်ရကား ကာယကံမေတ္တာ၊ မနောကံမေတ္တာတို့ကိုပွားများပြီး -ဟု ဆိုရပါမည်။

## မေတ္တာပုဗ္ဗဂ်မ(၁၅)ပါး

၁။ **သက္ကောစ** =မိမိပြုသင့်ပြုထိုက်သော အမှုကိစ္စများပြုလုပ်ခြင်း၌ စွမ်းနိုင်သည်၊

ဤလောကရှိလူသားတို့အား-

၁။ မိမိပြုအပ်သော ဝတ္တရား

၂။ သူတစ်ပါးပြုအပ်သော ဝတ္တရား ဟူ၍(၂)မျိုး ရှိပါသည်၊

-မိမိပြုအပ်သော ဝတ္တရားတွင် ဆရာ-တပည့်၊ မိဘ-သားသမီး၊ ရဟန်း-ဒါယကာ၊ လင်-မယား၊ အလုပ်ခွင်-အလုပ်သမား၊ မိတ်ဆွေ စသော ကျင့်ဝတ်များ အသီးသီးရှိပါသည်။

-ထိုဝတ္တရားများကို ကျေပွန်အောင်ပြုလုပ်ပါက နှုတ်က မေတ္တာမပို့ရသော်လည်း ကာယကံ မေတ္တာပွားပြီး ဖြစ်နေပါသည်။

-ရဟန်းသည်ရဟန်းဝတ္တရား ဂန္ထဓုရ၊ ဝိပဿနာ ဓုရ ပြုကျင့်နေပါက ဝတ္တရားပြည့်စုံပါသည်။

-ရဟန်းနှင့်မဆိုင်သော လူတို့၏အလုပ်ကိုလုပ်နေပါက ဝတ်နှင့်မပြည့်စုံ ဟုဆိုရပါမည်။

-မိမိပြုလုပ်ရမည့်တာဝန်ကိုသာ ပြုလုပ်ရပါမည်၊ ဘုရားရှိခိုးနေသူသည် ဘုရားရှိခိုးနေရင်း ကာမဝိတက်၊ ဗျာပါဒဝိတက်များဝင်ရောက်နေပါက တာဝန်မပြည့်စုံရာ ရောက်သည်၊ ဗုဒ္ဓကမဆိုက်ရောက်သေးသောဝန်ကို ဆောင်ရွက်သူ၊ ဆိုက်ရောက်ပြီး ဝန်ကိုမဆောင်ရွက်သူကို လူမိုက်(၂)ဦး ဟူ၍ဟောပါသည်။

ထို့ကြောင့် မေတ္တာပို့သရမည်ဟူသော မိမိပြုလုပ်ရမည့်ဝန်ကိုသာ ဆောင်ရွက်ထားရပါမည်။

၂။ ဥဇုစ = ဖြောင့်မတ်ရမည်။

-အလုပ်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့် လည်းကောင်း၊ စိတ်အားဖြင့်လည်းကောင်း သူတစ်ပါးအပေါ်၌တင်စီးလိုမှု၊ ပြောမှု၊ နပ်မှု၊ ပါးမှု စသော မရိုးမဖြောင့်သောအမှု၊ ကောက်ကျစ်စဉ်းလဲသောအမှုတို့ကို မပြုလုပ်ဘဲ မိမိ၏ကိုယ်နှုတ်၊ စိတ်ဖြောင့်မတ်နေရပါမည်။

-ပြုပုံတစ်ခြား၊ ပြောပုံတစ်ခြား၊ စိတ်ထားပုံတစ်ခြားအားဖြင့် အလုပ်နှင့် အပြော၊ အပြောနှင့်အလုပ်၊ အပြင်တစ်မျိုးအတွင်းတစ်မျိုးထားခြင်း ဟူသော ကောက်ကျစ်မှုမျိုးမရှိရပါ။

-မျောက်စိတ်နှင့်တူသော စိတ်ရှိသော၊ နန္ဒင်းဆိုး သောအဝတ်နှင့်တူသော စိတ်ရှိသော၊ ချစ်လွယ်သောစိတ်ရှိသောသူကို မပေါင်းရဟု ဆိုသကဲ့သို့ မိမိစိတ်သည် ထိုကဲ့သို့မရှိစေရ၊ အမြဲ ဖြောင့်မတ်နေရမည်။

၃။ သုဟုဇုစ = အလွန်ဖြောင့်မတ်သည်၊

-သူတစ်ပါးအပေါ်၌ ကိုယ်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့် လည်းကောင်း၊ ရာထူးအာဏာအားဖြင့်လည်းကောင်း၊ သူတစ်ပါး အပေါ်၌ တင်စီးလိုစိတ်မရှိ၊ မိမိကသာ အနစ်နာခံစရာရှိက အနစ်နာခံ ပေးလိုစိတ်ရှိခြင်း သည်းခံနိုင်သော စိတ်ရှိခြင်းသည်၊ အလွန်ဖြောင့်မတ် သူ ဟု ဆိုရပါမည်။ လောကဥပမာအားဖြင့် မိဘထံမှ အမွေခွဲရာ၌ ညီတူဆိုမျှခွဲဝေယူခြင်း၊ အကိုက ပိုယူ၍ ညီက သြော် သူကအကိုဘဲ ယူပါစေ ဟု စိတ်ထားနိုင်ခြင်းသည်လည်းကောင်း၊

-လမ်းခရီးဆုံရာ၌ မိမိကလမ်းဖယ်ပေးခြင်းသည် လည်းကောင်း၊ ကားစီးရာ၌ကား ခုံနေရာဖယ် ပေးခြင်းသည်လည်းကောင်း၊ မိမိကအနစ်နာခံခြင်း၊ ဆက်ဆံရာ၌မိမိကအနစ်နာခံ ဆက်ဆံခြင်းသည်လည်းကောင်း၊

-ဆရာနှင့်တပည့် မိဘနှင့်သားသမီး၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ရဟန်းနှင့်ဒါယကာ၊ မိတ်ဆွေအချင်းချင်းအနစ်နာခံဆောင်ရွက်ပေးခြင်း၊ ကာကွယ်မှုပေးခြင်းသည် အလွန်ဖြောင့်မတ်သောဂုဏ်ဖြစ်သည်။

-အချို့က အကျိုးရှိသည်ဖြစ်စေ၊ အကျိုးမရှိသည်ဖြစ်စေ မည်သည့်နေရာမှ အနစ်နာခံခြင်း မရှိပါ-မဟုတ်မခံပြုလုပ်တတ်သည်၊ ဤသည်မှာ အကျိုးယုတ်မှုသာဖြစ်သည်၊ သုဟုဇုစဂုဏ် မသက်ရောက်ပါ။

-ဇာတ်တော်များတွင် မျောက်အများဒုက္ခရောက်နေသည်ကို မျောက်မင်းက ကယ်တင်ပြီး၊ ဝက်များကိုကျားစေဉ်းလဲက တစ်နေ့တစ်ကောင်သတ်စားနေသည်ကို ဝက်ပျိုးမင်းက ကယ်တင်ပေးခြင်း၊ ပုရောဟိတ်ပုဏ္ဏား၊ ရန်ငြိုးကြောင့် ကျီးအများအသတ်ခံရမည့်ဘေးမှ ကာကွယ်ပေးခြင်း-ဤသည်များသည် သုဟုဇုစဂုဏ်နှင့် ပြည့်စုံခြင်းဖြစ်သည်။

၄။ **သုဝစောစဿ**- ဆိုလွယ်သည်ဖြစ်ရမည်။

-ဆရာမိဘတို့က ဆိုဆုံးမလမ်းညွှန်ပြသည်ကို သို့လော သို့လော ဟု မတွေးတောမဆင်ခြင်တတ်ဘဲ ရွှေအိုးကြီးကိုပေါ်ပေးလာသကဲ့သို့ ကျေးဇူးတင်စွာဖြင့် မြေဝယ်မကျနားထောင်တက်သူ ဖြစ်ရမည်။

-ဤသုဝစောစဿဂုဏ်မှာ လူငယ်ကသာလူကြီး ၏စကားကိုနားထောင်ရမည် ဟုမဆိုလိုပါ။ လူကြီးကလည်း လူငယ်ပြောသောစကားဖြစ်စေကာမူ အကြောင်းယုတ္တိနှင့်သင့်လျော်သောစကား ဖြစ်မူလက်ခံရသည်။

-အချို့ကပစ္စည်းပေါ၊ လောဘကြီး၊ ဒေါသကြီး၊ မာနကြီး၊ အနေအထိုင်မတတ်၊ အလွန်အချိုး ကျခဲသည်။

-ထို့ကြောင့်ဂုဏ်ကြီးသူများက ဂုဏ်ငယ်သူများထက် သုဝစောစဿဂုဏ်နှင့်ပြည့်စုံရန်လိုသည်၊ ဤဂုဏ်နှင့်မပြည့်စုံပါက နှုတ်ကမည်မျှပင်

မေတ္တာပို့သော်လည်း မေတ္တာပို့ရာမရောက်ပါ၊ ဤဂုဏ်နှင့်ပြည့်စုံပါက မေတ္တာပို့ပြီးသကဲ့သို့ ဖြစ်ပါသည်။

-ဆိုလွယ်ကြပါစေ၊ အဆိုမခက်စေရပါ၊ တစ်ဦးစကားတစ်ဦးနားထောင်ပါ၊ ငါဟာမှုဟုတ်သည်၊ မှန်သည်ဟု မစွဲလမ်းရပါ။

၅။ မုဒုစ - နူးညံ့သောကိုယ်မှု နှုတ်မှုစိတ်မှုရှိရမည်။

-ကာယသုစရိုက်တရားများကို စောင့်ထိန်းခြင်း၊ လူကြီးမိဘဆရာသမားတို့ကို ရိုသေသောအမူအရာဖြင့်ဆည်းကပ်ခြင်း၊ သွားသောအခါ လာသောအခါ နေသောအခါ အလုပ်,လုပ်သောအခါ သိမ့်မွေ့နူးညံ့ခြင်းသည် ကိုယ်နူးညံ့သည်မည်ပါသည်။

-ဝစီသုစရိုက်ပြုခြင်း၊ ကုသိုလ်ပြုရန်တိုက်တွန်းခြင်း၊ သင့်တင့်လျှောက်ပတ်သောအခါ၌ တရားတော်ကိုဟောခြင်း၊ သရဇ္ဈာယ်ခြင်း သက်ကြီးရွယ်ကြီး မိဘဆရာသမားစသည်တို့ကို ရိုသေစွာပြောဆိုတတ်၊ ဆက်ဆံသုံးနှုန်းခြင်းသည် နှုတ်နူးညံ့သည်မည်၏။

-နန္ဒိဝိသာလနွားလားသည် နှစ်သက်ဖွယ်သော စကားကိုဆိုပေးသဖြင့် ဝန်လေးသောလှည်းကိုဆောင်၍ အရှင်အားနှစ်ထောင်သောဥစ္စာကို ရစေသည်။

-သူဌေးသားငယ်သည် မုဆိုးအားနှစ်သက်ဖွယ်သောစကားကိုဆိုလိုသဖြင့် အမဲသားရခဲ့ဘူးသည်။

-ကျေးသားငယ်သည် သာယာဖွယ်နှစ်သက်ဖွယ်သောစကားကိုဆိုသဖြင့် မင်းကြီး၏အလေးမြတ်ပြုခြင်းကို ခံရသည်။

-သို့သော်အကျိုးရှိမည့်အရာ၌ မနှစ်သက်ဖွယ်သောစကားကိုဆိုပါမည်၊ ဘုရားရှင်သော်မှ ရံခါအကျိုးရှိစေမည့်အရာ၌ အချည်းနှီးသော ယောကျ်ား (မောဃပုရိယ)ဟူ၍ သုံးနှုံးခေါ်ဝေါ်ခဲ့သည်ကိုလည်း သတိပြုရပါမည်။

-ထိုမနှစ်သက်ဖွယ်သောစကားသည် စိတ်ကသိမ်မွေ့သောကြောင့် မနူးညံ့သော စကားဟူ၍ မဆိုရပါ။ စိတ်နူးညံ့ရမည် ဟုဆိုရာ၌ အလုံးစုံသော သတ္တဝါတို့အားအကျိုးစီးပွားလိုလားခြင်း၊ ချစ်ခင်ခြင်း၊ ဆင်းရဲသောသူတို့ကို မြင်သောအခါ ကြင်နာသနားခြင်း၊

-ချမ်းသာသောသူတို့ကိုမြင်သောအခါ ဝမ်းမြောက်ခြင်း၊ အနာခံလိုခြင်း၊ သူတစ်ပါးအားပေးကမ်း လိုစိတ်မွေးခြင်း၊ သီလစောင့်ထိန်းခြင်း၊ သမထ ဝိပဿနာပွားများခြင်း၊

-ရတနာသုံးပါး၌ကြည်ညိုစိတ်မွေးခြင်း၊

ဤသည်များသည် စိတ်၏နူးညံ့ခြင်းမည်ပါသည်။ "အကြင်သူသည် ကိုယ်, နှုတ်နှလုံးနူးညံ့၏၊ ထိုသူသည်မည်သူနှင့်မျှ ဆန့်ကျင်ဘက်မရှိသောကြောင့် မေတ္တာပွားပြီးသားဖြစ်နေသည်၊ ကိုယ်နှုတ်နှလုံးမနူးညံ့သူများမူ အများနှင့် ဆန့်ကျင်ဘက်ရှိသောကြောင့် မေတ္တာပွားရာမရောက် ဖြစ်နေရသည်။

ထို့ကြောင့် မေတ္တာပွားလိုသူသည် မေတ္တာမပွားမီ ရှေးအဘို့က ကိုယ်,နှုတ် နှလုံး နူးညံ့အောင် အထူးသတိထားရပါမည်။

၆။ **အနတိမာနီ** = အလွန်မာနမထောင်လွှားရာ

-မိမိ၌သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဥစ္စာဂုဏ်၊ အမျိုးမြတ်ခြင်း ဂုဏ်၊ ရာထူး၊ အာဏာဂုဏ်၊ အဆင်းလှခြင်းဂုဏ်စသည်ကို အစွဲပြု၍ မာနရောက်တတ်သူလည်းရှိ၏။ ထိုကဲ့သို့မာနရောက်သူများမှာ အလျှံရှင် မှန်းသိအောင် မဏ္ဍပ်တိုင်သို့ တက်ပြသူနှင့်တူသည်။ အလွန်ရှက်ဖွယ် ကောင်းသည်၊ တစ်ချို့ကမိမိ၌အနည်းငယ်ရှိသော ဂုဏ်ကိုအများအထင် ကြီးလာအောင် ပြုလုပ်တတ်သူများလည်းရှိသည်။ ထိုသူများသည် သမုဒ္ဒရာရေကိုမမြင်ဘူးသောရေတွင်း၊ ရေအိုင်ထဲက ဖားသူငယ်အသွင် ရှိသည်။

-ခြင်္သေ့ကဲ့သို့ ဆောင့်ကြောင့်ထိုင်ကာမျှဖြင့် မိမိကိုယ်ကို ခြင်္သေ့ဟု မာန်တက်သည့်ဖားသူငယ်ကဲ့သို့လည်းကောင်း၊

-ပထဝီဇယာမန္တာန်ကိုတတ်သဖြင့် ဗာရာဏသီကိုရန်မူလိုသည် မြေခွေးကဲ့သို့လည်းကောင်း ဝိဝဠ်ပြမင်းသားကို ကျွန်မသားဟူ၍ နှိမ့်ချခဲ့သော သာကီဝင်မင်းတို့ကဲ့သို့လည်းကောင်း၊ မိမိ၌အနည်းငယ်ရှိသော သာမာန်ကိုအထင်ကြီး ထောင်လွှားသဖြင့် ပျက်စီးကြရသော ဇာတက ရာဇဝင်များအရ မာနရောက်မှုသည် ပျက်စီးကြောင်းတရားသာဖြစ်သည်။

-ဤအရာများသည် လောဘဟူသောအမိုက် အမှောင်ကြီးဖိစီးနှိပ်စက်သဖြင့် ပျက်စီးကြောင်းတရားဟူ၍ မထင်နိုင်ကြပဲ မာနကိုလက်ကိုင်ထားနေကြသည်။

-ဤမာနတရားထားရာတွင် သူတစ်ပါးအပေါ်၌ ထောင်လွှားမာန်မူခြင်းသာ မကောင်းဟူ၍ ဆိုရပါသည်။

-ဘုရားထီးတင်သောအခါ ငြမ်းပါမှဖြစ်သကဲ့သို့ ပစ္စုပ္ပန် ကြီးပွားရေး၊ တမလွန်ကြီးပွားချမ်းသာရေးတို့တွင် မာန်ပါမှ ကြီးပွားနိုင်သည်။

-လောကသဘာဝ၌လူသည်၊ မာန်မာနတရားမရှိက ထိုသူအားမလေးစားတတ်၊ မထီမဲ့မြင်ပြုတတ်၊ မာန်ရှိသူကိုမှ လေးစားတတ်ကြ၏။

-မာန်မာနမရှိလျှင် အဆိပ်မရှိသောလင်းမြွေ၊ ရေမြွေကဲ့သို့ မည်သည့်နေရာမှ အသုံးမကျဖြစ်တတ်သည်။ သို့အတွက်မာနကိုထားသင့်သောနေရာ၌ထားအပ်၏။ မည်သူသည်သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသည်၊ ငါသည်လည်း သူကဲ့သို့ ဖြစ်အောင်ကြိုးစားမည်။

-မည်သူသည် မည်သည့်အတွက်ပညာတတ်၍ ချမ်းသာသည်၊ မည်သည့်တရားကျင့်၍တရားထူးရသည်၊ ရအောင်အားထုတ်မည်၊ ကြိုးစားမည်ဟု မာန်ထားခြင်းသည် အကျိုးရှိသောမာန်ထားခြင်းမည်ပါသည်။ မည်သူ့ကိုမျှဒုက္ခမပေး၊ ကိုယ့်အတွက်ထားခြင်းဖြစ်၍ ကောင်းသောနေရာ၌ အသုံးချသဖြင့် လွန်စွာပင်အဖိုးထိုက်တန်ပါသည်။ တစ်ဦးအပေါ်တစ်ဦး မာနထောင်လွှားခြင်းမရှိပါမူ အချင်းချင်း ဆန့်ကျင်ဘက်ကင်း၍ မေတ္တာပွားပြီးပြီးသည်။

-ထို့ကြောင့်မေတ္တာပွားမည့်သူသည် မာန်ကို ရှောင်ရှားရပါမည်။

၇။ **သန္တုဿကော** - ရောင့်ရဲလွယ်သည်ဖြစ်ရာ၏။

-ဖြစ်တတ်သမျှနှင့်ရောင့်ရဲရမည်၊ ဖြစ်တတ်သော အမှုထက်ပို၍ မပြုရပါ၊ ရတတ်သမျှ ပို၍လိုချင်သောစိတ်မရှိရပါ။

-မိုးဟိုလှေကားထောင်တက်မည်၊

-ကျောက်ခဲမှဆီရအောင်ကြိတ်မည်၊

-နွားချိုနွားနို့ထွက်အောင် ပြုလုပ်မည်။

စသည်ဖြင့် မဖြစ်နိုင်သောအရာကိုမကြံစည်ရ၊ မပြောရပါ။

**ရောင့်ရဲခြင်း(၃)မျိုးရှိသည်-**

၁။ ယထာလာဘသန္တောသ

-မိမိတို့ကံ မိမိတို့လုပ်အားအရ ရသောပစ္စည်းဖြင့် ရောင့်ရဲခြင်း၊

၂။ ယတာဗလသန္တောသ

-မိမိခွန်အားဖြင့်လျော်သောပစ္စည်းဖြင့်ရောင့်ရဲခြင်း၊ ဇရာဒုဗ္ဗလဂိလာန ဖြစ်သော မိမိထံသို့ လေးလံသောသင်္ကန်းကြီးများရောက်ရှိရာ ထိုသင်္ကန်း များကို အခြားပေါ့ပါးသော သင်္ကန်းဖြင့်လှယ်၍ သုံးဆောင်ခြင်း၊

၃။ ယထာသာရုပ္ပသန္တောသ

-မိမိရသောပစ္စည်းတို့တွင် မိမိနှင့်မလျောက်ပတ်သောပစ္စည်းကို သူတစ်ပါး ရသောလျှောက်ပတ်သည့် ပစ္စည်းဖြင့်လဲလှယ်၍ သုံးဆောင်ခြင်း၊

၈။ **သုဘာရော စ** - မွေးမြူလွယ်သည်ဖြစ်ရာ၏၊

-မိဘကိုမှီ၍အသက်မွေးရသော သားသမီးဖြစ်လျှင် မိဘပေးသမျှနှင့် ရောင့်ရဲတတ်ရ၏။

-သားသမီးကိုမှီ၍အသက်မွေးရသောမိဘဖြစ်လျှင် သားသမီးကျွေးမွေး သမျှနှင့် ရောင့်ရဲတတ်ရ၏။

-အလားတူ ခင်ပွန်းကိုမှီ၍ မယားကိုမှီ၍ ဆရာကိုမှီ၍ တပည့်ကိုမှီ၍ သူတို့အားလုံးသည် မှီခိုနေသူ၏ပေးသမျှကျွေးသမျှနှင့်ရောင့်ရဲနိုင်ရမည်။

-လူဒါယကာတို့ကိုမှီခို၍ အသက်မွေးရသော ရဟန်းသည်ပစ္စည်းလေးပါး၊ ဒါယကာတို့၏ လှူသမျှနှင့်ရောင့်ရဲနိုင်ရမည်။

-မွေးမြူလွယ်သူဖြစ်လျှင် စမ်းရေတွင်း၌ရှိသောရေသည် သုံးချိုး၍မကုန်သကဲ့သို့မည်သူကိုမျှ မည်သူကမျှအပူမရှာရကား တစ်ဦးမေတ္တာပို့ပြီးသားအဖြစ်သို့ရောက်လေသည်။

၉။ **အပ္ပကိစ္စော** - နည်းသောကိစ္စရှိရမည်။

-တစ်စုံတစ်ရောက်အလုပ်ကိုပြုလုပ်ရာ၌ ကောက်ရိုးကုန်သည်အလုပ်ကိုမပြုလုပ်ဘဲ ရွှေကုန်သည်အလား၊ ဝန်ကျယ်၍အကျိုးများသော အလုပ်သဘောမျိုးလုပ်ရပါမည်။ ရဟန်းသည် ရဟန်း၏ဂန္ထဓုရဝိပဿနာဓုရအလုပ်သာ ရှိရမည်၊ အခြားလူမှုကိစမှုကိစ္စများ မရှိရပါ။ မိမိအတွက်အကျိုးရှိစေမည့်အလုပ်တစ်ခုကိုသာ မြဲမြံစွာ လုပ်ရန်လိုပါသည်။

-မိမိအလုပ်ကိုမိမိနိုင်နှင်းစွာ လုပ်ဆောင်နိုင်သော ဆွေမျိုးသားချင်းတို့၏ကိစ္စရှိလျှင်လည်း ကူပံ့နိုင်၍ မေတ္တာရှိရာရောက်သည်။

-အလုပ်များ-အလုပ်ရှုပ်နေလျှင် အလုပ်ကို လူကမနိုင်၍ အကျိုးသည်ပျက် အိမ်နီးချင်းနှင့်ဆွေမျိုးသားချင်းတို့၏ အမှုကိစ္စရှိသောအခါ မကူညီနိုင်သဖြင့် မေတ္တာရှိရာမရောက်နိုင်ပါ။

-မိမိမှာအလုပ်ကိစ္စနည်းမှသာ အလုပ်ကိုနိုင်နှင်းစွာရှိပြီး သူတစ်ပါးကိုကူညီနိုင်မည်။

မေတ္တာထားနိုင်မည်၊ မိမိမှာအလုပ်ရှုပ်နေလျှင် အလုပ်အတွက်စဉ်းစားစရာတွေများနေလျှင် အခြားသူများ၏အမှုကိစ္စများကိုလည်း မကူညီနိုင်သဖြင့် မေတ္တာရှိရာမရောက်ဖြစ်ရသည်၊ ထိုကြောင့် မေတ္တာပို့မည်ဆိုလျှင် ကိုယ်အလုပ်၊ စိတ်အလုပ်နည်းပါးရပါမည်။

၁၀။ **သလ္လဟုကဝုတ္တိ-** ပေါ့သောအသက်မွေးမှုရှိရမည်။

-ဟိတ်ဟန်လုပ်ခြင်း၊ ကြွားဝါခြင်းမရှိ၊ ပကတိအတိုင်းဖြစ်သမျှရသမျှနှင့် အသက်မွေးနေထိုင်မှု ပြုတတ်ရမည်။

-ရဟန်းများဘဝမှာ ဟိတ်ဟန်ကြီးနှင့်လူများ အထင်ကြီးအောင် ဆိုဖာကုလားထိုင်၊ ခြေရံနောက်လိုက်သင်းပင်းများနှင့်နေတတ်သည်။ ပိုးဖဲကတ္တီပါသင်္ကန်းဝတ်ဆင်တတ်ကြသည်။ ထိုကဲ့သို့ ကိန်းခန်းဟိတ်ဟန် မလုပ်ဘဲ နေထိုင်သွားလာစားသောက်တတ်ရပါမည်။ လူတို့တွင်လည်း ကိုယ်မှာမရှိဘဲ ရှိသယောင်ကိန်းခန်း ဟိတ်ဟန်လုပ်တတ်ပါသည်။ သူတစ်ပါးထံမှ ငှားရမ်းပြီးဝတ်စားဆင်ယင်တတ်ကြသည်၊ တစ်လ (၁၀၀၀)ဝင်ငွေရှိသူက တစ်သိန်းဝင်ငွေရှိသူထင်ရအောင် ဝတ်ဆင်သုံးစွဲ စားသောက်တတ်သည်။

-ထိုကဲ့သို့ကိန်းခန်းဟိတ်ဟန်ထုတ်၍ ကြွားဝါခြင်းဖြင့် အသက်မွေးမှုကို မဆိုလိုပါ၊ မိမိဂုဏ်နှင့်မတန်အောင် ကြွားဝါလို့ကိန်းခန်း ဟိတ်ဟန် လုပ်လိုမှုကို ဆိုလိုပါသည်။

-ထိုသို့တစ်ဦးအပေါ်တစ်ဦး ကိန်းခန်းဟိတ်ဟန်မထုတ်၊ မကြွားဝါလျှင် အချင်းချင်းခင်ပြီးသား မေတ္တာပွားပြီးသား ဖြစ်နေပါသည်။ ထပ်မံ၍ မေတ္တာပွားသော် အဘယ်ဆိုဖွယ်ရာရှိပါအံ့တော့နည်း။

၁၁။ **သန္တိန္ဒြိယော -** ငြိမ်သက်သော ဣန္ဒြေရှိရမည်။

-မျက်စိလျှပ်ပေါ်ခြင်း၊ နားလျှပ်ပေါ်ခြင်း၊ နှာခေါင်းလျှပ်ပေါ်ခြင်း၊ လျှာလျှပ်ပေါ်ခြင်း၊ ကိုယ်လျှပ် ပေါ်ခြင်း၊ စိတ်လျှပ်ပေါ်ခြင်း ဟူသော အာရုံခြောက်ပါး ဒွါရခြောက်ပါးမှ ရာဂစသော အယုတ်တရားများ မဖြစ်ပေါ်အောင် စောင့်ရှောက်နေထိုင်တတ်ရမည်၊ မဂ်လာ ဆင်တော်ကြီးဣန္ဒြေရ,ရသွားလာသကဲ့သို့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာများ ဣန္ဒြေရရသွားလာ နေထိုင်တတ်ရပါမည်။ ရဟန်းသည်ရဟန်းတို့နှင့် မသင့်လျော်သော ပွဲလမ်းသဘင်ကြည့်ခြင်း၊ ပစ္စည်း၌လျှပ်ပေါ်ခြင်း၊

အစားအသောက်၌ လျှပ်ပေါ်ခြင်း၊ စိတ်နှလုံးမငြိမ်မသက်ခြင်း၊ စကားမတည်ခြင်း၊ သက်နိုးကျောင်း၌ လျှပ်ပေါ်ခြင်းဟူသော ရဟန်းတို့နှင့်မလျော်ပတ်သော အပြုအမူကင်းရပါမည်။

-လူဖြစ်လျှင်လည်း ဣန္ဒြေမဲ့အောင် မိန်းမလိုက်စားကျူးလွန်ခြင်း၊ ဣန္ဒြေမဲ့လောင်းကစားခြင်း၊ သေရည်သေရက်သောက်ခြင်း၊ အစားအသောက်ကျူးခြင်း၊ နှုတ်မငြိမ်ခြင်း စသည်ကင်းလျက် အစစရာရာ တည်ငြိမ်သက်သော ဣန္ဒြေဖြင့် လုပ်ကိုင်ပြောဆို နေထိုင်တတ်ရပါမည်။

-ပတ္တမြားကျောက်စီနားဋောင်းဝတ်ဆင်ထားသောအိမ်ရှင်မကို အိမ်ရှင်ယောကျ်ားသည် ကြည့်ရှုဘိသကဲ့သို့ ဣန္ဒြေသမာဓိနှင့်ပြည့်စုံသောသူကိုနတ်နှင့်တကွသောလူတို့သည် ကြည့်ရှုကြကုန်၏-ဟူသောတရားတော်အရ ငြိမ်သက်သော ဣန္ဒြေရှိသောသူကို လူနတ်တို့ကနှစ်သက်ပါသည်။ ထိုသို့ငြိမ်သက်မှ သမာဓိတည်ပြီး မေတ္တာပို့ရာတွင် ထိရောက်အောင်မြင်ပါသည်။

၁၂။ **နိပကောစ** - ရင့်မာသောပညာရှိရမည်။

-တစ်စုံတစ်ခုသောအမှုကိုပြုလုပ်လိုက မဆင်မခြင်မစဉ်းမစားမပြုလုပ်ဘဲ ဆင်ခြင်စဉ်းစား နှိုင်းယှဉ်ပြီးမှ အကျိုးရှိမည့်အလုပ်ကို လုပ်ရပါသည်။

-ကုသိုလ်ဆိုင်ရာပြုလုပ်ရာ၌ မကောင်းမြစ်တာ ကောင်းရာညွှန်လတ်သော အဆွေခင်ပွန်းကို ရှာ၍ပြုလုပ်ရပါမည်။

-ပစ္စည်းဥစ္စာရှာရာ၌လည်း မိမိပစ္စည်းအားဉာဏ်အား ကိုယ်အားတို့ကို ချိန်ဆ၍ မိမိနှင့်သင့်လျော်ရာကို ပြုလုပ်နိုင်ရမည်။

-ဤပညာသည် ရုပ်နာမ်တရားတို့၏ မမြဲ-ဆင်းရဲ အစိုးမရ(အနိစ္စ-ဒုက္ခ-အနတ္တ)ကိုသိ၏၊ ဆင်းရဲမမှန်၊ ဆင်းရဲကြောင်းအမှန်၊ ဆင်းရဲကြောင်းချုပ်ငြိမ်းရာအမှန်၊ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်အမှန်ဟုသိသော ဉာဏ်ကိုရအောင် ဖြစ်အောင် ကြိုးစားရသည်။

ဤလောက၌ပုဂ္ဂိုလ်(၃)မျိုးရှိသည်-

## ၁။ အကန်းပုဂ္ဂိုလ်

-အကြင်သူသည် အကြင်မျက်စိဖြင့် မရသေးသော စည်းစိမ်တို့ကို ရစေခြင်းငှာ မစွမ်းနိုင်။ ရပြီးသောစည်းစိမ်တို့ကို တိုးပွားစေခြင်းငှာ မစွမ်းနိုင်၏။ ထိုမျက်စိလည်းမရှိ။

-အကြင်မျက်စိဖြင့် ကုသိုလ်အကုသိုလ်တရား အပြစ်မရှိသော တရားကို သိ၏၊ အယုတ်အမြစ်ဖြစ်သော တရားကိုသိ၏၊ ထိုမျက်စိလည်းမရှိ၊ ထိုပုဂ္ဂိုလ်ကို အကန်းဟူ၍ ခေါ်ဆိုအပ်၏။

## ၂။ မျက်စိတစ်လုံးမရှိသောပုဂ္ဂိုလ်

အကြင်ပုဂ္ဂိုလ်အားအကြင်မျက်စိဖြင့်-

-မရသေးသော စည်းစိမ်ကိုရသည်၊

-ရပြီးသောစည်းစိမ်ကို မြဲစေသည်၊

-ထိုသို့သဘောရှိသော မျက်စိရှိ၏၊ ထိုပုဂ္ဂိုလ်သည်ကုသိုလ်-အကုသိုလ် တရား၊ အပြစ်ရှိ သောတရား၊ အပြစ်မရှိသောတရား အယုတ်အမြတ် တရားကိုသိသောမျက်စိတို့သည်မရှိ မျက်စိတစ်လုံးရှိသောပုဂ္ဂိုလ်ဟု ခေါ်ဆို၏။

## ၃။ မျက်စိနှစ်လုံးရှိသောပုဂ္ဂိုလ်

အကြင်သူသည်အကြင်မျက်စိဖြင့်-

-မရသေးသော စည်းစိမ်ကိုရ၏၊ ရပြီးသောစည်း စိမ်ကိုတည်အောင် လုပ်နိုင်သော မျှက်စိရှိ၏၊

-ကုသိုလ်-အကုသိုလ်တရား၊အပြစ်ရှိ-မရှိတရား၊ ယုတ်-မြတ်တရားတို့ကို သိသောမျက်စိလည်း ရှိ၏။

-ထိုပုဂ္ဂိုလ်ကိုမျက်စိနှစ်လုံးရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏၊

-ပစ္စုပ္ပန်အကျိုး၊ တမလွန်အကျိုးတိုးပွားကြောင်း မျက်စိကန်းသော နှစ်ဖက်ကန်းကိုလည်း မျက်စိကန်းသော နှစ်ဖက်ကန်းကိုလည်းကောင်း၊

ပစ္စုပ္ပန်အကျိုးကိုသာသိ၍ တမလွန်အကျိုးကို သိသောမျက်စိမရှိသော တစ်ဘက်ကန်းကိုလည်းကောင်း၊ ဝေးစွာရှောင်ကြဉ်ရာ၏၊ ပစ္စုပ္ပန်-တမလွန်နှစ်တန်သောအကျိုးကို မြင်တတ်သော မျက်စိနှစ်လုံးရှိသော သူကို မှီဝဲရာ၏။

-လောကဥပညာချီးမွမ်းအပ်၊ မြတ်လှပေ၏၊ သူတော်ကောင်းတရားတည်ခြင်းငှာ ဉာဏ်ပညာဖြင့်ယုံမှားသံသယကိုပယ်ဖျောက်၍ ဘေးအပေါင်းငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြရ၏။

ထိုကြောင့်ရင့်သောပညာရှိအောင် ကြိုးစားရပါမည်။

၁၃။ **အပ္ပဂဗ္ဘော** - မကြမ်းတမ်းသောကိုယ်အမူအရာ၊ နှုတ်အမူအရာ ရှိရပါမည်၊ ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလုပ်အပ်သော အပြုအမူတို့၌ ကြမ်းတမ်းမှု မရှိစေရပါ။

(၁) စကားပြောကျယ်
(၂) အရယ်ကျယ်
(၃) အခေါ်ကျယ်
(၄) အသမ်းကျယ်
(၅) အချေးကျယ်

ဤကျယ်(၅)ပါးကိုပယ်ရမည်။

(၁) စကားများ
(၂) အရယ်များ
(၃) အအိပ်များ
(၄) အစားများ
(၅) နဝကမ္မများ
(၆) ပစ္စည်းစုများ
(၇) အလည်အပတ်များ
(၈) လူနှင့်အရောအနှောများ

ဤ(၈)ပါးကိုပယ်နိုင်ရမည်။

(၁) အစားကြမ်း
(၂) အအိပ်ကြမ်း
(၃) အသွားကြမ်း
(၄) အထိုင်ကြမ်း
(၅) အရယ်ကြမ်း
(၆) စိတ်ကြမ်း
(၇) ကိုယ်ကြမ်း
(၈) နှုတ်ကြမ်း
(၉) အဆုံးအကြမ်း

ဤကြမ်း(၉)ကြမ်းကို ပယ်နိုင်ရမည်။

၁၄။ **ကုလေသွနနုဂိဒ္ဓေါ** -အမျိုး၊ ဒါယကာ ဒါယကာမတို့၌ စွဲလမ်းမှုမရှိစေရ၊ -လမင်းသည် မင်းအိမ်၊ သူဌေးအိမ်၊ သူကြွယ်အိမ်၊ ဆင်းရဲသားအိမ်၊ သူတောင်းစားအိမ် စသည်ဖြင့် ခွဲခြားခြင်းမရှိ အိမ်တိုင်း အလင်းရောင် ပေး၍ သွားသကဲ့သို့ ရဟန်းရှင်လူတို့သည် ဒါယကာ၊ ငါ့မိတ်ဆွေ၊ ငါ့သူငယ်ချင်း စသည်ဖြင့် စွဲလမ်းမှု မရှိစေရ သတ္တဝါအားလုံးအပေါ်၌ ကြင်နာခြင်းရှိရပါမည်။

၁၅။ **နစခုဒ္ဒမာစရေကိဉ္စိယေနဝိညူပရေဥပဝဒေယျုံ**
-တစ်စုံတစ်ခုသောအမှုကို ပြုလုပ်လိုသောသူသည် မပြောစဖွယ် အနည်းငယ်သောကိစ္စပင် ဖြစ်စေကာမူ-
-အကြင်ကိစ္စသည် ပညာရှိတို့ကဲ့ရဲ့ဖွယ်ဖြစ်၏၊ ထိုအမှုကိစ္စကို မပြုရာ ဘုရားအစရှိသော သူတော်ကောင်းပညာရှိတို့ကဲ့ရဲ့မည်၊ ဆရာမိဘ များက ကဲ့ရဲ့ပြစ်တင်မည့် ဆွေမျိုးမိတ်ဆွေတို့က ကဲ့ရဲ့ပြစ်တင်မည့် အလုပ်များကို ကြောက်ရွံ့တတ်ရပါမည်။

ဤသည်တို့မှာမေတ္တာမပို့မီ မေတ္တာမပွားမီ မိမိတို့ပြုကျင့်ကြရမည့်၊ ပြည့်စုံကြရမည့် တာဝန်ဝတ္တရားများဖြစ်ကြသည်၊ ဤဝတ္တရားများ ပြည့်စုံမှသာလျှင် မေတ္တာပို့မေတ္တာစေလွှတ်ရာ၌ အောင်မြင်ထိရောက်ပါမည်။

## မေတ္တာပွားရမည့်အဆင့်ဆင့်

### ၁။ မိမိကိုယ်ကို ဦးစွာမေတ္တာပွားရမည်

ဗုဒ္ဓကအလုံးစုံသော အရပ်မျက်နှာတို့ကို စိတ်ဖြင့်လှည့်လည် ကြည့်ရှုပါသော်လည်း မိမိကိုယ်ထက်သာလွန်၍ ချစ်အပ်သောသူကို တစ်ခုသောအရပ်မျက်နှာ၌မျှပင် မတွေ့မမြင်နိုင်ပါ၊ မိမိမှတစ်ပါးသောသူတို့သည်လည်း အသီးသီးသော ယင်းတို့၏ကိုယ်ကို ဤအတူပင်ချစ်တော့သည်၊ ထို့ကြောင့်မိမိ၏ စီးပွားချမ်းသာကို အလိုရှိသောသူသည် သူတစ်ပါးကို မညှင်းဆဲမနှိပ်စက်ရာ ဟူ၍ ဟောကြားထားပါသည်။

ငါသည်ချမ်းသာလို၏ စသည်ဖြင့် အနှစ်တစ်ရာပတ်လုံး-အနှစ်တစ်ထောင်ပတ်လုံးမည်မျှပင် မိမိကိုယ်ကို မေတ္တာပွားစေကာမူ အပ္ပနာအဆင့်သို့ မရောက်နိုင်သော်လည်း ငါသည်ဆင်းရဲကို စက်ဆုပ်လျက် ချမ်းသာခြင်းကို အလိုရှိသကဲ့သို့ အသက်ရှင်နေလိုလျက် သေခြင်းကိုအလိုမရှိသကဲ့သို့ ထိုအတူပင် အခြားသောသတ္တဝါတို့သည်လည်း အလိုရှိကြပေလိမ့်မည် ဟု မိမိကိုယ်ကို သက်သေပြု၍ အခြားသတ္တဝါတို့၏ အကျိုးစီးပွားကိုလိုလားခြင်း ကိုယ်ချင်းစာတရားဖြစ်ပေါ်နိုင်သောကြောင့် အပ္ပနာမဖြစ်သော်လည်း မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားရခြင်းဖြစ်ပါသည်။

### မေတ္တာပွားပုံမှာ

အဟံသုခိတောဟောမိနိဒ္ဒုက္ခော = ငါသည်ချမ်းသာလို၏၊ ဆင်းရဲခြင်းကင်းလို၏ ဟူ၍ လည်းကောင်း၊

အဟံအဝေရောဟောမိ = ငါသည်ဘေးရန်ကင်းသည်ဖြစ်လို၏၊

အဗျာပဇ္ဈောဟောမိ = စိတ်ဆင်းရဲကင်းသည်ဖြစ်လို၏၊

အနီဃောဟောမိ = ကိုယ်ဆင်းရဲကင်းသည်ဖြစ်လို၏၊

သုခီအတ္တာနံပရိဟရာမိ = ချမ်းသာခြင်းနှင့်ပြည့်စုံသည်ဖြစ်၍ မိမိကိုယ်ကိုဆောင်ရွက်နိုင်ရပါလို၏ ဟူ၍အဖန်ဖန်အထပ်ထပ်ပွားများနေရပါမည်။

## ၂။ မိမိအခြားမဲ့၌ မေတ္တာပွားရမည့်ပုဂ္ဂိုလ်

သက်သေအဖြစ်မိမိကိုယ်ကို ရှေးဦးစွာမေတ္တာပွားများပြီး နောက်မေတ္တာပွားရန် လွယ်ကူစေခြင်းအကျိုး၌ါ

၁။ ပိယ = ချစ်အပ်သောဂုဏ်

၂။ မနာပ = မြတ်နိုးအပ်သောဂုဏ်

၃။ ဂရု = အလေးပြုအပ်သောဂုဏ်

၄။ ဘာဝနိယ = မေတ္တာပွားအပ်ထိုက်သောဂုဏ်

ဤသို့သောဂုဏ်ရှိသော ဆရာကိုဖြစ်စေ၊ ဆရာနှင့်တူမျှသူကို ဖြစ်စေ၊ ဥပဇ္ဈာယ်ကိုဖြစ်စေ၊ ဥပဇ္ဈာယ်နှင့်တူမျှသူကိုဖြစ်စေ ဆက်လက်၍ မေတ္တာပွားရမည်။

ပွားများပုံမှာ-

ပိယ, မနာပပုဂ္ဂိုလ်ဖြစ်ပါက ချစ်ခင်ရခြင်း၊ မြတ်နိုးရခြင်း၏ အကြောင်းဖြစ်ကုန်သော ပေးကမ်းချီးမြှင့်မှု၊ ချစ်ဖွယ်စကားပြောဆိုမှု စသည်တို့ကို အောက်မေ့ဆင်ခြင်၍

**"ဧသသပ္ပုရိသော သုခီဟောတု နိဒ္ဒုက္ခောဟောတု"**

ဤသူတော်ကောင်းသည် ချမ်းသာခြင်းနှင့်ပြည့်စုံပါစေ ဆင်းရဲခြင်းကင်းပါစေ စသည်ဖြင့် မေတ္တာပွားရမည်။

ဂရု၊ ဘာဝနိယပုဂ္ဂိုလ်ဖြစ်စေ၊ အလေးပြုရခြင်း မေတ္တာပွားထိုက်ခြင်းအကြောင်းဖြစ်ကုန်သော သီလဂုဏ်၊ သုတဂုဏ်စသည်တို့ကို အောက်မေ့ဆင်ခြင်၍-

**"ဧသသပ္ပုရိသော သုခီဟောတု နိဒ္ဒုက္ခောဟောတု"**

ဤသူတော်ကောင်းသည် ချမ်းသာခြင်းနှင့်ပြည့်စုံပါစေ၊ ဆင်းရဲခြင်းကင်းပါစေ စသည်ဖြင့် မေတ္တာပွားရပါမည်။

## ပုဂ္ဂိုလ်တစ်မျိုးစီထံ ပြောင်းလဲမေတ္တာပို့လိုမှု

နယ်ပယ်ပျက်ခြင်း(သိမာသမ္ဘေဒ)ကို ပြုလုပ်လိုလျှင်-

၁၊ အတိပ္ပိယ = အလွန်ချစ်အပ်သော ပုဂ္ဂိုလ်ကိုလည်းကောင်း၊

၂၊ မဇ္ဈတ္တ = အလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်ကိုလည်းကောင်း၊

၃၊ ဝေရီ = ရန်သူဖြစ်သောပုဂ္ဂိုလ်ကိုလည်းကောင်း၊

တစ်ဆင့်ပြီးတစ်ဆင့် မေတ္တာပွားရပါမည်၊

ထိုသို့ပွားရာ၌လည်း ပုဂ္ဂိုလ်တစ်မျိုးစီ၌ စိတ်ကိုနူးညံ့အောင် ဘာဝနာအမှု၌ ခန့်ကျန်းသန့်စွမ်းအောင်ပြုပြီးမှသာ ပုဂ္ဂိုလ်တစ်မျိုးချင်းစီထံသို့ပြောင်းလဲ၍ မေတ္တာပွားရမည်။

ရန်သူရှိသောပုဂ္ဂိုလ်ဖြစ်ပါမူ သို့မဟုတ် အကျိုးစီးပွားမဲ့ကို ပြုလုပ်သောသူကိုပင်ရန်သူဟု သဘောမထားဘဲ သည်းခံခွင့်လွှတ်တတ်သောစိတ်ထားရှိသော ပုဂ္ဂိုလ်ဖြစ်မူ-

"ငါ၏မေတ္တာစိတ်သည် အလယ်အလတ်ဖြစ်သော(မဇ္ဈတ္တ)ပုဂ္ဂိုလ်၌ ခန့်ကျန်းစွာဖြစ်ပြီး ယခုခါ ထိုမေတ္တာစိတ်ကိုရန်သူထံသို့ ပို့ပေးအံ့" ဟု ကြောင့်ကြစိုက်စရာမလိုတော့ပါ။ မဇ္ဈတ္တပုဂ္ဂိုလ်ကိုပွားပြီးနောက် ရန်သူဖြစ်သောပုဂ္ဂိုလ်ကို မေတ္တာပွားရမည်ဟူသည်မှာ ရန်သူရှိသောပုဂ္ဂိုလ်ကို ဆိုလိုပါသည်။

## မေတ္တာဘာဝနာကို ပျက်စေတတ်သောပုဂ္ဂိုလ်(၆)ပါး (ပုဂ္ဂလဒေါသ ၆-ဦး)

၁။ အပ္ပိယပုဂ္ဂိုလ်

း -မချစ်မနှစ်သက် မုန်းသောပုဂ္ဂိုလ်

-ဤပုဂ္ဂိုလ်ကိုချစ်ခင်သူအရာ၌ထား၍ မေတ္တာပွားပါက ပင်ပန်းတတ်၏၊

၂။ အတိပ္ပိယပုဂ္ဂိုလ်

-အလွန်ချစ်သောပုဂ္ဂိုလ်

-ဤပုဂ္ဂိုလ်ကို မေတ္တာပွားလျှင် ပင်ပန်းတတ်၏၊ မိမိချစ်အပ်သောပုဂ္ဂိုလ် အနည်းငယ်မျှ ဆင်းရဲရောက်ပုံကို ကြားရလျှင်သင်ငိုမည့်အခြင်းအရာသို့ ရောက်တတ်သည်။

၃။ **မဇ္ဈတ္တပုဂ္ဂိုလ်**

-မချစ်မမုန်းအလယ်အလတ်ပုဂ္ဂိုလ်

-အလယ်အလတ်အားဖြစ်သောပုဂ္ဂိုလ်ကို အလေးပြုအပ်သူအရာထား၍ မေတ္တာပွားများလျှင် သို့မဟုတ် ချစ်အပ်မှုအရာ၌ထား၍ မေတ္တာပွားများလျှင် ပင်ပန်းတတ်သည်။

၄။ **ဝေရီပုဂ္ဂိုလ်**

-ရန်သူပုဂ္ဂိုလ်

-မေတ္တာပွားရန်ဆင်ခြင်လိုက်သည်နှင့် အမျက်ဒေါသဖြစ်ပေါ်တတ်သည်၊

၅။ **လိင်္ဂဝိသဘာဂပုဂ္ဂိုလ်**

-လိင်အသွင်ကွဲပြားသောပုဂ္ဂိုလ်

-လိင်ကွဲပြားသူ မေတ္တာပို့က မေတ္တာမဖြစ်ဘဲ တပ်မက်စွဲလန်းမှုရာဂသာ ဖြစ်တတ်၏။

၆။ **ကာလကတပုဂ္ဂိုလ်**

-သေလွန်ပြီးသောပုဂ္ဂိုလ်

-ဤပုဂ္ဂိုလ်ကို မေတ္တာပွားက မည်သို့မျှ အကျိုးမသက်ရောက်ချေ။

ဤပုဂ္ဂိုလ်(၆)ဦးသည် မေတ္တာဘာဝနာ ပျက်စီးစေတတ်သောကြောင့် ပုဂ္ဂလဒေါသ(၆)ဦးဟု ခေါ်ပါသည်။

ဤပုဂ္ဂိုလ်(၆)ဦးတွင်-

-အပ္ပိယ၊ အတိပ္ပိယ၊ မဇ္ဈတ္တ၊ ဝေရီပုဂ္ဂိုလ်တို့ကို ရှေးဦးစွာ မေတ္တာမပွားရပေ၊

-လိင်သဘာဝပုဂ္ဂိုလ်ကို သီးသန့်ပိုင်းခြား၍ မပွားသင့်ပေ၊

-ကာလကတပုဂ္ဂိုလ်ကိုမူကား မည်သည့်အခါမျှ မေတ္တာမပွားရပေ၊

## အမျက်ဒေါသပယ်ဖျောက်ရန်နည်းများ

ရန်သူကိုမေတ္တာပို့သောပုဂ္ဂိုလ်သည်၊ ထိုရန်သူကပြုလုပ်ထားသောပြစ်မှားမှုများကို ပြန်လည်အောက်မေ့ဆင်ခြင်သဖြင့် အမျက်ဒေါသများဖြစ်ပေါ်လာခဲ့လျှင် ယင်းအမျက်ဒေါသများကို ပယ်ဖျောက်ပြီးမှသာ မေတ္တာကို ဆက်လက်ပွားရပါမည်။

အမျက်ဒေါသပယ်ဖျောက်နည်းများမှာ-

## ၁။ အလေးအမြတ်ပြုအပ်သောပုဂ္ဂိုလ်စသည်တို့ကို မေတ္တာပွားများပြီးမှ အမျက်ဒေါသကိုပယ်ဖျောက်ခြင်း

မေတ္တာဘာဝနာပုဂ္ဂိုလ်သည်ရန်သူနှင့်ပတ်သက်၍ အမျက်ဒေါသများဖြစ်ပေါ်နေပါက အလေးအမြတ်ပြုအပ်သောသူ အစရှိသောပုဂ္ဂိုလ်တို့တွင် တစ်ဦးဦးသောပုဂ္ဂိုလ်၌အဖန်တလဲလဲ မေတ္တာဈာန်ကိုဝင်စားပြီးလျှင် ထိုမေတ္တာဈာန်မှထပြီးမှသာ ရန်သူပုဂ္ဂိုလ်ကို အဖန်တလဲလဲ မေတ္တာပို့၍ အမျက်ဒေါသကို ပယ်ဖျောက်ရမည်။

## ၂။ ဗုဒ္ဓဟောကြားသော ကာကစူပမသြဝါဒလာ အဆုံးအမကိုဆင်ခြင်၍ အမျက်ဒေါသပယ်ဖျောက်ခြင်း

မေတ္တာဘာဝနာပုဂ္ဂိုလ်သည် အကယ်၍အမျက်ဒေါသမငြိမ်းသေးလျှင် ကာကစူပမသြဝါဒလာ ဗုဒ္ဓ၏အဆုံးအမတော်များကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်၍ အမျက်ဒေါသကိုပယ်ဖျောက်ရမည်။

### ဗုဒ္ဓ၏ဆုံးမပုံများ

ရဟန်းတို့ယုတ်မာသော အကျင့်ရှိကုန်သော ခိုးသား၊ ဓားပြတို့သည် အစွန်းနှစ်ဖက်၌ အရိုးတပ်ထားသော ငါးမာန်စွယ်လွှကြီးဖြင့် အင်္ဂါကြီးငယ်တို့ကို တိုက်ဖြတ်ကုန်ရာ၏၊ ထိုသို့တိုက်ဖြတ်ခြင်းကြောင့် တိုက်ဖြတ်ခံရသောသူသည် စိတ်ဆိုးအမျက်ထွက်ငြားအံ့၊ ထိုသူသည် ငါဘုရား၏အဆုံးအမတော်ကို လိုက်နာသူမမည်တော့ချေ။

အမျက်ဒေါသထွက်သူကို တုံ့ပြန်၍အမျက်ထွက်သောသူသည် ထိုသို့တုံ့ပြန်၍ အမျက်ထွက်သောကြောင့် ပထမအမျက်ထွက်သောသူထက်ပင် ပိုမိုယုတ်မာသောသူဖြစ်၏။ အမျက်ဒေါသထွက်နေသောသူကို တုံ့ပြန်အမျက်မထွက်ဘဲ သည်းခံနိုင်သောသူသည် အောင်နိုင်ခဲသော စစ်ပွဲကိုအောင်နိုင်သူမည်ပေ၏။

သူတစ်ပါးကို ပြင်းထန်စွာအမျက်ထွက်နေကြောင်းသိရှိသဖြင့် သတိပြုလျက်အမျက်ဒေါသကို သိမ်းဆည်းကာ ငြိမ်းစွာနေသောသူသည် မိမိသူတစ်ပါးနှစ်ဦးသားတို့၏အကျိုးစီးပွားကို ကောင်းစွာကျင့်သောသူမည်ပေ၏။

ရဟန်းတို့ ရန်သူတို့သာပြုသည် ရန်သူအကြိုက်တရားခုနှစ်ပါးတို့သည် အမျက်ထွက်သောယောကျ်ားထံသို့ဖြစ်စေ၊ မိန်းမထံသို့ ဖြစ်စေ အချိန်မရွေး ရောက်ရှိလာနိုင်၏။

ရန်သူတို့သာ ပြုသည့်ရန်သူ အကြိုက်တရားခုနှစ်ပါးမှာ-

(၁) ဤသူသည်အဆင်းမလှအရုပ်ဆိုးသောသူ ဖြစ်ပါမူကောင်းလေစွဟုအလို ရှိခြင်း၊ အဘယ်ကြောင့်ဆိုသော်ရန်မူသူအချင်းချင်းသည် တစ်ဦးနှင့်တစ်ဦး အဆင်းလှခြင်းကို မနှစ်သက်သောကြောင့် ဖြစ်သည်။

(၂) ဤသူသည်ဆင်းရဲစွာအိပ်နေရပါမူ ကောင်းလေစွ ဟုအလိုရှိခြင်း၊

(၃) ဤသူသည်များသောအကျိုးစီးပွားနှင့်မပြည့်စုံပါမူ ကောင်းလေစွ ဟု အလိုရှိခြင်း၊

(၄) ဤသူသည် စည်းစိမ်ဥစ္စာနှင့်မပြည့်စုံပါမူ ကောင်းလေစွ ဟုအလိုရှိခြင်း၊

(၅) ဤသူသည် အခြွေအရံနှင့်မပြည့်စုံပါမူ ကောင်းလေစွ- ဟုအလိုရှိခြင်း၊

(၆) ဤသူသည် မိတ်ဆွေမရှိသောဖြစ်ပါမူကောင်းလေစွ- ဟုအလိုရှိခြင်း၊

(၇) ဤသူသည်ခန္ဓာကိုယ်ပျက်စီး၍ သေလွန်သောအခါ သုဂတိနတ်ပြည်သို့ မရောက်ပါမူကောင်းလေစွ ဟုအလိုရှိခြင်းတို့ဖြစ်ပါသည်။

ရဟန်းတို့. . . အမျက်ထွက်သောသူသည် အမျက်ဒေါသကလွှမ်းမိုး နှိပ်စက်အပ်သောကြောင့်ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တို့ကို ပြုကျင့် ပြီးလျှင် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်ကာလ၌အပါယ်ဒုဂ္ဂတိဖြစ်သော ဝိနိပါတဘုံငရဲသို့ ကျရောက်ရ၏။

ရဟန်းတို့. . . အစွန်းနှစ်ဖက်တို့၌ မီးလောင်ထားပြီး အလယ်၌ မစင် လူးနေသောသူသေကောင်ဖုတ်သည့် ထင်းကုလားသည်ရွာ၌ဖြစ်စေ၊ သစ်သားဖြင့် ပြုလုပ်ရမည်၊ ပြုဖွယ်ကိစ္စမှန်သမျှကို မပြီးစီးနိုင်တော့သကဲ့သို့ ထိုအတူ အဘိဇ္ဈာ ဗျာပါဒစသည်တို့ဖြစ်ပွားနေသော ဤအမျက်ထွက်နေသောပုဂ္ဂိုလ်ကို လူသေ ကောင်ဖုတ်သည့် ထင်ကုလားနှင့်တူ၏၊

ဟူ၍ငါဘုရားမိန့်တော်မူ၏။

ဤသို့လျှင် အမျက်ထွက်ခြင်းကြောင့် မြတ်စွာဘုရားအဆုံးအမကို လိုက်နာသူမဟုတ်တော့ခြင်း၊ ပထမအမျက်ထွက်သူထက်ပို၍ ယုတ်မာသောသူ ဖြစ်ခြင်း၊ အောင်နိုင်ခဲသောစစ်ပွဲကို မအောင်တော့ခြင်း၊ ရန်သူကပြုသည့်ရန်သူ အကြိုက်သဘောတရားတို့ကို မိမိကိုယ်တိုင်ပင် မိမိအားပြုရာရောက်ခြင်း၊ လူစည်းစိမ်လည်းရှုံး ရဟန်းကိစ္စလည်းမပြီးသဖြင့် ထင်းကုလားနှင့်တူခြင်း ဟူသော ကကစူပမသြဝါဒလာအဆုံးအမတော်တို့ကို ဆင်ခြင်ဖြင့်လည်း အမျက်ဒေါသများ ငြိမ်းပျောက်နိုင်ပါသည်။

## ၃။ ရန်သူ၏အမူအကျင့်တို့ကိုဆင်ခြင်၍ အမျက်ဒေါသပယ်ဖျောက်ပုံ

ယောဂီပုဂ္ဂိုလ်သည် အကယ်၍ အမျက်ဒေါသမငြိမ်းသေးလျှင် ရန်သူ၏ ငြိမ်သက်၍ထက်ဝန်းကျင်စင်ကြယ်သည့် ကြည်လင်ပြီး ကြည်ညိုဖွယ်ကိုဆောင် သောအမူအကျင့်သဘောတို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်၍ အမျက် ဒေါသကို ပယ်ဖျောက်ရပါမည်။ အမူအကျင့်တို့ကို အောက်မေ့ဆင်ခြင်ပုံမှာ-

(က) အချို့သောသူ၏ ကာယသမာစာရ ကိုယ်အမူအကျင့်သည် ငြိမ်သက် အေးချမ်း၏၊ ဝတ်ကြီးဝတ်ငယ်များစွာတို့ကို ပြုလုပ်သည်ဖြစ်၍ ကိုယ် အမူအရာငြိမ်သက်အေးချမ်းသည့်အဖြစ်ကိုအတူနေပုဂ္ဂိုလ် အားလုံးက လည်း သိရှိကြ၏။ သို့သော် ဝစီသမာစာရ နှုတ်အမူအကျင့်၊ မနောသမာ စာရ၊ စိတ်အမူအကျင့်ကား မငြိမ်သက်မအေးချမ်းပေ၊ သို့ဖြစ်လျှင် မငြိမ် သက်မအေးချမ်းသည် နှုတ်အမူအကျင့်၊ စိတ်အမူအကျင့်တို့ကို မစဉ်းစား ဘဲ ငြိမ်သက်အေးချမ်းသည့် ကိုယ်အမူအကျင့်ကိုသာ အောက်မေ့ ဆင်ခြင်ရပါမည်။

(ခ) အချို့သောသူ၏ နှုတ်အမူအကျင့်သည် ငြိမ်သက်အေးချမ်း၏၊ ပင်ကိုယ် ကတည်းက ပဋိသန္ဓာရအမှု၌ ကျွမ်းကျင်၏၊ အပြောအဆို ပြေပြစ်၏၊ နာချမ်းသာအောင် ပြောတတ်၏၊ ပေါ်လွင်ထင်ရှားသော မျက်နှာရှိ၏၊ ဦးစွာနှုတ်ဆက်လေ့ရှိ၏၊ ချိုသာသောအသံဖြင့် တရားတော်ကိုရွတ်ဆို

တတ်၏။ ထက်ဝန်းကျင်ပြည့်စုံသော ပုဒ်ဝါကျပါတရားစကားကို ပြော ပောတတ်၏။ ဤသို့လျှင် နှုတ်အမူအကျင့်ငြိမ် သက်အေးချမ်းသူ ဖြစ်ပါ သော်လည်း ကိုယ်အမူအကျင့်၊ မငြိမ်သက်၊ မအေးချမ်းသော ကိုယ်အမူ အကျင့်၊ စိတ်အမူအကျင့်တို့ကို မစဉ်းစားဘဲ ငြိမ်သက်အေးချမ်းသည့် နှုတ်အမူအကျင့်ကိုသာ အောက်မေ့ ဆင်ခြင်ရပါသည်။

(ဂ) အချို့သောသူ၏စိတ်အမူအကျင့်သည် ငြိမ်သက်အေးချမ်း၏၊ စိတ်အမူ အကျင့်ငြိမ်သက်သူနှင့်မငြိမ်သက်သူတို့သည် ကွဲပြားခြားနားကြ၏၊ စိတ် မငြိမ်သက်သူသည် စေတီတော်၊ ဗောဓိပင်၊ မထေရ်တို့ကို ရှိခိုးဦးချရာ၌ လည်း စိတ်ပျံ့လွင့်လျက် ငိုက်မျဉ်းလျက်ထိုင်ကာ တရားနာတတ်၏၊ စိတ်ငြိမ်သက်သူကား ထိုသို့မဟုတ်ပေ၊ စေတီတော်၊ ဗောဓိပင်၊ မထေရ် တို့ကိုရှိခိုးဦးချရာ၌ကောင်းမွန်ရိုသေစွာ ရှိခိုးဦးချတတ်၏၊ တရားနာရာ ၌လည်း တရားတော်ကိုစီးပွားသဖွယ် အောက်မေ့၍ ရိုသေစွာနာကြား တတ်၏၊ ဤသို့လျှင် အချို့သောသူတို့၏စိတ်အမူအကျင့်ကား မငြိမ်သက် မအေးချမ်းဘဲရှိတတ်၏။ သို့ဖြစ်လျှင် မငြိမ်သက်၊ မအေးချမ်းသည် ကိုယ် အမူအကျင့်၊ နှုတ်အမူအကျင့်တို့ကိုမစဉ်းစားဘဲ ငြိမ်သက်အေးချမ်းသည့် စိတ်အမူအကျင့်ကိုသာအောက်မေ့ဆင်ခြင်ရပါသည်။

(ဃ) အချို့သောသူသည် ကိုယ်အမူအကျင့်၊ နှုတ်အမူအကျင့်၊ စိတ်အမူအကျင့် တို့တွင် မည်သည့်အကျင့်မျှငြိမ်သက်အေးချမ်းမှုမရှိပေ။ ထိုသို့သောပုဂ္ဂိုလ် မျိုးကို ဤသူသည်ယခုချိန်ခါဝယ် လူ့ပြည်၌နေရတုံသေး၏။ သေလွန် သောအခါ ငရဲသို့ကျရောက်ပြီး ဆင်းရဲခြင်း ကြီးစွာခံစားရပေလိမ့်မည်ဟု ဆင်ခြင်ကာသနားခြင်း၊ ကရုဏာကိုဖြစ်စေရပါမည်။ အမူအကျင့်သုံးမျိုး လုံး မငြိမ်းအေးသူကို သနားသင့်၏။ အဘယ်ကြောင့်ဆိုသော်သနားခြင်း ကရုဏာဖြစ်ပေါ်လာလျှင် ရန်ငြိုးများ ပြေပျောက်တတ်သောကြောင့် ဖြစ်ပါသည်။

(င) အချို့သောသူသည် အမူအကျင့်သုံးပါးလုံး ငြိမ်သက်အေးချမ်း၏၊ ထိုသူ၏ငြိမ်သက်အေးချမ်းသောအမူအကျင့်များတွင် ထင်ရှားပေါ်

လွှင်သော အလိုရှိရာအမူအကျင့်ကို အောက်မေ့ဆင်ခြင်နိုင်သည်။ ထိုသို့သောပုဂ္ဂိုလ်မျိုးကို မေတ္တာပွားများရန် မခဲယဉ်းလှပေ။

**မှတ်ချက်။** အင်္ဂုတ္တရပါဠိတော်၊ ပဉ္စကနိပါတ်လာ 'အာဃာတပဋိဝိနယသုတ်'ကို ဆက်လက်လေ့လာသင့်ပါသည်။

## ၄။ မိမိကိုယ်ကိုဆုံးမ၍ အမျက်ဒေါသပယ်ဖျောက်ပုံ

ယောဂီပုဂ္ဂိုလ်သည် ရန်သူ၏အမူအကျင့်တို့ကိုဆင်ခြင်ပါသော်လည်း အမျက်ဒေါသမငြိမ်းသေးလျှင် မိမိကိုယ်ကိုဆုံးမ၍ အမျက်ဒေါသကို ပယ်ဖျောက်ရပါမည်။

မိမိကိုယ်ကိုဆုံးမပုံမှာ-

ရန်သူသည် သင့်ကိုဆင်းရဲအောင်ပြုလုပ်ရာ၌ ကိုယ်ဆင်းရဲအောင် ပြုလုပ်နိုင်သည်။ စိတ်ဆင်းရဲအောင် မပြုလုပ်နိုင်ပေ။ ရန်သူမပြုလုပ်နိုင်သော စိတ်ဆင်းရဲမှုကို သင်သည် အဘယ်ကြောင့် မိမိကိုယ်တိုင်ပင် ပြုလုပ်နေရပါသနည်း။

သင်သည်ကျေးဇူးများသည် ဆွေမျိုးပေါင်းကို စွန့်ခွာ၍ရဟန်းပြုနိုင်ခဲ့ပါလျက် အဘယ်ကြောင့် များစွာသောအကျိုးမဲ့ကိုဖြစ်စေသည့် အမျက်ဒေါသဟူသော ရန်သူကို မစွန့်နိုင်ဘဲဖြစ်နေရပါသနည်း။

သင်သည်သီလကို စောင့်ရှောက်နေသည်၊ သီလဝန္တပုဂ္ဂိုလ်ဖြစ်ပါလျက် သီလ၏အမြစ်ရင်းဖြစ်သောဟိရီ၊ ဩတ္တပ္ပ၊ မေတ္တာ၊ ကရုဏာတရားတို့ကို ဖျက်ဆီးတတ်သောအမျက်ဒေါသကို အလိုလိုက်နေဘိ၏၊ သင့်လောက်မိုက်မဲသူ မရှိတော့ပေ။

သူတစ်ပါး၏ယုတ်မာသော ပြစ်မှားမှုကြောင့်အမျက်ထွက်နေသော သင်သည် သူတစ်ပါးပြုသည်ပြစ်မှားမှုနှင့်အလားတူသော မကောင်းမှုကို ကိုယ်တိုင်ပြုရန် အဘယ်ကြောင့်လိုလားနေရပါသနည်း။

ရန်သူကသင့်ကို အမျက်ဒေါသဖြစ်ပေါ်လာအောင် မနှစ်မြို့ မခံချင်ဖွယ် အမှုကိုပြုသဖြင့် သင်အမျက်ထွက်လျှင် ရန်သူ၏အလိုဆန္ဒပြည့်ဝသွားပေလိမ့်မည်။

သင်သည်အမျက်ဒေါသထွက်သဖြင့် ရန်သူကိုဆင်းရဲအောင်ပြု လုပ်နိုင်သည်ဖြစ်စေ၊ မပြုလုပ်နိုင်သည်ဖြစ်စေ၊ သင်ကိုယ်တိုင်ကမူ ယခုလက်ငင်းပင် အမျက်ဒေါသဟူသော ဆင်းရဲ၏နှိပ်စက်ခြင်းကို ခံစားနေရပေပြီ။

ရန်သူတို့သည်အမျက်ထွက်၍ ဉာဏ်မျက်စိကန်းကြသောကြောင့် အကျိုးမဲ့ဖြစ်သောလမ်းများသို့ သက်ဆင်းကြကုန်၏။ အဘယ်ကြောင့် သင်သည်လည်း အမျက်ထွက်ခြင်းဖြင့် ထိုရန်သူတို့၏လမ်းများကို အတုလိုက်၍ ကျင့်ဘိသနည်း။

သင်၏ရန်သူသည် အမျက်ဒေါသကိုအကြောင်းပြု၍ သင့်ကိုမုန်းအောင် ပြုလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့်သင်သည်အကြောင်းရင်းဖြစ်သော ဒေါသကိုသာ ပယ်ဖြတ်ပါလော့၊ အရာမဟုတ်သည့်ဒေါသ၏ အစေခံသာဖြစ်သောလူပုဂ္ဂိုလ်ကို စိတ်ဆိုးလျက်အဘယ်ကြောင့် မိမိကိုယ်ကိုပင်ပန်းအောင် ပြုလုပ်နေရပါသနည်း။

ရန်သူကသင့်ကို မနှစ်မြို့ဖွယ်ကို ပြုလုပ်စဉ်ကဖြစ်ပေါ်နေသော ခန္ဓာအစဉ်တို့သည် ပရမတ်သဘောဖြစ်သောကြောင့် တစ်ခဏမျှသာတည်၍ ချက်ချင်းပင်ချုပ်ကွယ်သွားလေပြီ။ ယခုအခါ ထိုရန်သူ၏သန္တာန်၌ အဘယ်ခန္ဓာတို့ကို သင်သည် အမျက်ထွက်နေပါသနည်း။

တစ်စုံတစ်ယောက်သည် တစ်စုံတစ်ယောက်ကို ဆင်းရဲအောင် ပြုလုပ်သည်ဟု ဆိုလျှင် ဆင်းရဲပြုသောသူသည် ဆင်းရဲအပြုခံ ထိုသူနှင့်ကင်း၍ မည်သူ့ကိုမျှ ပြုလုပ်နိုင်သည်မဟုတ်။ သို့ဖြစ်၍ ဆင်းရဲအပြုခံသင်ကိုယ်တိုင်ကလည်း ဆင်းရဲပြုခြင်း၏အကြောင်းဖြစ်ပေသည်။ ဤသို့ ပြုသူ, ခံသူနှစ်ဦးစလုံးပင် ဆင်းရဲပြုခြင်း၏အကြောင်း ဖြစ်ပါလျက် အဘယ်ကြောင့်ဆင်းရဲပြုသူကို သင်သည် အမျက်ထွက်နေဘိသနည်း။

## ၅။ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိသည် အဖြစ်ကိုဆင်ခြင်၍ အမျက်ဒေါသ ပယ်ဖျောက်ပုံ

ယောဂီပုဂ္ဂိုလ်သည် မိမိကိုယ်ကိုဆုံးမသော်လည်း အကယ်၍ အမျက်ဒေါသမငြိမ်းသေးလျှင် မိမိသူတစ်ပါးနှစ်ဦးသားတို့၏ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏၊ အဖြစ်ကိုဆင်ခြင်၍ အမျက်ဒေါသကို ပယ်ဖျောက်ရပါမည်။

မိမိ၏ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏ အဖြစ်ကိုဆင်ခြင်ပုံမှာ-

အချင်း. . . သင်သည်သူတစ်ပါးကို အမျက်ထွက်သဖြင့် အဘယ်ကို ပြုနိုင်မည်နည်း။ ဒေါသကြောင့်ဖြစ်သောသင်ပြုသည့် မကောင်းကံသည် အကျိုးမဲ့ရန်သာ ဖြစ်နိုင်၏။ သင်သည် ကမ္မဿက. . .

**ကမ္မဿက** = ကံသာ လျှင်ကိုယ်ပိုင်ဥစ္စာရှိသူ၊

**ကမ္မဒါယဒ** = ကံသာလျှင်အမွေခံရှိသူ၊

**ကမ္မယောနိ** = ကံသာလျှင်အကြောင်းရှိသူ၊

**ကမ္မဗန္ဓု** = ကံသာလျှင် ဆွေမျိုး ရှိသူ၊

ကမ္မပဋိသရဏ = ကံသာလျှင် အားကိုးရာရှိသူဖြစ်၏။ မည်သည့်ကဲ့သို့ ပြုလုပ်မိသည်ဖြစ်စေ ပြုလုပ်မိသည့်ကံ၏၊ အမွေခံသာ ဖြစ်ရပေလိမ့်မည်။

သင်ပြုသောမကောင်းကံသည် သမ္မာသမ္ဗောဓိဉာဏ်, သာဝကဗောဓိဉာဏ်တို့ကို မပြီးစီးနိုင်။ ဗြဟ္မာ, သိကြား, စကြဝတေးမင်း စသည်တို့၏ သာသနာတော်မှလည်း ရွေ့လျောနိုင်၏၊ စားကြွင်းစားစသည်တို့လည်း ဖြစ်နိုင်၏။ ငရဲဆင်းရဲစသော ဆင်းရဲအထူးတို့ကိုလည်း ခံစားရနိုင်၏။

မီးကျီခဲကိုဖြစ်စေ, မစင်ကိုဖြစ်စေလက်နှင့်ကိုင်၍ သူတစ်ပါးကို ပစ်ပေါက်သောသူသည် မိမိလက်ကိုသာရှေးဦးစွာအပူလောင်သကဲ့သို့ လည်းကောင်း၊ မစင်နံ့နံစော်ကဲ့သို့လည်းကောင်း ဖြစ်ရပေလိမ့်မည် ဟု ဆင်ခြင်ရပါမည်။

သူတစ်ပါး၏ကံသာလျှင် သူ၏ကိုယ်ပိုင်ဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်ပုံမှာ-

အချင်း. . သင်၏ရန်သူသည် သင်အားအမျက်ထွက်နေသဖြင့် အဘယ်ကို ပြုနိုင်မည်နည်း။ ဒေါသကြောင့်ဖြစ်သောသူပြုသည့် မကောင်းကံသည် အကျိုးမဲ့ရန်သာဖြစ်သော ထိုပုဂ္ဂိုလ်သည် ကမ္မဿက ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိသူ၊ ကမ္မဒါယဒ=ကံသာလျှင် အမွေခံရှိသူ၊ ကမ္မယောနိ=ကံသာလျှင် အကြောင်းရှိသူ၊ ကမ္မဗန္ဓု=ကံသာလျှင် ဆွေမျိုးရှိသူ၊ ကမ္မပဋိသရဏ=ကံသာလျှင် အားကိုးရာရှိသူဖြစ်၏။ မည်သည်ကံကိုပြုလုပ်မိသည်ဖြစ်စေ ပြုလုပ်မိသည်ကံ၏အမွေခံသားဖြစ်ရပေလိမ့်မည်။

ထိုရန်သူပြုသော မကောင်းသောကံသည်လည်း သမ္မာသမ္ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သာဝကဗောဓိဉာဏ်တို့ကို မပြီးစီးနိုင်။ ဗြဟ္မာ၊ သိကြား၊ စကြဝတေးမင်း စသည်တို့၏စည်းစိမ်မျိုးကိုလည်း မရနိုင်၊ စင်စစ် ထိုရန်သူ၏မကောင်းကံသည် သာသနာတော်မှလည်းရွေ့လျောနိုင်၏။ စားကြွင်းစားစသည်တို့လည်း ဖြစ်နိုင်၏။ ငရဲဆင်းရဲ စသောဆင်းရဲအထူးတို့ကိုလည်း ခံစားရနိုင်၏။

"မကောင်းကံကိုပြုသော ထိုရန်သူသည် သေအောင်အရပ်မှနေ၍ သူတစ်ပါးကို မြူမှုန်ဖြင့်ဖြန့်ကြဲသော သူကဲ့သို့သူတစ်ကိုယ်ကိုသာလျှင် ကြဲမိလေတော့၏" ဟုဆင်ခြင်ရပါသည်။

## ၆။ မြတ်ဗုဒ္ဓ၏ ရှေးအတိတ်ဘဝကျင့်တော်မူခဲ့သော အကျင့်ဂုဏ်တို့ကို အကျင့်ဂုဏ်ဆင်ခြင်၍ အမျက်ဒေါသကို ပယ်ဖျောက်ပုံ

ယောဂီပုဂ္ဂိုလ်သည် ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိသည်အဖြစ် ကိုဆင်ခြင်သော်လည်း အကယ်၍အမျက်ဒေါသမငြိမ်းသေးလျှင်- ဆရာသခင်ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏ရှေးအတိတ်ဘဝတို့၌ ကျင့်တော်မူခဲ့သော ကျင့်ဂုဏ်တို့ကို အောက်မေ့ဆင်ခြင်၍ အမျက်ဒေါသကို ပယ်ဖျောက်ရပါမည်။

ဆင်ခြင်ပုံမှာ-

အချင်းယောဂီ. . . သင်၏ဆရာဖြစ်တော်မူသော မြတ်ဗုဒ္ဓသည် ဘုရားအလောင်းဘဝဖြင့် ဘဝထိုထို၌ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး

ရန်သူဖြစ်သော လူသတ်သမားတို့၏အပေါ်၌ စိတ်မကွက် သည်းခံတော်မူခဲ့ပေ၏။ သာဓကအဖြစ်ဖော်ပြရသော်-

သီလဝဇာတ်တော်၌ အလောင်းတော်သီလဝမင်းသည် မိမိတိုင်းပြည်ကို သိမ်းပိုက်ရန်ရောက်ရှိလာသော ရန်သူမင်း၏စစ်တပ်ကို မိမိအမတ်တို့အား တိုက်ခိုက်သတ်ဖြတ်ခွင့်ကိုမပေးခြင်း၊ သုသာန်၌ အမတ်တစ်ထောင်နှင့်တကွ လည်ပင်းအထိ မြေမြှပ်၍နှိပ်စက်သည့် ရန်သူမင်းအပေါ် စိတ်ဖြင့်ပင် မပြစ်မှားခြင်း၊

တစ်ဖန်လွတ်မြောက်ပြီးသော် မိမိနန်းတော်၏ ကျက်သရေခန်းအတွင်း၌ အိပ်စက်နေသောရန်သူမင်းကိုတွေ့မြင်ပါလျက် အမျက်မထွက်ဘဲ အချင်းချင်း အန္တရာယ်မပြုရန် သစ္စာဆိုခြင်းဖြင့် မိတ်ဆွေအရာ၌တည်စေခဲ့သည်။

ခန္တိဝါဒီဇာတ်တော်၌ ပညာမဲ့သည့်ကလာဗုမင်း၏နှိပ်စက်မှုအမျိုးမျိုးကို ခံရပြီး လက်ခြေတို့ကို အဖြတ်ခံရသော်လည်း ထိုမင်းအပေါ်၌ အမျက်မထွက်ဘဲ သည်းခံတော်မူခဲ့၏။

စူဠဓမ္မပါလဇာတ်တော်၌ ဘုရားအလောင်းသည် ပတ်လက်အိပ်တတ် ကာမျှ သူငယ်ဖြစ်စဉ် ခမည်းတော်မဟာပတာပမင်းကစေခိုင်းသဖြင့် လူသတ် ယောကျ်ားက ဓမ္မပါလသူငယ်၏ လက်ခြေလေးချောင်းလုံးကိုပါ ခုတ်ဖြတ်လေ သည်။ ဤမျှဖြင့်အားမရသေးသောကြောင့် သူငယ်၏ဦးခေါင်းကိုပါ ခုတ်ဖြတ်ရန် အမိန့်ပေးသောအခါ ဘုရားအလောင်းဓမ္မပါလသူငယ်သည် ခမည်းတော် မယ်တော် သူသတ်ယောကျ်ားနှင့်မိမိ ဟူသော ဤလေးဦးတို့အပေါ်၌ အညီအမျှ စိတ်ကိုထား၍ အမိဋ္ဌာန်ပြုဆောက်တည်ကာ ပြစ်မှားသည့်အခြင်းအရာကိုမျှ မပြုဘဲ နေတော်မူခဲ့၏။

ဆဒ္ဒန္တဇာတ်တော်၌ ဆဒ္ဒန်အမည်ရှိသော ဆင်, ဆင်မင်းဖြစ်စဉ်က အဆိပ် လူးမြားဖြင့် ချက်ကိုစူးဖောက်ဝင်ရောက်အောင် ပစ်ခတ်သည့်မုဆိုးအပေါ်၌ အမျက်မထွက်သည့်အပြင်ကားသိမင်း၏မိဖုရား အလိုဆန္ဒအတိုင်းနှစ်သက်စဖွယ် မိမိအစွယ်တို့ကို ဖြတ်၍ပေးလှူတော်မူ၏။

မဟာကပိဇာတ်တော်၌ ဘုရားအလောင်းသည် ဂေါနင်္ဂုလမျောက်မျိုး၌ ဖြစ်စဉ် ဒုက္ခရောက်နေသောယောကျ်ားက မျောက်မင်းအိပ်ပျော်နေစဉ် သတ်စား

ရန်အကြံဖြင့် ကျောက်ခဲကိုချီမ၍ မျောက်မင်း၏ဦးခေါင်းကိုထုခွဲလေရာ အမျက် မထွက်သည့်အပြင် မိမိ၏ဆင်းရဲကိုပင် မစဉ်းစားဘဲ ထိုယောကျ်ားကို လူတို့၏ နေရာအရပ်ဆီသို့ လမ်းညွှန်ကာ ချမ်းသာအောင်ပို့ဆောင်ပေးခဲ့၏။

ဘူရိဒတ်နဂါးမင်းဖြစ်စဉ်က ဥပုသ်ဆောက်တည်ပြီး တောင်ပို့ထိပ်၌ ခွေနေစဉ် ကမ္ဘာဖျက်မီးနှင့်တူသော ဆေးဖြင့်တစ်ကိုယ်လုံးဖျန်းကာ ပခြုပ်အတွင်း ထည့်၍ အလမ္ပာယ်ပြစားသည့် ပုဏ္ဏားယုတ်အပေါ် ဥပုသ်ပျက်မည်စိုးသော ကြောင့် စိတ်ဖြင့်ပင် မပြစ်မှားခဲ့ပေ။

ထို့အတူ စမ္ပေယျနဂါးမင်းဖြစ်စဉ်ကလည်း မြေကိုရေဖြစ်အောင် ရေကိုမြေ ဖြစ်အောင် စိတ်ဆိုးလျှင် တစ်ခဏချင်းပင် ပြာဖြစ်အောင် ပြုလုပ်နိုင်သည့် စွမ်းရည် ထူးရှိပါလျက် မြွေအလမ္ပာယ်သမား၏ နှိပ်စက်ညှင်းဆဲမှုကို သည်းခံတော်မူခဲ့၏။

သင်္ခပါလနဂါးမင်းဖြစ်စဉ်ကလည်း မုဆိုးသား ၁၆-ယောက်တို့၏ ဖမ်းဆီး ကာ အမျိုးမျိုးနှိပ်စက်ခြင်းကိုခံရပြီး ထမ်းပိုးဖြင့်လျှို၍ ထမ်းခေါ်လာစဉ်ဘုရား အလောင်းနဂါးမင်းသည် အမျက်ထွက်၍ကြည့်ကာမျှဖြင့် မုဆိုးသား ၁၆-ယောက် လုံးပြာကျသွားနိုင်သည့် စွမ်းရည်မျိုးရှိပါသော်လည်း မျက်စိကိုဖွင့်၍ ပြစ်မှားသော အခြင်းအရာကိုမျှ မပြုဘဲသည်းခံတော်မူခဲ့၏။

ဤသို့စသည်ဖြင့် ဘုရားအလောင်းသည် ထိုထိုဘဝတို့၌ အမျက်ဒေါသ ကိုမဖြစ်စေဘဲ သည်းခံခြင်းဟူသောအကျင့်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပေသည်။

ယခုအခါ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် နတ်နှင့်တကွ သောလောက၌ တစ်စုံတစ်ယောက်သောသူနှင့်မျှမတူသည့် ခန္တိဂုဏ်နှင့်ပြည့်စုံ တော်မူလေပြီ။ ထိုမြတ်ဗုဒ္ဓကို 'ဆရာသခင်' ဟုရည်ညွှန်း၍ ကိုးကွယ်ဆည်းကပ် ခြင်းကိုပြုနေသောသင့်အား အမျက်ဒေါသထွက်ခြင်းသည် မည်သို့မှမသင့်လျော် သည့်ကိစ္စဖြစ်ပေ၏။ ထိုဆရာသခင်၏ ရှေးအတိတ်ဘဝတို့၌ ဖြည့်ကျင့်တော် မူခဲ့သောအကျင့်ဂုဏ်တို့ကိုဆင်ခြင်၍ အမျက်ဒေါသကို ပယ်ဖျောက်ရပါမည်။

## ၇။ အနမတဂ္ဂိယသုတ်ဖြင့် ဆင်ခြင်၍အမျက်ဒေါသကို ပယ်ဖျောက်ပုံ

ယောဂီပုဂ္ဂိုလ်သည် မြတ်ဗုဒ္ဓ၏ရှေးဘဝတို့၌ ကျင့်တော်မူခဲ့သောအကျင့်ဂုဏ်တို့ကို ဆင်ခြင်ပါသော်လည်း ရှည်မြင့်စွာသောကာလပတ်လုံး ကိလေသာတို့၏ကျွန်အဖြစ်ရောက်ခဲ့သဖြင့် အမျက်ဒေါသမငြိမ်းနိုင်သေးလျှင် အနမတဂ္ဂိယသုတ်၌-

ရဟန်းတို့ . . အကြင်သတ္တဝါသည် ရှေး၌ အမိမဖြစ်စဖူး၊ ရှေးအဖ မဖြစ်စဖူး၊ ရှေး၌ညီအစ်ကိုမဖြစ်စဖူး၊ ရှေး၌အစ်မ, နှမမဖြစ်စဖူး၊ ရှေး၌သားမဖြစ်စဖူး၊ ရှေး၌သမီးမဖြစ်စဖူးဟူ၍ မြတ်စွာဘုရားဟောတော်မူသောကြောင့် ရန်သူပုဂ္ဂိုလ်ကို-

"ဤသူသည်အတိတ်ဘဝက ငါ၏မိခင်ဖြစ်ခဲ့ဖူးမည်၊ ငါ့ကိုဆယ်လပတ်လုံး ကိုယ်ဝန်ဆောင်၍ မွေးဖွားသန့်စင်ကာကျင်ကြီးကျင်ငယ် တံတွေး, နှပ်စသည် ရွံ့ရှာဖွယ်တို့ကို စန္ဒကူးနံ့သာကဲ့သို့ မရွံ့မရှာ သုတ်သင်သန့်ရှင်း၍ ရင်ခွင်၌ ထွေးပိုက်လျက် ကြီးပြင်းအောင် မွေးမြူခဲ့ဖူးမည်။

ဤသူသည်အတိတ်ဘဝက ငါ၏ဖခင်ဖြစ်ခဲ့ဖူးမည်၊ ငါ့အတွက် အန္တရာယ်ရှိသောလမ်းတို့ကိုသွား၍ ကုန်သန်းရောင်းဝယ်ခြင်း၊ အသက်ကိုစွန့်၍စစ်တိုက်ခြင်း၊ သမုဒ္ဒရာကိုဖြတ်ကျော်၍ စီးပွားရှာဖွေခြင်း၊ အခြားအမျိုးမျိုးသောနည်းလမ်းတို့ဖြင့် စီးပွားရှာဖွေခြင်း စသည်ဖြင့် ပစ္စည်းဥစ္စာတို့ကို စုဆောင်း၍ ငါ့ကိုလူလားမြောက်အောင် ကျွေးမွေးခဲ့ဖူးမည်။

"ဤသူသည်အတိတ်ဘဝက ငါ့ညီ၊ ငါ့အစ်ကို၊ ငါ့အစ်မ, ငါ့နှမ၊ ငါ့သား, ငါ့သမီး၊ တစ်ဦးဦးဖြစ်ခဲ့ပြီ၊ ငါ့အတွက် တစ်ခုခုသောအကျိုးစီးပွားကို ဆောင်ရွက်ပေးသည့်ကျေးဇူးရှိသူတစ်ဦး ဖြစ်ခဲ့ဖူးမည်"

- ဆင်ခြင်၍အမျက်ဒေါသကိုပယ်ဖျောက်ရပါမည်။

## ၇။ မေတ္တာ၏အကျိုးအာနိသင်တို့ကိုဆင်ခြင်မှု အမျက်ဒေါသကိုပယ်ဖျောက်ပုံ

ယောဂီပုဂ္ဂိုလ်သည် အကယ်၍အမျက်ဒေါသမငြိမ်းသေးလျှင် မေတ္တာ၏ အကျိုးအာနိသင်တို့ကို ဆင်ခြင်၍အမျက်ဒေါသကို ပယ်ဖျောက်ရပါမည်။

မေတ္တာ၏အကျိုးအာနိသင်နှင့်ပတ်သက်၍ မြတ်စွာဘုရားရှင်က-

"ရဟန်းတို့. . . မှီဝဲအပ်- ပွားများအပ်- ကြိမ်ဖန်များစွာပြုအပ်သော, ယာဉ်ကဲ့သို့ တည်ရာကဲ့သို့ပြုအပ်သော, မြဲမြံစွာဆောက်တည်၍ နိုင်နင်းအောင် လေ့ကျင့်ပြီးသော, ကောင်းစွာအားထုတ်ထားသည့်မေတ္တာစေတော ဝိမုတ္တိ၏ အကျိုးအာနိသင်တို့သည် ၁၁-ပါး အပြားရှိကုန်၏။ ယင်းတို့ကား-

(၁) သုခံ သုပတိ =ချမ်းသာစွာအိပ်ရခြင်း၊

(၂) သုခံ ပဋိဗုဇ္ဈတိ =ချမ်းသာစွာနိုးရခြင်း၊

(၃) ပါပကံသုပိနံ နပဿတိ =မကောင်းသောအိပ်မက်ဆိုးကို မမြင်မက်ရခြင်း

(၄) မနုဿာနံ ပိယောဟောတိ =လူတို့၏ချစ်ခင်မှုကိုရရှိခြင်း၊

(၅) အမနုဿာနံ ပိယောဟောတိ=နတ်တို့၏ချစ်ခင်မှုကိုရခြင်း၊

(၆) ဒေဝတာ ရက္ခန္တိ =နတ်တို့ကစောင့်ရှောက်ခြင်း၊

(၇) အဿအဂ္ဂိဝါဝိသံပါ =မေတ္တာပွားသူအား မီဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးတို့ မကျရောက်နိုင်ခြင်း၊

(၈) တုဝဋံ စိတ္တံသမာဓိယတိ = လျှင်မြန်စွာ စိတ်တည်ကြည်ခြင်း (သမာဓိဖြစ်လွယ်ခြင်း)

(၉) မုခဝဏ္ဏောပသီဒတိ =မျက်နှာအဆင်းကြည်လင်တောက်ပခြင်း၊

(၁၀) အသမ္မူဠှောကာလက်ရောတိ = မတွေမဝေသေရခြင်း၊

(၁၁) ဥတ္တရိံအပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါဟောတိ= အထက်မဂ်, ဖိုလ် တရားကိုထိုးထွင်း၍ မသိနိုင်မသိရသေးသော်လည်း ဗြဟ္မာ ပြည်သို့လား ရောက်ရခြင်းတို့ဖြစ်သည်ဟူ၍ ဟောတော်မူသည်။

"သင်သည်အကယ်၍ ဤဒေါသကို မငြိမ်သက်သေးလျှင် အဆိုပါ မေတ္တာ၏အကျိုးအာနိသင်တို့မှ လက်လွတ်ဆုံးရှုံးသူဖြစ်ရပေတော့မည်" ဟု ဆင်ခြင်၍အမျက်ဒေါသကို ပယ်ဖျောက်ရပါမည်။

## ၉။ ဓာတ်သဘောတို့ကို ခွဲခြမ်းဝေဖန်၍ အမျက်ဒေါသကို ပယ်ဖျောက်ပုံ

ယောဂီပုဂ္ဂိုလ်သည်အကယ်၍ အမျက်ဒေါသမငြိမ်သေးလျှင် ဓာတ်သဘောတို့ကို ခွဲခြမ်းဝေဖန်၍ အမျက်ဒေါသကို ပယ်ဖျောက်ရပါမည်။

"အချင်း. . . သင်သည် ဤရန်သူကို အမျက်ထွက်ရာ၌ မည်သည့်အရာကိုအမျက်ထွက်ပါသနည်း၊ ဆံပင်ကိုအမျက်ထွက်သလော၊ သို့မဟုတ် အမွေးတို့ကိုအမျက်ထွက်သလော။ . . (ပ). . ကျင်ငယ်ကို အမျက်ထွက်သလော၊ . . (ပ). . ဝါယောဓာတ်ကို အမျက်ထွက်သလော"

"ခန္ဓာငါးပါး၊ အာယတနတစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ကို အကြောင်းပြု၍ 'ဦး. . '၊ 'ဒေါ်. . 'စသည်ဖြင့် ခေါ်ဆိုနေကြခြင်းဖြစ်ရာ ယင်းခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာကိုအမျက်ထွက်သလော၊ သို့မဟုတ်. . (ပ). . ဝိညာဏက္ခန္ဓာကို အမျက်ထွက်သလော၊ . . (ပ) . . တစ်ဆယ့်နှစ်ပါးတို့တွင် စက္ခုာယတနကို အမျက်ထွက်သလော၊ . . (ပ). . ဓမ္မာယတနကို အမျက်ထွက်သလော၊ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့တွင် စက္ခုဓာတ်ကိုအမျက်ထွက်သလော၊ . . (ပ). . ဓမ္မဓာတ်ကို အမျက်ထွက်သလော"။

ဤသို့လျှင် ဓာတ်သဘောတရားတို့ကို အသီးအသီးခွဲခြားဝေဖန်၍ အမျက်ဒေါသကိုပယ်ဖျောက်ရပါမည်။

## ဓာတ်တို့ကို ခွဲခြမ်းဝေဖန်ခြင်းအကျိုး

ယောဂီပုဂ္ဂိုလ်သည် ဓာတ်သဘောတရားတို့ကို အသီးသီး ခွဲခြမ်းဝေဖန်ခြင်းကိုပြုလျှင် အပ်နဖားထွင်း, စူးဖျားထိပ်၌ မုန်ညင်းစေ့၏ တည်ရာဌာနမရှိသကဲ့သို့ ဟင်းလင်းပြင်ကောင်းကင်အရပ်၌ ပန်းချီရေးဆွဲရန်တည်ရာဌာန မရှိသကဲ့သို့ ထိုအတူအမျက်ဒေါသ၏တည် နေရာဌာနမရှိတော့ခြင်း- ဟူသော အကျိုးကို ရရှိနိုင်ပါသည်။

## ၁၀။ အပေး-အယူသဘောဖြင့် အမျက်ဒေါသကို ပယ်ဖျောက်ပုံ

ယောဂီပုဂ္ဂိုလ်သည် အကယ်၍အမျက်ဒေါသမငြိမ်းသေးလျှင် ပစ္စည်းဥစ္စာပေးခြင်း၊ ယူခြင်းဖြင့်လည်း အမျက်ဒေါသကိုပယ်ဖျောက်နိုင်ပါသည်။

ရန်သူအားမိမိပစ္စည်းဥစ္စာကို ပေးကမ်းလျှင် လက်ခံရယူခြင်းဖြင့်လည်း ရန်သူ၏အမျက်ဒေါသသည် ငြိမ်းပျောက်နိုင်ပါသည်။ အကယ်၍ ရန်သူသည် ဒုဿီလပုဂ္ဂိုလ်ဖြစ်၍ အသက်မွေးမှုမစင်ကြယ်သောသူ ဖြစ်လျှင်ရင်းပေးသည့် ပစ္စည်းဥစ္စာကို မသုံးဆောင်သင့်ပါ။ မိမိကသာ ပေးကမ်းရပါမည်။ ပစ္စည်းဥစ္စာပေးခြင်း လက်ခံရယူခြင်းသည် အမျက်ဒေါသငြိမ်းအေးကြောင်း နည်းလမ်းကောင်းအစစ် ဧကန်ဖြစ်ပေ၏။ အတိတ်ဘဝမှစ၍ အစဉ်တစိုက်လိုက်ပါလာသည့် အမျက်ဒေါသမျိုးပင် ချက်ချင်းငြိမ်းပျောက်နိုင်စွမ်းရှိပါသည်။

သာဓကအဖြစ်ဖော်ပြရသော်-

စိတ္တလကောင်ကျောင်းတိုက်၌ ပိဏ္ဍပါတိက၊ မထေရ်ကိုရဟန်း တစ်ပါးက နေရာမှထပေးရန် သုံးကြိမ်တိုင်တိုင်အနှောင့်အယှက်ပေးနေ၏။ ထိုအခါ မထေရ်မြတ်က အဆိုပါအနှောင့်အယှက်ပေးနေသော ရဟန်းကို-

"အရှင်ဘုရား. . . ဤပိတ်သည် ရှစ်အသပြာတန်ပါသည်။ တပည့်တော်၏မယ်တော်လှူထားသည့် ဓမ္မိယလဒ္ဓပစ္စည်းဖြစ်သည်။ တပည့်တော်၏မယ်တော်ကုသိုလ်ရအောင် အလှူခံတော်မူပါဘုရား"

ဟုလျှောက်၍သပိတ်ကို လှူဒါန်းလိုက်၏။ ထိုအခိုက်သပိတ်ရသည့် အနှောင့်အယှက်ပေးနေသော ရဟန်းမှာ ချက်ချင်းပင် အမျက်ဒေါသများငြိမ်းပျောက်ကာ နှောင့်ယှက်ခြင်းအမှုကိုမပြုတော့မေ။

## မေတ္တာလိုတိုင်းရကျွမ်းကျင်သူဖြစ်မှု

မိမိကိုယ်စသောနယ်ပယ်လေးပါးတို့သည် အသီးအခြားမကွဲပြားတော့ဘဲ နယ်ပယ်ပျက်ခြင်း နတ်နှင့်တကွသော အလုံးစုံသောသတ္တဝါအပေါင်းကိုမေတ္တာစိတ်ဖြင့် အညီအမျှဖြန့်နိုင်ခြင်းတို့ကိုပြုလုပ်နိုင်သော အခါမှသာ မေတ္တာပွားသော ထိုပုဂ္ဂိုလ်ကို-

-မေတ္တာလိုတိုင်းရပုဂ္ဂိုလ်(မေတ္တာနိကာမလာဘီပုဂ္ဂလ)ဟူ၍လည်းကောင်း

-မေတ္တာကျွမ်းကျင်သူ(မေတ္တာကုသလ)ဟူ၍လည်းကောင်း

ဆိုရပြီးထိုပုဂ္ဂိုလ်သည်သာ မေတ္တာဘာဝနာအရာ၌ ဟိတစိတ္တပုဂ္ဂိုဟ်ထက် အကြီးအကျယ်ထူးခြားသောပုဂ္ဂိုလ်ဖြစ်ပေသည်။

မေတ္တာပွားသောပုဂ္ဂိုလ်သည် ညီမျှသောစိတ်ထားဖြစ်သည်နှင့် (ဝါ) သီမာသမ္ဘေဒကိစ္စပြီးသည်နှင့်တပြိုင်နက် ပဋိဘာဂနိမိတ်ကိုလည်းကောင်း ဥပစာရကိုလည်းကောင်းရရှိပါသည်။

ထို့နောက်သီမာသမ္ဘေဒ အစွမ်းဖြင့်ဖြစ်သော ပဋိဘာဂနိမိတ်ကိုပင် ကြိမ်ဖန်များစွာပွားသည်ရှိသော် ပထမဈာန်အပ္ပနာသို့ ဆင်းရဲမပင်ပန်းဘဲ ရောက်လေတော့သည်။

ပထမဈာန်ရပြီးလျှင် ဘာဝနာအစဉ်အတိုင်း ထိုပဋိဘာဂနိမိတ်ကို ကြိမ်ဖန်များစွာ ဆက်လက်ပွားသည်ရှိသော် စတုတ္ထနည်းဖြင့် တတိယဈာန်အပ္ပနာအထိ၊ ပဉ္စကနည်းဖြင့် စတုတ္ထဈာန်အပ္ပနာအထိ ရောက်ရှိနိုင်ပါသည်။

## မေတ္တာကွန့်မြူးစံပယ်ပုဂ္ဂိုလ် (မေတ္တာဝိကုဗ္ဗနာပုဂ္ဂိုလ်)

မေတ္တာ၏ကွန့်မြူးစံပယ်ခြင်း, မေတ္တာကို အမျိုးမျိုးအထွေထွေပြုခြင်းတို့ကို စွမ်းနိုင်သောပုဂ္ဂိုလ် (မေတ္တာဝိကုဗ္ဗနာပုဂ္ဂိုလ်) ဆိုသည်မှာ အပ္ပနာဈာန်သို့ ရောက်သော ပုဂ္ဂိုလ်ဖြစ်မှသာပြီးပြည့်စုံနိုင်ပါသည်။

ဝိဘင်းပါဠိတော်၌-

မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ဖြန့်၍နေ၏။ ထို့အတူ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ အထက်အရပ်၊ အောက်အရပ် ဖီလာပတ်ဝန်ကျင်အရပ်(အထောင့်အရပ်၊ အလုံးစုံသောအရပ်မျက်နှာ၌ အတိုင်းအရှည်မရှိသောသတ္တဝါလျှင် အာရုံရှိသော ရန်ကင်းသော၊ ဆင်ရဲကင်းသော စိတ်ဖြင့် ဖြန့်၍နေ၏-

ဟူ၍ဗုဒ္ဓကဟောကြားထားပါသည်။

F. 20

## မေတ္တာကွဲပြားသော နယ်ပယ်ပြုရမည် (သီမာသမ္ဘေဒ)

ရန်သူပုဂ္ဂိုလ်၌ အမျက်ဒေါသပယ်ဖျောက်၍ အဖန်ဖန်မေတ္တာပွားပြီးလျှင်

၁။ မိမိ

၂။ ချစ်အပ်သောပီယပုဂ္ဂိုလ်

၃။ အလယ်အလတ်ဖြစ်သောမဇ္ဈတ္တပုဂ္ဂိုလ်

၄။ ရန်သူဖြစ်သောပုဂ္ဂိုလ်

ဤပုဂ္ဂိုလ်လေးဦးတို့၌ ချမ်းသာစေလိုသောညီမျှသည့်စိတ်ကို ဖြစ်စေလိုသောပုဂ္ဂိုလ်သည် မိမိသူတစ်ပါးချစ်သူ-မုန်းသူစသည်ဖြင့် ကွဲပြားသောနယ်ပယ်၏ပျက်ခြင်း(သီမာသမ္ဘေဒ)ကိုပြုရမည်။

ဥပမာ-မိမိအပါအဝင် ပုဂ္ဂိုလ်လေးဦးအတူတကွရှိနေစဉ် ခိုးသားဓါးပြတို့ရောက်ရှိလာပြီး လည်ချောင်းသွေးဖြင့် ဗလိနတ်စာပူဇော်ရန် တစ်ဦးတစ်ယောက်ကို အလိုရှိကြောင်း တောင်းခံလာလျှင်-

ဤပုဂ္ဂိုလ်-ဤပုဂ္ဂိုလ်ကိုခေါ်ယူနိုင်၏-ဟုဆိုလျှင် သီမာသမ္ဘေဒ ပြုရာမရောက်စေ၊ အကြောင်းမှာခေါ်ယူစေလိုသောပုဂ္ဂိုလ်၏အကျိုးစီးပွားကိုအလိုမရှိဟူ၍ အခြားပုဂ္ဂိုလ်တို့၏အကျိုးစီးပွားကိုသာ အလိုရှိရာ ရောက်သောကြောင့်ဖြစ်ပါသည်။

စင်စစ်ဤပုဂ္ဂိုလ်လေးဦးထဲမှ ခိုးသားဓါးပြတို့အား ပေးသင့်ပေးထိုက်သောပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှမမြင်ဘဲ မိမိ၌လည်းကောင်း အခြားပုဂ္ဂိုလ်သုံးဦးတို့၌လည်းကောင်း ချမ်းသာစေလိုသောညီမျှသည့် စိတ်ထားဖြစ်သောအခါမှသာ သီမာသမ္ဘေဒပြုရာရောက်ပါသည်။

မိမိလျှင် လေးယောက်မြောက်ရှိသောပုဂ္ဂိုလ်အပေါင်း၌ မိမိ,သူတစ်ပါးချစ်သူ၊ မုန်းသူ-စသည်ဖြင့် ထူးခြားမှုကိုမြင်သေးလျှင် မေတ္တာပွားသော ထိုပုဂ္ဂိုလ်ကို-အကျိုးစီးပွားလိုလားသော စိတ်ထားရှိသူ(ဟိတ စိတ္တပုဂ္ဂိုလ်)ဟုသာဆိုရပါသည်၊ သို့သော်-မေတ္တာလိုတိုင်းရ ကျွမ်းကျင်သူအဆင့်သို့မရောက်သေးပေ။

ဥပမာ-မြင်းပြိုင်ကွင်း၌မြင်းစီးသမားသည် မြင်းကိုခေါက်တုံခေါက်ပြန် ဒုန်းစိုင်း၍ စီးနင်းနေသကဲ့သို့ မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် ဖြန့်၍နေသည်။

ထို့နောက်သတ္တလောကတစ်ခုလုံးရှိ သတ္တဝါအားလုံးတို့ကို မိမိကိုယ်နှင့် ထပ်တူပြု၍ မေတ္တာနှင့်တကွဖြစ်သော ကြီးကျယ်ပြန့်ပြောသော (မဟဂ္ဂုတ်)၊ အပ္ပမာဏလျှင် အာရုံရှိသော -ဒေါသဟူသော ဘေးရန်ကင်း၍ ဆင်းရဲမှုမရှိသော စိတ်ဖြင့် မေတ္တာဖြန့်၍နေ၏။

ဤသို့နေခြင်းကိုပင် မေတ္တာကို အမျိုးမျိုးအထွေထွေပြုခြင်း၊ မေတ္တာစျာန် ကွန်မြူးစံပယ်ခြင်း (မေတ္တာဝိကုဗ္ဗန) ဟုခေါ်ပါသည်။

## မေတ္တာဘာဝနာ၌ မှတ်ဖွယ်

မေတ္တာပွားနည်းနှင့်စပ်၍အထူးမှတ်သားရန်မှာ-

မေတ္တပွားရာ၌- ၁။ စျာန်ရအောင်ပွားနည်း၊

၂။ ဘာဝနာကုသိုလ်ဖြစ်အောင်ပွားနည်း

ဟူ၍(၂)မျိုး ရှိပါသည်။

ပဋိသမ္ဘိဒါမဂ်လာအရပ်(၁၀)မျက်နှာပွားပုံ၊ ၅၂၈-မေတ္တာပွားပုံတို့မှာ စျာန်ရပြီးသော ပုဂ္ဂိုလ်တို့၏ပွားများပုံသာဖြစ်ပါသည်။ ထိုနည်း အတိုင်း မည်သူ မဆိုပွားများနိုင်သည်။ သို့သော် ဘာဝနာကုသိုလ်မျှသာ ဖြစ်မည်။

ပွားများစပုဂ္ဂိုလ်များအတွက် အာရုံကျယ်ပြော၍ သမာဓိမျှပင် ဖြစ်ရန် မလွယ်၊ ထို့ကြောင့် သေက္ခတောင် ဆရာတော်စသော ဆရာတော်ကြီးများ နည်းကိုမှီ၍ ဦးစွာပုဂ္ဂိုလ်တစ်ဦးတည်းအပေါ်၌ စူးစူးစိုက်စိုက်ပိုင်နိုင်အောင် ပွားပြီးမှ အခြားပုဂ္ဂိုလ်(သတ္တဝါအာရုံ)သို့ ပြောင်းရွှေ့ပွားသင့်သည်။

ဗုဒ္ဓက ပဥ္စဝဂ္ဂီငါးပါးနှင့်နာဋဂီရိဆင်တို့အား မေတ္တာပွားပို့ပုံကို ပြရာ ဗုဒ္ဓဝင်နှင့်အပါဒါန်အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာတို့၏ အဆိုအမိန့်ကို နည်းမှီ၍ မိမိပွားပို့လိုသူ၏ ပုံပန်းသဏ္ဍာန်ခြေဆုံးခေါင်းဆုံးမြင်အောင် ထင်အောင်အာရုံပြု လျက် ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ-

ဟု ထိုမေတ္တာခံပုဂ္ဂိုလ်အပေါ်၌မိမိ၏မေတ္တာစိတ်အားများ လွှမ်းခြုံ ဖိလွှတ်ခြင်းသည် ထူထောင်စပုဂ္ဂိုလ်များအတွက်အသင့်မြတ်ဆုံးနည်း ဖြစ်၏။

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ မေတ္တာပွားပုံ

## အနောဓိသပုဂ္ဂိုလ်(၅)မျိုး

(၁) သဗ္ဗေသတ္တာ = အလုံးစုံသောသတ္တဝါတို့သည်၊

(၂) သဗ္ဗေပါဏာ = အလုံးစုံသောအသက်ရှုသူတို့သည်၊

(၃) သဗ္ဗေဘူတာ = အလုံးစုံသောထင်ရှားဖြစ်သူတို့သည်၊

(၄) သဗ္ဗေအတ္တဘာဝပရိယာပန္နာ = အလုံးစုံသောခန္ဓာကိုယ်အတ္တဘော၌ အကျုံးဝင်သူတို့သည်။

## အနောဓိသဖရဏာမေတ္တာ ၂၀-ပါး

သဗ္ဗေသတ္တာ = အလုံးစုံသော သတ္တဝါတို့သည်

(၁) အဝေရာဟောန္တု = ရန်ကင်းကြပါစေ။

(၂) အဗျာပဇ္ဈာဟောန္တု = စိတ်ဆင်းရဲခြင်းကင်းကြပါစေ။

(၃) အနီဃာဟောန္တု = ကိုယ်ဆင်းရဲခြင်းကင်းကြပါစေ။

(၄) သုခီအတ္တာနံ ပရိဟရန္တု = ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဤသို့လျှင် သဗ္ဗေသတ္တာ၌ မေတ္တာ ၄-ပါးရှိ၏၊ (တုလေးတူ-ဟု လည်းခေါ်ကြသည်)။ အနောဓိသပုဂ္ဂိုလ် ၅-မျိုးရှိသောကြောင့် အနောဓိသပုဂ္ဂိုလ်တစ်မျိုးစီ၌ မေတ္တာ ၄-ပါးစီဖြင့် ပွားလျှင်အနောဓိသ ဖရဏာ မေတ္တာပေါင်း ၂၀-ပါး ဖြစ်သည်။

(အနောဓိသပုဂ္ဂိုလ် ၅-မျိုး × မေတ္တာ ၄-ပါး =၂၀-ပါး)

## ဩဒိဿပုဂ္ဂိုလ်(၇)မျိုး

(၁) သဗ္ဗာကတ္တိယော = အလုံးစုံသောမိန်းမတို့သည်၊
(၂) သဗ္ဗေပုရိယာ = အလုံးစုံသောယောကျ်ားတို့သည်၊
(၃) သဗ္ဗေအရိယာ = အလုံးစုံသောအရိယာတို့သည်၊
(၄) သဗ္ဗေအနရိယာ = အလုံးစုံသောပုထုဇဉ်တို့သည်၊
(၅) သဗ္ဗေဒေဝါ = အလုံးစုံသောနတ်တို့သည်၊
(၆) သဗ္ဗေမနုဿာ = အလုံးစုံသောလူတို့သည်၊
(၇) သဗ္ဗေဝိနိပါတိကာ= အလုံးစုံသောအပါယ်ဘုံသားတို့သည်၊

## ဩဒိဿဖရဏာမေတ္တာ ၂၈-ပါး

(၁) အဝေရာဟောန္တု = ရန်ကင်းကြပါစေ၊
(၂) အဗျာပဇ္ဇာဟောန္တု = စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊
(၃) အနီဃာဟောန္တု = ကိုယ်ဆင်းရဲခြင်းကင်းကြပါစေ၊
(၄) သုခီအတ္တာနံပရိဟရန္တု = ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုရွက်ဆောင်နိုင်ကြပါစေ။

ဤသို့လျှင် 'သဗ္ဗာကတ္တိယော' ဟူသောဩဒိဿပုဂ္ဂိုလ်တစ်မျိုး၌ မေတ္တာပွားပုံ ၄-ပါးရှိ၏။ ဩဒိဿပုဂ္ဂိုလ် ၇-မျိုးရှိသောကြောင့် ဩဒိဿပုဂ္ဂိုလ်တစ်မျိုးစီ၌ မေတ္တာ(၄)ပါးစီဖြင့်ပွားလျှင် ဩဒိဿဖရဏာမေတ္တာပေါင်း(၂၈)ပါးဖြစ်သည်။

(ဩဒိဿပုဂ္ဂိုလ် ၇-မျိုး × မေတ္တာ ၄-ပါး =၂၈-ပါး)

## ဒသဒိသာအရပ် (၁၀)မျက်နှာ

(၁) ပုရတ္ထိမာယဒိသာယ = အရှေ့အရပ်၌. . ၊
(၂) ပစ္ဆိမာယဒိသာယ = အနောက်အရပ်၌. . ၊
(၃) ဥတ္တရာယဒိသာယ = မြောက်အရပ်၌. . ၊

(၄) ဒက္ခိဏာယဒိသာယ = တောင်အရပ်၌. . ၊
(၅) ပုရတ္ထိ မာယအနုဒိသာယ = အရှေ့တောင်ထောင့်အရပ်၌. . ၊
(၆) ပစ္ဆိမာယအနုဒိသာယ = အနောက်မြောက်ထောင့်အရပ်၌၊
(၇) ဥတ္တရာယအနုဒိသာယ = အရှေ့မြောက်ထောင့်အရပ်၌. . ၊
(၈) ဒက္ခိဏာယအနုဒိသာယ = အနောက်တောင်ထောင့်အရပ်၌. ၊
(၉) ဟေဋ္ဌိမာယဒိသာယ = အောက်အရပ်၌. . ၊
(၁၀) ဥပရိမာယ ဒိသာယ = အထက်အရပ်၌

## သတ္တဝါရမေတ္တာ ၄၀-ပါး

ပုရတ္ထိမာယဒိသာယ = အရှေ့အရပ်၌၊ ဝသန္တာ = နေထိုင်ကြကုန်သော၊ သဗ္ဗေသတ္တာ = အလုံးစုံသောသတ္တဝါတို့သည်။

၁။ အဝေရာဟောန္တု = ရန်ကင်းကြပါစေ၊
၂။ အဗျာပဇ္ဇာဟောန္တု = စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊
၃။ အနီဃာဟောန္တု = ကိုယ်ဆင်းရဲခြင်းကင်းကြပါစေ၊
၄။ သုခီအတ္တာနံပရိဟရန္တု = ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဤသို့လျှင်သတ္တဝါရ-တွင် ပုရတ္ထိမာယဒိသာယာ၌ မေတ္တာ ၄-ပါး ဖြင့်ပွားလျှင် ပုရတ္ထိမာဒိသာမေတ္တာ ၄-ပါးဖြစ်ပါသည်။ ကျန်သောအရပ်မျက်နှာ (၉)မျက်အစားထိုး၍ မေတ္တာ ၄-ပါးဖြင့်ပွားလျှင် အရပ်(၁၀)မျက်နှာ (၁၀×၄=၄၀) မေတ္တာပေါင်းရပါမည်။

## ဒိသာဖရဏာမေတ္တာ (၄၈၀)ပါး

သဗ္ဗေသတ္တာမှ သဗ္ဗေဝိနိပါတိက အရ(၁၂)ဦးသော ပုဂ္ဂိုလ်တို့အတွက် တစ်ဦးလျှင် အရပ်(၁၀)မျက်နှာ မေတ္တာ(၄)မျိုးစီဖြင့် ပွားများပါက တစ်ပါးလျှင် ၄၀(၁၂×၄၀=၄၈၀) ဒိသာဖရဏာမေတ္တာရရှိပွားများနိုင်ပါသည်။

၁၂၈-မေတ္တာ

| | | |
|---|---|---|
| အနောဓိသမေတ္တာ | - | ၂၀ |
| ဩဓိသမေတ္တာ | - | ၂၈ |
| ဒိသာဖရဏမေတ္တာ | - | ၄၈၀ |
| | | --------- |
| | | ၁၂၈ |

## မြန်မာလိုအရပ်(၁၀)မျက်နှာမေတ္တာပို့နည်း

၁။ ကျွန်ုပ်ကိုယ်မှာ၊ ဘေးကင်းကွာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၂။ မိဘဆရာ၊ မြတ်ဆရာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၃။ တို့အိမ်တွင်းမှာ၊ မြတ်သတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၄။ တို့ရွာတွင်းမှာ၊ နတ်များစွာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၅။ တို့ရွာတွင်းမှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၆။ တို့မြို့တွင်းမှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၇။ တို့ပြည်တွင်းမှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၈။ အရှေ့အရပ်မှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၉။ တောင်အရပ်မှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၁၀။ အနောက်အရပ်မှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၁၁။ မြောက်အရပ်မှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၁၂။ အရှေ့တောင်အရပ်မှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၁၃။ အနောက်တောင်အရပ်မှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၁၄။ အနောက်မြောက်အရပ်မှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၁၅။ အရှေ့မြောက်အရပ်မှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၁၆။ အထက်အရပ်မှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၁၇။ အောက်အရပ်မှာ၊ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

## မေတ္တာသုတ်လာ မေတ္တာပွားနည်း(၁၁)နည်း

### သဗ္ဗသင်္ဂဟမေတ္တာ(၁)နည်း

၁။ လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊

### ဒုကမေတ္တာဘာဝနာ(၄)နည်း

၂။ ကြောက်တတ်, မကြောက်တတ်, နှစ်ရပ်များစွာသတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊
ဥပါဒ်ရန်ဘေး၊ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊

၃။ မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊

၄။ ဝေးနေ၊ နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊

### တိကမေတ္တာဘာဝနာ(၃)နည်း

၆။ ရှည်, တို, အလတ်, သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊

၇။ ကြီး, ငယ်, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊

၈။ ဆူ, ကြုံ, အလတ်, သုံးရပ်ခန္ဓာ, သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊

## အပဟိတာပနယနမေတ္တာဘာဝနာ(၃)နည်း

၉။ လူအချင်းချင်း၊လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ၊

၁၀။ အထင်းသေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ၊

၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ၊

မှတ်ချက်။ ရဟာန်းပုဂ္ဂိုလ်များအနေနှင့်မူ မေတ္တာသုတ်ပါဠိတော်ကိုရွတ်ပွား လျှင် ပို၍ကောင်းပါသည်။

## မင်းကွန်းတိပိဋကဆရာတော်ကြီး၏ ဒိသဖရဏာမေတ္တာပို့နည်း (အဖွဲ့လိုက်သံပြိုင်မေတ္တာပို့နည်း)

၁။ အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့. . .
ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ၊

၂။ အနောက်အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့. . .
ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ၊

၃။ မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့. . .
ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ၊

၄။ တောင်အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့. . .

ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ၊

နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ၊

၅။ အနောက်တောင်အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့. . .

ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ၊

နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ၊

၆။ အနောက်မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့

ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ၊

နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ၊

၇။ အရှေ့မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တ သတ္တဝါတို့

ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ၊

နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ၊

၈။ အရှေ့တောင်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တ သတ္တဝါတို့

ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ၊

နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ၊

၉။ အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ၊ အပါယ်ဘုံသား၊ အနန္တသတ္တဝါတို့. . .

ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ၊

နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ၊

၁၀။ အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ စကြဝဠာ၊ အနန္တ နတ်ပြဟ္မာတို့. . .

ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ၊

ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ၊

နှလုံးစိတ်ဝမ်း၊ အေးချမ်းကြပါစေ၊

## မေတ္တာအကျိုး(၁၁)မျိုး

### ၁။ ချမ်းသာစွာအိပ်ရခြင်း

ဗုဒ္ဓါနုဿတိစသော ဘာဝနာတစ်ပါးပါးတို့ပွားများခြင်း မရှိသူ၊ မေတ္တာ-စေတောင်မုတ္တိကို မရသူတို့သည် အိပ်စက်သောအခါ တပြောင်းပြောင်းတပြန်ပြန် လူးလိမ့်၍ တရှူးရှူးမြည်သံပေးလျက် ဆင်းရဲစွာ အိပ်စက်ကြရကုန်၏။ မေတ္တာပွားများသူကား ထိုသို့မဟုတ်ပေ။ ငြိမ်သက်ချမ်းသာစွာ အိပ်စက်ရသည့်အပြင် အိပ်ပျော်နေစဉ် သမာပတ်ဝင်စားနေသူကဲ့သို့ အိပ်စက်ရခြင်းအကျိုးကို ခံစားရ၏။

### ၂။ ချမ်းသာစွာနိုးရခြင်း

မေတ္တာမပွားသူတို့သည် ညည်းတွား၍လည်းကောင်း၊ ကိုယ် လက်တို့ကို ပစ်နှံ၍လည်းကောင်း၊ လူးလိမ့်၍လည်းကောင်း ဆင်းရဲစွာ အိပ်ရာမှနိုးထကြရ

ကုန်၏။ မေတ္တာပွားများသူကား ထိုသို့မဟုတ်ပေ။ ပဒုမ္မာကြာပွင့်လာဘိသကဲ့သို့ ကိုယ်၏ဖောက်ပြန်ခြင်းမရှိဘဲကောင်းမွန် ချမ်းသာစွာ အိပ်ရာမှနိုးထရခြင်း အကျိုးကို ခံစားရ၏။

## ၃။ ယုတ်ညံ့သောအိပ်မက်ဆိုးမမြင်မက်ခြင်း

မေတ္တာပွားသူတို့သည် မိမိကိုလူဆိုးသူခိုးတို့က ဝန်းရံထားခြင်း၊ ကျား စသော သားရဲတိရစ္ဆာန်တို့၏ ကိုက်ခဲမှုကိုခံရခြင်း၊ ကမ်းပါးပြတ်မှ ပြုတ်ကျသကဲ့သို့ ထင်ရခြင်း စသော မကောင်းသောအိပ်မက်ဆိုးများကို မမြင်မက်ရပေ။ အကယ်၍ အိပ်မက်မြင်မက်လျှင်လည်း စေတီတော်ကိုဖူးမြင်ရပုံ၊ တရားတော်ကိုကြားနာနေရပုံစသော ကောင်းမွန်သည့်အိပ်မက်ကိုသာ မြင်မက်ရခြင်းအကျိုးကိုခံစားရ၏။

## ၄။ လူတို့ချစ်ခင်မြတ်နိုးခြင်း

လည်၌ဆွဲထားသောပုလဲသွယ်ကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ပန်ဆင်ထားသောပန်းကဲ့သို့လည်းကောင်း၊ မေတ္တာပွားများသူကို လူအပေါင်းတို့သည် ချစ်ခင်မြတ်နိုးကြကုန်၏။ ဤသို့လျှင် မေတ္တာပွားသူသည် လူတို့၏ ချစ်ခင်မြတ်နိုးခြင်း အကျိုးကိုခံစားရပေ၏။

## ၅။ နတ်တို့ချစ်ခင်မြတ်နိုးခြင်း

မေတ္တာပွားသူကို လူတို့ကချစ်ခင်မြတ်နိုးကြကုန်သကဲ့သို့ နတ်တို့ကလည်း ချစ်ခင်မြတ်နိုးကြကုန်၏။ နတ်တို့ချစ်ခင်မြတ်နိုးခြင်းနှင့်ပတ်သက်၍ ထင်ရှားသည့် သာဓကမှာ ဝိသာခမထေရ်ဝတ္ထုဖြစ်သည်။

ပါဋလိပုတ်မြို့မှ ဝိသာခအမည်ရသော သူကြွယ်တစ်ဦးသည် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာတော်စည်ပင်ထွန်းကားပြန့်ပွားနေပုံ၊ ဘောဇနဩပွါယ, ဥတုသပွါယမျှတပုံတို့ကိုကြားသိရပြီး သီဟိုဠ်ကျွန်းသို့သွားကာ မဟာဝိဟာရ ကျောင်းတိုက်၌ ရဟန်းဝတ်၍နေ၏။ ရဟန်းငါးဝါရသည်အထိ ထိုကျောင်းတိုက်၌ ပင်နေထိုင်ကာ ဒွေ့မာတိကတို့ကိုသင်ယူပြီး နောက်ဝါလကင်းလွတ်သီတင်းကျွတ် သောအခါ မိမိနှင့်သင့်လျော်သည့်ကမ္မဋ္ဌာန်းကိုဆောင်လျက် ကျောင်းတစ် ကျောင်းစီ၌ လေးလခန့်မျှသာနေ၍ လှည့်လည်သီတင်းသုံးနေထိုင်သောအကျင့်ကို ကျင့်လေ၏။

ဤသို့ဖြင့်ဝိသာခမထေရ်သည် စိတ္တလတောင်ကျောင်းသို့ အကြောင်းတိုက်ဆိုင်၍ ရောက်ရှိလာပြီး မိုးလေလပတ်လုံး နေထိုင်ဖြစ်ခဲ့၏။ မိုးလေးလေကုန်၍ 'နံနက်မိုးသောက်လျှင် ဤကျောင်းမှသွားတော့မည်' ဟုကြံစည်ကာ လျှောင်းစက်နေစဉ် စင်္ကြံဦးရှိ သစ်ပင်တွင်နေထိုင်သော သပြေပင်စောင့်နတ်သည် လှေကားရင်း၌ လှိုက်လှဲစွာငိုကြွေးနေသည်ကိုသိရှိရပြီး အကြောင်းစုံမေးမြန်းစုံစမ်းရာ သပြေပင်စောင့်နတ်က-

"အရှင်ဘုရား. . . အရပ်တစ်ပါးသို့ ကြွမည်ကိုသိရ၍ ငိုကြွေးပါသည်၊ အရှင်ဘုရားရှိနေသဖြင့် ဤအရပ်နတ်အချင်းချင်းမေတ္တာဖြင့် ညီညွတ်ကြပါကုန်၏။ အရှင်ဘုရားကြွသွားလျှင် နတ်တို့ခိုက်ရန်ဖြစ်ကြပါလိမ့်မည်။ အချင်းချင်း ရုန်းရင်းကြမ်းတမ်းသောစကားတို့ကို ပြောဆိုကြပေလိမ့်မည်"

ဟု လျှောက်ထားကာ ဤအရပ်မှကြွမသွားရန်တောင်းပန်လေ၏။ မထေရ်မြတ်လည်း သပြေပင်စောင့်နတ်၏လျှောက်ထားတောင်းပန်ချက်အရ နောက်ထပ်လေးလနေရပြန်ရပြန်သည်။ လေးလပြည့်၍သွားမည်ပြုစဉ် ရှေးနည်းအတိုင်း သပြေပင်စောင့်နတ်ကငိုပြီး တောင်းပန်သဖြင့် နောက်ထပ်လေးလနေရပြန်သည်။

ဤသို့ဖြင့်လေးလ, လေးလ စသည်နေလာခဲ့ရာ မထေရ်မြတ်သည် နောက်ဆုံးတွင် ထိုအရပ်၌ပင် ပရိနိဗ္ဗာန်စံရသည့်အဖြစ်သို့ ရောက်လေ၏။ ဤသည်မှာ မေတ္တာပွားများသူအား နတ်တို့ကချစ်ခင်မြတ်နိုးကြခြင်းကို ဖော်ပြသည့် ထင်ရှားသော သာဓကဖြစ်သည်။

## (၆) နတ်တို့ကစောင့်ရှောက်ခြင်း

မိဘတို့သည် ဥသားသမီးကိုစောင့်ရှောက်သကဲ့သို့ မေတ္တာပွားသူတို့လည်း နတ်များကစောင့်ရှောက်ကြ၏။ ဤသို့လျှင် မေတ္တာပွားသူကို နတ်တို့ကစောင့်ရှောက်ကြ၏။ ဤသို့လျှင်မေတ္တာပွားသူသည် နတ်တို့၏စောင့်ရှောက်ခြင်းဟူသော အကျိုးကိုလည်း စံစားရနိုင်၏။

## (၇) မီးဘေး, အဆိပ်ဘေး, လက်နက်ဘေး မကျရောက်နိုင်ခြင်း

မေတ္တာဖြင့်နေလေ့ရှိသူ၏ ခန္ဓာကိုယ်ကို ဥတ္တရာဥပါသိကာမ၏ကိုယ်ကို ဆီပူမလောင်သကဲ့သို့ မီးပူမလောင်နိုင်ခြင်း၊ သံယုတ္တနိကာယ်ဆောင် စူဠသီဝ မထေရ်အား အဆိပ်မသင့်သကဲ့သို့ အဆိပ်ဘေးမသင့်နိုင်ခြင်း၊ သံကိစ္စ သာမဏေ ၏ကိုယ်ကိုဓားလက်နက် မကျရောက်သကဲ့သို့ ဓားလက်နက်ဘေးမကျရောက် နိုင်ခြင်း ဟူသောအကျိုးတို့ကိုလည်း ခံစားရရှိနိုင်ပေသည်။

ထင်ရှားသည့်သာဓကမှာ- သားငယ်နွားကလေးအား နို့တိုက်နေသော မိခင်နွားမကြီးကို မုဆိုးတစ်ယောက်သည် လှံဖြင့်ပစ်ထိုးလေရာ အားကြီးသော မိခင်မေတ္တာအစွမ်းကြောင့် လှံသည်နွားမကြီး၏ကိုယ်ကိုမစူးဘဲ ထန်းရွက်ကဲ့သို့ လိပ်ခွေသွားလေ၏။

## (၈) လျင်မြန်စွာစိတ်တည်ကြည်ခြင်း

မေတ္တာဖြင့်နေလေ့ရှိသူ၏ စိတ်သည်လျင်မြန်စွာတည်ကြည်မှုရှိ၏။ သမာဓိဖြစ်လွယ်၏၊ ထို့အပြင် သမာဓိထူထောင်ခြင်း၌ နှောင့်နှေးကြန့်ကြာမှု မရှိခြင်း ဟူသောအကျိုးတို့ကိုလည်း ရရှိနိုင်ပေသည်။

အညာမှကြွေကျသောထန်းသီးမှည့်အဆင်းကဲ့သို့ မေတ္တာပွားများသူ၏ မျက်နှာအဆင်းသည် ထူးထူးခြားခြားကြည်လင်တောက်ပလျက်ရှိ၏။ ဤသို့လျှင် မေတ္တာပွားများသူသည် မျက်နှာအဆင်းကြည်လင်တောက်ပခြင်းအကျိုးကိုလည်း ရရှိခံစားနိုင်ပေသည်။

## (၁၀) မတွေမဝေသေရခြင်း

မေတ္တာဖြင့်နေလေ့ရှိသူအား တွေတွေဝေဝေသေရခြင်း မည်သည်မရှိပေ။ သေသောအခါ၌ အိပ်ပျော်သကဲ့သို့ ငြိမ်သက်အေးချမ်းစွာသေရ၏။

## (၁၁) တရားထူးမရခြားဗြဟ္မာပြည်သို့လားရခြင်း

မေတ္တာသမာပတ်မှ အထက်ဖြစ်သောမဂ်, ဖိုလ်တရားကို မရသေးလျှင် သေလွန်သောအခါ၌ အိပ်သောယောက်ျားနိုးသောလားသို့ ဗြဟ္မာပြည်၌ ကိုယ်ထင်ရှားဖြစ်ရခြင်း အကျိုးတို့ကိုခံစားနိုင်ပါသည်။

အမျှဝေရန်

မေတ္တာပို့ပြီးကအမျှဝေရန်ဖြစ်ပါသည်။

-ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ကြီးထမြင့်ခေါင်၊ မြင့်မိုရ်တောင်ဦး မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား ရပြားပါစေ အမျှဝေ၏။

-မသွေနိစ္စ၊ ဤကာယကို၊ စောင့်တပေတတ်၊ ကိုယ်စောင့်နတ်လည်း မလတ်စေရ၊ ပေးဝေ၍။

-မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍ အမြတ်ပုည၊ ကုသလကို ရကြပါစေ အမျှဝေ၏။

-သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်က သတ္တဝါသ၊ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနှစ်ပါး၊ များစွာလုံးစုံ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား အမျှကုသိုလ်ပေးဝေလို၏။

-ထိုထိုကုသလ၊ ဤပုညကို၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်စေသော်၊

-ဝသုန္ဓရေ၊ ဤမြေပံသု၊ သီလာထုလည်း၊ သက်သေအမှုတည်စေသော်၊

-အားလုံး ကြားကြားသမျှ၊ အမျှ- အမျှ- အမျှ ယူတော်မူကြပါကုန်လော့

သာဓု. . . သာဓု. . . သာဓု

## (ခ) ခန္တီ၏သဘောသဘာဝ

ခန္တီဟူသည် ပါဠိဘာသာ၌-

ခမန်-ခန္တီ=အရာရာ၌သည်းခံခြင်း ဟု အဓိပ္ပါယ်ဖွင့်ပါသည်။

ခန္တီ၏သဘောသဘာဝ ခန္တီ၏သဘောသဘာဝသည် စိတ်ရှည်ခြင်း သည်းခံခြင်းသဘောထားကြီးခြင်း၊ ခံနိုင်ရည်ရှိခြင်း၊ သည်းခံစိတ်အမြဲရှိခြင်း၊ ဗွေမယူခြင်းအညှိုးမထား၊ ခွင့်လွှတ်တတ်ခြင်း၊ ဆိုးသောတစ်ပါးသူအပေါ်၌ စိတ်ဆိုး

ဒေါသအမျက်လုံးဝမထွက်သော အလွန်အရေးကြီးသော သူတော်ကောင်းစိတ်ဓာတ်ရှိခြင်း သဘောသဘာဝ ဖြစ်ပါသည်။

အဓိဝါသနခန္တီ-သူတစ်ပါးက မိမိကိုရိုက်နှက်သည်၊ ညှဉ်းဆဲသည်၊ ဆဲရေးသည်စသည်ပြုမူမှုများကို တုံ့ပြန်မှုကင်းဖေါက်ပြန်ခြင်းမရှိ ပကတိသဘောဖြင့်ကို မစွန့်လွှတ်ဘဲ ကျေနပ်လက်ခံခြင်းမျိုးများသည် အဓိဝါသနခန္တီ မည်ပါသည်။

(အဓိ=မိမိအပေါ်မှာ၊ ဝါသန=တည်နေစေခြင်း ဟု အဓိပ္ပါယ်ရပါသည်)

သူတစ်ပါးက မိမိကိုရိုက်နှက်သည်တို့ ညှဉ်းပန်းနှိပ်စက်သည်တို့၊ ဆင်းရဲပြုလုပ်သည့်အခါ မိမိကပြန်လှန်ရိုက်နှက်ညှဉ်းပန်းနှိပ်းစက်၊ ဆဲရေးပါက ထိုအရာများ မိမိအပေါ်တည်ရာမရောက်တော့ပါ။ ထိုအပြုအမှုများကို မိမိကလက်မခံပယ်လှန်ရာသာ ရောက်ပါသည်။

ထိုကဲ့သို့ပြန်လှန်ဆန့်ကျင်မှုမပြု အမှုမထားမူ၍နေပါမူ- ထိုကဲ့သို့သော ရိုက်နှက်မှုစသည်များသည် မိမိအပေါ်မှာ တည်နေရ ရောက်ပါသည်၊ ထိုသို့တည်နေမှုကို သည်းခံနိုင်ခြင်းသည် အဓိဝါသနခန္တီဖြစ်ပါသည်။

-အဘိဓမ္မာအရ အဒေါသပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါယ် ဖြစ်ပါသည်။

-ထို့ပြင် ရာသီဥတုကြောင့် အချမ်း-အပူ များဖြစ်ပေါ်လာ၍ ထိုအရာများကို သည်းခံနိုင်ခြင်းသည် အဓိဝါသနခန္တီဖြစ်ပါသည်။

-အချို့လူအများသည် အချမ်း-အပူရာသီဥတုဒဏ်ကို သည်းမခံနိုင်ကြပါ၊ အေးလွန်းပြန်လည်း အေးနိုင်ရန်ကော၊ ပူလွန်လျှင်လည်း ပူပြန်နိုင်ရန်ကော ဟု ရာသီဥတုအပေါ်၌သည်းမခံနိုင်ကြ၊ ဒေါသဖြစ်တတ်ကြလေ့ရှိသည်။

-အချို့သူများကမူ အေးလာသောအချိန်မှာ အေးရမည့်အချိန်အခါ ပိုအေးတာဘဲ၊ ပူသောအခါတွင်လည်း ပူရမည့်အချိန်အခါ ပိုပူရတာဘဲ ဟူ၍ သဘောထားကြီး အမျက်မထွက်၊ ဒေါသမဖြစ် အေးမှု ပူမှုကို သည်းခံနိုင်ကြသည်၊ ယင်းတို့သည်လည်း အဓိဝါသနခန္တီ ဖြစ်ပါသည်။

-အဓိဝါသနခန္တီနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များကို လေ့လာလျှင် -

ဇာတကဝတ္ထုလာ ခန္တိဝါဒီရှင်ရသေ့သည် ဆဲရေးခြင်းမျိုးစုံနှင့်ဆဲရေးလာသူများကို မကြားယောင်ပြုကာ မူဟန်မပျက်သည်းခံသည်၊ ရိုက်နှက်ပုတ်ခတ်သတ်ဖြတ် ညှင်းဆဲမှုကိုလည်း မမြင်ခြင်ယောင်ဆောင်ကာ ဖေါက်ပြန်ခြင်းမရှိသော စိတ်နှင့်သည်းခံခဲ့သည်။

-မဇ္ဈိမနိကာယ် ပုဏ္ဏောဝါဒသုတ္တန်၌ အရှင်ပုဏ္ဏမထေရ်သည် အမြဲတမ်းအကောင်းကိုသာရှု၍ အကောင်းကိုသာ နှလုံးသွင်းသည်၊ အကောင်းကိုသာ ကြံစည်တတ်သည်။

-မိမိကိုဆဲရေးလာလျှင် လက်နှင့် မရိုက်တာ တော်သေးတာပေါ့၊

-လက်နှင့်ရိုက်လာလျှင် ခဲနှင့်မပေါက်တာ တော်သေးတာပေါ့၊

-ခဲနှင့်ပေါက်လာလျှင် တုတ်နှင့်မရိုက်တာ တော်သေးတာပေါ့၊

-တုတ်နှင့်ရိုက်လာလျှင် ဓားနှင့်မခုတ်တာ တော်သေးတာပေါ့၊

-ဓားနှင့်ခုတ်လာလျှင် သတ်ပေးမည်သူ ရှာစရာမလိုတော့။

ထိုကဲ့သို့သည်းခံပြီး အကောင်းကိုသာနှလုံးသွင်း-ရှုမြင်တတ်ပါသည်။

## သည်းခံခြင်းဆိုသည်မှာ

သည်းခံခြင်းဆိုသည်မှာ မည်သည့်စိတ်အနှောက်အယှက်ဖြစ်ခြင်း မကျေမနပ်ဖြစ်ခြင်း စော်ကားရာရောက်ခြင်းမျိုးတို့မှ မကပ်မရောက်နိုင်စေသော အဓိကအကြောင်းအချက်ဖြစ်ပါသည်။

-အစားဆင်းရဲခြင်း၊ အဝတ်ဆင်းရဲခြင်း၊ အနေဆင်းရဲခြင်းတို့နှင့် ကြုံရပါကလည်း မည်သည့်စိတ်ချမ်းမမြေ့ဖြစ်မှုမျိုးတို့မှမရှိဘဲ ကြံ့ကြံ့ သည်းခံနိုင်ခြင်း၊

-သူတစ်ပါးကမိမိအပေါ် မတော်မတရားစွပ်စွဲ ပုတ်ခတ်ပြစ်တင် ရှုတ်ချဝေဖန်ပြောဆိုလာပါကလည်း လုံးဝခွန်းတုံ့ပြန်ကာ ရင်ဆိုင်စိန်ခေါ်မှုမျိုးစိုးစဉ်းမျှမရှိ ဖြစ်ပေါ်လာသည့်စိတ်ကိုချိုးနှိမ်၍ သည်းခံခွင့်လွှတ်နိုင်ခြင်း၊

-သူအလိုရှိရာအရာဝတ္ထုကို စေတနာပါပါ ရက်ရောစွာဖြင့် ပေးကမ်းစွန့်ကြဲနိုင်စွမ်းရှိခြင်း၊

-တည်ကြည်ခိုင်မာရဲရင့်သောစိတ်ကို သတ္တိရှိရှိမွေးမြူနိုင်အောင် မဆုတ်မနစ်သောလုံ့လဖြင့် ကြိုးစားအားထုတ်ပြီး ရာသီဥတုကြောင့် ဖြစ်ပေါ်လာသော အချမ်း-အပူနှိပ်စက်ခြင်းဒဏ်ကိုပါ သည်းခံနိုင်အောင် ကြိုးပမ်းအားထုတ်ရခြင်းတို့သည် သည်းခံခြင်း၏ သဘောသဘာဝများဖြစ်ပါသည်။

## ခန္တီ(သည်းခံခြင်း)အမျိုးအစားများ

သည်းခံခြင်းသည် ကျေနပ်ခြင်းပင်ဖြစ်ပါသည်။ ထိုခန္တီကို အမျိုးအစားခွဲကြည့်ပါက-

၁။ **ဒိဋ္ဌိနိဇ္ဈာနခန္တီ** =တစ်ခုတစ်ခုသော အမှုကိစ္စကို သဘောတူလိုက်လျောခြင်း၊

၂။ **သမာဒါနခန္တီ** =တစ်ဦးတစ်ယောက်သောသူ၏ ကျူးလွန်စော်ကားမှုကိုသည်းခံခြင်း၊ (ဤနေရာတွင် သူတစ်ပါး၏ ကျူးလွန်စော်ကားမှုကို သည်းခံခြင်း သမာဒါနခန္တီကိုသာ ခန္တီမင်္ဂလာအစစ် ဖြစ်သည်- ဟုဆိုလိုပါသည်။

## တစ်နည်းခန္တီ(၂)မျိုး

၁။ **ဗလဝခန္တီ** = အားရှိသူကအားမဲ့သူအပေါ်၌ သည်းခံခြင်း၊

၂။ **ဒုဗ္ဗလခန္တီ** = အားနွဲ့သူက အားရှိသူအပေါ် သည်းခံခြင်း၊

လက်နက်ကိုင်ဆောင်ထားသူတစ်ယောက်၏ ကျူးလွန်စော်ကားသမျှကို လက်နက်မဲ့သူက သည်းခံခြင်း၊

(ချမ်းသာသူနှင့်ဆင်းရဲသူ၊ ဩဇာအာဏာရှိသူနှင့် ဩဇာအာဏာမရှိသူ တို့၏ ဆက်ဆံရေးနှင့်ပတ်သက်၍လည်း ဗလဝခန္တီဖြစ်ပုံ၊ ဒုဗ္ဗလခန္တီဖြစ်ပုံတို့သည် အလားတူပင်ဖြစ်ပါသည်။)

## တစ်နည်းခန္တီ(၂)မျိုး

၁။ **တိတိက္ခာခန္တီ** =အပြင်အပရန်ကိုသည်းခံခြင်း၊

-မိမိအားဆန့်ကျင်ဘက်ပြုလာသူတို့အား သည်းခံခြင်းမျိုးဖြစ်သည်။

၂။ **အဓိဝါသနခန္တီ** = ကိုယ်တွင်းရန်ကိုသည်းခံခြင်း၊

-ဆာလောင်မွတ်သိပ်မှု၊ ပူမှု-အေးမှုကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲကို သည်းခံနိုင်ခြင်းမျိုးဖြစ်ပါသည်။

## သည်းခံခြင်းအလေ့ကို မည်သို့တည်ဆောက်မည်နည်း

**အက္ကောဓေန ဇိနေကောဓံ**

အကြမ်းဖက်လာသူကို မိမိကအကြမ်းမဖက်ဘဲသည်းခံခြင်းဖြင့် အောင်စေရမည်။

**"ဇယံဝေရံပသဝတိ၊ ဒုက္ခံသေတိပရာဇယံ"**

နိုင်ပြန်လျှင်လည်း ရန်များ၏၊ ရှုံးပြန်လျှင်လည်းဆင်းရဲ၏ ဟူ၍ဗုဒ္ဓက ဟောကြားလမ်းညွှန်ထားပါသည်။

ထို့ကြောင့် သာသနာပြုပုဂ္ဂိုလ်တို့သည်-

-အကြမ်းဖက်ပြုလာသူကို လက်တုံ့ပြန်ရက်စက်မှုမပြုလဲ အကြမ်းမဖက် သည်းခံခြင်းဖြင့် အောင်မြင်စေရမှာ ဖြစ်ပါသည်။

-ဒေါသအမျက်ချောင်းချောင်းထွက်ပြီး အသိတရားကင့်မဲ့ပြီး ရက်စက် အကြမ်းဖက်တော့မည့်သူကို မတတ်သာ၍ ရင်ဆိုင်တွေ့ရပါက သည်းခံ မှုရှေ့ထားပြီး ထိုသူ၏ရန်မှရှောင်ကွင်း၍ အနိုင်ယူခြင်းသည်သာ

တစ်ထောင်သောစစ်ပွဲကို အမှန်တကယ် အောင်မြင်သူဖြစ်သော၊
နှစ်ဘီးတပ်စစ်မြင်းရထားကို အဟုန်ပြင်းပြင်းနှင့်စီးနင်းလာသော
သူရဲကောင်းစစ်သည်အလား မိမိ၏မြင်းကိုရုပ်ချည်း ဇက်ကြိုးသတ်ရပ်
ပစ်လိုက်သလို ဒေါသထွက်နေသူ၏ စိတ်ကို မိမိ၏ရှေ့မှာတင်ချက်ချင်း
ဒေါသပြေပျောက်စွမ်းသာရာ ရောက်စေမှာဖြစ်ပါသည်။

ထို့ကြောင့်သာသနာပြုပုဂ္ဂိုလ်တို့သည် သီလ, အကျင့်နှင့်ပြည့်စုံပြီ။ မေတ္တာလက်နက်ခန္တီလက်နက်ဖြင့် သာသနာပြုကြလျှင် မုချ အောင်မြင်ကြမည်သာဖြစ်သည်ကို သတိပြုဆင်ခြင်၍ကျင့်သုံးကြပါ။

## ခန္တီမင်္ဂလာ

သူတစ်ပါးတို့၏ စွပ်စွဲကဲ့ရဲ့ခြင်း၊ ကျေးဇူးမဲ့ပြုခြင်း၊ ဆဲရေးခြင်း၊ သတ်ဖြတ်ခြင်း၊ ညှင်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းနှင့်အေးခြင်းပူခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းစသော နောက်ယှက်ဖျက်ဆီးမှုမှန်သမျှကိုသည်းခံခြင်းသည် ခန္တီမင်္ဂလာမည်ပါသည်။

ခန္တီတရားကိုယ်မှာ အမျက်မထွက်ခြင်းလက္ခဏာရှိသော အဒေါသစေတသိက်ဦးဆောင်သော ကုသိုလ်စိတ်, စေတသိက်တရားအစု ဖြစ်ပါသည်။

ခန္တီသဘော လက္ခဏာကို သိရှိရန် လိုအပ်ပါသည်။ သာမန်အားဖြင့် အမျက်မထွက်ခြင်းနှင့် သီးခံခြင်းတို့ကို ခန္တီဟုခေါ်ဆိုနေကြသည်။

သူတစ်ပါးတို့က ပြုလုပ်လာသော ကိုယ်နှုတ်လွန်ကျူးမှုများကို ဒေါသအမျက်မထွက်ခြင်း၊ သီးခံခြင်းသည် ခန္တီမည်၏။

လောကဥတစ်စုံတစ်ခု အမှုကိစ္စကိုပြုလုပ်ဖို့ရန် သူတစ်ပါးအားစေခိုင်း၏။ ထိုမှုကိစ္စ၌ မိမိမျှော်လင့်ထားသည့်အတိုင်း စိတ်တိုင်းကျမဖြစ်သောအခါ အချို့က အမျက်ထွက်တတ်ကြသည်။ ယင်းကိစ္စမျိုး၌ အမျက်မထွက်အောင် ဒေါသကို သိမ်းဆီးခြင်းသည် ခန္တီမဟုတ်ပေ။ အမျက်မထွက်ခြင်း (အက္ကောဓ) ဟူ၍သာ ခေါ်ဆိုရပါသည်။

ခန္တီတရားသည် သူတော်ကောင်းတို့အတွက် အသက်သွေးခဲပမာ အရေးပါလှပါသည်။ ကုသိုလ်တရားတို့သည် ခန္တီတရား၌အခြေခံ၍ ဖြစ်ပေါ်လာရသည်။ သည်းခံမှုမရှိသူအတွက် သီလ, သမာဓိ, ပညာတို့ကရရှိရန် ခက်ခဲလှပါသည်။

လောက၌ဖြစ်စေ၊ သာသနာ၌ဖြစ်စေ၊ အကျိုးစီးပွား၊ ရှားမှီးသူသည် ခန္တီတရားကို မျက်ကွယ်ထား၍ဖြစ်ချေ။ အနှောက်အယှက် အတားအဆီးဟူသည် လုပ်ငန်းကိစ္စတို့နှင့် ဒွန်တွဲနေမြဲဖြစ်ပါသည်။ ခန္တီတရားရှိသူက မည်မျှခက်ခဲသော အရာကိုဖြစ်စေ၊ အလွယ်တကူရနိုင်ပေသည်။ သံသရာအယဉ်ကို ကူးခတ်ရာ၌ မရှိမဖြစ်သော အားမာန်ဟု ဆိုနိုင်ပါသည်။

ဗုဒ္ဓက ခိုးသူများက နှစ်ဖက်အရိုးတပ်သော လွှဖြင့်အင်္ဂါကြီးငယ်ကို ဖြတ်စေကာမူ ခိုးသူအားအမျက်မထွက်ရ၊ အမျက်ထွက်သူသည် ငါဘုရား၏ ဆုံးမစကားကို လိုက်နာသူမဟုတ်ချေ ဟု မိန့်ကြားထားပါသည်။

သည်းခံခြင်းတရားသည် လောက၌ သူတော်မြတ်တို့၏ အားတစ်ခုဖြစ်ကြောင်း ဗုဒ္ဓက အင်္ဂုတ္တိုရ် အဋ္ဌက ပဏ္ဏာပက ဂဟပတိဝဂ်၌ ဟောကြားထားခဲ့ပါသည်။

၁။ ငိုကြွေးခြင်းသည် ကလေးတို့၏ ကိုးစားရာအား

၂။ အမျက်ထွက်ခြင်းသည် မိန်းမတို့၏ ကိုးစားရာအား

၃။ လက်နက်မျိုးစုံသည် ခိုးသူဓါးပြတို့၏ ကိုးစားရာအား၊

၄။ ကျယ်ဝန်းသော နိုင်ငံနယ်ပယ်ကို အစိုးရခြင်းသည် ပြည့်ရှင်မင်းတို့၏ ကိုးစားရာအား၊

၅။ သူတစ်ပါးတို့ကို ကြုံကြုံဖန်ဖန်ကဲ့ရဲ့ခြင်းသည် လူမိုက်တို့၏ကိုးစားရာအား၊

၆။ သေချာစွာ စူးစမ်းဆင်ခြင်းသည်၊ ပညာရှိတို့၏ကိုးစားရာအား၊

အဖန်ဖန် စဉ်းစားဆင်ခြင်ခြင်းသည် အကြားအမြင်များသောသူတို့၏ ကိုးစားရာအား၊

သူတစ်ပါးတို့၏ လွန်ကျူးလာသည့်အပြစ်ကို အမျက်မထွက်ခြင်း၊ သည်းခံခြင်းသည် ရဟန်းပုဏ္ဏားတို့၏ ကိုးစားရာအား၊

သည်းခံခြင်းတွင်-

- မိမိထက်မြင့်မြတ်သူကို သည်းခံခြင်း၊

- မိမိနှင့်အဆင့်တူသူကို သည်းခံခြင်း၊

- မိမိအောက်နိမ့်ကျသူကို သည်းခံခြင်း ဟူ၍ (၃)မျိုးရှိပါသည်။

ထိုသုံးမျိုးတို့တွင်-

- မိမိအောက်နိမ့်ကျသူကို သည်းခံနိုင်ခြင်းသည် အမြတ်ဆုံးဖြစ်သည်။

-မိမိထက်မြင့်မြတ်သူ၊ မိမိနှင့်အဆင့်တူသူများကို သည်းခံရခြင်းသည် အကြောင်းတစ်မျိုးမျိုးကြောင့် (ဝါ) အခြေအနေရဖြစ်နိုင်သော်လည်း မိမိအောက်နိမ့်ကျသူကို သည်းခံခြင်းကား မွန်မြတ်သောစိတ်ဖြင့် ပြုလုပ်ရသောကြောင့် ပိုမိုခက်ခဲလှသည်။

တာဝတိံသာနတ်နှင့်အသူရာတို့ စစ်ဖြစ်ကြသောအခါ ဝေပစိတ္တိ အသုရာကို လက်ရဖမ်းမိခဲ့သည်။ နတ်စစ်သည်တို့က အသုရာကြီးကို ကြိုးဖြင့်ချည်နှောင်၍ သုဓမ္မာသဘင်သို့ ခေါ်ဆောင်လာကြသည်။ အသုရာကြီးသည် သိကြားမင်းကို မြင်လေတိုင်း ယုတ်ညံ့သောစကားတို့ဖြင့် အမျိုးမျိုးဆဲရေး၏။ သို့သော် သိကြားမင်းက မည်သို့မျှ တုံ့ပြန်ပြောဆိုမှုမပြုချေ။

ထိုအခါ မာတလိက အဘယ်ကြောင့် ဤသို့ ဆိတ်ဆိတ်နေပါသနည်း။ ကြောက်ရွံ့၍ပါလော ဟုမေးသည်။

"ငါသည် ကြောက်ရွံ့သောကြောင့်လည်းမဟုတ် တုံ့ပြန်ရန် စွမ်းအားမရှိသောကြောင့်လည်းမဟုတ်ပေ။ ငါကဲ့သို့ စူးစမ်းဆင်ခြင် အမြော်အမြင်ရှိသူသည် မိုက်မဲသူနှင့် အဘယ်ကြောင့် တုဖက်ယှဉ်ပြိုင်ရအံ့နည်း။ ကိုယ့်ကိုအမျက်ထွက်သူအား ပြန်လည်စိတ်ဆိုးသူသည် ပိုမိုယုတ်ညံ့သူ ဖြစ်၏။ သည်းခံသူသည် အောင်နိုင်သောစစ်ပွဲကို အောင်မြင်သူ ဖြစ်၏။ မိမိ, သူတစ်ပါးနှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်သူဖြစ်၏။ သို့သော်တရားမသိသူတို့ကမူ မိုက်မဲသူဟု မှတ်ထင်တတ်ကြ၏"

ဟု ဖြေကြားပြောပြလေသည်။

အချို့ကသည်းခံခြင်းသည် လူပျော့ လူညံ့တို့၏လမ်းစဉ်ဖြစ်သည် ဟု ထင်မှတ်ကြသည်။ ထိုအယူအဆမှားပါသည်။ သည်းခံခြင်းသည် ရဲရင့်တည်ကြည် အာဇာနည်ပုဂ္ဂိုလ်များ၏ ကျင့်ထုံးဖြစ်ပါသည်။ တရားသိသူများသာ စွဲမြဲစွာ ကျင့်သုံးနိုင်ပါသည်။

ကြောက်ရွံ့ခြင်းနှင့် သည်းခံခြင်းသည် ဆန့်ကျင်ဘက်ဖြစ်၏။ ကြောက်ရွံ့ခြင်းကား အကုသိုလ်တရား ဖြစ်ပါ၏။ လောကကို အကျိုးမပြုပါ။

သည်းခံခြင်းကား ကုသိုလ်တရားဖြစ်၏။ သူတော်ကောင်းတို့၏ ကျင့်စဉ်ဖြစ်၏။ လောကငြိမ်းချမ်းရေးကို တည်ဆောက်ရာ၌ အခြေခံအုတ်မြစ် ဖြစ်ပေသည်။

သည်းခံခြင်း၏ဆန့်ကျင်ဘက်က အမျက်ထွက်ခြင်း၊ ဒေါသဖြစ်၏။ အမျက်ထွက်ခြင်းအကြောင်းတရားသည် လေးပါးရှိ၏။

၁။ ပင်ကိုယ်အားဖြင့် ဒေါသဓာတ်ခံရှိခြင်း၊

၂။ စိတ်သဘောထားသေးသိမ်ခြင်း၊

၃။ အကြားအမြင်နည်းပါးခြင်း

၄။ မနှစ်သက်သော အာရုံနှင့် တွေ့ကြုံရခြင်း တို့ဖြစ်ပါသည်။

အမျက်(ဒေါသ) ထွက်ခြင်းအကြောင်းတရား (၉)ပါးရှိပါသည်။

ဤသူသည် ငါ၏အကျိုးစီးပွားမဲ့ကို-

(က) ရှေးက ပြုခဲ့ဘူးပြီ၊

(ခ) ယခုလဲ ပြုနေဆဲ၊

(ဂ) နောင်အခါလည်း ပြုလတ့်

ဟု မိမိကိုယ်ကို အကြောင်းပြု၍ အမျက်ထွက်ခြင်း(၃)ပါး

ဤသူသည် ငါမိတ်ဆွေ၏ အကျိုးစီးပွားမဲ့ကို-

(က) ရှေးက ပြုခဲ့ဘူးပြီ၊

(ခ) ယခုလဲ ပြုနေဆဲ၊

(ဂ) နောင်အခါလည်း ပြုလတ့်

မိတ်ဆွေကို အကြောင်းပြု၍ အမျက်ထွက်ခြင်း (၃)ပါး

ဤသူသည် ငါရန်သူ၏အကျိုးစီးပွားကို-

(က) ရှေးက ပြုခဲ့ဘူးပြီ၊

(ခ) ယခုလဲ ပြုနေဆဲ၊

(ဂ) နောင်အခါလည်း ပြုလတ့်

ဟု ရန်သူကို အကြောင်းပြု၍ အမျက်ထွက်ခြင်း (၃)ပါး တို့ဖြစ်သည်။

အချို့က မိုးရွာခြင်း၊ နေပူခြင်း၊ လေတိုက်ခြင်း၊ အာရုံငါးပါးတွင် တစ်ပါးပါး၌ အကြိုက်မတွေ့ခြင်းစသည်တို့၌ အမျက်ထွက်တတ်၏၊ ယင်းအမျက်ထွက်ခြင်းသည် အရာမဟုတ်သည်၌ အမျက်ထွက်ခြင်း (အဋ္ဌနကောပ) ဟုခေါ်ပါသည်။

ဤအဋ္ဌနကောပမည်သော ဒေါသတရားမဖြစ်ပွားအောင် သိမ်းဆည်းခြင်းသည် အကြောာမ ၌အကျုံးဝင်ပါသည်။ အဋ္ဌာနကောပသည် ဆင်ခြင်ဉာဏ်ကင်းမဲ့သူတို့၌ ဖြစ်တတ်သည်။

သည်းခံခြင်းမရှိသူ၌ အပြစ်(၅)မျိုးရှိပါသည်-

၁။ လူအများ မုန်းတီးခြင်း၊

၂။ ရန်များခြင်း၊

၃။ အပြစ်များခြင်း၊

၄။ တွေဝေစွာ သေရခြင်း၊

၅။ အပါယ်သို့လားရခြင်း တို့ဖြစ်ပါသည်။

သည်းခံမှုကို စွဲမြဲစွာကျင့်သုံးနိုင်ရေးအတွက် ဒေါသအပြစ်နှင့်သည်းခံခြင်းအကျိုးကို အဖန်ဖန်ဆင်ခြင်အပ်သင့်၏။ တရားဘာဝနာကို ပွားများအပ်၏။

ဤသို့မပြုလုပ်ပါလျှင် ဆန့်ကျင်ဘက်ရန်နှင့် မတွေ့ကြုံမီ(ဝါ) ပတ်ဝန်းကျင်က ကောင်းနေသည့်အခိုက် သည်းခံနိုင်သူဟု ထင်မှတ်ရသော်လည်း ဆန့်ကျင်ဘက်အာရုံနှင့်တွေ့ကြုံသောအခါ သည်းခံမှုစွမ်းရည်သည် တစ်ခဏချင်းကွယ်ပျောက်သွားတတ်သည်။

ဝတ္ထုသာဓကေအနေနှင့် သာဝတ္ထိပြည်ရှိ ဝေဒေဟိအိမ်ရှင်မနှင့် ကာဠီမည်သော ကျွန်မတို့၏အဖြစ်အပျက်ရှိပါသည်။ ဝေဒေဟိကို အများကသည်းခံသူဟု ထင်မှတ်ကြသည်။ ကာဠီကျွန်မက သည်းခံသူ ဟုတ်-မဟုတ် စုံစမ်းမည်ဟု ကြံကာ ဝေဒေဟိအိမ်ရှင်မ ခိုင်းစေသမျှအလုပ်ကို ဆန့်ကျင်မှုပြုကြသည်။ ထိုအခါ ဝေဒေဟိအိမ်ရှင်မက သည်းမခံနိုင်ဘဲ ဦးခေါင်းပေါက်ပြဲအောင် ရိုက်နှက်လေသည်။

ဤသည်မှာ ကြုံတွေ့လာသော ဒေါသကိုသည်းမခံနိုင်ခြင်းဖြစ်ပါသည်။ ယင်းဒေါသ၏ လက္ခဏာကို အဘိဓမ္မပိဋကအဋ္ဌကထာ၌-

“ဒေါသသည် တုတ်လုံတံဖြင့် ပုတ်ခတ်အပ်သောမြွေကဲ့သို့ ကြမ်းတမ်းခြင်း လက္ခဏာရှိ၏။ မိုးကြိုးစက်ကျရောက်သကဲ့သို့ တစ်ကိုယ်လုံး ၌ အနိဋ္ဌာရုံများပျံ့နှံ့ခြင်းကိစ္စရှိ၏။ ရအပ်သော အခွင့်ရှိသော ရန်သူကဲ့သို့ ဖျက်ဆီးတတ်သောတရားဟု ယောဂီဉာဏ်အား ရှေ့ရှုတင်လာ၏။ အဆိပ်နှင့်ရောနှောအပ်သော ဆေးကဲ့သို့ ရန်ငြိုးဖွဲ့ခြင်းလျှင် နီးသောအကြောင်းရှိ၏. . . ဟူ၍ ဖော်ပြထားပါသည်။

ဒေါသအမျက်ခြောင်းခြောင်းထွက်သူသည် သူရူကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းမရဖြစ်တတ်သည်။ ရွှေစင်ရုပ်ကဲ့သို့ လှပသူဖြစ်စေကာမူ ရုပ်ရည်အဆင်းပျက်ယွင်း၍ အရွှေ့, မြေဘုတ်ကဲ့သို့ အကျည်းတန်၏။ အမူအရာ ကြမ်းတမ်း၏၊ ဆန့်ကျင်ဘက် ပြုလုပ်တတ်၏။ စကားကို ကောင်းမွန်ပြည့်စုံအောင် မဆိုနိုင်တော့ချေ။ ဒေါသကြောင့် အကျိုး အကြောင်း အဆိုးအကောင်း ဟု ဝေဖန်ဆင်ခြင်တတ်သော အသိဉာဏ်လည်း ကွယ်ပျောက်သွား၏။ ရာထူးဂုဏ်သိမ်စည်းစိမ်ဥစ္စာတို့သည် တစ်ခဏချင်းပျက်စီး ဆုံးရှုံးနိုင်၏။ ထို့ထက်အလွန် မိမိကိုယ်ကို သေကြောင်းကြံသည့်အထိပင် ပြုလုပ်နိုင်၏။

ထို့ကြောင့် ဒေါသကို အဆိပ်ပင်ပမာ ဒုက္ခများစွာ၏အကြောင်းရင်းဖြစ်သောတရား ဟု ပညာရှိတို့က မိန့်ဆိုကြလေသည်။

အမျက်ထွက်သူသည် အခြားသူကိုဖက်ပြိုင်၍ အနိုင်ယူရလျှင် ကျေနပ်၏ ဆဲရေးသူကို တုံ့ပြန်ရလျှင် နှစ်သက်၏၊ လွှမ်းမိုးနှိပ်စက်လာသူကို လက်စားချေရလျှင် ကျေနပ်၏။ သဘောကျ၏၊ ဤသို့ပြုရခြင်းကို သုခဟု ထင်မှတ်၍

F. 23

နှစ်သက်ဝမ်းမြောက်တက်သေး၏။ အမှန်စင်စစ် ဆင်းရဲ(ဒုက္ခ)ကို ကြီးထွားလာအောင် ပြုလုပ်နေခြင်း ဖြစ်သည်။

ဒေါသကို မာနက အမှီပြုရသောအခါ သတ္တဝါတို့၏အကျိုးစီးပွားကို အတိုင်းထက်အလွန် ပျက်စီးဆုံးရှုံးအောင် ပြုလုပ်တတ်၏။ ဖြေပျောက်ရန် မလွယ်ကူချေ။ ကျောက်၌ရေးထိုးအပ်သော အက္ခရာကဲ့သို့ အချိန်ကာလကြာမြင့်စွာ ကိန်းအောင်းနေတတ်၏။ ထို့ကြောင့် ဖြစ်ပေါ်လာသော ဒေါသကို မကြီးထွားစေဘဲ လျှင်မြန်စွာ ဖြေပျောက်သင့်ပါသည်။

ဥဒ္ဒုမာယိကမည်သော ဖားသည် ပကတိအားဖြင့် လက်သည်းခွံပမာဏမျှသာရှိ၍ သစ်ရွက်ခြောက်နွယ်အကြား၌ နေသည်။ ထိုဖားသည် တစ်စုံတစ်ခုသော တုတ်ချောင်း နွယ်ကြိုး၊ မြေမှုန်တို့ဖြင့် ထိခိုက်မိသောအခါ ဒေါသဖြစ်ပြီး ဥသျှင်သီးခန့် ကြီးမားလာပြီး ပက်လက်လန်၍ ခြေလေးချောင်း ကောင်းကင်သို့ ထောင်နေသောကြောင့် မသွားနိုင်တော့ချေ။ ထိုအခါ သိန်း၊ စွန် စသော ငှက်တို့၏ အစား ဖြစ်ရလေသည်။

ဒေါသသည် ဖြစ်ပေါ်ဆဲခဏ၌ စိတ်ကို နောက်ကျုစေရုံမျှဖြစ်၏။ ထိုအခိုက် မနှိမ်နင်းနိုင်လျှင် အဆင့်ဆင့် ကြီးထွားလာကာ မျက်မှောင်ကြုတ်ခြင်း၊ နှုတ်ခမ်းလှုပ်ခြင်း၊ ကြမ်းတမ်းစွာပြောဆိုခြင်း၊ ဆွဲငင်ခြင်း၊ တုတ်, ဓားဆွဲကိုင်ခြင်း၊ ရိုက်နှက်ခုတ်ထစ်ခြင်း၊ သတ်ပုတ်ခြင်းတို့ကို ပြုလုပ်လာတတ်သည်။

သေရိဝဇာတ်၌ ဒေဝဒတ်အလောင်း ရွှဲကုန်သည်က ရွှေခွက်ကို အကြောင်းပြု၍ ဘုရားလောင်းကို ရန်ငြိုးဖွဲ့ခဲ့ရာ အဆင့်ဆင့်ရင့်ကျက်ကာ သံသရာတစ်လျှောက်လုံး လိုက်ပါခဲ့၏။ နောက်ဆုံး ဘုရားကို ပြစ်မှား၍ အဝီစိငရဲသို့ကျရောက်ခဲ့ရ၏။ ဤသည်မှာ ဒေါသကို မထိန်းနိုင်၍ဖြစ်သည်။

အမျက်ထွက်သူသည် ဆရာသမား မိဘဘိုးဘွား ကျေးဇူးရှင်များနှင့် အရိယာတို့၏ ဂုဏ်ကျေးဇူးကိုမသိမြင်နိုင်၊ ထို့ထက်လွန်ကဲ၍ ဖြစ်ပွား ကျူးလွန်မှုကိုပင် ပြုတတ်ကြသေး၏။ ဉာဏ်ပညာကြီးမားသူပင် ဖြစ်စေဦး အမျက်ထွက်သောအခါ ဆင်ခြင်တုံတရားများ လွတ်ကင်းလျက် မသင့်လျော်သောအမှုကို ပြုမိလေသည်။

ထိုသူသည် အရှုးတစ်မျိုးဖြစ်၏၊ ဒေါသရူး(ဒေါသုမ္မတ္တက) ဟု ခေါ်ဆိုရပါသည်။

ပညာရှိတို့၏ဆုံးမစာ၌-

**သုခမိန်ဟု၊ ကျော်ရှိန်နှံ့သိ၊ ပညာရှိလျက်၊ ကြီးဘိအမျက်၊ ဒေါသဖျက်သည်။**

အမျက်ထွက်သူသည် အကျိုးစီးပွားကိုမသိ၊ တရားကိုမမြင်၊ ဒေါသသည်လူကို လွှမ်းမိုးဖိစီးသောအခါ၌ အမိုက်တိုက်သဖွယ်ဖြစ်လေ၏။

မီးပွတ်ခုံကို မီးပွတ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော မီးသည် မီးခတ်ဖြစ်ပေါ်လာရာမှ မီးပွတ်ခုံကို ရှေးဦးစွာလောင်မြိုက်၏။

ခန္တိဝါဒီဇာတ်၌ ကလာဗုမင်းသည် ခန္တိဝါဒီရသေ့ကို အမျိုးမျိုး နှိပ်စက်ညှင်းဆဲ၏။ ဆူးရှိသောကြိမ်ဖြင့် ရိုက်၏။ လက်, ခြေ, နား, နှာခေါင်း တို့ကို ဖြတ်၏။ သို့သော် ရသေ့ကြီးကသည်းခံ၍ တိုင်းသူပြည်သားများအားလည်းကောင်း ကလာဗုမင်းအားလည်းကောင်း အသက်ရှည်ရန် ဆုတောင်းပေးခဲ့၏။ မေတ္တာပို့သည်းခံ၏၊ ကလာဗုမင်းက မကြာခင် မြေမျိုခံပြီး အဝီစိငရဲသို့ ကျရောက်ရ၏။

ဤသည်မှာ ဒေါသအမျက်ထွက်သူနှင့် သည်းခံနိုင်စွမ်းရှိသူတို့၏ ဘဝခြားနားချက်ပင် ဖြစ်ပါသည်။

မိမိတို့သည် ဤကဲ့သို့ အဖြစ်မျိုးမကျရောက်စေရန် ခန္တိမင်္ဂလာကို ကျင့်သုံးရပါမည်။ ပညာရှိထံ ဆည်းကပ်ရပါမည်။ သင့်လျော်စွာ နှလုံးသွင်းခြင်း၊ မေတ္တာပွားခြင်း စသည်တို့ကို ပြုလုပ်၍ ဒေါသမီးကို ငြိမ်းအောင် ပြုလုပ်ရပါမည်။

ပညာရှိတို့ဆုံးမမှုကြောင့် ဒုဋ္ဌကုမာရဇာတ်၌ မင်းသားသည် ရသေ့၏ ဆိုဆုံးမမှုကြောင့် လိမ္မာယဉ်ကျေး၍ ထီးနန်းစံခဲ့ရ၏။ ဒုဋ္ဌကုမာရမင်းသားသည် အမျက်ကြီး၏၊ ရုပ်ရင်းကြမ်းတမ်း၏။ မည်သူမျှ ဆုံးမ၍မရ။ ဖခင်မင်းကြီးက ဆရာရသေ့ထံပို့ပေး၏။ ဆရာရသေ့က တောထဲခရီးလှည့်ရင်း တမာရွက်ကို ခူးကျွေးခဲ့၏။ မင်းသားကခါးလှသဖြင့် ထွေးထုတ်ပြီး တမာပင်ကိုနှုတ်ကာ ချေမွပစ်၏။ ထိုအခါ ရသေ့က မင်းသားသင်သည် ယခုငယ်စဉ်ကပင် ရုန့်ရင်းကြမ်းကြုတ်

၏။ ကြီးပြင်း၍ မင်းအဖြစ်သို့ရောက်ပါက အဘယ်သို့ပြုမည်နည်း။ ယနေ့မှစ၍ သင်သည်တမာပင်၏ ခါးစပ်ခြင်းနှင့်တူသော အမျက်ဒေါသကိုပယ်၍သည်းခံခြင်း၊ သနားခြင်း၊ ချစ်ခင်ခြင်းနှင့်ပြည့်စုံစေရမည် ဟု ဆုံးမခဲ့ရာ ထိုအတိုင်းလိုက်နာ၍ ပြည်သူချစ်သောမင်း ဖြစ်ခဲ့ရသည်။

သည်းခံမှုနှင့်ပတ်သက်၍ ပုဏ္ဏာမထေရ်၏ နှလုံးသွင်းခံယူမှုသည် ကြည်ညိုဖွယ်ရှိပါ၏။ ကြမ်းတမ်းသော သုနာပရန္တတိုင်းသို့ကြွမည့် အရှင်ပုဏ္ဏကို ဘုရားရှင်က မည်သို့ကျင့်မည်နည်းဟု အဆင့်ဆင့်မေးတော်မူရာ အရှင်ပုဏ္ဏာမထေရ်က-

-မိမိကိုဆဲရေးပါက ထိုသူတို့သည် လူတော်လူကောင်းများဖြစ်၍ ဆဲရုံမျှ ဆဲ၏။ လက်သီးဖြင့်မထိုးပေ မထောင်းမထုပေ။

-ဤသူတို့သည် လူတော်လူကောင်းဖြစ်၏၊ လက်သီးဖြင့်သာ ထိုးထောင်းခြင်းပြု၏၊ ခဲဖြင့် မပစ်ပေ။

-တစ်ဖန် ခဲဖြင့်ထုလျှင် တုတ်ဖြင့်ရိုက်လျှင် ဓားဖြင့်ခုတ်လျှင် သေအောင်သတ်လျှင် စသည်ဖြင့် အဆင့်ဆင့်မေးရာ၌ အသက်ဆုံးအောင် သတ်ပါမူ ငါအားအရတော်လေစွ အရှင်ဂေါတမ အရှင်ဆန္ဒတို့က မိမိကိုယ်ကို ဓားဖြင့် ကိုယ်တိုင်သတ်ဖြတ်ရ၏။

ငါ့မှာမူကား အလွယ်တကူသေရပေ၏ ဟု နှလုံးသွင်းဆင်ခြင်ပါမည် ဟု လျှောက်ထားခဲ့သည်။

အချို့က သူတစ်ပါး ပြုလုပ်လာသော လွန်ကျူးမှုမှန်သမျှကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ပြန်လည်ဖြေရှင်းမှုမပြုဘဲ ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေခြင်းကို ခန္တီမင်္ဂလာဟု ထင်မှတ်တတ်၏။

အမှန်အားဖြင့် သူတစ်ပါးတို့က လွန်ကျူးလာခဲ့သော် ဒေါသဖြင့် မတုန့်ပြန်ရ၊ အမှန်တရားထင်ရှားစေရေးအတွက် နူးညံ့ပြေပြစ်စွာ ပြောဆိုမှုပြုအပ်၏။

အထူးအားဖြင့် အယူဝါဒတရားဓမ္မ ကိုယ်ကျင့်သိက္ခာစသည်တို့ဖြင့် စွပ်စွဲကဲ့ရဲ့လာပါက မှန်ကန်စွာ ဖြေရှင်းရန် တာဝန်ရှိပေသည်။ ဘုရားရှင်က ဤနည်းကို ဗြဟ္မဇာလသုတ်၌ဟောပြ နည်းပြပေးခဲ့ပါသည်။

ဘုရားရှင်ကို ဆဲရေးလာသော အက္ကောသဘာရဒွါဇပုဏ္ဏားကို ဘုရားရှင်က မိမိပေးသော လက်ဆောင်စားစရာ ပေးခံရသူက လက်မခံလျှင် ဘယ်သူထံပြန်ရောက်သနည်း ပေးသူထံသာပြန်ရောက်ပုံကိုဟောပြပြီး သင့်ကိုမဆဲရေးမခြိမ်းခြောက်သောငါအား သင်သည် ဆဲရေးခြိမ်းခြောက်၏။ သင်၏ ဆဲရေးခြိမ်းခြောက်မှုတို့ကို ငါလက်မခံချေ။ ထို့ကြောင့် ထိုဆဲရေးခြိမ်းခြောက်မှုများ သင့်ထံသို့ ပြန်ရောက်၏။ သင့်ပစ္စည်းသာ ဖြစ်၏။

လောက၌မိမိအားဆဲရေးသူ ချုပ်ချယ်သူ ရန်ပြုသူတို့ကို ပြန်လည်တုန့်ပြန်သူသည် ကျွေးမွေးဧည့်ခံသော ပစ္စည်းကို လက်ခံသူကဲ့သို့ အတူတကွစားသုံးသူ ဟုဆိုရ၏။ ငါတို့ကား သင်နှင့်အတူ စားဖေါ်စားဖက် မဟုတ်လျှင်တုံ့ပြန်ခြင်းလည်း မပြုကုန်။ ထို့ကြောင့် သင်၏ဆက်ဆံရေးမှုမှန်သမျှသည် သင့်ထံသို့ ပြန်ရောက်၏။ သင်ဥစ္စာသာဖြစ်၏ ဟု ဟောကြားပြသခဲ့သည်။

လောက၌ သတ္တဝါမှန်သမျှ သင့်လျော်ရာဝန်ကို ထမ်းဆောင်ရမြဲ ဖြစ်၏။ ဝန်ကို နိုင်နင်းစွာထမ်းဆောင်နိုင်ရန် သက်လုံကောင်းဖို့ လိုသည်။

- မောင်းထောင်ဆရာတော်ကြီးက အားသက်လုံပျက်သော နွားသည် အမြှုပ်ထွက်လွယ်သည်။ ဝန်မနိုင်။
- သဒ္ဓါသက်လုံးပျက်သူသည် မစ္ဆေရအမြှုပ်ထွက်လွယ်သည်၊ ဒါနဝန်ကို မနိုင်။
- မေတ္တာသက်လုံပျက်သူသည် ဒေါသအမြှုပ်ထွက်လွယ်သည်၊ ခန္တီဝန်ကို မနိုင်။
- အလောဘသက်လုံပျက်သူသည် ရာဂအမြှုပ်ထွက်လွယ်သည်၊ သမထဝန်မနိုင်။
- ဟိရိဩတ္တပ္ပသက်လုံပျက်သူသည် ကိလေသာအမြှုပ်ထွက်လွယ်သည်၊ သီလဝန်ကိုမနိုင် ဟုဆိုဆုံးမခဲ့သည်

ပံသကူကောက်သူသည် ခရီးလမ်းကြား၌ စွန့်ပစ်အပ်သော ပုဆိုးပိုင်းကို တွေ့မြင်သောအခါ စုတ်ပြတ်သောအရာကို အရေးမထား၊ ကောင်းမြတ်သောအရာကို ရွေးချယ်၍ ဆောင်ယူသကဲ့သို့လည်းကောင်း။

ရေမွတ်သိပ်သူသည် မှော်ရှိသော ရေအိုင်၌ မှော်ကိုဖယ်ရှား၍ ရေကို သောက်သုံးသကဲ့သို့ သူတစ်ပါး၏မကောင်းသော အပြုအမူ အကျင့်စရိုက်ကို နှလုံးမမူဘဲ ကောင်းသောအမူအကျင့်ကိုသာ ရှုကြည့်လျက် ခန္တီမင်္ဂလာ ပြည့်စုံအောင်ဖြည့်ကျင့်ရမည်ဖြစ်ပေသည်။

ရန်တုံ့မူသဖြင့် ရန်တို့သည် ငြိမ်းအေးမည်မဟုတ်ကုန်၊ သည်းခံ ခွင့်လွှတ်ခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းအေးကုန်၏။"

ဟုဗုဒ္ဓက ဟောခဲ့သည်။

## မဃာဒေဝလင်္ကာ၌

သည်းပွတ်မင်းပျို၊ ရန်မလိုနှင့်၊ ရန်လိုရန်ပို၊ ရန်မလိုက၊ ရန်ပြိုသတတ်၊ မှန်မချွတ်တည်း၊ ဗောဓိသတ်ပေါင်း၊ ဘုရားလောင်းကို၊ လမ်းကြောင်းမှန်စွာ၊ ကျင့်ရာဓမ္မ၊ ယွင်းမခွဘဲ၊ ချစ်စရှည်လို ၊ ရန်စတိုလျက်၊ ရန်ကိုမေတ္တာ၊ မင်းမှာလက်ဆောင်၊ ပြီးစီးကောင်း၏၊ လူဘောင်ရှေးက၊ ဆိုကြသောတိုင်း၊ ဉာဏ်ကရိုဏ်းဖြင့်၊ ရှုနှိုင်းရှည်တို၊ ခွဲပိုက်သို၍၊ မိတ်ကိုလေးမြတ်၊ ချစ်တည်မှတ်ကား။

ဟု ဆုံးမ ညွှန်ပြထားပါသည်။

ထို့ကြောင့် သာသနာပြုပုဂ္ဂိုလ်တို့သည် ခန္တီ၊ မေတ္တာ၊ ဒါန၊ သီလဘာဝနာ စသော ဝန်များကို ထမ်းဆောင်ရာ၌ သက်လုံကောင်းရင် ဤသို့ကျင့်ဆောင်ပါလေ။

# အခန်း (၄)

## သာသနာပြုပုဂ္ဂိုလ်တို့၏ အောင်မြင်ဘွယ်နှင့် အန္တရာယ်ကာကွယ် ဂါထာပရိတ်ပုတီးစိပ်များ ဂါထာ, ပရိတ်, ပုတီးစိပ်သင့်ပုံ

သာသနာပြုပုဂ္ဂိုလ်တို့သည် သီလစင်ကြယ်ခြင်း၊ မေတ္တာဘာဝနာပွားခြင်း၊ သည်းခံခြင်းစိတ်ဓာတ်များ မွေးမြူသလို မိမိလုပ်ငန်းဆောင်ရွက်မှုအောင်မြင်ရေး၊ အန္တရာယ်ကင်းဝေးစေရေး၊ သာသနာပြုလုပ်ငန်းများ မကြောင့်မကျ မတောင့်မတ ဘဝနှင့်ပြည့်စုံစွာ သာသနာပြုနိုင်ရေးအတွက် ပရိတ်, ဂါထာရွတ်ခြင်း၊ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ သမာဓိရရန်အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်ခြင်းတို့ကိုကျင့်ဝတ်တရား တစ်ခုအနေဖြင့် အမြဲမပြတ်ပြုလုပ် ရွတ်ဆိုပုတီးစိပ်သင့်ပါသည်။

မြတ်စွာဘုရားဟောကြားတော်မူထားသော တရားတော်များသည် သွက္ခာတာမေ္မာ စသောဂုဏ်တော်များနှင့် ပြည့်စုံသောတရားတော်များ ဖြစ်သည်။

ထို့ကြောင့် တရားတော်လာဂါထာများကို ရွတ်ပွားများလျှင် ဖြစ်စေ တရားတော်အတိုင်းလိုက်နာကျင့်သုံးလျှင်ဖြစ်စေ-အကာလိကော ဟူသော တရားဂုဏ်တော်အရ အခါမလင့်အကျိုးတရားများကို ရရှိနိုင်သည့်အပြင် သွက္ခတာ ဂုဏ်တော်နှင့်အညီ ကိုယ်စိတ်အပေါင်းအေးချမ်းမှု၊ မိမိသာသနာပြုလုပ်ငန်း၌ လူရောနတ်ပါကူညီစောင့်ရှောက်မှုများရပြီး အောင်မြင်မှုများရနိုင်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏တရားတော်များတွင် ကမ္မဝါစာနှင့် ပရိတ်တရားတော် တို့သည် မိမိတို့ဘဝအောင်မြင်ရေးနှင့်ဘေးရန်အပေါင်းကို အကာအကွယ်ပေး နိုင်သော ဖယ်ရှားပေးနိုင်သော အာဏာစက်များကို ရှိသကဲ့သို့ အခြားဂါထာ ပဌာန်း စသည်တို့၌လည်း ရွတ်ဆိုခြင်းကြောင့် ဖြစ်ပေါ်လာမည့်ရောဂါဘေးရန် များဖြစ်မလာခြင်း၊ ဖြစ်ဆဲရောဂါများပျောက်ကင်းခြင်း မိမိလုပ်ငန်းနှင့် မိမိဘဝ အဆင်ပြေအကျိုးပေးခြင်း စသော အကျိုးများရရှိခံစားပေးနိုင်ပါမည်။

သာသနာပြုပုဂ္ဂိုလ်ဟူသမျှတို့သည် မိမိတို့သာသနာပြုလျက်ရှိ ဘဝအခြေ အနေ-အန္တရာယ်ကင်းကင်း ဘေးရှင်းရှင်းနှင့်လုပ်နိုင်ရန်နှင့် အောင်မြင်အောင် လုပ်နိုင်ရန်အတွက် လိုအပ်သောအကာအကွယ်များကျင့်သုံးဆောက်တည်ရန် လိုအပ်ပါသည်။

ထိုအကာအကွယ် ကျင့်သုံးရန်မှာ ပရိတ်ဂါထာများ ရွတ်ပွားသရဇ္ဈာယ် ခြင်းနှင့် ပုတီးစိတ်ခြင်းတို့ ဖြစ်ပါသည်။

## ဘေးအန္တရာယ်ကင်းရန်

မိမိတို့သာသနာပြုရာဒေသတွင် ဘေးကင်းစွာ အန္တရာယ်ကင်းစွာ သာသနာပြုနိုင်ရန်အတွက် မိမိနှစ်သက်ရာ အချိန်ပေးနိုင်ရာ ယုံကြည်ရာ ဂါထာ ပရိတ်ရွတ်မှုနှင့် ပုတီးစိတ်မှုတို့ကို ယုံကြည်စွာ ပြုလုပ်ရန်လိုအပ်လှပါသည်။

## ဦးစွာပြုလုပ်ရန်အစီအစဉ်များ

၁။ ဘုရားရှိခိုးပါ။

၂။ သရဏဂုံနှင့်သီလဆောက်တည်ပါ(လူပုဂ္ဂိုလ်များ)

၃။ သမန္တာစက္ကဝါဠေသုဖြင့် နတ်များကိုပင့်ဖိတ်ပါ။

၄။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်များ ပူဇော်ပါ။

၅။ အရပ်(၈)မျက်နှာသို့ ပဋ္ဌာန်း(၂၄)ပစ္စည်း စည်းချပါ။

## ပဋ္ဌာန်းစည်းချပုံ

၁။ အရှေ့မြောက်ထောင့်(တနင်္ဂနွေ)

-ဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊

အရှေ့အရပ်(တနင်္လာ) =

-အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊

အရှေ့တောင်ထောင့်အရပ်(အင်္ဂါ)

-အညမည ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ နိပနိဿယ ပစ္စယော၊

တောင်အရပ်(ဗုဒ္ဓဟူး)

-ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊

အနောက်တောင်အရပ်(ရာဟု)

-ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော၊

အနောက်အရပ်(ကြာသပတေး)

-ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော၊

အနောက်မြောက်အရပ်(သောကြာ)

-သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊

မြောက်အရပ်(စနေ)

နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယော၊

F 24

၆။ ပဌာန်းပစ္စယ နိဒ္ဒေသကို ဆက်လက်ရွတ်ပွားပူဇော်ပါ။

၇။ ထို့နောက် သမ္ဗုဒ္ဓေဂါထာတော်(၉)ခေါက်ရွတ်ပါ။

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စသဟဿကေ
ပဉ္စသတသဟဿာနိ၊ နမာမိသိရသာမဟံ
အပ္ပကာ၊ ဝါဠုကာ၊ ဂင်္ဂါ အနန္တာ၊ နိဗ္ဗုတာဇိနာ
တေသံ ဓမ္မဉ္စ၊ သံဃဉ္စ၊ အာဒရေန နမာမဟံ
နမက္ကာရာနုဘာဝေန ဟိတွာ
သဗ္ဗေဥပဒ္ဒဝေ အနေကာ အန္တရာယာပိ
ဝိနဿန္တု အသေသတော

၈။ ထို့နောက် မိမိဘဝအတွက် အန္တရာယ်ကင်းဂါထာ၊ လုပ်ငန်း အောင်မြင်ဂါထာတို့ကို နှစ်သက်ရာ ယုံကြည်ရာဂါထာ ပရိတ်တို့ကို အဓိဋ္ဌာန်ပြု၍ (၉)ခေါက် (၁၀၈)ခေါက် စသည်ဖြင့် ရွတ်ပွားပါ။

၉။ ထို့နောက် အမျှဝေပြီး နတ်များဖြန့်ပို့ပါ။

၁၀။ ထို့နောက် မိမိကြိုက်နှစ်သက်ရာ ဂါထာဂုဏ်တော်ကို အန္တရာယ်ကင်းရန်နှင့်လုပ်ငန်းအစဉ်ပြေစေရန် အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်ပါ။

## အန္တရာယ်ကြား သာသနာပြုသွားပုဂ္ဂိုလ်တို့၏ အန္တရာယ်ကင်းပရိတ်တော် (ဓာရဏပရိတ်)

ဗုဒ္ဓါနံဇီဝိတဿ နသက္ကာ ကေနစိအန္တရာယောကာတုံ တထာ မေ ဟောတု

၁။ အတီတံသေ၊ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ

ကမ္မေဟိ တိဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

၄။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏာနုပရိဝတ္တံ

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏာနုပရိဝတ္တံ

၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏာနုပရိဝတ္တံ

ဣမေဟိဆဟိ ဓမ္မေဟိသမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

၇။ နတ္ထိ ဆန္ဒဿ ဟာနိ

၈။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ

၉။ နတ္ထိ ဝီရိယဿ ဟာနိ

၁၀။ နတ္ထိ သမာဓိဿ ဟာနိ

၁၁။ နတ္ထိ ပညာယ ဟာနိ

၁၂။ နတ္ထိ မုတ္တိယာ ဟာနိ

ဣမေဟိဒွါဒသဟိ ဓမ္မေဟိသမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

၁၃။ နတ္ထိ ဒဝါ

၁၄။ နတ္ထိရဝါ

၁၅။ နတ္ထိ အဖုဋ္ဌံ

၁၆။ နတ္ထိ ဝေဂါယိတတ္တံ

၁၇။ နတ္ထိ အဗျာဝဋမနော

၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

နမောသတ္ထာနံ၊ သမ္မာသမ္ဗုဒ္ဓါနံ၊

- ဘုရားရှင်တို့၏အသက်အန္တရာယ်ကို တစ်စုံတစ်ယောက်သောသူမျှ မပြု လုပ်နိုင်သလို ကျွန်ုပ်အားလည်း အလားတူ ဖြစ်ပါစေ။

၁။ ဘုရားရှင်၏ဉာဏ်တော်သည် အတိတ်ကာလ၌ အပိတ်အပင် အတား အဆီးမရှိ၊

၂။ ဘုရားရှင်ဉာဏ်တော်သည် အနာဂါတ်ကာလ၌အပိတ်အပင် အတားအဆီးမရှိ၊

၃။ ဘုရားရှင်ဉာဏ်တော်သည် ပစ္စုပ္ပန်ကာလ၌အပိတ်အပင် အတားအဆီးမရှိ၊

ဤဂုဏ်တော်သုံးပါးတို့နှင့်ပြည့်စုံတော်မူသော ဘုရားရှင်၏-

၄။ ကာယကံမှု အားလုံးသည် ဉာဏ်တော်ပြဋ္ဌာန်း၏၊ ဉာဏ်တော်နှင့်အမြဲယှဉ်၏။

၅။ ဝစီကံမှု အားလုံးသည် ဉာဏ်တော်ပြဋ္ဌာန်း၏၊ ဉာဏ်တော်နှင့် အမြဲယှဉ်၏။

၆။ မနောကံအားလုံးသည် ဉာဏ်တော်ပြဋ္ဌာန်း၏၊ ဉာဏ်တော်နှင့် အမြဲယှဉ်၏။

၇။ သတ္တဝါတို့အား တရားဟောပြောလိုသော ဆန္ဒတော်သည် ဆုတ်ယုတ်ခြင်းမရှိ၊

၈။ တရားဟောပြောခြင်း၏ ဆုတ်ယုတ်ခြင်းသည်မရှိ၊

၉။ ဝိရိယဓာတ်၏ ဆုတ်ယုတ်ခြင်းသည်မရှိ၊

၁၀။ သမာဓိတရား၏ ဆုတ်ယုတ်ခြင်းမည်သည်မရှိ၊

၁၁။ ပညာတရား၏ ဆုတ်ယုတ်ခြင်းမည်သည်မရှိ၊

၁၂။ အရဟတ္တဖိုလ်(ဖကသမာပတ်) ဝင်စားခြင်းမှ ဆုတ်ယုတ်ခြင်းသည်မရှိ၊

ဤဂုဏ်တော်တစ်ဆဲ့နှစ်ပါးနှင့်ပြည့်စုံတော်မူသော ဘုရားရှင်အား-

၁၃။ ရယ်မြူးလို၍ ပြုမူပြောဆိုခြင်းမရှိ၊

၁၄။ သတိလွတ်ကင်း ချွတ်ယွင်းစွာပြုလုပ်ပြောဆိုခြင်းမည်သည်မရှိ၊

၁၅။ ဉာဏ်တော်ဖြင့် မတွေ့ထိ မသိအပ်သောအရာ မည်သည်မရှိ၊

၁၆။ ဉာဏ်တော်ဖြင့် မဆင်မခြင်ဘဲ အဆောတလျင်ပြုသော အမှုကိစ္စသည်မရှိ။

၁၇။ ကြောင့်ကြဖြစ်သော စိတ်နှလုံးသည်မရှိ။

၁၈။ ဉာဏ်တော်ဖြင့် မဆင်မခြင်နိုင်၍ လျစ်လျူရှုရသော အရာဟူ၍ မရှိ။

ဤ(၁၈)ပါးမြတ်တရားတို့နှင့်ပြည့်စုံတော်မူသော ဘုရားရှင်အားလည်းကောင်း၊ ဝိပဿီစသော ပွင့်တော်မူပြီးသောဘုရား(၇)ဆူကိုအား လည်းကောင်း ရှိခိုးပါ၏ဘုရား။

## အသက်ရှည်ဆက်-အန္တရာယ်ကင်းစေသော ဂါထာတော်

## နာညတြဂါထာ

အမိဌာန်နှင့်မှန်မှန်ရွတ်ပါ၊ အိပ်ရာဝင်အိပ်ရာထ ရွတ်ပါ။ အိပ်ရာဝင်ရွတ်သည်အတွက် တစ်ညလုံးဘေးကင်းပြီး ချမ်းသာစွာအိပ်ရသည်၊ အိပ်ရာစရွတ်သည်အတွက် အန္တရာယ်ကင်းပြီး စီးပွားချမ်းသာမင်္ဂလာတိုးတက်သည်။

မိမိ၏လက်ဖဝါး၏လက္ခဏာ၌ အာယုလမ်းကြောင်းမကောင်းသူများ အသက်မတိုရအောင် ဤဂါထာကို ယုံယုံကြည်ကြည်ဖြင့် အမြဲရွတ်ပါက အသက်ရှည်ပါသည်။

"နာညတြ ဗောဇ္ဈာ တပသာ၊နာညတြိန္ဒြိယသံဝရာ
နာညတြသဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ"

ဗောဇ္ဈတပသာ၊ ဗောဇ္ဈင်ခုနှစ်ပါးမြတ်တရားကို၊ အညတြ၊ တြဉ်ထား၍၊ ·ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိံ-ချမ်းသာရာချမ်းသာခွင့်ကို အဟံ၊ ငါဘုရားသည် နပဿာမိ- မြင်တော်မမူပါ၊ ဣန္ဒြိယသံဝရာ၊ မျက်စိစသောဣန္ဒြေခြောက်ပါး၊ စောင့်ထိန်းနေခြင်းကို၊ အညတြ ကြဉ်ထား၍ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိံ-ချမ်းသာရာချမ်းသာခွင့်ကို၊ အဟံ-ငါဘုရားသည်၊ နပဿမိ-မြင်တော်မမူ၊ သဗ္ဗနိဿဂ္ဂါ -အလုံးစုံသော တပ်နှစ်သက်ခြင်းတို့၏ ကင်းရာအမှန်မြတ်နိဗ္ဗာန်ကို အညတြ-ကြဉ်ထား၍၊ ပါဏိနံ၊ သတ္တဝါတို့၏၊ သောတ္ထိံ-ချမ်းသာရာ ချမ်းသာခွင့်ကို၊ အဟံ- ငါဘုရားသည်၊ နပဿာမိ-မြင်တော်မမူ။

(နတ်သက်ကြွေကာနီး စိုးရိမ်တကြီးလာလျှောက်ထားသော သူပြဟ္မာ နတ်သားကို ဘုရားရှင်ဟောကြားထားသောတရားဂါထာ ဖြစ်သည်။ နတ်သားသည် ထိုတရားဂါထာနာပြီး သောတာပန်အရိယာ ဖြစ်သွားပြီ၊ အပါယ်ဘုံဘေးမှ ကင်းဝေးကာ အသက်ရှည်စွာ နတ်စည်းစိမ်ကို ခံစားသွားရသည်။

## အသက်အန္တရာယ်နှင့် ကြုံတွေ့ရသောအခါ ရွတ်ဆိုရသော အင္ဂုလိမာလပရိတ်ဂါထာ

ဤဂါထာသည် အသက်အန္တရာယ်နှင့်ပတ်သက်သော ကိစ္စမျိုးတွင် အထူး အားကိုးရသော ဗုဒ္ဓဟောကြားထားသော ဂါထာမန္တန် ဖြစ်သည်၊ အသက် အန္တရာယ်နှင့်နီးကပ်စွာအလုပ်လုပ်၍နေရသော ပုဂ္ဂိုလ်များသည် နံနက်အိပ်ရာထ အာခံတွင်းသန့်ရှင်းပြီးလျှင် ပြီးချင်း ဤဂါထာကို(၉)ခေါက်၊ အလုပ်ခွင်(သို့မဟုတ်) အိမ်မှစ, ထွက်လျှင်(၉)ခေါက် မပျက်မကွက် ရွတ်သင့်သည်။

"အဌာနမေတံဘိက္ခဝေ၊ အနဝကာသော
ယံပစ္စုပက္ကမေန တထာဂတံဇီဝိတာ ဝေါရောပေယျ
ဧတေနသစ္စဝဇ္ဇေန အန္တရာယော မေ ဝိနဿတု"

ဘိက္ခဝေ-ရဟန်းတို့၊ ပစ္စုပက္ကမေန- သူတစ်ပါး၏လုံ့လပယောဂဖြင့်၊ တထာဂတံ-မြတ်စွာဘုရားကို၊ ဇီဝိတာ-အသက်မှ၊ ယံဝေါရောပေယျ-အကြင်ကြောင့် ချနိုင်ရာ၏၊ ဧတံဌာနံ-ဤသို့သူတစ်ပါးလုံ့လပယောဂဖြင့် ဘုရားရှင်ကို အသက်မှ ချနိုင်ရာသောအကြောင်းသည်၊ အဌာနံ-အကြောင်းမဟုတ်၊ ဧသော-ဤသို့မြတ်စွာ ဘုရားအား သူတစ်ပါးလုံ့လ ပယောဂဖြင့် အသက်မှချနိုင်ရာသောအခွင့်သည်၊ အနဝကာတေ-အခွင့်မဟုတ်၊ အရာမဟုတ်ပေ၊ ဧတေနသစ္စဝဇ္ဇေန-ဤမှန်ကန် သောသစ္စာစကားကြောင့်၊ မေ-တပည့်တော်အား အန္တရာယော-အန္တရာယ်မျိုးစုံ တို့သည်၊ ဝိနဿတု -ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ ကင်းပျောက်ပါစေ သတည်း။

## အခက်အခဲမှလွတ်မြောက်စေသော နမောတေဂါထာတော်

မိမိ၌အခက်အခဲကြုံတွေ့ရသော်-ထိုအခက်အခဲမှ လွတ်မြောက်ချမ်းသာစေရန် နမောတေဂါထာကို အဓိဋ္ဌာန်ပြီး(၉)ခေါက်၊ (၁၀) ခေါက် (၁၀၀၀)စသည်ဖြင့်ရွတ်ပွားပါ။ ညဉ့်စဉ်ဘုရားရှိခိုးတိုင်းလည်း ရွတ်ပါ၊ အခက်အခဲ အနှောက်အယှက်အမျိုးမျိုးမှ ကင်းလွတ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေနိုင်ပါသည်။

"နမောတေ ဗုဒ္ဓဝီရတ္ထု ဝိပ္ပမုတ္တောသိသဗ္ဗဓိ

သမ္ဗာဓာပဋိပန္နောသ္မိ၊ တဿ မေ သရဏံဘဝ"

ဝီရ-လုံ့လနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်၊ တေ-အရှင်ဘုရားအား၊ မေ-တပည့်တော်၏၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-မုချယုံကြည်ဖြစ်ပါစေသတည်း။ ဗုဒ္ဓ-အလုံးစုံကိုသိတော်မူသော မြတ်စွာဘုရား၊ တွံ-အရှင်ဘုရားသည်၊ သဗ္ဗဓိ-ခေတ်ကာလအလျှောက်ပေါ်ပေါက်တတ်သော အန္တရာယ်အဝဝမှ၊ ဝိပ္ပမုတ္တော-ပါရမီတန်ခိုးဖြင့် ပယ်ချိုးသဖြင့် လွယ်လင့်တကူ ကင်းလွတ်တော်မူပါသည်၊ အသိ-ဖြစ်တော်မူပါပေ၏ဘုရား၊ အဟံ-ဘုရားရှင်ကို နေ့စဉ်ပူဇော်သောတပည့်တော်သည်မူကား၊ သမ္ဗာဓာပဋိပန္နော-ကျဉ်းမြောင်းခက်ခဲ၊ ဆင်းရဲအကွင်းသို့သက်ဆင်းကျရောက်နေရပါသည်။ အသ္မိ- ဝဋ်မကင်းသဖြင့် ညွတ်ကွင်းပမာမှန်စွာဖြစ်နေရပါ၏ဘုရား၊ တွံ-ကရုဏာကြီးမား ရှင်တော်ဘုရားသည်၊ တဿမေ-ထိုတပည့်တော်၏၊ သရဏံ-ဘေးရန်ကင်းပ၊ ချမ်းသာရကြောင်းမြတ်သောပုန်းအောင်းမှီခိုရာသည်၊ ဘဝ-ကရုဏာမိုး၊ သွန်းကားဖြိုးလျက်၊ နှစ်သက်ကြည်ဖြူဖြစ်တော်မူပါဘုရား။

## ကြမ်းတမ်းသောနေရာ၌ အနာရောဂါမကပ်ရောက်စေနိုင်သော ရတနတ္တယာနုဘာဝဂါထာတော်

"ရတနတ္တယာနုဘာဝေန မမကာယေ
သဗ္ဗရောဂေါ၊ သဗ္ဗသောကော
သဗ္ဗအန္တရာယော၊ ခိပ္ပံ ဝိနဿန္တု
သဗ္ဗဝေရိနော၊ အမုမှိကြကာသေ
တိဋ္ဌာဟိ တိဋ္ဌာဟိ တိဋ္ဌာဟိ"

ရတနတ္တယာနုဘာဝေန-ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ အာနုဘော်အစွမ်းဖြင့်၊ မမကာယေ- ကျွန်ုပ်၏ကိုယ်၌၊ သဗ္ဗရောဂေါ အလုံးစုံသော ရောဂါသည်၊ သဗ္ဗသောကော-အလုံးစုံသော စိုးရိမ်မှု သည်၊ သဗ္ဗအန္တရာယော- အလုံးစုံသော အန္တရာယ်သည်၊ ခိပ္ပံ-လျှင်မြန်စွာ၊ ဝိနဿန္တု-ကင်းပျောက်ပါစေသတည်း၊ သဗ္ဗဝေရိနော-အလုံးစုံသော ရန်သူတို့သည်၊ အမုမှိကြကာသေ- ဤမည် ဤမည်သော အရပ်၌ တိဋ္ဌာဟိ-တည်နေပါစေ၊ တိဋ္ဌာဟိ-တည်နေပါစေ၊ တိဋ္ဌာဟိ-တည်နေပါစေ။

ဤဂါထာကိုဘုရားရှိခိုး၊ မေတ္တာပို့ပြီးတိုင်း (၅)ခေါက်သော်လည်းကောင်း (၇)ခေါက်သော်လည်းကောင်း (၉)ခေါက်သော်လည်းကောင်း ယုံကြည်စွာရွတ်ပွား ပေးပါက၊ ကျရောက်လတ္တံ့သော အန္တရာယ်တို့သည် ဝေးကွာဖယ်ရှားပေးပါသည်။

## (ခ) မိမိလုပ်ငန်းအောင်မြင်ရန်

း သာသနာပြုလုပ်ငန်းဆောင်ရွက်နေကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ သာသနာပြုလုပ်ငန်းများ၊ ကျောင်းစသော အဆောက်အဦးများ၊ စေတီပုထိုး တည်မှုများ၊ ပစ္စည်းလေးပါးပြည့်စုံများ၊ အထူးသဖြင့် မိမိ၌ထောက်ပံ့လှူဒါန်းသူ များပေါများပါမှ မိမိလုပ်ငန်းအောင်မြင်ပါမည်။

သို့အတွက်သာသနာပြုပုဂ္ဂိုလ်တို့သည် မိမိပတ်ဝန်းကျင်ရှိ ဘုမ္မစိုး ရုက္ခစိုး စသောနတ်များက ရှင်သီလဝီမထေရ်ကဲ့သို့ ချစ်မြတ်နိုးစေရန် ဒကာ-ဒကာမတို့

ချစ်ခင်မြတ်နိုးလေးစားပြီး ထောက်ပံ့လှူဒါန်းနိုင်ရန် ရွတ်ပွားသင့်သော ဂါထာ၊ ပရိတ်၊ ပဋ္ဌာန်းနှင့်ပုတီးစိပ်မှုတို့ကို အမိဋ္ဌာန်ထားပြီး ယုံယုံကြည်ကြည်နှင့် ပြုလုပ်ဆောင်ရွက်ကျင့်ကြရန် လိုအပ်လှပါသည်။

သာသနာပြုပုဂ္ဂိုလ်တို့သည်-

၁။ အနည်းဆုံး သရဏဂုံ(၃)ပါးရွတ်ပွားမှုနှင့် ပုတီးစိပ်ရန်

၂။ ဂုဏ်တော်(၉)ပါး ပုတီးစိပ်ရန်
(ကိုးပါးလုံးမတတ်နိုင်က- သိဒ္ဓိဘဂဝါ (၉)ခေါက်၊ နံနက်ပိုင်း သိဒ္ဓိအရဟံ (၉)ခေါက်၊ ညနေပိုင်း-ပုတီးစိပ်ပါ။

၃။ သို့မဟုတ်သင့်တော်သောဂါထာ၊ ပရိတ်ကိုအမိဋ္ဌာန်ဝင်ပြီး ယုံယုံကြည်ကြည်နှင့် ရွတ်ပါ- ပုတီးစိပ်ပါ။
(အထူးသဖြင့် ရတနာသုတ်-မေတ္တာသုတ်-အာဋာနာဋိယသုတ်များ နေ့စဉ်ရွတ်ပွားပါ)

## လာဘ်ပူဇော်သက္ကာရကိုဖြစ်စေသော ရှင်သီလဝီဂါထာတော်

၁။ **သီဝလိစ မဟာနာမံ၊ သဗ္ဗလာဘံ ဘဝိဿတိ**
**ထေရဿ အာနုဘာဝေန၊ သဗ္ဗေ ဟောန္တု ပိယံ မမ၊**

မဟာနာမ- ကြီးမြတ်သော အမည်ရှိသော၊ သီဝလိစ-ရှင်သီဝလိမထေရ်သည်လည်း၊ သဗ္ဗလာဘံ-အလုံးစုံသော လာဘ်ပူဇော်သက္ကာရ ဟူသမျှကို၊ ဘဝိဿတိ-ဖြစ်စေလတ့်၊ ထေရဿ-ရှင်သီဝလီ မထေရ်မြတ်၏၊ အာနုဘာဝေန-တန်ခိုးတေဇော်အာနုဘော်ကြောင့်၊ သဗ္ဗေ-ခပ်သိမ်း ကုန်သောလူတို့သည်၊ မမ-ကျွန်ုပ်အား၊ ပိယံ(ပိယာ)-မေတ္တာသက်ဝင် ချစ်ခင်ကြကုန်သည်၊ ဟောန္တု-ဖြစ်ကြစေကုန်သတည်း။

၂။ သီဝလိစမဟာဝီရော၊ ယေယေ ပဿန္တု မံ ပိယံ

တေတေ ပဿန္တု ပရမံ၊ ဇနပဒံ ပူဇယန္တု

သီဝလိ-ရှင်သီဝလိမထေရ်မြတ်သည်၊ မဟာဝီရောစ-ကြီးမြတ်သောရဲရင့်ခြင်းလည်းရှိတော်မူ၏၊ တဿ-ထိုရှင်သီဝလိမထေရ်၏၊ တေဇေန-တန်ခိုးတော်အားဖြင့်၊ ယေယေ-အကြင်အကြင်သူတို့သည်၊ မံ-ကျွန်ုပ်ကို၊ ပိယံ-ချစ်ချစ်ခင်ခင်၊ ပဿန္တု-ရှုမြင်ကြစေကုန်သတည်း၊ တေတေ-ထိုသူတို့သည်၊ ပရမံ-ထူးမြတ်လှစွာ၊ ပဿန္တု-ရှုကြည့်စေကုန်သတည်း၊ ဇနပဒံ-ဇနပုဒ်နေသူများ ဗိုလ်လူတို့သည်၊ ပူဇယန္တု- ပူဇော်လာကြစေကုန်သတည်း။

၃။ သီဝလိစမဟာထေရော၊ မမသီသေဌပေတွာန

ဇမ္ဗူဒီပမဏ္ဍလေန၊ ဇယောမန္တာသုခါဝဟာ၊

မဟာထေရော-ကြီးမြတ်သောမထေရ်တစ်ပါးဖြစ်တော်မူသော သီဝလိစ-ရှင်သီဝလိမထေရ်မြတ်သည်လည်း၊ မမ-ကျွန်ုပ်၏၊ သီသေ- ဦးခေါင်းရတနာမြတ်အင်္ဂါ၌၊ ဌာတု-တည်ပါစေသတည်း၊ ဌပေတွာန- ဤသို့တည်နေသောကြောင့်၊ ဇမ္ဗူဒီပမဏ္ဍလေန-ဇမ္ဗူဒိပ်ကျွန်းအဝန်း နှင့်အမျှ၊ ဇယော-အောင်မြင်ခြင်းသည်၊ ဟောတု-ဖြစ်ပါစေတည်း၊ မန္တာ-အောင်မြင်ကြောင်းမှန် ဂါထာမန္တန်တို့သည် သုခါဝဟာ-ချမ်းသာကိုဆောင်ကြသည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

၄။ သီဝလိစ မဟာနာမံ၊ ဣန္ဒာဒေဝါသဗြဟ္မဏာ

မနုဿပုရိသော ဣတ္ထိ၊ မဟာလာဘံ ဘဝိဿတိ၊

မဟာနာမံ-ကြီးမြတ်သောနာမရှိတော်မူသော၊ သီဝလိစ-သီဝလိမထေရ်သည်လည်း အတ္ထိ-ရှိတော်မူ၏၊ တဿာနုဘာဝေန-ထိုရှင်သီဝလိမထေရ်၏အစွမ်းအာနုဘော်ကြောင့်၊ ဗြဟ္မဏာ-ဗြဟ္မာနှင့်တကွဖြစ်ကုန်သော၊ ဣန္ဒာဒေဝါစ-သိကြား, နတ်တို့သည်လည်းကောင်း၊ မနုဿပုရိသောဣတ္ထိစ-လူယောကျာ်းလူမိန်းမတို့သည်လည်းကောင်း၊ မဟာလာဘံ-ကြီးစွာသောလာဘ်သပ္ပကာကို၊ ဘဝိဿတိ-ရသည်ဖြစ်လတဲ့သတည်း။

၅။ သီဝလိစမဟာလာဘံ၊ နာနာဒေတိ ဝရံဝရံ
ဣဒ္ဓိမ္ပိ ပူဇိတံဒေတိ၊ မဟာသုခံဘဝိဿတိ

သီဝလီ- ရှင်သီဝလိမထေရ်မြတ်သည်၊ ဝရံ-တောင့်တအပ်မြတ်သော၊ မဟာလာဘံ-လာဘ်လာဘအများအပြားကို၊ နာနာ-အမျိုးမျိုး၊ ဒေတိ-ပေးတတ်၏၊ ဝရံ-မြတ်သော၊ ဣဒ္ဓိမ္ပိပူဇိတံ-ပူဇော်အပ်သော ပစ္စည်းဝတ္ထုများကိုလည်း၊ ဒေတိ-ပေးတတ်၏၊ တေ-ထိုရှင်သီဝလိမထေရ်၏ဘုန်းတော်ကြောင့်၊ မဟာသုခံ-ကြီးမြတ်သောချမ်းသာသည် ဘဝိဿတိ-ဖြစ်ပေလတ့်။

၆။ ဝဏ္ဏံ ဒန္တံ နရာကိတ္တိ၊ အာဏာမယှံ ဘဝေဘဝေ
တာဝရက္ခေရာဇမိတာ၊ သဗ္ဗေ ကာမံ ဝိနဿန္တု

ဘန္တေ-ရှင်သီဝလိမထေရ်အရှင်ဘုရား၊ တေ-အရှင်ဘုရား၏၊ ဝဏ္ဏံ-အဆင်းတော်သည်လည်းကောင်း၊ ဒန္တံ-ယဉ်ကျေးသိမ်မွေ့တော်မူပုံသည်လည်းကောင်း၊ နရာတိတ္တိ-လူတို့အားမရောင့်ရဲစေနိုင်ပါ၊ တဝ-အရှင်ဘုရား၏၊ ရက္ခေ-ရက္ခမူကျောင်း၌၊ ရာဇမိတာ-ရက္ခစိုးနတ် သမီးသည်၊ ရက္ခတု-စောင့်ရှောက်လျှုမြပါစေသတည်း၊ သဗ္ဗေ-ခပ်သိမ်းကုန်သောသတ္တဝါတို့သည်၊ ကာမံ-အမျက်ဒေါသကို၊ ဝိနဿန္တု- ပယ်ဖျောက်နိုင်ကြပါစေသတည်း၊ မယှံ-ကျွန်ုပ်၏၊ အာဏာ-အာဏာစက်သည်လည်း၊ ဘဝေ-ဖြစ်လိုရာ၌၊ ဘဝေ-ဖြစ်ပါစေသတည်း။

၇။ သီဝလိစ မဟာလာဘံ၊ သဗ္ဗလာဘံဘဝိဿတိ
ထေရဿ အာနုဘာဝေန၊ သဒါ ဟောတုပိယံမမ

သီဝလိစ-ရှင်သီဝလိမထေရ်မြတ်သည်လည်း၊ မဟာလာဘံ- ကြီးမြတ်သောလာဘ်ရှိတော်မူပါ၏၊ မမ-ကျွန်ုပ်အား၊ သဗ္ဗလာဘံ-ခပ်သိမ်းသောလာဘ်တို့သည်၊ ဘဝိဿတိ-ဖြစ်ပေလတ့်၊ ထေရဿ- ရှင်သီဝလိမထေရ်၏၊ အာနုဘာဝေန-တန်ခိုးတေဇော်အာနုဘော်ကြောင့်၊ သဒါ-အခါခပ်သိမ်း၊ မမ-ကျွန်ုပ်အား၊ ပိယံ-လူအပေါင်းတို့က ချစ်မြတ်နိုးအပ်သည်၊ ဟောတု-ဖြစ်ပါစေသတည်း။

၈။ သီဝလိစ မဟာထေရော ယေယေပဿန္တု မံပိယံ

တေတေပဿန္တု မံပိယံ၊ ဇနပဒံ ပူဇိဿန္တိ

သီဝလိစ-ရှင်သီဝလိမထေရ်မြတ်သည်လည်း မဟာထေရော-ကြီးမြတ်သောမထေရ်တစ်ပါးဖြစ်တော်မူ၏၊ တဿ-ရှင်သီဝလိ မထေရ်မြတ်၏၊ အာနုဘာဝေန-တန်ခိုးတေဇော်အာနုဘော်ကြောင့်၊ယေယေ-အကြင်အကြင်သူတို့သည်၊ မံ-ကျွန်ုပ်ကို၊ ပိယံ-နှစ်နှစ်သက်သက်၊ ပဿန္တု- ကြည်မြင်ကြပါစေကုန်သတည်း။ ဇနပဒံ- ဇနပုဒ်နေ-ပြည်သူအပေါင်း သည်-ပူဇိဿန္တိ-ပူဇော်ကြကုန်လတ့်။

၉။ သီဝလိစမဟာထေရော၊ မမသီသေ ဌပေတွာန

မန္တတေဇယောမန္တံအဟံဝန္ဒာမိ သဗ္ဗဒါ

မဟာထေရော-မဟာထေရ်မြတ်ဖြစ်တော်မူသော သီဝလိစ-ရှင်သီဝလိရမာန္တာမထေရ်မြတ်သည်လည်း၊ မမ-ကျွန်ုပ်၏၊ သီသေ- ဦးခေါင်းရတနာ၌၊ ဌာတု-တည်ပါစေသတည်း၊ ဌပေတွာန-တည်နေပြီး၍၊ မန္တ တေဇယောမန္တံ၊ အောင်အပ်သောမန္တန်ကိုပေးတတ်သော၊ တံ-ထိုထေရ်ရှင်သီဝလိကို၊ အဟံ-ကျွန်ုပ်သည်၊ သဗ္ဗဒါ-အမြဲမပြတ်၊ နမာမိ- ရှိခိုးပါ၏ဘုရား။

၁၀။ သီဝလိစ မဟာထေရော၊ ဒေဝမနုဿ ပူဇိတော

သောရဟောပစ္စယာဒီနံ၊ မဟာလာဘံကရောတုမေ

ဒေဝမနုဿပူဇိတော-နတ်လူတို့သည် ပူဇော်အပ်သော၊ ပစ္စယာ ဒီနံ-ပစ္စည်းလေးပါးအစရှိသော ပူဇော်အထူးတို့ကိုရသော-ခံယူတော်မူထိုက်သော၊ သီဝလိမဟာထေရော- ထိုအရှင်သီဝလိမဟာထေရ် မြတ်သည်၊ မမ-ကျွန်ုပ်အား၊ မဟာလာဘံ-လာဘ်ပေါများခြင်းကို၊ ကရောတု-ပြုတော်မူပါစေသတည်း။

ဤရှင်သီဝလိဂါထာတော်ကို (၁၀)ပုဒ်လုံးရွတ်ဆိုနိုင်မှုမရှိက (၁) (၂) (၉)ကို နေ့စဉ်ရွတ်ပွားပေးပါ။ ဤဂါထာတော်များကို နေ့စဉ် ရွတ်ပွားပူဇော်ပါက အကျိုးထူးများတိုးတက်ရရှိနိုင်ပါသည်။

## သာသနာပြု-လယ်တီဆရာတော်ဘုရားကြီး၏ မဟာသရဏဂုံဂါထာတော်ကြီး

မိမိတို့၏စီးပွားရေး၊ ကြီးပွားရေး၊ မိမိလုပ်နေသောလုပ်ငန်း အောင်မြင်ရေးအတွက် ဤမဟာသရဏဂုံကြီးကို နံနက်တစ်ခေါက်၊ ညတစ်ခေါက်ပုံမှန် ရွတ်ပွားသရဇ္ဈာယ်ရပါမည်။

အချိန်ရပါက(၇)ခေါက်အမိဋ္ဌာန်ဝင်၍ ရွတ်ပွားသရဇ္ဈာယ်သင့်သည်ဟု ဆိုပါသည်။

၁။ ဗုဒ္ဓံသရဏံဂစ္ဆာမိ

ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါဘဂဝါ၊

နတ္ထိမေသရဏံ အညံ ဗုဒ္ဓေါမေ သရဏံဝရံ

ဧတေန သစ္စဝဇ္ဇေန- ဟောတုမေဇယမင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ

၂။ ဓမ္မံသရဏံ ဂစ္ဆာမိ

သွာက္ခာတော ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗော၊ ဝိညူဟိတိ

နတ္ထိ မေ သရဏံအညံ၊ ဓမ္မော မေ သရဏံဝရံ

ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇယမင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေသုခဝဍ္ဎနံ

၃။ သံဃံသရဏံ ဂစ္ဆာမိ

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

ဥဇုပ္ပဋိပန္နောပန္နော ဘဂဝတော သာဝက သံဃော

ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသဘဂဝတော သာဝက သံဃော၊ အာဟုနေယျော၊ ပါဟုနေယျော
ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံပုည ခေတ္တံ
လောကဿာတိ၊

နတ္ထိမေသရဏံ အညံ၊ သံဃောမေသရဏံ ဝရံ
ဧတေနသစ္စဝဇ္ဇေန၊ ဟောတုမေဇယမင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ

၄။ သမာဓိယိံ ပဉ္စသီလံ အဋ္ဌင်္ဂမ္ပိ သုဒေသိတံ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ

၅။ နဇီဝိတန္တရာယောပိကာတုံ၊ ဗုဒ္ဓဿကေနစိ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ

၆။ နဉာဏန္တရာယောပိကာတုံ၊ ဗုဒ္ဓဿ ကေနစိ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ

၇။ နရသ္မိအန္တရာယောပိကာတုံ၊ ဗုဒ္ဓဿ ကေနစိ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ

၈။ ဗုဒ္ဓေါအဘာဗ္ဗကာယောပိ နတ္ထိလောဟိတ သုဒန်
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ

၉။ သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ၊ သံသယော နတ္ထိသဗ္ဗဒါ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ ဟောတုမေ သုခဝဍ္ဎနံ

၁၀။ သဒ္ဓါမေ ဓမ္မ သေဋ္ဌမှိ၊ သံသယော နတ္ထိသဗ္ဗဒါ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ

၁၁။ သဒ္ဓါမေ သံဃ သေဋ္ဌမှိ၊ သံသယော နတ္ထိသဗ္ဗဒါ
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ
ဟောတုမေ သုခဝဍ္ဎနံ

၁၂။ နတ္ထိမေ သရဏံ အညံ၊ ဗုဒ္ဓေါမေ သရဏံ ဝရံ
ဧတံသရဏံဥပေမိ၊ မယိကာဠီ နဝိဇ္ဇတိ
ဧတေနသစ္စဝဇ္ဇေန၊ ပဝဿန္တု မေ သတ္တရတနာ

၁၃။ နတ္ထိမေ သရဏံ အညံ၊ ဓမ္မောမေ သရဏံ ဝရံ
ဧတံသရဏံဥပေမိ၊ မယိကာဠီ နဝိဇ္ဇတိ
ဧတေနသစ္စဝဇ္ဇေန၊ ပဝဿန္တု မေ သတ္တရတနာ

၁၄။ နတ္ထိမေ သရဏံ အညံ၊ သံဃောမေ သရဏံ ဝရံ
ဧတံသရဏံဥပေမိ၊ မယိကာဠီ နဝိဇ္ဇတိ
ဧတေနသစ္စဝဇ္ဇေန၊ ပဝဿန္တု မေ သတ္တရတနာ

(အနက်အဓိပ္ပါယ် သိသာလွယ်ကူ၍ စာအုပ်စာတမ်းလည်း ပေါ်ပါသည်)

လယ်တီဆရာတော်ဘုရားကြီးသည် မြန်မာပြည်အနှံ့သာသနာပြုလုပ်ငန်းများဆောင်ရွက်ရာ၌ မိမိကိုယ်တိုင်လည်း တစ်နေ့(၇)အုပ်၊ (၉)အုပ် ရွတ်ဖတ်ပူဇော်ပြီး အများဝေနေယျတို့အားလည်း ရွတ်ပွားသရဇ္ဈာယ်ရန် လမ်းညွှန်ဟောကြားခဲ့ပါသည်။

ဤမဟာသရဏဂုံကို စွဲမြဲစွာရွတ်ပွားသရဇ္ဈာယ်မှုသည်။ ဗုဒ္ဓါ နုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ မြောက်၍လောကီ လောကုတ္တရာကောင်းကျိုးများ ဤပစ္စုပ္ပန်ဘဝ၌ပင် လက်တွေ့ခံစားကြရသည်။

တကယ်လုပ်-အဟုတ်ဖြစ်သော မဟာသရဏဂုံတော်ကြီးဖြစ်၍ သာသနာပြုပုဂ္ဂိုလ်များသည် နေ့ည၌ ဘုရားရှိခိုးတိုင်း အမြဲရွတ်သင့်ပါသည်။ တစ်ဘက်က သရဏဂုံနှင့်ဂုဏ်တော် ဂါထာဖြစ်သလို တစ်ဘက်ကသစ္စာဆိုထားသောဂါထာဖြစ်၍ အလွန်အမင်းအစွမ်းထက်သည်ဟု ဆရာတော်အစဉ်အဆက်က မိန့်ကြားထား၍ကြိုးစား ရွတ်ပွားကြရန် တိုက်တွန်းအပ်ပါသည်။

## မိမိလိုလားသော အကျိုးပြီးစေသောဂါထာတော်
## အနုတ္တရဂါထာ

**အဂ္ဂေါ ဗုဒ္ဓေါ၊ အဂ္ဂေါ ဓမ္မော၊ အဂ္ဂေါ သံဃော အနုတ္တရော**

**အဂ္ဂေါ ဝိပါကော မေ ဟောတု၊ ယံယံ ဣစ္ဆံ သမိဇ္ဈတု**

-ဗုဒ္ဓေါ-မြတ်စွာဘုရားသည် အနုတ္တရော-အတုမရှိသော၊ အဂ္ဂေါ-အမြတ်ဆုံးဖြစ်တော်မူပါပေ၏။

-ဓမ္မော- တရားတော်မြတ်သည်၊ အနုတ္တရော-အတုမရှိသော၊ အဂ္ဂေါ-အမြတ်ဆုံး ဖြစ်တော်မူပါပေ၏။

-သံဃော-သံဃာတော်အရှင်မြတ်တို့သည်၊ အနုတ္တရော-အတုမရှိသော၊ အဂ္ဂေါ-အမြတ်ဆုံး ဖြစ်တော်မူပါပေ၏။

-မေ-ရတနာသုံးပါးကို ယုံကြည်ကိုးစားသော ကျွန်ုပ်အား၊ ဝိပါကော -လိုလားအပ်သောအကျိုးသည်၊ အဂ္ဂေါ-အမြတ်ဆုံးသည်၊ ဟောတု-ဖြစ်ပါစေတည်း။

ဤဂါထာကို အမိဋ္ဌာန်ဝင်ပြီး တစ်နေ့(၉)ခေါက်၊ (၁၀၈)ခေါက် (၁၀၀၀) စသည်ဖြင့် မိမိ၏အချိန်နှင့်ညီ၍ ရွတ်ဆိုပွားများပါ။ တစ်လအတွင်း မိမိလိုလား တောင့်တသောအကျိုးများ ပြီးမြောက်အောင်မြင် ပါသည်။

## မိမိအလိုရှိသမျှ ပြီးစေသော ဂါထာတော်
## စိန္တာမဏိဂါထာ

စိန္တာမဏိဂါထာတော် ရွတ်ဖတ်ပူဇော်လေ့ရှိသူသည် သူတစ်ပါးတို့၏ အကြံအစည်ကိုကြိုတင်သိနိုင်သည်။ ဘေးအန္တရာယ်ကြိုတင်ရှောင်ကွင်းနိုင်မည် ဖြစ်ပေမည်။ ဟုတ်-မဟုတ်၊ မှတ်-မမှန် မိမိကိုယ်တိုင် ကြိုးစားရွတ်ဖတ်ပူဇော်ခြင်းဖြင့် လက်တွေ့စမ်းသပ်ရွတ်ပါ ဟု ဆိုပါသည်။

၁။ စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနံ
ကရံကရတိ သရဏံ၊ ခိပ္ပ မေဝ သမိဇ္ဈတု၊

၂။ စိန္တာမဏိ ရတနာနိ၊ ဓမ္မံဓမ္မရတနံ
ကရံကရတိ သရဏံ၊ ခိပ္ပ မေဝ သမိဇ္ဈတု၊

၃။ စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃ ရတနံ
ကရံကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု

စိန္တာမဏိ = ကြံစည်လိုက်တိုင်းအလိုကို ဖြည့်စေသော ရတနာတို့သည်၊

ဗုဒ္ဓံ = ဘုရားတည်းဟူသော ရတနာမြတ်ပါတည်း၊

ဗုဒ္ဓရတနာနံ = ဘုရားတည်းဟူသောရတနာတို့ကို၊

သရဏံ = ကိုးကွယ်ဆည်းကပ်ခြင်း၊ လေးမြတ်ခြင်းကို၊

ကရံ = ကိုးကွယ်ဆည်းကပ်လေးမြတ်သူ၌၊

ဣစ္ဆာ = ကြံစည်တောင့်တ၊ လိုအင်ဆန္ဒသည်၊
ခိပ္ပမေဝ = ဆောလျှင်စွာလျှင်
သမိဇ္ဈတု = ပြည့်စုံပါစေသတည်း၊
ဓမ္မံ = တရားတည်းဟူသော ရတနာမြတ်ပါတည်း၊
သံဃာ = သံဃာတော်တည်းဟူသော ရတနာမြတ်ပါတည်း။

ဤဂါထာသည် ၅၅၀-နိပါတ် ပဒကုသလဇာတ်လာ မယ်တော် ဘီလူးမက ဘုရားလောင်း ပဒကုသလကိုပေးလိုက်သော စိန္တာမဏိ မန္တာန်ခေါ် ဂါထာ ဖြစ်သည်။ အလွန်နာမည်ကြီးသောဂါထာတော် ဖြစ်ပါသည်။

## မိမိတို့သာသနာပြုလုပ်၍အလွယ်တကူအောင်မြင်စေသာ ရသေ့ကြီးဦးခန္တီ၏ ရွှေငွေမရှား-အန္တရာယ်ကင်း သရဏဂုဏ်ပဋ္ဌာန်းပုတီးစိတ်မန္တာန်ဂါထာ

ဤသရဏဂုံနှင့်ပုတီးစိပ်ကို တစ်နေ့အနည်းဆုံး(၉)ပါတ်ရအောင် စိတ်ပါက မိမိလိုလားဆန္ဒရှိသမျှ အောင်မြင်သည် ဟု ရသေ့ကြီးဦးခန္တီက မိန့်ကြားသည်။

ရသေ့ကြီးဦးခန္တီသည် မိမိ၏သာသနာပြုအဆောက်အဦးများဆောက်လုပ်ရာ၌မကြောင့်မကြ၊ မတောင့်မတရဘဲ လှူသူများ အသင့်ဖြစ်ပေါ်ပြီး မိမိ၏ သာသနာပြုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

### သရဏဂုံ-ပဋ္ဌာန်း၊ ပုတီးစိတ်နည်း

| | | |
|---|---|---|
| ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ | - | ပုတီး(၁)လုံး |
| ဓမ္မံ သရဏံ ဂစ္ဆာမိ | - | ပုတီး(၁)လုံး |
| သံဃံ သရဏံ ဂစ္ဆာမိ | - | ပုတီး(၁)လုံး |
| ဟေတုပစ္စယော | - | ပုတီး(၁)လုံး |
| အာရမ္မဏပစ္စယော | - | ပုတီး(၁)လုံး |

| | | |
|---|---|---|
| အဓိပတိပစ္စယော | - | ပုတီး(၁)လုံး |
| အနန္တရပစ္စယော | - | ပုတီး(၁)လုံး |
| သမနန္တရပစ္စယော | - | ပုတီး(၁)လုံး |
| သဟဇာတပစ္စယော | - | ပုတီး(၁)လုံး |
| အညမညပစ္စယော | - | ပုတီး(၁)လုံး |
| နိဿယပစ္စယော | - | ပုတီး(၁)လုံး |
| ဥပနိဿယပစ္စယော | - | ပုတီး(၁)လုံး |
| ပုရေဇာတပစ္စယော | - | ပုတီး(၁)လုံး |
| ပစ္ဆာဇာတပစ္စယော | - | ပုတီး(၁)လုံး |
| အာသေဝနပစ္စယော | - | ပုတီး(၁)လုံး |
| ကမ္မပစ္စယော | - | ပုတီး(၁)လုံး |
| ဝိပါကပစ္စယော | - | ပုတီး(၁)လုံး |
| အာဟာရပစ္စယော | - | ပုတီး(၁)လုံး |
| ဣန္ဒြိယပစ္စယော | - | ပုတီး(၁)လုံး |
| ဈာနပစ္စယော | - | ပုတီး(၁)လုံး |
| မဂ္ဂပစ္စယော | - | ပုတီး(၁)လုံး |
| သမ္ပယုတ္တပစ္စယော | - | ပုတီး(၁)လုံး |
| ဝိပ္ပယုတ္တပစ္စယော | - | ပုတီး(၁)လုံး |
| အတ္ထိပစ္စယော | - | ပုတီး(၁)လုံး |
| နတ္ထိပစ္စယော | - | ပုတီး(၁)လုံး |
| ဝိဂတပစ္စယော | - | ပုတီး(၁)လုံး |
| အဝိဂတပစ္စယော | - | ပုတီး(၁)လုံး |

ဤပုတီးတစ်ပါတ်လျှင် (၄)ခေါက်ကျရွတ်ဆိုပုတီးစိပ်ရပါသည်။ ဤပုတီးစိပ်သည် အလွန်တန်ခိုးထက်မြက်၊ အစွမ်းထက်သော ပုတီးစိပ်ဖြစ်၍ အထူးကြိုးစား၍သာသနာပြုပုဂ္ဂိုလ်များ ပုတီးစိပ်သင့်သည်။

## သာသနာပြုအထောက်အပံ့ပြုသော ယက္ကန်းစင်တောင်ဆရာတော်၏ သရဏဂုံဂါထာ

သာသနာပြုပုဂ္ဂိုလ်များသည် မိမိတို့၏သာသနာလုပ်ငန်းတွင် စားဝတ်နေရေးနှင့် အဆောက်အဦးဘုရားစေတီတည်မှု စသည့်လုပ်ငန်းများ၌ အခက်အခဲမရှိ ကူညီစောင့်ရှောက်မည့်သူများပေါ်ပေါက်စေသော ဂါထာတော်ဖြစ်သည်-ဟု ဆိုပါသည်။

ဤဂါထာတော်ကို အနည်းဆုံး(၉)ခေါက်(၁၀၈)ခေါက် အဓိဋ္ဌာန်ပြုပြီး ရွတ်ပွားက မုချဆက်ဆက်လက်တွေ့အကျိုးပေးသည်ဟု ဆိုပါသည်။

ယနေ့ခေတ်ဆေးဝက်ဘာ၊ ယောက်ကော်စသော သာသနာပြုပုဂ္ဂိုလ်များ လက်တွေ့အောင်မြင်ခဲ့သူများ အထင်အရှားရှိနေပါသည်။

၁။ သဒ္ဒိဘဂဝါ အရဟံ ဗုဒ္ဓေါ မေ သတ္တုပါကာရံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၂။ သဒ္ဒိဘဂဝါ အရဟံ ဓမ္မော မေ သတ္တုပါကာရံ
ဓမ္မံ သရဏံ ဂစ္ဆာမိ

၃။ သဒ္ဒိဘဂဝါ အရဟံ သံဃော မေ သတ္တုပါကာရံ
သံဃံ သရဏံ ဂစ္ဆာမိ

(အနက်, အဓိပ္ပါယ် လွယ်ကူသိသာပါသည်)

အနယ်နယ်အရပ်ရပ်၌ သာသနာပြုပုဂ္ဂိုလ်တို့သည် သီလ, မေတ္တာဘာဝနာအကျင့်တို့၌ ကောင်းမွန်ထက်မြက်ကြသလို ပစ္စုပ္ပန်လောကီ ဆောင်ရွက်မှုလုပ်ငန်းတို့၌ ချမ်းချမ်းသာသာနှင့်မကြောင့်မကျ သာသနာပြုနိုင်ရန် ထောက်ပံ့ကူညီမှု(ဒါန၊ စာဂ) ပြုနိုင်ရန် ဤကဲ့သို့သော အစွမ်းထက်သော သရဏဂုံဂုဏ်တော်၊ ပဋ္ဌာန်းတို့ကို အခြေခံကိုယ်ကျင့်တရားအနေဖြင့် ကျင့်ပွားသင့်ကြပါသည်။

လာဘ်ပူဇော်သက္ကာရများသော ရှင်အရဟံဂါထာတော်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ

ဓမ္မံ သရဏံ ဂစ္ဆာမိ - နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ

သံဃံ သရဏံ ဂစ္ဆာမိ - နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ

အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရ ဓမ္မံ၊ အနန္တံ အရိယာ သံဃံ

က္ကတေနသစ္စဝဇ္ဇေန၊ ဟောတုမေ ဇယမင်္ဂလံ ဟောတုမေ အာယုဝမုန်၊ ဟောတုမေ-သုခဝမုန်

(အနက်သိသာလွယ်ပါသည်)

ဤဂါထာသည် ရှင်အရဟံ ပုဂံသာသနာပြုကြွစဉ်က ရွတ်ပွားသရဇ္ဈာယ်သော ဂါထာတော်ဖြစ်သည်။ ထို့နောက်ရှင်အရဟံကပင် ဤဂါထာကို ပုဂံသူ ပုဂံသားတို့အား ရွတ်ပွားပူဇော်ရန် လမ်းညွှန်ခဲ့သည်။

ဤဂါထာတန်ခိုးကြောင့် ပုဂံသူ ပုဂံသားတို့ ဥစ္စာစီးပွားလုပ်ငန်း ကိုင်းငန်း အဆင်ပြေ ချောမွေ့အောင်မြင်ကြပြီး လှည်းဝင်ရိုးသံ တည်ည် ပုဂံဘုရားပေါင်း တည်နိုင်သည်အထိ ဖြစ်ခဲ့ရသည်ဟု ဆိုပါသည်။

ဤဂါထာကို ရွတ်ပါ၊ အဓိဋ္ဌာန်ထားပြီး ပုတီးစိပ်ပါက မုချအောင်မြင်မှု ရမည်ကို ယုံကြည်ပါ၊ ပွားများအားထုတ် ပုတီးစိပ်ပါ။

ပုတီးစိပ်နည်းမှာ-

ဗုဒ္ဓဘာသာရဟန်းရှင်လူတို့၌ ပုတီးစိပ်ခြင်းဓလေ့သည် ရှေးကပင် ရှိခဲ့သော ယဉ်ကျေးမှုဓလေ့ပင်ဖြစ်ပါသည်။ ထိုပုတီးနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၌ ကောဋ္ဌာသကိုရည်၍ ၃၂-လုံး ဗုဒ္ဓဂုဏ် သံဃာဂုဏ်ကိုရည်၍ ၉-လုံး၊ ဓမ္မဂုဏ်ကို ရည်၍ ၆-လုံး၊ ဗောဓိပက္ခိယ ၃၇-ပါးကိုရည်၍ ၃၇-လုံး ဗုဒ္ဓ၏စက်လက္ခဏာကို ရည်၍ ၁၀၈-လုံး စသည်ဖြင့် အသီးသီးပြုလုပ်ထားကြသည်။ မည်ရွေ့မည်မျှ ဟူ၍ အတိအကျသတ်မှတ်ချက်ဟူ၍ကားမရှိပါ။

ပုတီးစိပ်ခြင်းဆိုသည်မှာ-

(က) နှုတ်လုံးသွင်းဆင်ခြင်းပွားများမှု

(ခ ) ပုတီးစေ့ချမှတ်မှု

ဟူသော လုပ်ငန်းနှစ်ရပ်ကို တပြိုင်နက်ထဲပူးတွဲဆောင်ရွက်ရသည်ဖြစ်သောကြောင့် အာရုံမရဘဲ ပုတီးလုံးကလေးများရေတွက်ရုံသက်သက်ဖြင့် ပုတီးစိပ်သည်ဟု ဆိုလျှင် မပြည့်စုံကြောင်း အကျိုးထူးရနိုင်မည်မဟုတ်ကြောင်းသိရပါမည်။

အာရုံမိသော ပုတီးစိပ်ခြင်းသည်သာ အရည်အချင်းကို အကျိုးပြုသော အရေအတွက်တစ်ရပ် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းရာ၌ အကူအညီကောင်းတစ်ရပ်ဖြစ်လေသည်။

ပုတီးစိပ်ခြင်း၏အဓိကရည်ရွယ်ချက်မှာ ကုသိုလ်ရရန်ပင်ဖြစ်ပါသည်။ သို့သော် ပုတီးစိပ်ခြင်းအလုပ်သည် အပြစ်ကင်း၍ ပုတီးစိပ်စဉ် အာရုံစူးစိုက်နေခိုက် စိတ်ချမ်းသာနေပါမည်၊ ဘေးအန္တရာယ်ကင်းခြင်း သိဒ္ဓိအမျိုးမျိုးကိုရရှိခြင်း အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်ပါသည်။

ပုတီးစိပ်ခြင်းတွင် နှုတ်လုံးသွင်းဆင်ခြင်ပွားမှု ဟူသောအရာ၌ မိမိနှစ်သက်အားသန်ရာကို အာရုံပြုနှုတ်လုံးသွင်းနိုင်ကြပါသည်။ အများအားဖြင့် ဂုဏ်တော်(၉) ပါးကိုသာ အာရုံပြုသူများကြပါသည်။

## ပုတီးစိပ်ခြင်းတွင်-

၁။ သာမန်ပုတီးစိပ်ခြင်း -ကုသိုလ်ရနိုင်သော အခွင့်အရေးကောင်းကို လက်လွှတ်မခံဘဲ နေရာမရွေး၊ အချိန်မရွေး ပုတီးစိပ်ခြင်းမျိုးကို ဆိုလိုပါသည်။

၂။ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း -အလုပ်ခွင်ချရ၍ အဓိဋ္ဌာန်စိပ်ခြင်းကို သီးခြားလုပ်ငန်းတစ်ခုအဖြစ် သီးသန့်သပ်သပ်အချိန်ပေးပြီး အဓိဋ္ဌာန်၍ ကျကျနနစိပ်ခြင်းမျိုး ဖြစ်ပါသည်။

## ပုတီးမစိပ်မီကျင့်ဝတ်(၁၁)ပါး

၁။ ဆာလောင်မွတ်သိပ်မှုကင်းအောင် တစ်ခုခုစားထားပါ၊

၂။ ကိုယ်ခန္ဓာအဝတ်အစား သန့်ပြန့်ပါစေ၊ ပုတီးစိပ်သောနေရာ၌လည်း သန့်ရှင်းပါစေ။

၃။ မိမိနှင့်သင့်လျော်သောအချိန်ကိုရွေးပါ။

၄။ နေရာစနစ်တကျယူပြီးမှ ပုတီးစိပ်အလုပ်ခွင့်စပါ။

၅။ သရဏဂုံသီလခံယူ ဆောက်တည်ပါ။

၆။ အနန္တငါးပါး ကန်တော့ပါ။

၇။ မေတ္တာပို့ပါ။

၈။ မေတ္တာပို့ပြီးနောက် ဘုရားပင့်ပါ။

၉။ ဘုရားကို မိမိ၏ခန္ဓာကိုယ်ကိုလှူပါ။

၁၀။ ပုတီးစိပ်ရန် ကမ္မဋ္ဌာန်းတောင်းပါ။

၁၁။ မိမိတတ်နိုင်သလောက် အဓိဋ္ဌာန်ပြုပါ။

## ပုတီးစိပ်စဉ်ကျင့်ဝတ်(၅)ပါး

၁။ ကိုယ်ကိုမတ်၍ တင်ပလ္လင်ခွေ၊ သို့မဟုတ် ပုဆစ်ဒူးတုပ်ထိုင်ပါ။

၂။ ပုတီးကိုလက်နှစ်ဖက်ဖြင့် ကိုင်စိပ်ပါ။

၃။ ယုံယုံကြည်ကြည်စိပ်ပါ၊ မိမိအနှစ်သက်ဆုံးအရာတစ်ခုခုကို စိပ်ပါ၊ သမာဓိရရန် ကြိုးစားပါ။

၄။ ပုတီးစိပ်နေဆဲကာလမှာ အကျိုးတရားကို မျှော်လင့်သော လိုချင်စိတ် လုံးဝမထားရပါ။

၅။ မဆိုင်သောစိတ်ကူးတွေ ဝင်လာလျှင် အမြန်ဖယ်ရှားပစ်ပါ။

## ပုတီးစိပ်ပြီး ကျင့်ဝတ်(၂)ပါး

၁။ ပုတီးစိပ်သည့်လုပ်ငန်းကို ပြန်လည်ဆင်ခြင်သုံးသပ်ပါ။

၂။ နိဗ္ဗာန်ကိုဆုတောင်းပါ။

## ပုတီးစိပ်ခြင်းအကျိုး

ကိစ္စတိုင်းတွင်အကြောင်းနှင့်အကျိုးရှိစမြဲပင်ဖြစ်ပါသည်။ ဤပုတီးစိပ်ခြင်းဟူသော အကြောင်းတွင်လည်း အကျိုးတရားများရှိရမည် အမှန်ပင်အကျိုးမရှိသောအကြောင်းမရှိနိုင်သကဲ့သို့ အကြောင်းမရှိဘဲလျှက် အကျိုးမပေါ်ထွန်းနိုင်ပေ။

ဗုဒ္ဓဂုဏ်ကိုအာရုံပြု၍ ရွတ်ဆိုပုတီးစိပ်လျှင် ဗုဒ္ဓဂုဏ်ပွားများကျိုးရ မည်။ အလားတူ ဓမ္မဂုဏ်၊ သံဃာဂုဏ် ၃၂-ကောဋ္ဌသကာယဂတာ နုဿတိ၊ သမထ၊ အန္တရာယ်ကင်းဂါထာ စသည်တို့ကို အာရုံပြုရွတ်ဆို ပုတီးစိပ်လျှင် ယင်းတို့နှင့်သက်ဆိုင်သော အကျိုးများရရှိနိုင်ပါသည်။

ဂုဏ်တော်ပုတီးစိပ်ခြင်းအကျိုးနှင့်ပတ်သက်၍ စိတ်အခြေအနေအဆင့်ဆင့်တိုးတက်လာခြင်းကို ရရှိခံစားကြရပါမည်။

(က) ရတနာသုံးပါးအပေါ်သက်ဝင်ယုံကြည်မှု(သဒ္ဓါ)လည်းရှိသည်။

(ခ) မိမိကိုယ်ကို မိမိခွင့်မလွှတ်နိုင်လောက်အောင် (ဝါ) သံသယကုက္ကုစ္စနောင်တအခြေခံသီလ အထိုက်အလျှောက် လုံခြုံပါသည်။

(ဂ) ဂုဏ်တော်ပါဠိအနက်ကို အလွတ်ရပြီး အဓိပ္ပါယ်ကိုလည်း သိရှိနားလည်သည်။

ဤအင်္ဂါ(၃)ရပ်နှင့်ပြည့်စုံလျှင် ထိုသူသည် ဂုဏ်တော်တစ်ပါးစီကို အာရုံစိုက်၍ စွဲစွဲမြဲမြဲပွားများအပ်ပေသည်။ ထိုအခါ အဆင့်ဆင့် တိုးတက်လာပေလိမ့်မည်။

၁။ ရာဂစိတ်စသည် လုံးဝသန့်စင်နေခြင်း၊

၂။ ထိုင်းမှိုင်းမှုစိတ်မငြိမ်သက်မှု၊ ယုံမှားသံသယဖြစ်မှုများကင်းခြင်း၊

၃။ ဂုဏ်တော်နှင့်မိမိစိတ်အဆက်မပြတ်စေရန် ကြံစည်သုံးသပ်မပြတ်ပြုနေခြင်း၊

၄။ ဂုဏ်တော်၌ကျေနပ်နှစ်သိမ့်မှု(ပီတိ)ဖြစ်ပေါ်လာခြင်း၊

၅။ စိတ်ရောကိုယ်ပါ အေးငြိမ်းလာခြင်း၊

၆။ အေးငြိမ်းမှုထက်သာလွန်သော ချမ်းသာမှုဖြစ်ပေါ်လာခြင်း၊

၇။ နောက်ဆုံးသမာဓိ (စိတ်တည်ကြည်မှု)သည် အထွတ်အထိပ် (ခေါင်းဗျား) သို့ ရောက်ရှိလာခြင်း။

ဤနောက်ဆုံးစိတ် အခြေအနေရှိသူကို - ဥပစာရစျာန်စိတ်ရှိသူ ဟု ဖွင့်ဆိုပါသည်။

ဘုရားဂုဏ်တော်ကို စွဲစွဲမြဲမြဲ ဆင်ဆင်ခြင်ခြင်ပွားများသည်ရှိသော်-

၁။ ဗုဒ္ဓအပေါ်၌ကိုင်းညွတ်သောစိတ်အမြဲရှိလာခြင်း၊

၂။ ယုံကြည်မှုလေးနက်လာခြင်း၊

၃။ သတိပိုကောင်းလာခြင်း၊

၄။ ပညာဉာဏ်ထက်မြက်လာခြင်း၊

၅။ ကောင်းမှုတိုးပွားလာခြင်း

၆။ စိတ်ညစ်မှုကင်းပြီး နှစ်သက်ကြည်နူးစွာနေရခြင်း၊

၇။ ကြောက်ရွံ့ထိတ်လန့်ဖွယ်ကြုံရလျှင် မကြောက်မလန့် စိတ်တည်တံ့ခြင်း၊

၈။ မတော်တဆဆင်းရဲတွေ့ရလျှင် သည်းခံနိုင်ရည်ရှိခြင်း၊

၉။ ဘုရားနှင့်အတူနေရသကဲ့သို့ စိတ်ထဲတွင်ထင်မှတ်လျက်ရှိခြင်း၊

၁၀။ ဗုဒ္ဓါနုဿတိ ဘာဝနာအစွမ်းဖြင့် မိမိကိုယ်သည် စေတီထိုက်၍ သူတစ်ပါး ပူဇော်ချီးမြှောက်မှုကို ကောင်းစွာခံယူနိုင်ခြင်း၊

၁၁။ မိမိစိတ်သည် သမ္မာသမ္ဗောဓိဉာဏ်၌ ကိုင်းညွတ်လာခြင်း၊

၁၂။ မကောင်းမှုကျူးလွန်၍ ပက်ပင်းကြုံရသောအခါမျိုးတွင် မိမိကိုယ်ကို ကောင်းစွာ စောင့်စည်းထိန်းသိမ်းနိုင်ခြင်း။

၁၃။ သေလျှင်အပါယ်လေးပါးမှကင်း၍ လူပြည်နတ်ရပ်ကောင်းမြတ်သော သုဂတိဘုံဘဝသို့ရောက်ရခြင်း။

ဘုရားဂုဏ်တော်ဆင်ခြင်ပွားများ၍ စိတ်ကိုဆောက်တည်သည့် အလေ့အကျင့်ရနေသူသည် ဝိပဿနာအလုပ်ကိုကူးပြောင်းလျှင် လူစိမ်းတစ်ယောက်ထက်ပို၍ လွယ်ကူလေသည်။

ဤအနုဿတိကိုပွားများလျက်ပင်ရရှိသော ပီတိကိုပယ်ခွာ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးကို ကူပြောင်းလိုက်ပါက ဝိပဿနာဖြစ်သွားပါသည်။

အမှန်စင်စစ် ဗုဒ္ဓသည် အစိန္တေယျ (လူသားတို့စိတ်အကျင့် ကြံစည်တွေးဆ၍ မရနိုင်မှုဖြစ်သည်နည်းတို့ အစိန္တေယျဘုရားရှင်၌ ကိုးစားကြည်ညိုသူများ ရနိုင်သောကောင်းကျိုးသည်လည်း အစိန္တေယျပင်ဖြစ်ပါသည်။

(တရားဂုဏ်၊ သံဃာဂုဏ်များ၌လည်း အလားတူရနိုင်ပါသည်)

# အခန်း (၅)

# ဗုဒ္ဓသာသနာ၏တာဝန်ကြီးလေးရပ်နှင့် သာသနာပြုတို့၏ တာဝန်ကျင့်စဉ်များ

## (က) ဗုဒ္ဓသာသနာ၏ တာဝန်ကြီး(၄)ရပ်

ဗုဒ္ဓဂေါတမ၏ ၄၅-ဝါပတ်လုံး နေ့မအား ညမအား ဟောကြားခဲ့သော ဓမ္မက္ခန္ဓာ-၈၄၀၀၀-ရှိသော ဝိနယ, သုတ္တ, အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံတို့ကို မိမိကိုယ်တိုင်လည်းကျင့် သူတစ်ပါးကိုလည်း သိစေကျင့်စေရန် ပရိယတ္တိစာသင် တိုက်ကြီးများတည်ထောင်ရန် ပိဋကတ်စာပေများ သင်ကြားပို့ချပေးခြင်းတို့သည် လည်းကောင်း၊ ပဋိပတ္တိကျင့်စဉ်တရားများကို မိမိကိုယ်တိုင်လည်းကျင့်၊ လူအများ အားလည်း ကျင့်နိုင်စေရန် (ကမ္မဋ္ဌာန်းတရားရိပ်သာများ ဖွင့်လှစ်တည်ထောင် ရုံသာမက ဝိပဿနာကျင့်စဉ်များကို ဟောပြောပြခြင်း၊ ကျင့်ကြံအားထုတ်စေ ခြင်းတို့သည်လည်းကောင်း၊ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

ဗုဒ္ဓ၏တရားတော်များ ပြန့်ပွားထွန်းကားစေရန် ကျမ်းစာများ ပြုစုရေးသားခြင်း၊ ဖြန့်စေခြင်း စသည်တို့သည် ဗုဒ္ဓသာသနာပြုလုပ်ငန်းများ ဖြစ်ကြပါသည်။

သာသနာ၀န်ထမ်းရှင်ရဟန်းများအား သာသနာပြုလုပ်ငန်းများကို မပင်မပန်းလုပ်ဆောင်နိုင်ရန်၊ မညှိုးမနွမ်းထမ်းဆောင်နိုင်ရန် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ကို ထောက်ပံ့လှူဒါန်းကြသော ဒါယကာ, ဒါယိကာမများသည်လည်း ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

ထိုဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်များသည် ဗုဒ္ဓသာသနာတော်ကြီးအနှစ် (၅၀၀၀) မကတည်တံ့, ထွန်းကားပြန့်ပွားနိုင်ရန်အတွက် လုပ်ငန်းကြီး(၃)ရပ်ကို ပြုလုပ်ဆောင်ရွက်ကြရပါမည်။

## ၁။ ဗုဒ္ဓသာသနာကိုထိန်းသိမ်းစောင့်ရှောက်ခြင်း (preservation)

သာသနာပြုနည်းကောင်းနည်းသစ်များကို သာသနာပြုလူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့သည် အတိတ်သင်ခန်းစာယူပြီး ပစ္စုပ္ပန်၌ ကောင်းစွာပူးပေါင်းပေါင်းစပ်၍ ထိန်းသိမ်းစောင့်ရှောက်ကြရမည်။

သာသနာပြုပုဂ္ဂိုလ်တို့သည် ရပ်ရွာဒေသအသီးသီး၌ ဘုန်းတော်ကြီးကျောင်းမရှိလျှင် ရှိအောင်ကြိုးစားကြရမည်။

မြို့ပြနေသူတို့သည် တစ်ရပ်ကွက်လျှင်တစ်ကျောင်း သို့မဟုတ် ဓမ္မာရုံတစ်ခုတည်ရှိအောင်ကြိုးစားကြပြီး ထိုဓမ္မာရုံ၌ တရားဟောခြင်း၊ တရားနာခြင်း၊ ဥပုသ်စောင့်ခြင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများပေး၍ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးစိတ်၊ ဗုဒ္ဓဟောကြားသွန်သင်သောအမျိုးဘာသာ-ယဉ်ကျေးမှုထိန်သိမ်း-မြတ်နိုးစိတ်တို့ကို ကလေးသူငယ်မှစ၍ သင်ကြားပေးရမည်။

ဗုဒ္ဓသာသနာကိုစတင်အခြေချပေးခဲ့သော ရှင်အရဟံနှင့်အနော်ရထာတို့၏နည်းသည် ရွာထိပ်၌ဘုန်းကြီးကျောင်းတည်ထောင်ပြီး ရွာရှိကလေးများကို ဗုဒ္ဓဟောကြားထားအပ်သော ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ ကျန်းမာရေးကအစအစုံသင်ပေးပြီး ဒုတိယလူကြီးပိုင်းရောက်သော် သာသနာ့တာ၀န်ဆက်

ထမ်းလိုသောသူများကို ရှင်ရဟန်းပြုစေပြီး အဆင့်မြင့်ပိဋကတ်စာပေများကို သင်စေသည်။ လူဘောင်တွင်နေကြသော လူတို့အားလည်း အသိအလိမ္မာဉာဏ်ပညာတိုးပွားအောင် ဥပုသ်နေ့ သာရေးနာရေးကိစ္စတို့၌ တရားဓမ္မတို့ကို ဟောပြောပြသလမ်းညွှန်ကြသည်။ ဤစနစ်သည် မြန်မာပြည် သူ့ကျွန်လက်အောက် မရောက်ခင်အထိရှိခဲ့သည်။

ယနေ့ခေတ်တွင် ပညာရေးစနစ်အရ မူပြောင်းသော်လည်း သာသနာပြုပုဂ္ဂိုလ်များသည် ကျောင်းပိတ်အားလပ်သောနေ့များ ဥပုသ်နေ့များ၌ ခေတ်စနစ်နှင့်အညီပြုပြင်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်လှစ်ပေးခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုများ သင်ကြားပေးခြင်း၊ သာသနာ့ဘောင်ဝင်ပြီး သာသနာ့တာဝန်ထမ်းဆောင်နေသောပုဂ္ဂိုလ်များပေါ်လာအောင် စည်းရုံး-သွတ်သွင်းပေးခြင်း၊ ထိုသူများကိုစာသင်တိုက်ကြီးများသို့ဆောင်ပေး၍ ပိဋကတ်စာပေ သင်ကြားစေခြင်းစသောနည်းများကို အသုံးပြု၍ ဗုဒ္ဓသာသနာကို ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

## ၂။ တိုးတက်အောင်ဆောင်ရွက်ခြင်း (promotion)

ပရိယတ္တိစာပေများပျံ့နှံ့အောင် စာသင်တိုက်ကြီးများ တည်ထောင်၍ ပို့ချပေးခြင်း၊ သင်ယူခြင်း၊ ရေးသားပြုစုခြင်း၊ ဟောပြောပြခြင်းများ၊

ပဋိပတ္တိကျင့်စဉ်များကို မိမိတို့ကိုယ်တိုင်လည်းအားထုတ်ခြင်း၊ သူတစ်ပါးတို့အားလည်း ကျင့်ကြံပွားများအားထုတ်နိုင်စေရန် တရားပြခြင်းဟူသော အခြေခံသာသနာပြုနည်းများအပြင် သာသနာပြုပုဂ္ဂိုလ်များသည် မိမိတို့နေထိုင်ရာသာသနာပြုရာအရပ်ဒေသ၌ ဘုရားပွဲ၊ တရားပွဲ စသော ဘာသာရေးပွဲတော်များကို အခါအားလျော်စွာ ဆင်ယင်ကျင်းပပေးနိုင်ရပါမည်။

သာသနာပြုရဟန်းနှင့်ရပ်ရွာဒါယကာဒါယိကာမတို့သည် အညောအညနိဿိတ ဆိုသည့်အတိုင်း တစ်ဦးပေါ်တစ်ဦးအကြောင်းအမှီပြုပြီး မိမိတို့၏သားသမီးများ ပညာရေးတိုးတက်ရေး၊ အသိအလိမ္မာရရှိရေး၊ ယဉ်ကျေးလိမ္မာရေးအတွက်

ရွာထိပ်ဘုန်းတော်ကြီးကျောင်း၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ မင်္ဂလာသင်တန်းများဖွင့်ပေးပြီး ရွာထိပ်ရှိဘုန်းတော်ကြီးက သင်ကြားပေးခြင်း၊ ဒါယကာဒါယိကာမတို့က ဝိုင်းဝန်းကူညီထောက်ပံ့ပံ့ပိုးခြင်းတို့ကို ဆောင်ရွက်ရပါမည်။

မိမိတို့တာဝန်ကျရာ ဒေသ/ရွာတို့၌ လူငယ်-လူလတ်-လူကြီးတို့ အသိဉာဏ်မျက်စိဖွင့်ပေးသည့်အနေဖြင့် စာကြည့်တိုက်များကို တည်ထောင်ပေးပြီး ဟောပြောပွဲများ၊ ဆွေးနွေးပွဲများကို ပြုလုပ်ပေးကြရပါမည်။

## ၃။ ပြန့်ပွားအောင်ဆောင်ရွက်ခြင်း (propagation)

ယနေ့ကမ္ဘာသည် ကမ္ဘာ့ရွာဖြစ်လာသလို ဆက်သွယ်မှု(ဝါ) ဖြန့်ချိမှုတို့သည်လည်း အလွန်တိုးတက်လျှင် မြန်နေသည့်ကာလဖြစ်သည်။

ဤသို့သောကာလဝယ် မိမိတို့နယ်ပယ်ဒေသတစ်ခုလေး၌ သာသနာထွန်းကားနေသည်ကို အားရကျေနပ်တင်းတိမ်မနေကြဘဲ ပြည်မ-ပြည်နယ်တောင်တန်းဒေသအနှံ့-ထိုထက်အလွန် ကမ္ဘာအနှံ့ ဗုဒ္ဓတရားတော်များပြန့်ပွားရေးအတွက် သာသနာပြုပုဂ္ဂိုလ်များသည် ကျင့်ဝတ်တာဝန်တရားတစ်ခုအနေဖြင့် ဆောင်ရွက်လုပ်ကိုင်နေကြရပါမည်။

နယ်စပ်နှင့်တောင်တန်းဒေသများသို့ ယနေ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဆင်း သံဃာတော်များ စိတ်အားထက်သန်စွာ သာသနာပြုနေကြသလို ထိုသို့သာသနာပြုနေကြသော သံဃာတော်များကို ပစ္စည်းလေးပါးနှင့် ခေတ်မှီသာသနာပြုပစ္စည်းများ မချို့တဲ့ရလေအောင် ပစ္စည်းလေးပါးဒါယကာဖြစ်သော ဗုဒ္ဓဘာသာဝင်တို့က အင်တိုက်အားတိုက်ထောက်ပံ့လှူဒါန်းရန် လိုအပ်ပါသည်။

(ယခုခါ နယ်စပ်နှင့်တောင်တန်းသာသနာပြု-သာသနာ့နုဂ္ဂဟအဖွဲ့ကြီး တည်ထောင်ပြီးဖြစ်၍ ထိုအဖွဲ့ကြီးက ရှေ့မှတက်တက်ကြွကြွဦးစီး ဦးဆောင်ပြုသကဲ့သို့ နောက်က ဗုဒ္ဓဘာသာဝင်တို့ကလည်း အမျိုးဘာသာ-သာသနာ နေလိုလလို ထွန်းလင်းပါစေဟူသော ပြင်းပြသော သဒ္ဓါစေတနာဖြင့် ပံ့ပိုးကူညီကြရန် လိုအပ်ပါသည်။

ထိုသို့လိုအပ်ကြောင်းကိုလည်း သာသနာပြုရဟန်းတော်များက ဒါယကာ ဒါယိကာမများ သိရှိသဘောပေါက်အောင် ဟောကြားပြခြင်း စာစောင်မဂ္ဂဇင်းများမှ ရေးသားလှုံ့ဆော်ခြင်းများ လိုအပ်ပါသည်။

အလားတူ နိုင်ငံတကာသို့ ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် ရှေးက အရှင်သေဋ္ဌိက, မဟာစည် တောင်ပုလု၊ သီတဂူဆရာတော်များကဲ့သို့ ဆရာတော်များပေါ်ထွန်းလာအောင် စီမံဆောင်ရွက်ပေးကြရပါမည်။

## ၄။ ကာကွယ်စောင့်ရှောက်ခြင်း (protection)

ယနေ့ကမ္ဘာပေါ်ရှိ ထင်ရှားသော ဘာသာကြီးများနှင့်နှိုင်းယှဉ်လျှင် ထေရဝါဒ ဗုဒ္ဓဘာသာသည် အသေးငယ်ဆုံး၊ အင်အားအနည်းဆုံးဖြစ်နေပါသည်၊ တရားစစ်တရားမှန်ရှိသည် မှန်သော်လည်း ထိုတရားစစ်တရားမှန်ကို သိသူနည်းပါးလာက ထိုဘာသာ ထိုသာသနာ ပျောက်ကွယ်သွားပါသည်။

အိန္ဒိယ-ပါကစ္စတန်-အဖဂနစ္စတန်-အင်ဒိုနီးရှား-မလေးရှား စသော နိုင်ငံများ၌ ထေရဝါဒဗုဒ္ဓဘာသာပျောက်ကွယ်သွားပြီး အခြားဘာသာများ တိုးတက်ထွန်းကားခြင်း၏အကြောင်းရင်းကို သမိုင်းနှင့်ယှဉ်၍ သုံးသပ်ရန်လိုအပ်သည်၊ ထိုအားနည်းချက်ကို မည်သို့အစားထိုးဖြည့်စွက်ရမည်၊ ဆောင်ရွက်ရမည်ကို နည်းလမ်းရှာရန် လိုအပ်ပါသည်။

အလားတူ မိမိတို့နိုင်ငံအတွင်း၌လည်း အခြားဘာသာတို့၏ ထိုးဖေါက်စည်းရုံးလာမှုကို မည်သို့သောခံစစ်၊ မည်သို့သောတန်ပြန် ထိုးစစ်များဖြင့်ပြုလုပ်ရမည့်ဆိုသည်ကို နည်းလမ်းရှာရန်နှင့် ထိုနည်းလမ်းအတိုင်း ဗုဒ္ဓဘာသာဝင်တို့ တက်ညီလက်ညီဖြင့် သာသနာပြုရန် လိုအပ်နေပါသည်။

ဤသို့သော နည်းလမ်းရှာဖွေဖို့သည် သာသနာပြုရဟန်းတော်များ၏ တာဝန်ဖြစ်သလို- အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် နောက်ပိုင်းပံ့ပိုးကူညီမှုသည် ဗုဒ္ဓဘာသာသာဝင် ဒါယကာ ဒါယိကာမတို့၏ တာဝန်ဖြစ်သည်။

## (ခ) ဓမ္မကထိကနှင့်တာဝန်ကျင့်စဉ်များ

သာသနာပြုပုဂ္ဂိုလ်များသည် အထက်ပါသာသနာ(၄)ရပ်ကို တာဝန်ထမ်းဆောင်ရာ၌ အများပြည်သူတို့အား ဗုဒ္ဓ၏တရားတော်များကို သိရှိနားလည်အောင်ကျင့်ကြံအားထုတ်နိုင်ရန် ဗုဒ္ဓ၏အဆုံးအမတရားများကို ဟောကြားပြသရမည့်တာဝန်ရှိလာပါသည်။ ဗုဒ္ဓကလည်း ရဟန်းကျင့်ဝတ်(၆)ပါး၌ တရားဓမ္မဟောပြောပြရန် လမ်းညွှန်မိန့်ကြားထားပါသည်။

ထိုသို့တရားဟောပြောပြသော ပုဂ္ဂိုလ်များကို ပါဠိဘာသာအားဖြင့်ဓမ္မကထိက ဟုခေါ်ဝေါ်သုံးစွဲနားလည်နေကြပါသည်။

(ဓမ္မ=တရား၊ ကထိက=ဟောသူ၊ ပြောသူ၊ ပို့ချပေးသူ- ဟူ၍ ဘာသာပြန်ပါသည်)

ထိုဓမ္မကထိကနှင့်ပတ်သက်၍ ဗုဒ္ဓက-အင်္ဂုတ္တိုရ် ပဉ္စကနိပါတ ဥဒါယိသုတ်၌-

အာနန္ဒာ. . . တရားဟောကြားသော ဓမ္မကထိကပုဂ္ဂိုလ်တို့သည် ဤအင်္ဂါငါးပါးနှင့်ပြည့်စုံအပ်၏။

### ၁။ ကထာအစဉ်ကို ဟောကြားတတ်ခြင်း

(က) ဒါနကထာ = ရှေးဦးစွာ ဒါနတရားကိုဟောကြားခြင်း၊

(ခ) သီလကထာ = သီလတရားကို ဆက်လက်ဟောကြားခြင်း၊

(ဂ) သဂ္ဂကထာ = ဒါန, သီလအကျိုးကြောင့် နတ်ပြည်ရောက်ရပုံကို ဟောကြားခြင်း၊

(ဃ) ကာမာနံအာဒီနဝကထာ= လူပြည်၊ နတ်ပြည်၏ကာမဂုဏ် ချမ်းသာခံစားခြင်းတို့၏ အပြစ်ကို ဟောပြခြင်း၊

(င) နိက္ခမအာနိသံသကထာ= ကာမဂုဏ်အပေါင်းကို ရှောင်ခွာ ၍ထွက်ခွာခြင်း၏အကျိုးကျေးဇူးစကား၊

(စ) စတုသစ္စကထာ =နောက်ဆုံး၌ သစ္စာလေးပါးတရားကို ဟောကြားခြင်း၊

## ၂။ ထိုထိုအကျိုးတရားတို့၏ အကြောင်းများကိုဖော်ပြ၍ ဟောကြားခြင်း

အကြောင်းကိုဖော်ပြ၍ဟောခြင်း-ဟူသည်အပါယ်ဘုံ၊ ဒုဂ္ဂတိဘဝတို့မှ လွတ်မြောက်ကြောင်း၊ သုဂတိဘုံသို့ရောက်ကြောင်း၊ ပစ္စုပ္ပန်-တမလွန် နှစ်တန် ဘေးရန်ကင်းကွာကြောင်း ချမ်းသာကြောင်း။

သံဝရာဝဋ်ဆင်းရဲမှလွတ်မြောက်ကြောင်း အစရှိသော လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာအဖြာဖြာတို့၏အကြောင်းကိုဖော်ပြ၍ ဟောကြားခြင်း။

## ၃။ ကရုဏာရှေ့ထား၍ဟောခြင်း

ကရုဏာရှေ့ထား၍ဟောကြားခြင်းဟူသည် တရားနာသူတို့သည် အကုသိုလ်တွေများနေကြရှာသည်။ ကုသိုလ်အင်အားနည်းပါးနေကြရှာသည်၊ မေ့လျော့ခြင်း ပမာဒတရားလွှမ်းမိုးခံနေရကြရှာသည် စသည်ဖြင့်တရားနာယူသူ အပေါ် သနားကရုဏာတရားရှေ့ထား၍ ကုသိုလ်တရားများပွားများလာစေရန် မမေ့မလျော့ခြင်း-အပ္ပမာဒတရားလက်ကိုင်ထား၍ ကျင့်သုံးနိုင်ကြစေရန် ရည်သန်၍ ဟောကြားခဲ့ခြင်း။

## ၄။ ဓမ္မပူဇာ၊ အာမိသပူဇာကိုမငဲ့ဘဲ တရားဟောခြင်း

ယင်းမှာ အလှူဝတ္ထုလှူသည်ဖြစ်စေ၊ ဓမ္မပူဇာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ၊ တရားဓမ္မအမှန်ကိုသိစေရေးကိုသာ ရှေ့ရှု၍ဟောကြားရသည်၊ အနာဂါတ် လာဘ်လာဘကို မျှော်၍ဟောခြင်း၊ ပူဇော်သက္ကာရကိုကြည့်၍ဟောခြင်း၊ သိလောကခေါ်နာမည်ကျော်ကြားမှုကိုထောက်ထား၍ ဟောခြင်း စသည်တို့ကို ရှောင်ရှားရမည်။

## ၅။ မိမိ-သူတစ်ပါးနှစ်ဦးသား မထိပါးစေဘဲ တရားဟောခြင်း

ယင်းမှာ မိမိ-မိမိနှင့်ပတ်သက်ရာတို့ကို မြှောက်ပင့်၍ ကိုယ်ဂုဏ်ကိုယ်ဖော် ဟောကြားခြင်း၊ သူတစ်ပါးနှင့်သူတစ်ပါး ပတ်သက်သမျှတို့ကို ရှုတ်ချ၍ နှိမ်နင်း၍ ကဲ့ရဲ့၍ဟောကြားခြင်းတို့မှ ရှောင်ရှား၍ ဟောကြားရမည်။

## တရားဟောနည်း(၆)နည်း

တရားဓမ္မဟောကြားပြသတော်မူကြသော ဓမ္မကထိကတို့နှင့်ပတ်သက်ရာ ဗုဒ္ဓကာသာဝတ္တိပြည်၌ အရဏဝိဘင်္ဂသုတ်ကိုဟောကြားရာ၌-

ဓမ္မကထိကပုဂ္ဂိုလ်သည်-

**ဥဿာဒနဉ္စ ဇညာ** = မြှောက်ပင့်ခြင်းကိုလည်း သိထားရမည်။

**အပသာဒနဉ္စ ဇညာ** = နှိမ့်ချခြင်းကိုလည်း သိထားရမည်။

**ဥဿာဒနဉ္စ ဉတွာ အပသာဒနဉ္စ ဉတွာ နေဝ ဥဿာဒေယျ**

**န အပသာဒေယျ** =မြှောက်ပင့်ပြီးတရားမဟောရ နှိမ့်ချပြီး၍လည်း တရားမဟောရ။

တရားကိုဟောကြားရာ၌-

၁။ **ဓမ္မမေဝ ဒေသေယျ**

-ဟုတ်မှန်သောတရားကိုသာ ဟောကြားပေးရာ၏၊ တရားသဘောနှင့် မဆက်စပ်သော၊ ဗုဒ္ဓဘုရားမဟောကြားသော အကြောင်းတရားများ မပါရပါ။ ထေရဝါဒပိဋကတ်တော်လာ ဗုဒ္ဓဟောကြားထားခဲ့သော တရားစစ် တရားမှန်ကိုသာ ဟောကြားထားရမည်၊ ညီညွတ်ရပါမည်။

၂။ **ရဟောဝါဒံ နာသေယျ**

-မျက်ကွယ်၌အပြစ်မပြောရ၊ မိမိနှင့်မသင့်မြတ်သူ၊ မကျေနပ်သူ၊ အုပ်ချုပ်သူလူတန်းစား စသောသူများကို ဒေါသဖြစ်၍ မိမိကနာမည်ကြီးလို၍ တရားပွဲထဲ၌ထည့်သွင်းဟောပြခြင်း၊ အပြစ်တင်စကားကဲ့သို့ ရှုတ်ချစကားများပြောခြင်းတို့ကို မပြုရပါ။ မဟောကောင်း၊ မပြောကောင်းပါ။

၃။ **သမ္မုခါ န စီစံ ဘဏေ**

-မျက်မှောက်၌ ကိလေသာရောပြွမ်း ညစ်နွမ်းသော ကဲ့ရဲ့ရှုတ်ချစကားကို မပြောရ၊ မဟောရ၊ မျက်မှောက်တွင်ရောက်ရှိနေသော မိမိနှင့်မသင့်မြတ်သူများကိုလည်း တရားပွဲထဲ၌တွင် အများသူငါရှေ့၌ အရှက်ရအောင် အပြစ်တင်ရှုတ်ချ၍မဟောရပါ။

၄။ အတမာရောဝဘာသေယျနော့တရမာနော

-တရားကိုဖြေးဖြေးသာ ဟောရ၏၊ အလျင်စလိုမဟောရပါ။

-တရားဟောရာတွင်စကားလုံး ပီပီသသဖြင့် ဖြည်းညှင်းသာယာစွာ ဟောရမည်၊ ကတိုက်ကရိုက်အလျင်စလို မဟောရပါ။

-ဗုဒ္ဓတရားတော်များကို လျှင်မြန်စွာဟောကြားသောပုဂ္ဂိုလ်အား ကိုယ်ပင်ပန်း၏။ စိတ်လည်းဆင်းရဲ၏။ အသံလည်းပျက်တတ်၏၊ လည်ချောင်းလည်း နာဝတတ်၏၊ စကားလုံးများ မပြတ်မသားဖြစ်ကာ ရောထွေးသွားတတ်ပါ၏၊ တရားနာပရိသတ်တို့ကလည်း မသဲမကွဲ မပြတ်မသားဖြစ်ရတတ်၏၊ နားမလည်ဘဲ ဖြစ်ရတတ်၏၊ ရဟန်းကို ဖြည်းဖြည်းသာသာ တရားဟောသောပုဂ္ဂိုလ်အား ကိုယ်သည်လည်း မပင်ပန်း၊ စိတ်သည်လည်း မဆင်းရဲ၊ အသံလည်းမပျက်စီး၊ လည်ချောင်းလည်း မနာမကွဲ၊ စကားလုံးများသည်လည်း ပြတ်သား၏၊ ကြည်လင်၏၊ ရှင်းလင်း၏၊ ဖြည်းဖြည်းသာသာ ဟောကြားပေးသောတရားကို တရားနာပရိသတ်က ကောင်းစွာနားလည်၏၊ သိလွယ်၏၊ ရှင်လင်းစွာ သဘောပေါက်၏ ဟု ဟောကြား လမ်းညွှန်ထားပါသည်။

၅။ ဇနပဒနိရုတ္တိံနာဘိနိဝေသေယျ

-ဇနပုဒ်ရွာသူသားတို့၏ ဘာသာစကား (ဒေသသုံးစကား)ကို စိတ်မှာစွဲမြဲမပြောဆိုရာ၊

-စကားအရာတွင် တစ်ရွာတစ်ပုဒ်ဆန် ဆိုသကဲ့သို့ရှိသည်၊ ဇနပုဒ်သုံး၊ ကာလသား၊ ကာလသမီးများ သုံးနှုန်းပြောဆိုကြသော ကပျက်ကချက်စကားလုံးများ ဘန်းစကားများသုံးစွဲပြီး ကလတ်တက်တက်မဟောရပါ၊ လူအများက ယဉ်ကျေးသည်၊ လူကြီးလူကောင်းဆန်းစွာ အထက်တန်းကျသူတို့သာသုံးစွဲသော လောကသုံးစကား၊ ဝေါဟာရတို့ဖြင့်သာ ရိုးသားစွာ တိတိကျကျ ပြတ်ပြတ်သားသား ဟောကြားပေးရပါမည်။

ဤသည်မှာ သာသနာပြုအမည်ခံထားသော နယ်လှည့်ဓမ္မကထိကပုဂ္ဂိုလ်များသည် ဒါယကာ၊ ဒါယိကာမတို့အား တရားဓမ္မတို့ကို ဟောပြောရာ၌ အဓိကထားလေးစားလိုက်နာရမည့် သတ်မှတ်ကျင့်ဝတ်များ ဖြစ်ပါသည်။

တစ်ဖန်ဖုသမထေရ်၏ အနာဂါတ်သာသနာဆုံးမချက်တွင် တရားကိုငွေနှင့်ရောင်းစားမည်ဟူသော အကျင့်ပျက်မျိုးမဖြစ်အောင် အထူးထိန်းသိမ်းကြရမည်။

တရားတစ်ပွဲကျင်းပလျှင် ၁၀-သိန်းရမှ ၁၅-သိန်းရမှ ဟောမည်။

မရကမဟောဟု ပြင်ပလောကတွင်ဖြစ်နေသော ဝေါဟာရစကားလုံးများသည် သာသနာပြုပုဂ္ဂိုလ်များ၏ဂုဏ်သိက္ခာလည်း ညှိုးနွမ်းသည်၊ ဗုဒ္ဓသာသနာ၏ဂုဏ်သိက္ခာကိုလည်း ထိခိုက်ပါသည်၊ သာသနာပြု ဓမ္မကထိကကျင့်ဝတ်ကို အလေးအနက်ထားလိုက်နာရန် လိုအပ်ပြီး မိမိတို့သည် ဗုဒ္ဓနှင့်သာဝကတို့၏ ထုံးကိုနှလုံးမူပြီး လာဘ်လာဘကိုမငဲ့ ဘုန်းကြီးသည်ကိုမလိုလား၊ ဒါယကာ ဒါယိကာမတို့အား အသိတရား အမြင်တရားရစေပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်စေရေးဟူသော မဟာကရုဏာမေတ္တာကို အဓိကရှေ့ရှုထားပြီး ဟောကြားရန်လိုအပ်ပါသည်။

## ဓမ္မကထိကတို့၏ ရည်ရွယ်ချက်

ဓမ္မကထိကတို့သည် တရားနာပရိတ်အား မည်သို့သောတရားမျိုးကို ဟောကြားပေးရမည်ဆိုသည်နှင့်ပတ်သက်၍ ခန္ဓဝဂ်သံယုတ်၊ သဠာယတဝဂ်သံယုတ်။ နိဒါနဝဂ်သံယုတ်၊ ဓမ္မကထိကသုံတ် အဋ္ဌသာလိနီတို့ ၌ ဗုဒ္ဓက-

-ဓမ္မကထိကတို့သည် တရားနာပရိသတ်အား ခန္ဓာငါးပါး၌တပ်မက်ခြင်း၊ ငြီးငွေ့ခြင်း၊ ခန္ဓာချုပ်ခြင်းတရားများကိုလည်းကောင်း၊

-စက္ခု, သောတ, ဃာန, ဇိဝှါ ကာယ၊ မနဟူသော အဇ္ဈတ္တိကာယတန (အတွင်းအာယတန)ခြောက်ပါးတို့ကို ငြီးငွေ့အောင်တပ်မက်ခြင်းကင်းအောင် ချုပ်ငြိမ်းအောင်လည်းကောင်း၊

-ဇာတိ, ဇရာ, မရဏကိုဘဝ, ဥပါဒါန် တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ၊ သင်္ခါရ၊ အဝိဇ္ဇာတို့ ငြိမ်းငွေ့သွားအောင်လည်းကောင်း

-အဘိဓမ္မာတရားကို တကယ်တန်းသိအောင် မြင်အောင်၊ ထင်အောင်ကိုလည်းကောင်း ဟောကြားပေးရမည်ဟု လမ်းညွှန်ထားခဲ့ပါသည်။

## တရားဟောရာ၌ ရှောင်ကြဉ်ရမည့် အချက်နှင့်အပြစ်များ

တရားဟော ဓမ္မကထိကများအနေနှင့် ရှောင်ကြဉ်ရမည့်အချက်(၆)ချက်နှင့်အကျိုး(၅)မျိုးကို ဝိနည်းစူဠဝါပါဠိတော်-အင်္ဂုတ္တိုရ်ပဥ္စက နိပါတဂီတဿရသုတ်၌ဗုဒ္ဓက-

ဝိနည်းသိက္ခာပုဒ်ကိုစောင့်ထိန်းထားရသော ဓမ္မကထိကရဟန်းတော်တို့သည် ပရိသတ်အားတရားဟောပြောပြရာ၌ အာယတကဂီတ ဟူသောအသံရှည်လျားစွာ ဆွဲ၍သီဆိုခြင်းဖြင့် မဟောရဟူ၍ ပညတ်ခဲ့ပြီ။

ဂီတ(၆)မျိုးကို ဟောကြားထားပါသည်။

ဂီတ(၆)မျိုးမှာ-

၁။ နဋဂီတ =မယ်ဘွဲ့၊ မောင်ဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့များဖြင့် သီဆိုပြခြင်း၊

၂။ ဒန္တဂီတ =လေမှုတ်ကရိယာများဖြင့် မှုတ်ခြင်း၊ လေချွန်ပြခြင်း

၃။ သာခုကီဠာဂီတ =ဘုန်းကြီးပျံ၊ မယ်တော်ပျံ စသည်၌ ပျော်ပွဲသဘင်ခံခြင်း၊

၄။ ဓမ္မဘာဏကဂီတ =ဂါထာ၊ ပါဠိများကို သီချင်းအဖြစ် သီဆိုခြင်း၊

၅။ အာယာတဂီတ =အသံရှည်များစွာ ဟစ်ကြွေးသီဆိုခြင်း၊

၆။ သရဘညဂီတ =သဒ္ဒါပသန္နကိုဖြစ်စေလောက်ရုံ သင့်လျော်သော အသံဖြင့် သီဆိုခြင်း၊

၎င်း(၆)မျိုးတွင်(၁)မှ(၅)အထိ အသံများဖြင့် တရားဟောခြင်းကို ဗုဒ္ဓက ခွင့်မပြုပါချေ၊ တရားဟောတိုင်း ဓမ္မကထိကမမည်နိုင်သည်ကို သတိပြုပါ။

## ဂီတသံဖြင့် တရားဟောမှု၌ ရရှိသောအပြစ်(၅)မျိုး

၁။ မိမိ၏အသံကိုသာယာသဖြင့် တဏှာဖြစ်ခြင်း၊

၂။ နာခံသူတို့အားလည်း တဏှာဖြစ်စေခြင်း၊

၃။ ရဟန်း, ရှင်လူအပေါင်း၏ကဲ့ရဲ့မှုခံရခြင်း၊

၄။ အသံကောင်းအောင် လုံ့လစိုက်ထုတ်နေရမှုကြောင့် သမာဓိ ပျက်ခြင်း၊

၅။ နောက်လာနောက်သားများ အတုခိုးယူတတ်ခြင်း၊

ဟူ၍ဂီတသံဖြင့် တရားဟောခြင်း၏အပြစ်(၅)မျိုးကို ဗုဒ္ဓကဟောကြား သတိပေးထားသည်။ ဂီတတေးသီချင်းနှင့်တရားဆောင်ပုဒ်လင်္ကာများကိုပင် အသံရှည်ဆွဲ၍ ရွတ်ဆိုပါက ဤအပြစ်(၅)ပါးမှမလွတ်ပေ။

## ဓမ္မကထိက(၄)မျိုးနှင့် တရားနာပရိသတ်(၄)မျိုး

တစ်ဖန်ဗုဒ္ဓက အဘိဓမ္မာပုဂ္ဂလပညတ်၌-

**၁။ ဗာလဓမ္မကထိက၊ ဗာလပရိသတ်** = တရားဟောဓမ္မကထိက ပရိသတ်အနည်းငယ်မျှလည်း ဟောကြားပေး၏၊ အကျိုးစီးပွားနှင့်မယှဉ်၊ တရားနာပရိသတ်ကလည်း နာကားနာယူ၏၊ အကျိုးရှိ-မရှိ ဘာမျှမသိချေ။

**၂။ သဘာဝဓမ္မကထိက၊ ပဏ္ဍိတပရိသတ်** = ပရိသတ်အနည်းငယ်သာ ဟောကြား၏၊ အကျိုးစီးပွားနှင့်ကားယှဉ်၏၊ တရားနာပရိသတ်ကလည်း အကျိုးရှိ-မရှိ တတ်သိလိမ္မာ၏။

**၃။ ဗာလဓမ္မကထိက ဗာလပရိသတ်** = ပရိသတ်အား ရှည်ရှည်လျားလျား များများလည်းဟော၏၊ အကျိုးစီးပွားနှင့်မယှဉ်၊ သူ၏ပရိသတ်ကလည်း အကြောင်းအကျိုးဘာမျှမသိ၊ စီးပွားရှိ-စီးပွားမဲ့လည်း နားမလည်။

**၄။ ပဏ္ဍိတဓမ္မကထိက ပဏ္ဍိတပရိသတ်** = အကျိုးစီးပွားနှင့်စပ်ယှဉ်သော တရားတို့ကို ရှည်ရှည်လျားလျားများများလည်း ဟောကြား၏၊ ပရိသတ်ကလည်း ကြောင်းကျိုးဆင်ခြင်ဉာဏ်နှင့်ပညာနှင့်ယှဉ်၍ နာယူမှတ်သားတတ်၏။

## တရားနာရခြင်း၏ အကျိုး(၅)ပါး

တရားနာသောပုဂ္ဂိုလ်များ ရနိုင်သောအကျိုး(၅)ပါးကို အင်္ဂုတ္တိုရ်ပဉ္စက နိပါတ်၌ဗုဒ္ဓကဟောကြားထားသည်မှာ-

၁။ မကြားဘူးသေးသောတရားအသစ်အဆန်းတို့ကို ကြားနာရခြင်း၊

၂။ ကြားသိပြီးသားတရားတို့ကို တစ်ဖန်ထပ်မံခိုင်မြဲသန့်ရှင်းစေခြင်း၊

၃။ အယူ, အမြင်, အတွေးအခေါ်, ဝေဖန်မှုဉာဏ်ဖြောင့်မှန်ခြင်း၊

၄။ နှစ်လုံးနှစ်ခွယုံမှား၊ သံသယကိုပယ်ဖျောက်နိုင်ခြင်း၊

၅။ စိတ်နှလုံးချမ်းမြေ့ခြင်း၊ ကြည်လင်ရွှင်ပြခြင်း၊

## (ဂ) သာသနာပြုရဲ့ကိုယ်ခံအခြေခံကိုယ်ကျင့်တရား သို့မဟုတ် ခေါင်းဆောင်၏အခြေခံကိုယ်ကျင့်တရား

သာသနာပြုရဟန်းတော်ဟူသည် လူသားအားလုံးတို့အား မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ် ဟူသောကျင့်ဝတ်နှင့်အညီ လမ်းညွှန်ပေးနေသော ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ပါသည်။

ခေါင်းဆောင်မှုဆိုသည်မှာလည်း လူသားတို့၏ စိတ်ဓာတ်နှင့်စွမ်းရည်ကို စနစ်တကျစုစည်းပြီး စွမ်းအားတစ်ခုကို ရရှိအောင်ဖော်ဆောင်နိုင်သော အရည်အချင်းဖြစ်သည်။

ခေတ်မှီတိုးတက်သောအမြင်ရှိသော ခေါင်းဆောင်တစ်ဦး၏ ဂုဏ်အင်္ဂါတွင် ရုပ်ဝတ္ထုပစ္စည်းများခြံရံပြည့်စုံမှု လိုအပ်သလို စိတ်ဓာတ်ရေးရာခိုင်မာမှု ယုံကြည်မှုအရည်အသွေးတို့ကို တစ်ချိန်တပြိုင်တည်း စုစည်းရှိရန်နှင့်ကျင့်ရန် လိုအပ်ပါသည်။

ခေါင်းဆောင်မှုပြုလုပ်မည့်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ဗုဒ္ဓက ဦးစီးခေါင်းဆောင် နာယကဂုဏ်(၆)ပါးကို လမ်းညွှန်ထားပါသည်။

၁။ ထထကြွကြွဆောင်ရွက်တတ်ရမည်၊

၂။ အစဉ်နိုးကြားသတိရှိနေရမည်၊

၃။ လုပ်ဖော်ကိုင်ဖက်အပေါ် သနားမေတ္တာ၊ ကရုဏာထားရမည်၊

၄။ လုပ်ဖော်ကိုင်ဖက်အပေါ်သည်းခံစိတ်ကို မွေးထားနိုင်ရမည်၊

၅။ မိမိလုပ်နေသောအလုပ်အပေါ် ဝေဖန်ဆန်းစစ်မှုရှိနေရမည်၊

၆။ မိမိလုပ်ငန်း၌တိုးတက်မှု ကျဆုံးမှုအခြေအနေကို ကြည့်ရှုတတ်ရမည်၊
တစ်ဖန်မိမိလုပ်ငန်းအောင်မြင်မှုကို လိုလားလျှင်-

၁။ ပေါင်းသင်းဆက်ဆံရေး၊ သည်းခံရမည်၊

၂။ အစားအစာ၌သည်းခံရမည်၊

၃။ အဝတ်အစား၌ သည်းခံရမည်၊

၄။ အနေအထိုင်၌သည်းခံရမည်၊

၅။ လုပ်တိုင်းမဖြစ်မှု၌သည်းခံရမည်

ဟူ၍ ထပ်မံလမ်းညွှန်ထားပါသည်။

## ခေါင်းဆောင်ကောင်းကျင့်ဝတ်ဥပဒေသ(၇)ချက်

သာသနာပြုခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရန် ပြုလုပ်တော့မည်ဟုဆိုလျှင် အောက်ပါကိုယ်ကျင့်ဝတ္တရားများကို အလေးအနက်ထားကျင့်ရန် လိုအပ်ပါသည်။

**၁။ မိမိကိုယ်ကိုစည်းကမ်းရှိခြင်း**

- မိမိကိုယ်ကိုစည်းကမ်းပြဋ္ဌာန်းထားတတ်ရမည်၊
- သတ်မှတ်သောစည်းကမ်းကို မိမိကစပြီး လိုက်နာမည်ဟု ဆုံးဖြတ်ထားရမည်၊
- လုပ်ရပ်များနှင့်သက်သေပြတတ်ရမည်။

နောက်လိုက်များကအကျင့်ကောင်း ဖြောင့်မတ်သူကို ခေါင်းဆောင်အဖြစ်ကြည်ညိုသည်ကို အမြဲသတိရှိနေရမည်။

၂။ ရည်ရွယ်ချက်ရှိခြင်း

- ခေါင်းဆောင်သည် ရည်ရွယ်ချက်ခိုင်မြဲရသည်၊
- ရည်ရွယ်ချက်ပြင်းထန်မှုရှိရသည်၊
- ရည်ရွယ်ချက်ဆီသို့မမှီတ်မသုံးချိတက်မည်ဆိုသော ခိုင်မာသော သန္နိဋ္ဌာန်စိတ်ရှိရမည်၊

မိမိက ခေါင်းဆောင်ပြုလုပ်တော့မည်ဟုဆိုလျှင်-

- နည်းပရိယာယ်ကြွယ်ဝရမည်၊
- စိတ်ရှည်သည်းခံနိုင်ရမည်၊
- ယုံကြည်အားထားခြင်းနှင့်သတ္တိဗျတ္တိရှိရမည်၊
- လုံ့လဇွဲရှိခြင်းနှင့်အရည်အသွေးအရည်အချင်းပြည့်စုံရမည်၊
- အခြားသူများကို အလေးထားတတ်ရမည်၊
- မိမိလုပ်ငန်းအပေါ် အမြဲသတိရှိနေရမည်၊
- လက်အောက်ငယ်သားများ၏ စိတ်ဓာတ်နှင့်စိတ်ကူးဉာဏ်ကို မြှင့်တင်ပေးနိုင်ရမည်၊
- ထူးထူးခြားခြားအောင်မြင်လိုလျှင် သတ္တိ-ဗျတ္တိရှိရသလို ကြီးကျယ်သော တွေးခေါ်မြော်မြင်မှုရှိနေရမည်။

၃။ ပြီးစီးအောင်မြင်ခြင်း

- ငယ်သားများ၏ လိုအင်နှင့်ဆီးလျော်ကိုက်ညီသော အကျိုးရလဒ်ကို ဖေါ်ဆောင်ပေးနိုင်မှုရှိရမည်။
- အောင်မြင်မှုသည် ခေါင်းဆောင်မှု၏ အုတ်မြစ်ဖြစ်သည်ကို သတိပြုပါ။
- အောင်မြင်ပါမှ ခေါင်းဆောင်မှုခိုင်မြဲသည်၊
- အောင်မြင်ပြီးမြောက်ရန် ထိရောက်သောလုပ်ရပ်လိုသည်။

ထိရောက်သောလုပ်ရပ်၏အခြေခံအချက်များမှာ-

(က) ဆုံးဖြတ်ချက်မှန်ကန်မှု၊

(ခ) စိတ်ဓာတ်စွမ်းအားခိုင်မာမှု

(ဂ) အခွင့်အလမ်းရရှိမှု

လုပ်ငန်းတစ်ခု၌ အဆင့်(၄)ဆင့်ရှိသည်-

(က) အခြေအနေမှန်ကို အသေးစိတ်လေ့လာသုံးသပ်ပြီးမှ ဆုံးဖြတ်ချက် ချမှတ်ခြင်း၊

(ခ) လုပ်ဆောင်ရန်အတွက် ကျယ်ပြန့်သောအမြင်ဖြင့် စီမံချက်ရေးဆွဲတတ်ခြင်း၊

(ဂ) စီမံချက်ရေးဆွဲပြီး စနစ်တကျကြိုတင်ပြင်ဆင်ခြင်း၊

(ဃ) လက်တွေ့လုပ်ဆောင်အကောင်အထည်ဖော်ခြင်း၊

အသိဉာဏ်နည်းသူက အားလုံးကို သူလုပ်ချင်နေသည်၊

အသိဉာဏ်ရှိသော ခေါင်းဆောင်က အရေးကြီးဆုံးကို ရွေးချယ်ပေးတတ်ပြီး အာရုံစိုက်လုပ်စေရမည်။

## ၄။ တာဝန်ယူခြင်း

- ပေးအပ်သောတာဝန်ကို ယုံကြည်ချက်အပြည့်နှင့်လုပ်ရမည်၊
- မိမိကိုပံ့ပိုးကူညီသည်-နောက်လိုက်များ၏အကျိုးစီးပွားကို အလေးထားရမည်။
- မိမိ၏ အောင်မြင်မှု ကျဆုံးမှုကို ငယ်သားများနှင့်အတူမျှဝေခံစားတတ်ရမည်၊ ကိုယ်လွတ်မရုန်းရပါ။
- တပည့်များက အေးအတူ-ပူအမျှ ခံယူသော ဆရာခေါင်းဆောင် အဖြစ်မြင်ရမည်၊
- ခေါင်းဆောင်သည်. . .
- ကြည့်လောအခါ ကြည်လင်စွာဖြင့် မြင်တတ်ရမည်၊

- နားထောင်သောအခါ မှန်ကန်စွာ ကြားနာတတ်ရမည်၊
- စကားပြောသောအခါ သတိဖြင့် တွေးဆ, ပြောတတ်ရမည်၊
- သံသယဖြစ်သောအခါ သေချာစွာဝေဖန်သုံးသပ်တတ်ရမည်၊
- တာဝန်ထမ်းဆောင်သောအခါ လေးစားမှုကို ပြုတတ်ရမည်၊
- အကျပ်အတည်းကြုံသောအခါ တည်ငြိမ်စွာစိတ်ထားတတ်ရမည်၊
- ဆုံးဖြတ်ချက်မချမီ အကျိုးဆက်ကို တွက်ဆဆင်ခြင်တတ်ရမည်၊
- အလုပ်, လုပ်သောအခါ ကောင်းသောရလဒ်ကို ဖန်တီးတတ်ရမည်၊
- လုပ်ငန်းကောင်အထည်ဖော်သောအခါ မှန်ကန်တိကျ၍ မှန်ကန်မှုကို ဦးစားပေးလုတ်တတ်ရမည်။

## သာသနာပြုပုဂ္ဂိုလ်၏ ဂုဏ်ရည်သိက္ခာများ

-ပြည်တွင်းပြည်ပ အထူးသဖြင့် ပြည်နယ်တောင်တန်းဒေသ သာသနာပြု လုပ်ဆောင်မည့်ပုဂ္ဂိုလ်တို့အား ချက်ချင်းပြုစုပျိုးထောင်၍ မရ။

-ငယ်ရွယ်စဉ်မှစ၍ ဗုဒ္ဓဘာသာစာပေကို လေ့လာခြင်း၊ မြန်မာ့ရိုးရာဓလေ့ စရိုက်များကို သိရှိခြင်း၊ လိုက်နာသူဖြစ်ခြင်း၊

-နိုင်ငံနှင့်သာသနာကို အထူးချစ်မြတ်နိုးသူဖြစ်ခြင်း၊

-ပါဠိနှင့်ပိဋကတ်စာပေကျွမ်းကျင်ခြင်း၊

-မိမိသာသနာပြုရမည့် အရပ်ဒေသ၏စကားကို တတ်ကျွမ်းနားလည်ရခြင်း၊ ထိုလူမျိုး၏ဓလေ့စရိုက်ကို နားလည်ခြင်း၊

-စိတ်ဓာတ်ခိုင်မာကောင်းမွန်ခြင်း၊

-ဝိနည်းတော်ကို လေးစားခြင်း၊ ဝိနည်းတော်နှင့်အညီ ကိုယ်အမူအရာ ကြည်ညိုဖွယ်ရာကို ဆောင်နိုင်ခြင်း၊

-ထိုးထွင်းဉာဏ်ရှိခြင်း၊

-ကမ္မာ့ဗဟုသုတနှင့်ပြည့်စုံခြင်း၊

-သိပ္ပံ၊ သမိုင်း၊ ပထဝီ ဘာသာရပ်များကို တတ်သိနားလည်ခြင်း၊

-ဉာဏ်ပညာထက်မြက်ခြင်း၊

-မိမိဘဝကို မိမိသာသနာတော်အတွက် ပေးလှူဒါန်းပြီးသူဖြစ်ကြောင်း၊

-ဇွဲလုံ့လထက်သန်းပြီး စွန့်စားလိုစိတ်ရှိခြင်း၊

-သည်းခံခြင်းခမာဂုဏ်နှင့်ပြည့်စုံခြင်း၊

-အနည်းဆုံးရဟန်းသိက္ခာ(၅)ဝါရရှိပြီးဖြစ်ခြင်း၊

## သာသနာပြုပုဂ္ဂိုလ်၌ အခြေခံကိုယ်တွင်းရန်သူများ

ဗုဒ္ဓကသုတ္တနိပါတပဓာနသုတ်၌ ကိုယ်တွင်းအန္တောက်အယှက် (၁၀)ပါးကို ဟောကြားထားခဲ့ပါသည်-

၁။ **ကာမ** = အာရုံငါးပါးကာမဂုဏ်တရား၌တပ်မက်မှု၊

၂။ **အရတိ** = သာသနာပြုမှု၌မမွေ့လျော် မပျော်ပိုက်မှု၊

၃။ **ဉပိပါသ** = ဆာလောင်မွတ်သိပ်မှုကို မခံနိုင်မှု၊

၄။ **တဏှာ** = တပ်မက်စွဲလမ်းမှု၊

၅။ **ထိနမိဒ္ဓ** = ငိုက်မြည်းမှု လေးလံထိုင်းမှိုင်းမှု၊

၆။ **ဘိရု** = ကြောက်ရွံ့မှု နောက်တွန့်မှု၊

၇။ **ဝိစိကိစ္ဆာ** = မိမိလုပ်ငန်း၌သံသယဝင်မှု၊

၈။ **မက္ခ ထမ္ဘ** = ကျေးဇူးတရားမဲ့မှု၊ ခက်ထန်မှု၊

၉။ **လာဘသိလောက သက္ကာရ မိစ္ဆာလဒ္ဓ ရသ** = မဟုတ်မမှန်သောနည်းလမ်းဖြင့် ရအပ်သောအခြံအရံများ၊ လာဘ်သပ္ပကာများ ကျော်စောခြင်းများ ပူဇော်ရမှုများ၊

၁၀။ **အဝတ္တုကွဲ့သန ပရဝမ္ဘန** = မိမိကိုယ်ကိုအထင်ကြီး၍ သူတစ်ပါးအား အထင်သေးခြင်း၊

ထို့ပြင် ပြင်ပအနှောက်အယှက် အပျက်အစီး(၁၀)မျိုးရှိကြောင်း လမ်းညွှန်ထားပါသည်-

၁။ ငွေ, ကြေးလာဘ်လာဘပေးလာမှုကို သာယာမှု၊

၂။ ရာထူးဌာနန္တရဖြင့် ဖြားယောင်းသွေးဆောင်ခံရမှု၊

၃။ မိန်းမစသောတဏှာရမက်ဖြင့် မြူဆွယ်ဖြားယောင်းမှု၊

၄။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားမှု၊

၅။ လက်နက်ဖြင့်ခြိမ်းခြောက်ခံရမှု၊

၆။ ချီးမွမ်းထောပနာဖြင့် မြှောက်ပင့်ပေးခံရမှုကိုသာယာမှု၊

၇။ ဘာသာမဲ့နှင့် ဘာသာဝင်တို့၏ရန်လိုမှု၊

၈။ ဝါဒအယူအတူသူတို့၏ ဝါဒပြိုင်လာမှု၊

၉။ စင်ပြိုင်ဘာသာတို့၏ ထိုးနှက်မှု၊

၁၀။ မိမိတို့ သာသာနပြုပုဂ္ဂိုလ်အချင်းချင်းမသင့်မြတ်မှု၊

ဤအနှောက်အယှက် အပျက်အစီးတရားများကို သာသနာပြုပုဂ္ဂိုလ်များ အနေဖြင့် ကိုယ်ကျင့်တရားကောင်းကောင်းဖြင့်-နှိပ်ကွပ်ချိုးဖျက်နိုင်ရပါမည်။

## ၅။ ဗဟုသုတအကြားအမြင်

-ခေါင်းဆောင်သည် လေ့လာမှု၊ မှတ်သားမှုအားကောင်း၍ အခြေခံ ဗဟုသုတနှင့်ပြည့်စုံရမည်။

-နောက်လိုက်ငယ်သားများအကြောင်း၊ ပြိုင်ဘက်အကြောင်းကို လေ့လာထားတတ်ရမည်။

-ရည်ရွယ်ချက်နှင့်လိုအပ်ချက်များ ပြီးမြောက်ရန်အကြောင်း အကြားအမြင်ရှိရမည်။

-ရေငတ်သူသည် စမ်းရေကို အငမ်းမရရှာသလို ဗဟုသုတကို အရှုးလွယ် အိတ်ပမာဖြစ်အောင်ရှာရန် မကောင်းသည်ကိုပယ်၍ ကောင်းသည်ကို ယူ၍ ဆောင်ရွက်တတ်ရမည်။

၆။ **နှိုးဆော်ခြင်း**

-အလုပ်၌ဆုပေးဒဏ်ပေး (ချီးမြှောက်မှုနှင့်ရှုတ်ချမှု) ပြုတတ်ရမည်၊

-သစ္စာ, ဓမ္မ, ဝိရိယနှင့်ပညာ စာဂဟူသည် ရန်သူအောင်ကြောင်း လေးပါး ဖြစ်၍-

က - **သစ္စာ** - မှန်ကုန်ရမည်၊

ခ - **ဓမ္မ** - တရားမျှတရမည်၊

ဂ - **ဝိရိယ** - နှိုးကြားထကြွရမည်၊

ဃ - **စာဂ** - စွန့်ကြဲပေးကမ်းတတ်ရမည်၊

၇။ **စံနမူနာပြုဖြစ်ခြင်း**

-ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့် ဖြောင့်လိုက်သည်ကိုသိရမည်၊

ဗုဒ္ဓဟောကြားအပ်သော ခေါင်းဆောင်ကောင်းတို့မကျင့်အပ်သော အချက် (၆)ချက်ကို ရှောင်ရမည်-

(က) ဂဏန်းကဲ့သို့ အမြဲလက်မမထောင်ရ၊

(ခ) ပုတ်သင်ကဲ့သို့ အမြဲခေါင်းငြိမ့်မနေရ၊

(ဂ) ကိုင်းပင်ကဲ့သို့ လေလာတိုင်းမယိမ်းရ၊

(ဃ) နွားသိုးကဲ့သို့ တရှုးထိုးမပြုရ၊

(င) လိပ်ကဲ့သို့ ကိုယ်ဘက်ကိုယ်မယက်ရ၊

(စ) ခွေးအကဲ့သို့ စားပြီး အိပ်မနေရ၊

- သီလကိုယ်ကျင့်တရားဖြင့် တုံ့ပြန်နိုင်ရမည်၊

- ခန္တီတရားဖြင့် တုံ့ပြန်နိုင်ရမည်။

- မေတ္တာတရားဖြင့် တုံ့ပြန်နိုင်ရမည်၊
- သစ္စာတရားဖြင့် တုံ့ပြန်နိုင်ရမည်။

## (ဃ) ဗုဒ္ဓ၏ကိုယ်ခံကျင့်စဉ်များ

လောကလူသားတို့အတွက် အမှန်တရားကိုသိရန်အတွက် အမှန်အသိတရားနည်းပါး အယူမှားနေကြသော အခြားဘုရားအမည်ခံပုဂ္ဂိုလ်များ-ထိုပုဂ္ဂိုလ်များ၏ တပည့်သာဝကနောက်လိုက်များ၊ ပြည်သူများကို ဗုဒ္ဓသည် မိမိ၏ကိုယ်ခံကိုယ်ကျင့်တရားဟူသော ဝိဇ္ဇာ (၈)ပါး၊ စရဏ(၁၅)၊ ကိုယ်ခံကျင့်ဝတ်ခံတပ်ဖြင့် ထိုးဖေါက်တိုက်ခိုက်၍ အောင်မြင်မှုကိုရယူကာ မိမိ၏ဗုဒ္ဓသာသနာကို ကျယ်ပြန့်ထွန်းကားပြန့်ပွားပြီး ယနေ့ရှိတည်ရှိအောင် တည်ထောင်ပေးထားနိုင်ခဲ့ပါသည်။

ဗုဒ္ဓ၏စရဏ(ကျင့်စဉ်)(၁၅)ပါးမှာ-

၁။ **သီလသံဝရ** =ကိုယ်ကျင့်သီလလုံခြုံမှု။

၂။ **ဣန္ဒြိယေသုဂုတ္တဒွါရ** =တွေ့မြင်ကြားသိသမျှ၌ လောဘ, ဒေါသ မဖြစ်စေဘဲ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်, ဣန္ဒြေများကို ငြိမ်သက်အောင် စောင့်ထိန်းမှု၊

၃။ **ဘောဇနေမတ္တညုတာ** =စားသောက်ရာ၌ အတိုင်းအရှည်ပမာဏသိမှု၊

၄။ **ဇာဂရိယာနုယောဂ** =နိုးနိုးကြားကြားအိပ်စက်, နေထိုင်မှု-အအိပ်အနေနည်းမှု၊

၅။ **သဒ္ဓါ** =ကုသိုလ်ကံ၊ အကုသိုလ်ကံရှိသည်၊ ထိုကံများ၏ ကောင်းကျိုး၊ မကောင်းကျိုးရှိသည်၊ ရတနာသုံးပါးရှိသည်၊ နောက်ဘဝသံသရာရှိသည် -ဟု ယုံကြည်မှု၊

၆။ **သတိ** =ကုသိုလ်ကောင်းမှုအလုပ်များကို ထပ်ကာ ထပ်ကာ အမှတ်ရအောက်မေ့မှု၊

၇။ ဟိရိ =မကောင်းမှုဒုစရိုက်ပြုလုပ်ရန် ရှက်မှု၊

၈။ ဩတ္တပ္ပ =မကောင်းမှုဒုစရိုက်ပြုန်လုပ်ရန် ရှက်မှု၊

၉။ ဗဟုသုတ =ဗဟုသုတအကြားအမြင်များမှု၊

၁၀။ ဝိရိယ =ကုသိုလ်ကောင်းမှုအလုပ်များ၌ ကြိုးစားအားထုတ်မှု၊

၁၁။ ပညာ =ရုပ် နာမ် အဖြစ်အပျက်ကိုသိနိုင်သော ပညာနှင့် ပြည့်စုံမှု၊

၁၂။ ပထမစျာန် =ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ- ပထမစျာန် အင်္ဂါငါးပါးရှိသောစျာန်၊

၁၃။ ဒုတိယစျာန် =ပီတိ၊ သုခ၊ ဧကဂ္ဂတာ- စျာန်အင်္ဂါ(၃)ပါးရှိသောစျာန်၊

၁၄။ တတိယစျာန် =သုခ ဧကဂ္ဂတာစျာန်အင်္ဂါ(၂)ပါးရှိသောစျာန်၊

၁၅။ စတုတ္ထစျာန် =ဥပေက္ခာ ဧကဂ္ဂတာစျာန်အင်္ဂါနှစ်ပါးရှိသောစျာန်၊

## ဝိဇ္ဇာ(၃)ပါး

၁။ ပုဗ္ဗေနိဝါသဉာဏ် -ရှေးရှေးဘဝသံသရာ၌နေထိုင် တွေ့ကြုံခဲ့သမျှကို ပြန်၍ အောက်မေ့သိမြင်နိုင်သောဉာဏ်၊

၂။ ဒိဗ္ဗစက္ခုဉာဏ် -နတ်မျက်စိကဲ့သို့ ဝေးကွာသောအရာ၊ သေးငယ်သော အရာများကို မြင်နိုင်သောဉာဏ်၊

၃။ အာသဝက္ခယဉာဏ် -ကိလေသာအာသဝေါတို့ကို ကုန်စင်စေနိုင်သော အရဟတ္တမဂ်ဉာဏ်၊

၄။ ဣဒ္ဓိဝိဓဉာဏ် -မြေလျှိုးမိုးပျံတန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်၊

၅။ ဒိဗ္ဗသောတဉာဏ် -နတ်နားကဲ့သို့ ဝေးသောအသံ၊ တိုးသော သေးငယ် သောအသံတို့ကို ကြားနိုင်သောဉာဏ်၊

၆။ **စေတောပရိယညာဏ်** -အခြားသူများ၏စိတ်ကို သိနိုင်သောဉာဏ်၊ (ပရစိတ္တဝိဇာနနဉာဏ်)

၇။ **မနောမယိဒ္ဓိဉာဏ်** -မိမိခန္ဓာကိုယ်အတွင်း၌ အလားတူ ကိုယ်တစ်မျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်သောဉာဏ်၊

၈။ **ဝိပဿနာဉာဏ်** -အနိစ္စ, ဒုက္ခ, အနတ္တဟု ရုပ်နာမ်တရားအားလုံးကို ရှုမြင်တော်မူသောဉာဏ်၊

ဗုဒ္ဓသည် ဤသို့သော ကိုယ်ခံကျင့်ဝတ်တို့နှင့် ပြည့်စုံခြင်းကြောင့် မိမိ၏ဝါဒကိုချပြရာတွင်လည်းကောင်း၊ သာသနာတည်ထောင်ရာတွင်လည်းကောင်း၊ အောက်ပါအင်္ဂါရပ်များနှင့်ပြည့်စုံစွာ ဆောင်ရွက်လုပ်ကိုင်သွားသည်ကို တွေ့ရပါသည်-

**(က) ရိုးသားသိက္ခာသမာဓိရှိခြင်း**

(က) ရိုးသားဖြူစင်မှုရှိခြင်း၊

(ခ) သစ္စာရှိခြင်း၊

(ဂ) ပွင့်လင်းခြင်းတို့နှင့်ပြည့်စုံသည်။

**(ခ) ရင့်ကျက်တည်ငြိမ်ခြင်း**

-တာဝန်သိစိတ် တိုးတက်လာပြီး အရှည်မြော်မြင်သော ဆုံးဖြတ်ချက်ပြုလုပ်ပေးတတ်ခြင်း၊

**(ဂ) ပြဋ္ဌာန်းစိတ်ဆန္ဒရှိခြင်း**

-အခက်အခဲများကို ကျော်လွှားလုပ်ဆောင်လိုစိတ်ရှိခြင်း၊

**(ဃ) မိမိကိုယ်ကိုထိန်းသိမ်းနိုင်ခြင်း**

-မိမိလုပ်ရမည့်လုပ်ငန်းအပေါ်၌ တာဝန်ခံယူမှု၊ စံနမူနာပြနေထိုင်ဆောင်ရွက်မှုရှိခြင်း၊

(င) ပြောင်းလွယ်၊ ပြန်လွယ်ခြင်း

မိမိလုပ်ဆောင်ရမည့်အလုပ်၊ တာဝန်အကျင့်တို့ကို ပြောင်းလဲလုပ်ဆောင်သင့်သော အခြေအနေတွင် ပြောင်းလဲကျင့်သုံးနိုင်သော စွမ်းရည်ရှိခြင်း၊

(စ) ယုံကြည်မှုရှိခြင်း

အဖွဲ့အစည်းလုပ်ငန်းပန်းတိုင်တို့ကို အတွင်းစိတ်မှ နက်ရှိုင်းစွာယုံကြည်မှုရှိပြီး ပြောဆိုပြုလုပ်တတ်ခြင်း၊

(ဆ) သီးခံနိုင်မှု

မိမိ၏ပန်းတိုင်အတွက် ပတ်ဝန်းကျင်ဖိစီးမှုကို ကြံ့ခိုင်ကျော်လွှားလုပ်ကိုင်နိုင်စွမ်းရှိခြင်း၊

(ဇ) တိကျပြတ်သားစွာဆုံးဖြတ်ခြင်း

ခိုင်လုံသောအကောင်းဆုံးသော ဆုံးဖြတ်ချက်ကို အချိန်မီ ချမှတ်ဆောင်ရွက်တတ်ခြင်း၊

(ဈ) အခက်အခဲနှင့်ရင်ဆိုင်နေရချိန် ခေါင်းအေးစွာထားတတ်ခြင်း

ကြောက်ရွံ့စိတ်မရှိဘဲ မိမိပြုလုပ်ရမည့် တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်လိုစိတ်ဖြင့် လွှမ်းမိုး၍တည်ငြိမ်စွာ ဆောင်ရွက်တတ်ခြင်း၊

(ည) ထိုးထွင်းထည်ထွင်ရွေ့ဆောင်တတ်ခြင်း

အမိန့်ညွှန်ကြားချက်(ဝိနည်း)ကိုသတ်မှတ်၍ မိမိ၏အဖွဲ့အစည်းကို စနစ်တကျတည်ထောင်၍ တည့်မတ်စွာ ဆောင်ရွက်နိုင်ခြင်း၊

(ဋ) တရားမျှတမှုရှိခြင်း

လူမျိုး၊ ဘာသာ၊ ယုံကြည်ကိုးကွယ်မှု၊ အသွေးအရောင်၊ လိင်၊ အသက်အရွယ် စသည်ကွဲပြားမှုကို ဂရုမထားဘဲမျှတစွာ ဆောင်ရွက်တတ်ခြင်း၊

**(ဌ) မိမိကိုယ်ကိုအမြဲတိုးတက်အောင် ကြိုးပမ်းခြင်း**

သင်ယူဆည်းပူးမှု၊ လေ့လာမှု၊ ကျင့်ကြံအားထုတ်ဆောင်ရွက်မှု၊ ကျွမ်းကျင်မှု ရှိစေမှုတို့ကို အင်အားပြည့်ဝသော ယုံကြည်မှုဖြင့် ဆောင်ရွက်ပေးခြင်း၊

**(ဍ) ခိုင်မာသော ယုံကြည်ချက်ဖြင့် ပုဂ္ဂိုလ်အရည်အသွေးကိုပြခြင်း**

လိုအပ်ချက်အရ မိမိစိတ်ကူးသဘောထားအမြင်ကို သိရှိအောင်ရှင်းလင်း ပြောဟောပြပြီး အခက်အခဲပြဿနာ၏အရင်းခံအချက်ကို ဖေါ်ထုတ်ပြသပေးပြီး နောက်လုပ်ငန်းပြီးမြောက်အောင် တိကျစွာ ဆောင်ရွက်ပေးတတ်ခြင်း၊

**(ဎ) ထပ်တူခံစားတတ်ခြင်း**

အခြားဝေနေယျတို့၏ တန်ဘိုးထားတတ်မှု၊ စိတ်ခံစားမှုတတ်မှု၊ စိတ်ဝင်စားမှု၊ ကောင်းမွန်စွာနေလိုမှုတို့ကို အလေးထားဂရုပြု၍ ဆောင်ရွက်ပေးတတ်ခြင်း၊

**(ဏ) စိတ်သက်သာမှုရအောင် ပြုလုပ်ပေးတတ်ခြင်း**

လူသားတို့အားဆက်ဆံဟောပြောရာ၌ စိတ်ဆင်းရဲကျပ်မှုများ ဖြစ်ပေါ် နေပါက စိတ်သက်သာမှုရအောင် ဖြေဖျောက်နှစ်သိမ့်ပေးတတ်ခြင်း၊

**(တ) တီထွင်ဖန်ဆင်းနိုင်မှုရှိခြင်း**

စိတ်အကြံများကို ဆက်စပ်ပေါင်းစုစင်းစားပေးတတ်ခြင်းဖြင့် ရည်မှန်းချက် ပန်းတိုင်သို့ ဦးတည်စေသော စိတ်အတွင်းမြင့်လာအောင် တွေးတောကြည့်ရှုး တိုးချဲ့ဆောင်ရွက်ပေးမှု၊

**(ထ) ကိုယ်နှုတ်အမူအရာနှစ်လိုဖွယ်ရှိခြင်း**

မျက်မြင်ဝတ်စားသွားလာရာ၌သပ်ရပ်ခြင်း၊ ပြောဟန် ဟောဟန်ကောင်း ခြင်း၊ လိုရင်းကိုရှင်းပြောပြတတ်ခြင်း၊ ခနဲ့ထဲ့တဲ့စကားမျိုး မပြောမဆိုခြင်း၊

**(ဒ) နှိမ့်ချတတ်သော သဘောထားရှိခြင်း**

လူမှုဆက်ဆံရေးအရှိန်၌ပြေပြစ်ခြင်း၊ မိမိ၏အားနည်းချက်ကို ဝန်ခံပြုပြင် ရဲသလို အခြားသူ၏စေတနာအမှားကို ခွင့်လွှတ်တတ်ခြင်း၊

(ခ) အကင်းပါးအလိုက်သိမှု

သဘောသဘာဝကိုနားလည်လျက် အခြားသူများ၏ခံယူချက်တန်ဖိုးထားမှု၊ ခံစားမှုကို နားလည်ပြီး လိုက်လျောညီထွေ ဆက်ဆံဖြေရှင်းတတ်ခြင်း သာသနာပြုခေါင်းဆောင်ပြုလုပ်မည့်ပုဂ္ဂိုလ်သည် အထက်ပါအရည်အချင်း မိမိ၌ အကျင့်စရိုက်ဖြစ်လာအောင် တဖြည်းဖြည်းပျိုးထောင်ပေးရသည်၊ ဗုဒ္ဓသည် ထိုကဲ့သို့ အရည်အသွေး၊ အရည်အချင်းများနှင့်ပြည့်စုံစေရန် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပင် ပါရမီဖြည့်ခဲ့ရသည်။

ယခု မိမိတို့က ထိုဗုဒ္ဓကသိထားပြီးသည်များကို ဟောပြောပြထား၍ အလွယ်တကူသိရှိကြပြီး ဖြစ်သည်။ လိုက်နာကျင့်ကြံကြရန် ခေါင်းဆောင်ကောင်းဖြစ်ရန် ကြိုးစားကြဖို့သာ လိုအပ်ပါသည်။

## ခေါင်းဆောင်ကောင်းဟူသည်

-ထူးခြားသော အရည်အချင်းဖြင့် ခေါင်းဆောင်နိုင်မှသာ ခေါင်းဆောင်မှုဘဝကို ရနိုင်ပါမည်။

-မိမိ၏လုပ်ငန်းတာဝန်ကို တတ်ကျွမ်းနားလည်မှ ခေါင်းဆောင်မှုဘဝကို ရနိုင်သည်။

-တစ်ဦးချင်းနှင့်အသင်းလိုက်ပူးပေါင်း လေ့ကျင့်လုပ်ဆောင်မှုကို ပြည့်ပြည့်ဝဝလုပ်တတ်မှ အောင်မြင်သော ခေါင်းဆောင်ဖြစ်ပါသည်။

-ပွဲကိုင်ကောင်းဖြစ်မှ လိုရာခရီးသို့ရောက်နိုင်သလို-ထိန်းသိမ်း ပွဲကိုင်ကောင်းပါမှ ကြီးမားသောတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်သော ခေါင်းဆောင်ဖြစ်ပါမည်။

-အခွင့်အရေးနှင့်ကြုံလာလျှင် မိမိကအမြဲတမ်းအနစ်နာခံတတ်ရမည်။ တစ်ဦးချင်းကိုယ်ကျိုးခွင့်လွှတ်ရဲသော သတ္တိ၊ ဗျတ္တိရှိမှ (ဝါ) အောင်မြင်မှု၌ ငါ-မပါသောစိတ်ဓာတ်ရှိမှ ခေါင်းဆောင်ကောင်း ဖြစ်ပါမည်။

-အလုပ်တာဝန်တတ်ကျွမ်းမှု၊ ဦးဆောင်နိုင်မှု၊ စိတ်ဓာတ်စစ်ဆင်ရေးကို နိုင်နင်းစွာ အသုံးချနိုင်သောသူသည် အကြွင်းမဲ့အောင်မြင်မှုရ၍ ထာဝရ ခေါင်းဆောင်ဖြစ်နိုင်ပါသည်။

သာသနာပြုခေါင်းဆောင်များ စည်းရုံးရေးမှူးများ ဖြစ်ကြသော သာသနာပြုရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့သည် ဤအခြေခံလုပ်ဆောင်ရမည့် ကျင့်စဉ်တရားများကို အလေးအနက်ထားသုံးသပ်ခြင်း၊ ဆင်ခြင်ခြင်း၊ ခံယူခြင်း၊ ကျင့်သုံးခြင်း ပြုပါလျှင် မုချအောင်မြင်သော သာသနာပြုခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်နိုင်ပါသည်။

အမှတ် ........
ရက်စွဲ ........

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**တက္ကသိုလ်သျှင်သိရိ(ဓမ္မာစရိယ၊ ဘီ.အေ)**

